www.burmeseclassic.com


# မျိုး

ကလောင်ခွဲ

# ဝ
# သျိုး

မိုးဖွဲ့တိမ်

BURMESE CLASSIC .com



DESIGN THEIN SHW KYI

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၀၁၂၀၁၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၁၂၈၀၉၁၁

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၈၆) (ဖျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ထရာဗလမ်း၊ ပေါက်မြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျော်ရင် (မြ-၀၅၄၁၈) (ရွှေခြေသံ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း တော/နောက် ရပ်ကွက်

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းဇော်ကြည်

အတွင်းဖလင်

ကိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ

တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀

ဖြန့်ချိရေး

ဖိုးမိုးစာပေ

ဖုန်း – ၀၁– ၂၉၀၉၉၅

| | |
|---|---|
| | ၈၉၅ . ၈၃ |

သျှီး

မိုးမြဲ့တိမ် / သျှီး ။ – ရန်ကုန်။

ဖျူးစာပေ ၊ ၂၀၁၁ ။

၂၇၂ – စာ ၊ ၁၈ X ၁၂ စင်တီ။

(၁) မိုးမြဲ့တိမ်

BURMESE CLASSIC .com

အခန်း (၁)

"ဘယ်ရောက်သွားလဲ ဟိုကောင်မလေး"

မီးဖိုခန်းထဲအထိ ဝရုန်းသုန်းကားဝင်လာပြီး အမောတကော [illegible]လာသည့် သားအသံကြောင့် သူမ လှည့်ကြည့်ရင်း

"ဘာဖြစ်လို့လဲ သား"

"ဘာဖြစ်ရမလဲ မေမေရဲ့၊ မေမေ့သမီးပေါ့၊ ဒီမှာ ကျွန်တော့် အခန်းထဲမှာ ဖွထားတာ ရှုပ်ပွနေတာပဲ"

"ဟင် ဟုတ်လား၊ ဒါလေးပြီးရင် မေမေ ရှင်းပေးမယ် သား"

"အာ မေမေ့ကို ရှင်းခိုင်းနေတာ မဟုတ်ပါဘူး၊ ပြောပြတာပါ၊ ဒီကောင်မလေး တော်တော်ဆိုးနေပြီ"

ဖြူနုသော မျက်နှာချောချောလေးမှာ ဒေါသကြောင့် နီမြန်းနေသည်။ သား ဒေါသတွေကို နှစ်သိမ့်ဖို့ သူမ ပြင်လက်စ ချဉ်ပေါင်ဟင်း အိုးကို ပစ်ထားခဲ့ရင်း သားအနား လျှောက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"သားကလည်းကွယ်၊ ညီမလေး စ.တတ် နောက်တတ်တာ သိရက်နဲ့ ကဲ ကဲ သူ့ကိုလည်း ရှာမနေနဲ့တော့၊ မမေ လုပ်ပေးမယ် ဟုတ်လား ဒေါ်ဆုံ"

"သွားပါ မဝါ သွား၊ အဲဒီ ချဉ်ပေါင်ဟင်းအိုး အစ်မပဲ တည်ထားလိုက်မယ် သွား သွား"

ဒေါ်ဆုံက မီးဖိုပေါ်မှာ တရှဲရှဲကြော်နေသော ငါးကြော်တွေကို ဆယ်ယူနေရင်း လှည့်ပြောသည်။ သူမ သားလက်ကို အသာဆွဲခေါ်ပြီး မီးဖိုခန်းထဲက ထွက်ခဲ့သည်။

"သမီးလေးက ဘာလုပ်သွားလို့လဲ သားရယ်၊ ပစ္စည်းတွေ မွှေသွားရုံသက်သက်ပဲလား"

"မမေ ကိုယ်တိုင်ပဲ သွားကြည့်တော့၊ တစ်ခန်းလုံးကို ရစရာ မရှိဘူး။ အဝတ်ခြင်းထဲက အဝတ်တွေကိုလည်း အိပ်ရာပေါ်တင်လိုတင်၊ ဗီရိုထဲက အဝတ်တွေကလည်း မှန်တင်ခုံတွေမှာရော စားပွဲတင်ပေါ်မှာရော ပွထနေတာ၊ ဘာတွေလျှောက်လုပ်ထားသလဲ မသိဘူး၊ ကျွန်တော် ဘောလုံးကန်ပြီး ချွတ်ထားတဲ့ အဝတ်အစားတွေပါ၊ ခုတင်ပေါ် ရောက်နေတော့ မွေ့ရာတွေလည်း ညစ်ပတ်ကုန်ပြီ"

"အင်း အင်း တော်တော်ဆိုးတဲ့ ကောင်မလေးပဲ"

"ဒါတင်မကသေးဘူး မမေ၊ အံဆွဲထဲက ပစ္စည်းတွေလည်း ရှုပ်ပွအောင် လုပ်သွားတာ၊ အဆိုးဆုံးက သား ကျောင်းလွယ်အိတ် ဘယ်ရောက်သွားမှန်း မသိတာ"



ပြောရင်း ဒေါသတွေ ဆူဝေနေသော သားကိုကြည့်ကာ သူမ ာင် ဘယ်လို နှစ်သိမ့်ရမှန်းမသိတော့ပါ။ သမီးကလည်း သမီးပါပဲ။ လောက်အထိတော့ မဆိုးသင့်။

တကယ်ဆို သင့်မင်းမူ ဆိုသော သားက သူမရဲ့ မွေးစားသား စ်ယောက်ပဲ ဖြစ်သည်။ ဒါပေမဲ့ ဆိုးသွမ်းခဲ့တာ ဘာတစ်ခုမှ မရှိခဲ့ဘဲ မီး အရင်းအချာက ဆိုးနေသည့်အဖြစ်။

သမီး ဆိုပေမယ့် ယောကျ်ားလေး စိတ်တစ်ဝက် ဝင်နေ၍ပဲ ားမသိ။ ယောကျ်ားလေးတစ်ယောက် လက်မှိုင်ချရလောက်အောင် သူဖြစ်သည်။

"ကဲ မမေ ကြည့်ပါဦး"

သားက အခန်းရှေ့ရောက်သည်နှင့် လက်တွေပြကာ ထပ်တိုင် ည်။ တကယ့်ကို ရှုပ်ပွနေသော အခန်းထဲမှာ စိတ်တိုင်းကျ မွှေနှောက် ာင်းကျန်းသွားတာ သိသာလှန်းသည်။

"အင်း အိပ်ရာခင်းတွေ မမေ အသစ်ပြန်လဲပေးမယ်၊ အဲ ကျောင်းလွယ်အိတ် ပျောက်နေတယ်ဆိုတော့ အထဲက စာအုပ်တွေပါ ွားသလား"

"ပါတာပေါ့ မမေ၊ အခန်းထဲမှာ အနံ့ရှာပြီးပြီ၊ လုံးဝကို ွေ့တာ မမေ"

"မမေ ပြန်လာရင် မေးပေးပါ့မယ် သားရယ်၊ သားအခန်းကို ည်း မမေ ရှင်းပေးမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ် မေမေ မရှင်းနဲ့ သူ ပြန်လာမှ သူ့ကိုပဲ ရှင်းခိုင်းမယ်"

"မလုပ်ခိုင်းပါနဲ့ သားရယ်၊ ခိုင်းလည်း သားစိတ်တိုင်းကျ ဖြစ်မှာမှ မဟုတ်တာ၊ မေမေ ဘာသာလုပ်လိုက်မယ် ဟုတ်လား၊ သား ညှော်ခန်းထဲ သွားထိုင်နေနော်"

"မဟုတ်တာပဲ မေမေရာ၊ ကျွန်တော်ဘာသာ လုပ်ပါ့မယ်"

"ရပါတယ် သားရဲ့၊ ဘာမှမပင်ပန်းပါဘူး"

"မဟုတ်ဘူး မေမေ၊ ကျွန်တော် ငရဲကြီးမှာစိုးလို့ပါ"

"အမလေး သားရယ်၊ ကိုယ့်သားသမီး ဝေယျာဝစ္စ လုပ်ပေးတာ ဘာလို့ ငရဲကြီးရမှာလဲ ကဲ သွား သွားနော်"

သူမ ဖွတ်အတင်း တွန်းသွားခိုင်းမှ မင်းမူ အခန်းထဲက ထွက် သွားသည်။ သူမ ရှုပ်ပွနေသောအခန်းကို ကြည့်ကာ ပင့်သက်လေး ရှိုက်မိပါသည်။

တကယ်မလွယ်တဲ့ သမီးပါလား။

ဒီအစ်ကိုနဲ့ညီမ နှစ်ယောက်တည်းရှိတာ ချစ်ချစ်ခင်ခင် လေး လေးစားစား မနေဘဲ ဆိုးလွန်းတာတော့ မဟုတ်သေး။

■ ■ ■

အခန်းထဲက အရှုပ်အထွေးတွေကို မေမေ ရှင်းလင်း ကျန်ရစ် ခဲ့တာ တွေးရင်း မင်းမူ ရင်ထဲမှာ "လွှမ်းအဝေး"ကိုပဲ ဒေါသတွေ ဆူဝေနေမိသည်။

ဒီညီမလေး တစ်ယောက်ပဲရှိတာမို့ သူ အလိုလိုက် အချစ်ပိုခဲ့





တာ ဖြစ်သည်။ ဒါပေမဲ့ သင်းကလေး ဆိုးလွန်းတာတော့ လွန်ပါသည်။

ညှော်ခန်းဆိုဖာထိုင်ခုံမှာ ဝင်ထိုင်ဖို့ ဟန်ပြင်ဆဲမှာပဲ ခြံဝက လူခေါ်ဘဲလ်သံက မြည်လာသည်။ လှမ်းကြည့်တော့ ခြံဝမှာ လူရွယ်တစ် ယောက် ရောက်နေတာ မြင်သည်။

ဘယ်ကဧည့်သည်လည်း မသိပါ။ သူနှင့်မသိတာတော့ သေချာ ၏။ ခြံစောင့် ဦးဒီပါ နောက်ဖေးရောက်နေလို့ ထင်၏။ ကိုယ်တိုင်ပဲ ခပ် သုတ်သုတ်လေး ထွက်ခဲ့၏။

အနားရောက်မှ မြင်လိုက်ရသော လူရွယ်က သူ့ထက် ဆယ်နှစ် လောက်ငယ်သော ချာတိတ်တစ်ယောက် ဖြစ်နေ၏။

"ဘာကိစ္စရှိလို့လဲ ညီလေး"

"ကျွန်တော်က ဟိုတက်ရုပ်ကွက်ကပါ အစ်ကို၊ အခု ကျောင်းက ပြန်လာတာကို ဒီအိမ်က အစ်မကြီးက ဘောလုံးနဲ့ ကန်လိုက်လို့"

"ဟင်"

မင်းမူ မျက်လုံးကြီးတွေ ပြူးသွားရသည်။ ဒါဆို သင်းလေးက ဘောလုံးကန်နေတာပေါ့။ လာတိုင်သည့် ကောင်လေးရဲ့ ကျောင်းဝတ်စုံ အကျႌအဖြူရောင်လေး ရင်ဘတ်မှာ ရွှံ့ဗွက်တွေက ပေကျံလျက်ရှိတာ အထင်အရှား။

"အဲဒါ ကျွန်တော်ကပြောတော့ တိုင်ချင်တဲ့နေရာ သွားတိုင်တဲ့ ဂရုမစိုက်ဘူးတဲ့"

"ဟာကွာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းမှုတောင် ရှက်သွားမိသည်။ ဒီကောင်လေးက အလွန်ဆုံး ရှိမှ ဆယ့်သုံး၊ ဆယ့်လေးပေါ့။ လွှမ်းအဝေး ကတောင် နှစ်နှစ်လောက် ကြီးသည်။ အခုတော့ လုပ်ပုံက ကလေးကို အနိုင်ကျင့်သလို ဖြစ်နေပြီ။

"အဲဒါ အစ်ကိုကြီး ဆုံးမပေးပါ။ ကျွန်တော် ကျောင်းကပြန်လာတိုင်း ဒီလို ရန်စနေတာ နှစ်ခါ၊ သုံးခါ ရှိပြီ"

မင်းမှု ဘာမှမပြောနိုင်ဘဲ ခေါင်းပဲညိတ်ပြလိုက်ရ၏။ ချာတိတ်ကတော့ မကျေမနပ် မျက်နှာနှင့်ရှိဆဲ။

"ဒီတစ်ခါဆို ရပ်ကွက်လူကြီးနဲ့ကို သွားတိုင်မှာ"

"ဟေ့ အေး အေးပါ ငါ့ညီရယ်၊ နောက်တစ်ခါ အဲဒီလို မဖြစ်စေရဘူးလို့ ကတိပေးတယ်၊ အဲ အာမခံတယ်ကွာ နော်"

သူ တောင်းတောင်းပန်ပန်လေး ပြောလိုက်တော့မှ ချာတိတ် ချာခနဲ လှည့်ပြန်သွား၏။ သူ့မှာသာ လွှမ်းအဝေးအတွက် ဒေါသပေါ် ဒေါသတွေဆင့်နေရတော့သည်။

ညနေ့ခန်းတံခါးဝရောက်တော့ မေမေနှင့် ထိပ်တိုက်ဆုံသည်။

"ဘယ်သူလဲ သား"

"ဟိုဘက်ရပ်ကွက်ကတဲ့ မေမေ၊ ဘာဖြစ်သလဲ မမေးနဲ့ မေမေ့သမီး ပြဿနာရှာလိုက်တာ၊ လာတိုင်တာ"

"ဟင် ဘာတွေဖြစ်ပြန်ပြီလဲ"

ချာတိတ်တိုင်ကြားသမျှ သူ ပြောပြလိုက်သည်။ မေမေ မျက်စိပျက် မျက်နှာပျက် နားထောင်နေရင်း ပင့်သက်တရှိုက်ရှိုက် ရှိနေရှာ၏။





"အဲဒါ မေမေ့သမီးကို ဆုံးမထားဦး။ တော်ကြာ ရပ်ကွက်ရုံး ...တ်မှ ပိုအရှက်ကွဲနေမယ်"

"ဟင်း ခက်တော့တာပဲ၊ ဒီကလေးနှယ်၊ ဘယ်လိုလုပ်ရမှန်းကို ...သိတော့ဘူး"

မေမေ ညည်းညူရင်း အခန်းထဲ ကသောကမျောလေး လှမ်းဝင် ...သွားတော့မှ သူ ထိုင်ခုံမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

တကယ်ပါ ဒီကောင်မလေးကြောင့် မေမေ့ခမျာ စိတ်မောလှ ...နှင့် ကြာရင် နှလုံးရောဂါ ရမလားပဲ။ သူ့မှာလည်း မေမေ့အဖြစ်ကို ကြည့်ကာ ရင်မောရသည်။

■ ■ ■



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ကိုကို"

"..."

"ကိုကို"

"ဘာလဲဟာ၊ နားငြီးလိုက်တာ"

"အာ ဒီဘက် ခဏလှည့်ပါဦး"

"မလှည့်ဘူးဟာ"

မိအဝေး ဝင်လာတာကို သူ သိလျက်နှင့် တမင်လှည့်မကြည့်ဘဲ နေလိုက်သည်။ သူ စာဖတ်နေသည့် စားပွဲနားအထိ လာရပ်ပြီး ခေါ်နေတာကိုလည်း ဂရုမစိုက်နေလိုက်၏။

"ကိုကိုနော် မေမေနဲ့တိုင်မှာ"

"တိုင်ပေါ့၊ ငါက ဂရုစိုက်ရမှာလား"

"အံမယ် ဘာပြောတယ်၊ ရဲကြီးချင်လို့လား"





မင်းမူ မျက်နှာကို မဲ့ချပစ်လိုက်သည်။ ဒါကျတော့ ပြောတတ်လိုက်တာ။ ဟိုဘက်ရပ်ကွက်က ချာတိတ်ကို သူမ ပြောတာကျတော့ ပြောသင့်သလား၊ မပြောသင့်သလား မသိဘူးတဲ့လား။

"ဒီမှာ ဝေး ကိုကို့အတွက် ဝယ်လာတာ၊ တီရှပ်လေး အရမ်းမိုက်တယ် သိလား၊ ကိုကိုနဲ့ဆို အရမ်းလိုက်မှာ"

"စိတ်မဝင်စားဘူး။ မလိုချင်ဘူး၊ အဝတ်အစားတွေ ငါ့ဗီရိုထဲမှာ ဘုံးပေါလအောပါ"

ပြောပြီး စာအုပ်ကို ပိတ်ကာ သူ ထရပ်တော့ လွှမ်းအဝေး ရှေ့ကပိတ်ရပ်သည်။

"ကိုကို ဘာလဲ၊ အဝေးကို စိတ်ဆိုးနေတာလား"

မေးပုံကိုက မဟုတ်တာ၊ စိတ်ဆိုးရအောင် ကိုယ်ကပဲ ကျောင်းစာအုပ်တွေ သူ့မအခန်းထဲဝင်ခဲ့ကာ သူ့ကျောပိုးအိတ်ကို ဘောကန်ဖိနပ်တွေ ထည့်ယူသွားတာ စိတ်ထဲမှာ မကျေနပ်ပါ။

"ကိုကို"

မူနွဲ့နွဲ့ခေါ်ရင်း သူ့အရပ်မြင့်မြင့်မားမားကြီးကို မမှီမကမ်းခြေဖျားလေးထောက်ကာ ကြည့်သည့်ပုံစံလေးကြောင့် သူ ပြုံးမိသွား၏။

"ကိုကိုနဲ့ဆို အရမ်းလိုက်ဖက်မှာ၊ ဒီမှာ နို့စိမ်းရောင်လေး ကိုကိုရဲ့ အရမ်းလှလို့ အဝေး မုန့်ဖိုးထဲက ဝယ်လာတာ သိလား"

"ဟော့ အပိုတွေ လာလုပ်မနေနဲ့ မိအဝေး၊ နင့်ကို သိပ်ကျေနပ်တာ မဟုတ်ဘူးနော်၊ ငါ့ရှေ့က ဖယ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"မဖယ်ဘူး"

"မဖယ်တော့ ခေါက်တယ်ဟာ ကဲ"

"ခေါက်"

"အား နာလိုက်တာ မေမေရေ"

ခေါက်လိုက်တာက ဒီလောက် မဟုတ်ပေမယ့် အော်လိုက်တာ စူးစူးဝါးဝါး။ မေမေ အခုလောက်ဆို ဘုရားပန်းတွေလဲပြီး ဘုရားဝတ်ပြု နေတာမို့ သူ ကသောကမျောလေး တားရ၏။

"ဟဲ့ စွတ်အော်မနေနဲ့၊ မေမေ ဘုရားရှိခိုးနေတယ်"

"အော်မှာပေါ့ နာလို့အော်တာပဲ၊ တကယ် အသားချင်း မစာနာ အရမ်းခေါက်တာကိုး အဟင့် ဟင့်"

မျက်ရည်တစ်စက်မကျဘဲနှင့် တမင်ရှိုက်ငိုနေတော့ သူ ထိပ်ပြီး နာအောင် ခေါက်ပစ်လိုက်ချင်သည်။ ဒါပေမဲ့ စိတ်ကိုထိန်းရင်း

"ကဲ မိအဝေး လစ်ပါတော့၊ ငါ အပြင်သွားစရာရှိလို့"

"ဟင် ကျောင်းပိတ်ရက်ကြီး ဘယ်သွားမှာလဲ၊ ဝေးလည်း လိုက်မှာပေါ့"

"ဘာလို့ လိုက်မှာလဲ မလိုက်နဲ့"

သူ ပြောပြီး တွန်းတိုက် ထွက်ခဲ့တော့ အနောက်က ကပ်ပါလာ ဦးမှာကို သိနေပြီးသား။ အဝတ်ဗီရိုကို ဆွဲဖွင့်နေတုန်း အနားကို ရောက် လာပြန်၏။

"ကိုကို"





"ဟာ မိအဝေး ငါ ဒေါသဖြစ်လာပြီနော်"

"ကိုကိုကလည်း ဘလုင်းကြီး ဟောက်နေတာပဲ၊ ဒီမှာ ပြောစရာ ရှိလို့"

"ဘာမှမပြောနဲ့၊ နားပူတယ်"

"တကယ် မပြောရဘူးလား ရတယ်၊ ဒီက သူ့အတွက် ပြော မလို့ မမ ကေရီအကြောင်း ပြောမလို့"

သူ မျက်မှောင်ကုပ်ကြည့်မိသည်၊ ကေရီ အကြောင်းမို့ စိတ်ဝင် စားသွားမိသည်။ ဒါပေမဲ့ ဒီကောင်မလေးကို မယုံရဲ။

"ဝေးက စေတနာနဲ့ ပြောမလို့၊ ဒါကို အဆူအပူခံနေရသေး တယ်၊ တော်ပြီ သွားတော့မယ်"

"ဟေ့ နေဦး၊ ဟိုက ဘာမှာလိုက်တာလဲ"

"မမေးနဲ့ မပြောဘူး၊ လူကို ခေါင်းခေါက်တယ်၊ အော်လိုက်တာ လည်း နစ်ပြားမတန်ဘူး"

"ဟာ အဲဒါ ညီမလေးကို ဆုံးမတာပါ၊ အခန်းထဲမှာ ရှုပ်ပွသွား တာ ဘယ်ကောင်းမလဲ၊ ပြီးတော့ ဟိုဘက်ရပ်ကွက်ထဲက ချာတိတ်ကို ဘောလုံးနဲ့ကန်လိုက်တာမျိုးက ဘယ်ကောင်းမှာလဲ"

"အဲဒါ တမင်ကန်လိုက်တာလေ၊ အဲဒီကောင်လေးက အချိုး မပြေဘူး၊ လူကို မြင်ရင် ပြောင်သလိုလို လှောင်သလိုလို လုပ်နေလို့"

ဆုံးမရင်း စကားတွေက လမ်းကြောင်းချော်ထွက်နေတော့ သူ လိုရင်းကို ပြန်ဦးတည်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ အဲဒါထားတော့၊ အခု ကေရီက ဘာမှာလိုက်တာလဲ ဟင်"

"မနက်ဖြန်ကျ သူ ရှော့ပင်ထွက်မှာတဲ့၊ အဲဒါ ကိုကို လိုက်ချင် ရင် သွားစောင့်ပေါ့"

"ဟာ တကယ်လား။ ကေရီ တစ်ယောက်တည်း လာမှာလား"

သူ ကသောကမျော မေးတာကို မျက်ခုံးလေးကျုံ့ပြီး လွှမ်း အဝေး ကြည့်နေသည်။ ပြီးမှ မဲ့ပြုံးလေး ပြုံးရင်း

"ဒီ မမ ကေရီ နာမည်ကြားလိုက်တာနဲ့ ကိုကို ဖြစ်သွားလိုက် တာ ဟန်တောင် မဆောင်နိုင်ဘူးနော် အဟင်း ရယ်ရတယ်"

သူ့မျက်နှာကြီး ထူပူသွားမိသည်။ မိအဝေး ရှေ့မှောက်မှာ သူ သတိကင်းလွတ် ဖြစ်သွားတာ နည်းနည်းတော့ ရှက်မိ၏။

"ကိုကို အဲဒီမမကို ကိုကို တကယ်ကြိုက်နေတာလား"

"ဟာ ဘာတွေလာပြောနေတာလဲ၊ မေးစရာလား နင်က"

"မေးစရာပေါ့၊ ကိုကို ရည်းစားတွေ အများကြီးထားတာ မသိ တာမှတ်လို့၊ အခု နောက်ဆုံးတွဲနေတဲ့ သီတာနိုင်နဲ့ ပြတ်သွားပြီ မ ဟုတ်လား"

"နင် ငါ့အခန်းထဲ လျှောက်မွှေနေတာ အဲဒါကြောင့် မဟုတ် လား"

"အဟီး ကိုယ့်ကိုကိုအကြောင်း သိချင်လို့ပေါ့"

"ငါနော် ထပ်ခေါက်လိုက်ရ"





သူ လက်ခေါက်နဲ့ ရွယ်တော့ လွှမ်းအဝေး ခေါင်းလေးငုံ့ရှောင် ပြေးထွက်သွားသည်။ လက်ထဲက အင်္ကျီလေးကို ခုတင်ပေါ် ပစ်တင် သေး၏။

"ဟော့ အဝေး သူက ဘယ်နှနာရီတဲ့လဲ"

"ဒါတော့ ဘယ်သိမှာလဲ၊ ကိုကို့ဘာသာ ဝီရိယ ကောင်းကောင်း ထိုင်ကစောင့်ပေါ့"

လွှမ်းအဝေး အော်ပြီး ပြေးထွက်သွားတော့ သူ ဘာမှထပ် ခွင့်မရလိုက်ပါ။ အာရုံထဲမှာတော့ ကေရီ မျက်နှာလေးကို မြင်ယောင် ည်း

မိအဝေး ပြောလည်း ပြောချင်စရာပါပဲ။ သူ နောက်ဆုံးနှစ် တ်သည်အထိ ရည်းစားမကျ၊ ချစ်သူမကျ တွဲခဲ့တာတွေ အများကြီး။ လုံးထဲက တစ်ယောက်ဆိုတာ မရှိခဲ့အောင် ဘယ်သူ့ကိုမှ ရင်မခုန်ခဲ့ အမှန်။

အခု ကေရီကိုတော့ သူ မထင်မှတ်ဘဲ ဘတ်ဒေးပါတီ တစ်ခု ဆုံတွေ့ခဲ့တာ ဖြစ်သည်။

စုံစမ်းကြည့်တော့ စီးပွားရေးနောက်ဆုံးနှစ် တက်နေသူဟု သိ သည်။ နှုတ်ဆက်အောင် ချောမောသလို စကားပြောဆို ဆက်ဆံကြည့် တော့ ခင်မင်ဖော်ရွေသည်။

လူချင်းဆုံဖြစ်တာ သုံးကြိမ်ပဲရှိသေးပေမယ့် ဖုန်းချင်းကတော့ ားပြောဖြစ်ခဲ့တာ ဆယ်ကြိမ်မကတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူမနှင့် သီးသန့် ဆုံနိုင်ဖို့ အခွင့်အရေးတစ်ခုတော့ ရခဲ့ပြီ။ လွှမ်းအဝေးကိုတော့ ကျေးဇူးတင်ရမည်။

ခုတင်ပေါ်မှာ ညီမလေး လွှမ်းအဝေး ပစ်တင်ခဲ့သော တီရှပ်လေးကို သူ ကြည့်မိသည်။ နှင်းဆီရောင် DEAR တံဆိပ်လေးက ဗိုက်လုလုလေးနှင့်မို့ သဘောကျသွားတာ အမှန်။

ဒီအကျႌလေးကိုတော့ မနက်ဖြန် ဝတ်သွားရမည်။

■ ■ ■

## အခန်း (၃)

"ဒါဆို မင်းတစ်ယောက်တည်း ညစ်သွားတာပေါ့"

"အေးပေါ့ကွာ၊ ငါတစ်ယောက်တည်း လမ်းထိပ်မှာ အူကြောင်ကြောင်း ဖြစ်သွားတာ၊ မိအဝေး စကားကို ယုံမိတာ ငါးပါးမှောက်တာပဲ"

သူ ပေါက်ကွဲနေတာကြည့်ပြီး ဇော်ကြီး ပြုံးစစ ဖြစ်နေသည်။ သူ့မှာတော့ ဒေါသတွေ အခုထိ မပြေနိုင်သေးပါ။

လွှမ်းအဝေး စကားကို ယုံကြည်ပြီး သူ့မှာ အစောကြီး ထမြန်းပြီး ကားဂိတ်မှာ မနက်ရှစ်နာရီလောက်ကတည်းက ယောင်လည်လည် စောင့်ခဲ့ရသည်။ ကိုးနာရီလည်းမလာ၊ ဆယ်နာရီလည်း မတွေ့တော့ သံသယဝင်လာသည်။

ကောရီဆီ ဖုန်းဆက်ကြည့်တော့ ဖုန်းက ပိတ်ထားသည်။ ဆယ်နာရီ ခွဲလောက်မှ ဖုန်းဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်ရိုလား ကိုယ် သင့်မင်းမူပါ"

"ကြော် ကိုမင်းမူ ပြောလေ"

"ကိုယ် ကေရီကို စောင့်နေတာ၊ မနက် ရှစ်နာရီကတည်းက"

"ဟင် တို့ကို စောင့်နေတာ၊ ဘယ်ကစောင့်နေတာလဲ၊ ဘာလုပ်ဖို့လဲ"

ကေရီ ဒီလို မေးကတည်းက သူ တစ်ခုခုတော့ လွဲချော်နေပြီဟု နားလည်လိုက်သည်။

"ဟို ကေရီ ရှေ့ပင် ထွက်မလို့ဆို၊ တို့ကို လမ်းထိပ်ကစောင့်နေလို့ မှာတယ်ဆို"

"အို မဟုတ်တာ၊ တို့ ဘယ်မှမသွားပါဘူး၊ အခုလည်း မြူတီဆလွန်းမှာ ဆံပင်လျှော် ဖယောင်းသွင်းနေတာ၊ နေပါဦး မင်းမူကို ဘယ်သူပြောလို့လဲ"

"ဟို အဲ သူငယ်ချင်းတစ်ယောက်ပါ"

"ဟုတ်လား မင်းမူကို နောက်လိုက်တာ ထင်တယ်၊ တို့ ဒီနေ့ ဘယ်မှသွားဖို့ အစီအစဉ် မရှိဘူး၊ မြူတီဆလွန်းမှာပဲ အချိန်ကုန်မှာ လာမယ့် အပတ်ထဲမှာ တို့ ဘတ်ဒေး ရှိတယ်လေ"

"ဟင် ဟုတ်လား၊ ကိုယ့်ကို မဖိတ်ဘူးလား ကေရီ"

"ဖိတ်ရမှာပေါ့ စိတ်ချ၊ ဖိတ်စာပို့လိုက်မယ်"

ပန်းကေရီဆီက ထိုသတင်းနှင့် စကားသံလေး ကြားရတာမို့ သူ ကျေနပ်သွားခဲ့ရပါသည်၊ စိတ်ထဲမှာတော့ လွမ်းအဝေးကိုပဲ ခေါ်သတွေ



ချော်နေမိသည်။

အိမ်ပြန်တော့ သင်းကလေးက အိမ်မှာ ရှိမနေပါ။ သူ စိတ်ညည်းနိုင်စွာ အပြင်ထွက်ရှာတော့လည်း မတွေ့။ ဘယ်ချောင်ကြိုချောင်ကြားမှာ သွားပုန်းနေသည်မသိ။ နောက်ဆုံးတော့ သူငယ်ချင်း ဖော်ကြီးအိမ်ကိုပဲ ရောက်ခဲ့ရတော့သည်။

"နေပါဦး မင်းမူ၊ မင်းက ကေရီကို တကယ်စိတ်ဝင်စားနေတာလား"

ဖော်ကြီး အမေးစကားကြောင့် သူ့အတွေးတွေ ပြတ်ကာ ငုံ့ကြည့်မိသည်။ အရင်းနှီးဆုံး သူငယ်ချင်းမို့ ဒီကောင်က တိုင်ပင်ဖော်တိုင်ပင်ဖက်ပဲ ဖြစ်သည်။

"ဟ စိတ်မဝင်စားဘဲနဲ့ ငါက အချိန်ကုန်ခံပါ့မလားကွ"

"အင်း မင်းနှလုံးသားကလည်း ဘယ်တော့မှ မကုန်နိုင် မခမ်းနိုင်တဲ့ အချစ်တွေနဲ့ ပြည့်နေပါလား"

ဖော်ကြီး စကားကြောင့် သူ ယွဲ့ယွဲ့ပြုံးမိသည်။ သူ ရည်းစားများတာကို ဒီကောင် ရည်ရွယ်ပြောနေတာ သိသည်။

"ဘာလဲ ဒီတစ်ယောက်လည်း တစ်ခဏအတွက်ပဲလား"

"မပြောတတ်သေးဘူးလေ၊ ငါ့နှလုံးသားရဲ့ အလိုတော် အတိုင်းပေါ့"

"ကြည့်လည်းလုပ်ဦးနော်၊ ပန်းကေရီ ဆိုတာ အီကိုမှာ ကွင်းတစ်ပါးနော်၊ ရည်းစားတွေလည်း ဘာများသလဲ မမေးနဲ့၊ မင်း ဝဋ်လည်

www.burmeseclassic.com

www.burmeseclassic.com



နေဦးမယ်''

ပန်းဝေကရီ သတင်းကို သူလည်း ကြားပါသည်။ ဒါပေမဲ့ ထို့
အတွက် ရင်မှာ စိုးရိမ်မိတာမျိုးတော့ မရှိပါ။ တကယ်ဆို သူလည်း
ရည်းစားတွေ များခဲ့တာပဲ ဖြစ်သည်။

ဒါပေမဲ့ အချိန်တန်လျှင် နှလုံးသားက တစ်ယောက်ပဲ လိုအပ်
မှာပဲ ဖြစ်၏။ ပန်းဝေကရီက နာမည်နှင့်လိုက်ဖက်အောင် ချောမောသည်။
နုနုညက်ညက် မျက်နှာလေးက အပြစ်ဆိုရက်စရာ မရှိအောင် လှသည်။

နုကိုလှပြီးသော မျက်နှာကို ပိုပြီးမက်မောစရာ ဖြစ်အောင်လည်း
ပန်းဝေကရီ ပြင်ဆင်တတ်ပါသည်။ ဝတ်တာဆင်တာကအစ ပန်းဝေကရီ
က ငေးကြည့်လောက်အောင် ပြင်ဆင်တတ်သူ။

တစ်ဦးတည်းသောသမီးမို့လည်း မိဘတွေရဲ့ အလိုလိုက် ချစ်ခင်
မှုတွေကို အပြည့်အဝ ပိုင်ဆိုင်ထားသည်။ အလှမာန်ကော ဥစ္စာပစ္စည်း
ပြည့်စုံမှုမှာပါ ပန်းဝေကရီက လက်မထောင်လောက်အောင် ပြည့်စုံလွန်းသူ။

''နေပါဦးကွ အခု မင်းကို လွှမ်းအဝေက ဘာလို့ ဒုက္ခပေးလိုက်
တာလဲ မင်းမှူ''

''မေးမနေနဲ့ ဒီကောင်မလေးက တကယ့် ပြဿနာလေးကွ
ယောက်ျားမကျ မိန်းမမကျနဲ့ တစ်နေ့တစ်နေ့ ပြဿနာတွေ ရှာနေတာ။
ဟိုတစ်ရက်ကပဲ ချာတိတ်တစ်ယောက်ကို ဘောလုံးနဲ့ ကန်လိုက်သေးတယ်
ကွ''

''ဟား-ဟား တကယ်ပါလား။ မင်းညီမက ယောက်ျားစိတ်ဝင်





နေတာတော့ မဟုတ်ပါဘူးနော် မင်းမှူ''

''မဟုတ်ပါဘူးကွ ငယ်ငယ်ကတည်းက ယောက်ျားလေးလို
နေလာတော့ အကျင့်ပါနေတာပါ''

''အေး ဟုတ်မှာပါ။ ကွန်ပျူတာတက္ကသိုလ်မှာတော့ လွှမ်းအဝေး
ဆိုတာ အလှဘုရင်မတဲ့''

ဖော်ကြီး ညီတစ်ယောက်က လွှမ်းအဝေးနှင့် ကျောင်းတူ
အတန်းတူမို့ ဖော်ကြီးပြောတာ ဖြစ်နိုင်သည်။

ဒါပေမဲ့ သူ နှာခေါင်းရှုံ့မိသည်။ ဆံပင်အတို ဂုတ်ဝဲလေးနှင့်
လွှမ်းအဝေးသည် သူ့မျက်စိထဲမှာတော့ တကယ့် ဂျစ်ပေပေ ကောင်မလေး
ပဲဖြစ်သည်။

ဟိုးငယ်ငယ်ကတည်းက ယောက်ျားလေးဆန်ဆန် နေတတ်
သော လွှမ်းအဝေးသည် သူ့ရဲ့ ညီမလေးဆိုပေမယ့် ညီလေးတစ်ယောက်
လို ဖြစ်နေခဲ့သည်။ သူ ဘောလုံးကန်ရင် လိုက်လာတတ်သူ၊ ကစားရင်
လည်း သူ့ဘက်ကပဲပါကာ ယောက်ျားလေးတစ်ယောက်လိုပဲ နေ၏။

ဖေဖေနှင့် မေမေက အိမ်ထောင်ကျပြီး သုံးနှစ်ကျော်အထိ
သားသမီး မရတာမို့ မိဘမဲ့ သူ့ကို မွေးစားခဲ့ကြတာ ဖြစ်သည်။ သူ
အသက်လေးနှစ်လောက်မှ ကံထူးကာ လွှမ်းအဝေးကို မွေးဖွားခဲ့ကြတာ
ဖြစ်၏။

''ယောက်ျားလေးသာဆို ပိုကောင်းမှာ၊ ငါ့သားအတွက် ညီလေး
တစ်ယောက် ရတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးလည်း ကောင်းပါတယ် မောင်ရယ်၊ ဝါတော့ ကျေနပ်တယ်၊ သားတစ်ယောက် သမီးတစ်ယောက်ဆိုတော့ ပြီးပြီပေါ့"

သူ့ထက် လေးနှစ်ငယ်သော လွမ်းအဝေးသည် ဖေဖေ နိမိတ်ဖတ်ခဲ့သလို ယောက်ျားဆန်ဆန်ပဲ နေတတ်ခဲ့တာ ငယ်ငယ်ကတည်းကဖြစ်သည်။ ဝတ်တာ၊ စားတာ၊ နေတာ၊ ထိုင်တာကအစ ယောက်ျားလေးလိုပဲ နေတတ်ခဲ့၏။

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါ့သမီးလေး ဟိုမရောက် ဒီမရောက်ဖြစ်သွားတော့မှာပဲ"

မေမေက လွမ်းအဝေးကိုကြည့်ကာ မှုပန်စွာနှင့် ဆိုသည်။ မေမေ့ရဲ့အုပ်ထိန်းမှုကြောင့်ပဲ လွမ်းအဝေး မိန်းမသားဆန်သွားခဲ့ခြင်းဖြစ်၏။ ဒါတောင်မှ ငယ်စိတ်က မပျောက်ချင်သေး။

လမ်းထဲက ချာတိတ်တွေနှင့်ပေါင်းပြီး ခြံထဲမှာ ဂေါ်လီရိုက်ကာ ဂျင်ပေါက်တာမျိုးတောင် ရှိတတ်သေးသည်။

"မင်းမူ ငါ နေလင်းတို့အိမ် သွားမလို့ မင်း လိုက်ဦးမလား"

"မလိုက်တော့ဘူး ဖော်ကြီး၊ ငါ အိမ်ပြန်လိုက်ဦးမယ်"

ဖော်ကြီးကို နှုတ်ဆက်ပြန်ခဲ့သည်။ အိမ်ရောက်တော့ ခြံထဲမှာ ထိုင်နေသော လွမ်းအဝေးနှင့် ထိပ်တိုက်တိုးသည်။

"ဟေ့ မိဝေး နေဦး"

သူ့ကို မြင်သည်နှင့် လစ်ပြေးဖို့ ဟန်ပြင်သော လွမ်းအဝေးကို သူ လှမ်းအော်ရင်း လက်ကို လှမ်းဆွဲထားလိုက်ရသည်။





"အား နာတယ် ကိုကိုရ"

"အပိုမလုပ်နဲ့၊ ငါ နင်နဲ့စာရင်း ရှင်းစရာရှိတယ်၊ ပြောစမ်း နင် ဘာလို့ ငါ့ကို ဒုက္ခပေးတာလဲ"

"ဟင် ဝေး ဘာလုပ်လို့လဲ"

"အေး မသိဟန်ဆောင်နေတာကို ပြောရဦးမှာပေါ့၊ ကေရီတို့လေ၊ သူ ငါ့ကို မချိန်းဘဲနဲ့ နင် ဘာလို့ လိမ်ပြောရတာလဲ၊ ငါ့မှာတော့ အရူးကြီးကျနေတာပဲ၊ လမ်းထိပ်မှာ ဒုက္ခခံလိုက်ရတာ"

ပျောက်ကွယ်နေသော ဒေါသလေးတွေ ချက်ချင်း ရင်ထဲမှာ ပြန်တိုးလာမိတာ လွမ်းအဝေးရဲ့ ပြုံးစစ မျက်နှာကြောင့်ပဲ ဖြစ်သည်။

"ဟင် သူ မလာဘူးလား"

"မိဝေး နင် အူတူတူ မလုပ်နဲ့၊ ငါ ကေရီဆီ ဖုန်းဆက်ပြီးပြီ၊ သူ ရှော့ပင်ထွက်ဖို့ အစီအစဉ် မရှိဘူးတဲ့၊ ငါ့ကိုလည်း မချိန်းဘူးတဲ့"

"ဟာ ဒါဆို ဟိုချာတိတ် လိမ်တာပေါ့"

"ဘယ်က ချာတိတ်လဲ"

"ဟို မမကေရီတို့ လမ်းထိပ်က ဖိုးတာလေ၊ အဲဒီသတင်းကို ဖိုးတာဆီက သိရတာ"

သူ မျက်မှောင်ကြီး ကုပ်သွားသည်။ ဖိုးတာဆိုတာ အသက်ဆယ်နှစ်သာသာလောက်ပဲ ရှိဦးမည့် ချာတိတ်။ လွမ်းအဝေးက ထိုချာတိတ်ကို လွှဲချနေတာ မဟုတ်သေးပါ။

"နင် ပေါက်ကရ မပြောနဲ့၊ နင် တမင် ငါ့ကို ဒုက္ခပေးတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"အာ ကိုကိုကလည်း ကိုယ့်ကိုကိုကို ဘာလို့ ဝေးက ဒုက္ခပေး ရမှာလဲ မိုးတာတို့နဲ့ ကစားရင်း သူက ပြောတာ၊ အဲဒီ မမ ရှေ့ပင်ထွက်မှာတဲ့၊ သူ့အတွက် အင်္ကျီဝယ်လာမယ်လို့ ပြောတယ်"

မိအဝေး တမင်ကို ဘူးခံပြီး လိမ်နေပြီဆိုတာ သူ သိနေသည်။ ဒါကြောင့်လည်း ပိုလို့ စိတ်တိုရ၏။

"ကလေးတစ်ယောက် စကားကို နင်ယုံပြီး ငါ့ကို အတည်ပေါက် လိမ်သွားတာလား။ ဟိုကပဲ ငါနဲ့ချိန်းခိုင်းသလို နင် ပြောတာလေ"

"အဟဲ အဲဒါက ကိုကို ရဲရဲဝံ့ဝံ့ သွားရဲအောင် ဝေး ပြောတာပါ။ ဘုရားစူး ကိုကို ဒုက္ခရောက်အောင် ဝေး မလုပ်ပါဘူး၊ နေဦး မိုးတာ ဆိုတဲ့ကောင် တွေ့မယ်"

ဆတ်ခနဲ လက်ကို ရုန်းထွက်ပြီး လွမ်းအဝေး ခြံထဲက ပြေး ထွက်သွား၏။ သူ ဘာမှမပြောနိုင်ဘဲ အံတကြိတ်ကြိတ် ကျန်ခဲ့ရသည်။

ယုံမိတာက ကိုယ့်အမှား။ ဒီကောင်မလေး စကားကို နောက်ဆို ဘယ်တော့မှ ယုံလို့မဖြစ်တာ သူ ခေါင်းထဲထည့်ထားမှ . . .။

■ ■ ■



## အခန်း (၄)

"ဒီမှာ ညီ၊ မင်းက သင့်မင်းမှူ ဆိုတာလား"

သူ ထိုင်နေသော စားပွဲဝိုင်းအထိ ရောက်လာကာ မေးလာသော လူစိမ်းကို မော့ကြည့်ရင်း အူတူတူ ခေါင်းညိတ်ပြမိသည်။

ပြာလဲ့နေသော နေကာမျက်မှန်နှင့် ရှင်းသန့်ချောမောသော မျက်နှာပြင်က ယောကျ်ားပီသ ခန့်ညားတာ အမှန်။ သူ့ထက်တော့ အသက် သုံးလေးနှစ်ခန့် ကြီးပုံရတာ ခန့်မှန်းလို့ရသည်။

မေးရိုးအကျက ပိုပြီးယောကျ်ားဆန်ကာ စိမ်းဖန့်နေသော မုတ် ဆိတ်ပါးသိုင်းရာ စိမ်းမြမြနှင့် အရပ်အမောင်းကော ကျစ်လျစ်သန်မာ သော ကိုယ်ဟန်ကပါ စမတ်ကျသည်။

"ကိုယ် ခဏ ထိုင်မယ်နော် ညီ"

"ဗျာ ဟုတ်ကဲ့ ထိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်သည်။ နေကာမျက်မှန်ကို ချွတ်ကာ စားပွဲပေါ်တင်သည်။ တိုစိပ်စိပ် မျက်တောင်တွေ ကာရံထားသော မျက်ဝန်းအစုံက စွဲမက်ညှို့နိုင်သော အရိပ်တို့ ရှိနေတာ သေချာ၏။

"ဘာကိစ္စရှိလို့လဲ အစ်ကို"

"ကိစ္စရှိလို့ပေါ့ကွာ၊ လွှမ်းအဝေးဆိုတာ ညီရဲ့ ညီမဆိုတာ အမှန်ပဲလား"

"ဟင်"

လွှမ်းအဝေး နာမည်ကို ကြားလိုက်ကတည်းက လူက ထိတ်ခနဲ ဖြစ်သွားခဲ့သည်။ ဘာပြဿနာတက်ပြန်ပြီလဲ မသိ။

"ဟုတ်ကဲ့ ဘာ ဘာဖြစ်လို့လဲ အစ်ကို"

"သူက ကိုယ့်ကားကို ပြဿနာရှာလိုက်တယ်"

"ဗျာ"

မင်းမူ ဆံပင်တွေတောင် ထောင်သွားသည်။ လွှမ်းအဝေးတို့ကတော့ လုပ်ချလိုက်ပြန်ပြီ။ ပြဿနာတွေက တကယ့်ကို တစ်ခုပြီးတစ်ခု ပါလား။

"ဟို အစ်ကို့ကားကို သူ ဘာလုပ်လိုက်တာလဲ"

"ကားနောက်မီးသီးတစ်လုံး ကွဲသွားအောင် ခဲနဲ့ထုလိုက်တာ"

"ဟာ"

သူ အထိတ်တလန့် နှုတ်က ရေရွတ်မိလိုက်တဲ့ အသံပါပဲ။





Hot Pot ဆိုင်လေး အပြင်ဘက်ကို လှမ်းကြည့်တော့ ကားစတင်းမှာ ကားလေးတွေက အစီအရီ ရပ်ထားသည်။

ဒီပုဂ္ဂိုလ်ရဲ့ကားက ဘယ်ကားလည်း မသိ။ သိန်းထောင်ချီကား ဆိုရင်တော့ လျော်ရမည့်တန်ကြေးက သေးမည်မဟုတ်။

"ကိုယ့်ကားကို ဝပ်ရှော့ ပို့လိုက်ပြီ၊ မီးသီးအသစ်လဲတပ်နိုင်း ခဲ့ရတယ်"

"ဗျာ ဟုတ်ကဲ့၊ သူ ဘာလို့ ဒီလိုလုပ်တာလဲဆိုတာ ကျွန်တော် စားမရ ဖြစ်နေတာ၊ ဟား တော်တော် ဂြိုဟ်မွှေပါလား မိဝေးရယ်"

သူ စိတ်ပျက်သလို ညည်းတော့ ထိုပုဂ္ဂိုလ်က အေးဆေးတည် ငြိမ်စွာပဲ ရှင်းပြသည်။

"ကိုယ် ပလက်ဖောင်းဘေးမှာ ကားကိုထိုးရပ်ပြီး ဆင်းတဲ့အချိန်မှာ သူတို့အုပ်စုက မျက်နှာချင်းဆိုင် လမ်းလျှောက်လာကြတာလေ၊ လက်ထဲမှာလည်း အစားအသောက်ထုပ်တွေနဲ့ ဖြစ်ချင်တော့ အဲဒီ လွှမ်းအဝေးဆိုတဲ့ ကောင်မလေး လက်ထဲက အထုပ်ကို ပလက်ဖောင်းပေါ်က ခွေးတစ်ကောင်က ဝင်ဟပ်ဆွဲသွားပါလေရော"

"ဟုတ်ကဲ့"

"သူ စားမယ့် ဝက်သားတုတ်ထိုးအထုပ် ခွေးပါးစပ်ထဲပါသွားတော့ သူ ဒေါသထွက်ပြီး ခွေးနောက်လိုက်တယ်၊ ခွေးက ကိုယ့်ကားအောက် တိုးဝင်ပြေးတော့ သူက ခဲကောက်ပြီး ပစ်တာ"

"ဟာ တော်တော်ဆိုးတာပဲ"



www.burmeseclassic.com

"အေး ညီကသာ ပြောတာ၊ သူကတော့ ဘာမှ ဂရုမစိုက်သလို ပဲ၊ အလျော်ပေးမယ်တဲ့၊ သူ့မှာ ပိုက်ဆံမပါဘူးတဲ့၊ ဒီဆိုင်လေးမှာ မင်း ရှိမယ်တဲ့၊ သူ့အစ်ကို လျော်ပေးမယ် သွားလိုက်ဆိုပဲ"

သူ မျက်လုံးတွေ ပြူးသွားသည်။ ဒီပုဂ္ဂိုလ် မလာခင် မိနစ်ပိုင်း လေးက လွမ်းအဝေး သူ့ကို ဖုန်းဆက်ပြီး ဘယ်မှာရှိလဲ မေးတာ၊ ဒါ ကြောင့်ကို။ ဒီလိုမှန်းသိလျှင် အမှန်အတိုင်း သူ ပြောဖြစ်မှာမဟုတ်။

"ကိုယ့်နာမည်က မိုးအဂ္ဂပါ ညီလေး။ အဂ္ဂမဟာ ကုမ္ပဏီပိုင်ရှင် ပါ"

"ဟုတ်ကဲ့ ဟို ကျွန်တော့်မှာက အဲဒီလောက်အထိ လျော်ဖို့ ငွေမပါဘူး အစ်ကို၊ ဟို ဒီလိုလုပ်ပါ"

"နေဦး ညီ"

မိုးအဂ္ဂ သူ့စကား မဆုံးခင် လက်ကာတားရင်း

"ကိုယ် ဒီကိုလာတာ လျော်ကြေးငွေကိစ္စအတွက် အဓိက မဟုတ်ဘူး ညီ၊ မင်းက အစ်ကိုဆိုတော့ ပြဿနာကိုသိပြီး ဒီကလေးမ ကို ဆုံးမရအောင် အသိပေးတာပါ"

"ဟုတ်ကဲ့ မေမေ့ကို ကျွန်တော် ပြောပြမှာပါ၊ အစ်ကို့ကား မီးသီးအတွက်လည်း လျော်ပေးပါ့မယ်"

"လျော်ကြေးက မလိုပါဘူး ရတယ်၊ နောက်ထပ် ဒီလိုမျိုး မဖြစ်အောင် ဆင်ခြင်နိုင်းဖို့ပဲ လိုတာ ဟုတ်လား၊ ကိုယ့်နေရာမှာ တခြား သူဆို ဒီလိုကိစ္စကို သည်းခံမှာမဟုတ်ဘူး"



"ဟုတ်ကဲ့ ဟုတ်ကဲ့ပါ အစ်ကို"

မိအဝေး လုပ်ရပ်ကြောင့် သူ့မှာ မျက်နှာငယ်လေးနှင့် ခေါင်း ညိတ်ညိတ် တောင်းပန်နေရသည်။

တော်တော် ပြဿနာရှာ မီးမွှေးတဲ့ ကောင်မလေးပဲ။ သူ ဆုံးမ ...နှန်းလို့လည်း အာတွေပေါက်နေပြီ။

"ကဲ ကိုယ် သွားမယ် ညီ၊ ကိုယ့်ကိုလည်း မှတ်ထားပေါ့ကွာ"

"ဟုတ်ကဲ့ အစ်ကို၊ ဟုတ်ကဲ့"

လက်ကမ်းပေးလာတော့ သူ လက်ခွဲနှုတ်ဆက်လိုက်ရသည်။ ...ဆင်ရွယ် ပြုံးရင်း မိုးအဂ္ဂ နှုတ်ဆက်ထွက်သွားတော့ သူ ငေးကြည့်နေ မိသည်။

ရှပ်လက်တိုအဖြူနှင့် မီးခိုးရောင် ဘောင်းဘီကို စမတ်ကျကျ ...ဝတ်ဆင်ထားပြီး ခြေလှမ်းညီညီ လျှောက်သွားပုံက ကြည့်ကောင်းပါသည်။

အဂ္ဂမဟာ ကုမ္ပဏီကြီးရဲ့ ပိုင်ရှင်သူဌေး တစ်ယောက်ကိုမှ ...လွမ်းအဝေးက မထိလေးစား သွားလုပ်ခဲ့တာပါလား၊ ဟိုက အလွယ်တကူ ...နှုတ်လွှတ်ပေးလိုက်တာကိုသိလျှင် ဒီကောင်မလေး နောင်တရမည်လား။

သူ မထင်ပါ။

■ ■ ■

www.burmeseclassic.com

## အခန်း (၃)

"တော်သေးတာပေါ့ သားရယ်၊ ဟိုက ကောင်းကောင်းမွန်မွန် ဆက်ဆံသွားလို့၊ မကျေနပ်လို့ ပြဿနာရှာရင် အခက်ပဲ သမီး"

ဒေါ်ဝါဝါလှိုင် ရင်ဘတ်ကိုဖိရင်း မျက်နှာသေလေးနှင့် ထိုင်နေသော လွှမ်းအဝေးဘက်လှည့်ကာ ခေါ်သည်။ ဝေး နှုတ်က ခွန်းတုံ့ပြန်မထူးဘဲ ခေါင်းလေးပဲ မော့ကြည့်သည်။

မျက်နှာပေါ်မှာ နောင်တရတာမျိုး၊ စိုးရွံ့ကြောက်လန့်တာမျိုး တစ်ခုမှ မရှိ။ ဒါကိုပဲ သူ ဒေါသတွေဖြစ်ရတာ။

"ဟဲ့ မိအဝေး၊ မေမေ ခေါ်နေတယ်လေ"

"အင်း သိပါတယ် ကိုကိုရဲ့"

"တွေ့လား မေမေ၊ မေမေ့သမီးက နောင်တရမယ် ထင်သလား၊ အခုတောင် အရေးမစိုက်သလိုနဲ့"





"ကိုကိုနော် ချွန်တွန်းမလုပ်နဲ့၊ အခုကိစ္စက မတော်တဆ ဖြစ်သွားတဲ့ ဟိုတက်က နားလည်ပေးတာကြည့်လေ၊ တမင်လုပ်တာ မဟုတ်တာ အားလုံးသိတယ်"

"ဘာပဲဖြစ်ဖြစ် သမီးက မိန်းကလေးလေ၊ အများပြောစရာ ဖြစ်အောင် ဆင်ခြင်ရမှာပေါ့"

"မေမေကလည်း သမီး ဘာလုပ်လို့လဲ၊ ဟို ခွေးဝဲစားကို ...ဖြစ်လို့ ဖြစ်ရတာ"

သူ ထင်ထားသည့်အတိုင်း အပြစ်ကို ဝန်မခံ၊ နောင်တမရပါဘဲ ...နေတော့ သူ ငြိမ်မနေနိုင်ပြန်။

"အဝေး နင် ခုထိ ဝန်မခံသေးဘူးလား၊ နင် လုပ်တာက ...ကားကို ထိခိုက်တယ်၊ ပြီးတော့ နင်က ပြဿနာကို ရင်ဆိုင်မရှင်းဘဲ ဦးဆီလွှတ်လိုက်သေးတယ်၊ ငါ့မှာတော့ မျက်နှာငယ်နဲ့ တောင်းပန် ...ရတာ"

"ကိုကိုကလည်း ဟိုက လျော်ကြေးတောင်းမယူပါဘူး၊ ဝေး ...တာပေါ့၊ တမင် လူကြီးကို တိုင်ချင်လို့ မေးနေတာမှန်း ဒါကြောင့် ...ကိုယ်စား ကိုကိုနဲ့ ပေးတွေ့လိုက်တာ"

"သမီး တော်တော့၊ ဟိုလူငယ်က ခွင့်လွှတ်ပေးလို့ပေါ့၊ အလျော် ...ည်း မလိုချင်ဘူး၊ သက်ဆိုင်ရာက ရှင်းမယ်ဆို ဘယ်လိုလုပ်မလဲ၊ ...ရောက် ဂတ်ရောက် ဖြစ်ကုန်မှာပေါ့"

"အင်းပါ မေမေရယ်၊ နောက်တစ်ခါ မဖြစ်စေရပါဘူးလို့ ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီပဲဥစ္စာ''

တောင်းပန်နေသော မျက်နှာက စိတ်မရှည်သလို ပေါက်နေ
မို့ သူ မျက်မှောင်ကုပ်ကြည့်မိသည်။

ဒီကောင်မလေး ဆိုးတာ လွန်နေပြီ၊ လူကြီးကို လူကြီးမှန်း
တာက ပိုလို့ဆိုးသည်။ အထူးသဖြင့် မေမေ့ကို မလေးမစား လုပ်
သူ ပိုလို့ ကြည့်မရတာ ဖြစ်သည်။

ဘယ်သူ့ကိုမှ မကြောက်တတ်သော အကျင့်ဆိုးလေးက အခု
မပျောက်။ ငယ်ငယ်ကတော့ အငယ်ဆုံးလေးမို့ သူတို့ ဝိုင်းအလိုလို
ချစ်ခင်ခဲ့ကြ၏။ ဒါပေမဲ့ ကြီးလေချဉ်လေ ဖြစ်နေတာ အခက်။

ညီမအရင်း မဟုတ်ပေမယ့် သူ့ညီမလေးလို ချစ်ခဲ့၏။ အ
တော့ ချစ်တာထက် စိတ်ပျက်စရာတွေက များလာပြီ။

သင်းလေးရဲ့ အပြစ်တွေကိုသာ ထောက်ပြနေရလျှင် ပါး
တောင် စေ့လို့ရမှာမဟုတ်ပါ။

မင်းမူ မကြည့်မလင် ကြည့်နေသလို ဝေးကလည်း ထိမထ
သည့် မျက်နှာပေးဖြင့် တုံ့ပြန်စိုက်ကြည့်လာလျက်

''ဘာလဲ ကိုကိုကပါ ထပ်နှိပ်ကွပ်ချင်လို့လား''

မေးပုံက ဂျစ်ကန်ကန်မို့ သူ ဒေါသထွက်သွားမိတာ အမှ

''ဟုတ်တယ်ဆိုရင်ကော နင်က ဘာလုပ်ချင်လို့လဲ''

''ဘာမှမလုပ်ပါဘူး။ ကိုကိုကလည်း ဒေါသချည်းပဲ၊ ကိုယ့်ထ





ထဲ့သူ့ကို ဝေးက ဘာလုပ်ရမှာလဲ၊ ဝေး မေးတာက ကိုကိုပါ ဘာ
ဦးမလဲလို့ မေးတာ''

''စိတ်ကုန်နေလို့ ဘာမှကို မပြောချင်တော့ဘူး''

ပြောပြီး စိတ်ကုန်သလိုနှင့် သူ ထရပ်ရင်း

''မေမေ သား အပြင်ခဏ သွားဦးမယ်''

''အေး အေး သား သွားလေ''

''ဝေးလည်း လိုက်မယ် ကိုကို''

ပြောရင်း ဝေး ထရပ်တော့ သူ မျက်မှောင်ကြီးကုပ်ကြည့်ရင်း

''နင်က ဘာလိုက်လုပ်မှာလဲ၊ ငါတို့သွားမှာ ယောက်ျားလေး
တွေချည်း သွားမှာ''

''ကိုကိုတို့ ဘယ်သွားမှာလဲ''

''ဘယ်သွားသွားပေါ့၊ နင်နဲ့ ဘာဆိုင်လို့လဲ''

''ဝေး လိုက်ချင်လို့ပါ''

''ဟာ မလိုက်နဲ့ မရဘူး။ အဲ ကန်တော့နော် မေမေ မေမေ့ကို
လေးစားလို့ မဟုတ်ပါဘူး''

မေမေ့ရှေ့မှာ သတိလက်လွတ် အော်မိတာမို့ သူ ပြန်တောင်းပန်
မိသည်။ မေမေက နားလည်စွာ ပြုံးရင်း

''ရပါတယ် သားရယ်၊ မေမေ နားလည်ပါတယ်၊ ကဲ သား
သွားစရာရှိတာ သွား၊ သမီးက မေမေနဲ့ဝိုင်းကူ''

''ဟင် မေမေကလည်း''



www.burmeseclassic.com

www.burmeseclassic.com



ဝေး နှုတ်ခမ်းစူကာ ပြောရင်း သူ့ကို စွေစွေစောင်းဓော

မကျေမနပ် ကြည့်သည်။ ပြီးမှ ခြေလေးဆောင့်ကာ လှည့်ထွက်သွား

"အဲဒါသာ ကြည့်တော့ သားရေ၊ မေမေတော့ သင်းဓ

အတွက် တွေးမိတိုင်း စိတ်မချဘူး၊ မေမေသာမရှိရင် အခက်ပဲ"

မေမေ ညည်းသလိုလေး ပြောတော့ သူ စိတ်မကောင်း ဖြစ်

ရကာ ခေါင်းခါရင်း

"မေမေကလည်း ပူစရာမရှိတာ ပူနေတယ်၊ သား ရှိပါတ

မေမေ့သမီးက ကလေးဆန်နေတာပါ၊ လူကြီးဆန်တော့ သိလာမှာပေ

မေမေ ကျေနပ်စိတ်ချမ်းသာအောင်ပဲ ပြောလိုက်မိတာပါ။ စိ

ထဲကတော့ လွှမ်းအဝေး နားလည်သိလာနိုင်ဖို့ဆိုတာ ဘယ်တော့

ရောက်လာမည်မဟုတ်ဟု တွေးမိသေး၏။

မေမေ ပူသလို သူလည်း တစ်ခါတစ်ခါတော့ ပူမိသား။

ဒီကောင်မလေး ဒီပုံစံနှင့် ရှေ့ဆက် ဘယ်လိုရှင်သန်မည်

မသိ။ တွေးမိလျှင် ရင်မောစရာ။

■ ■ ■

ဗျူး၀၁၁၆၀

## အခန်း (၆)

"ဟိုမှာ ပန်းကေရီ လာနေတယ်ကွ"

ဖော်ကြီး စကားကြောင့် သူ လှည့်ကြည့်မိသည်။ နွဲ့နွဲ့လေး

ကလာနေသော ကေရီ ခြေလှမ်းတိုင်းမှာ သူ့ရင်ခုန်သံတွေက

တွေးသွားခဲ့၏။

လှလိုက်တာ ကေရီရယ်။

ရင်ထဲက တိုးတိုးလေး ရေရွတ်မိအောင် ပန်းကေရီက လှပါ

ည်။ ကိုယ်ကြပ်အနီရောင်လေးအပေါ်မှာ အဖြူရောင် ချည်သားအပါး

ကို ထပ်ဝတ်ထားပြီး စကပ်ထဘီကလည်း အနီရဲရဲလေးမို့ ကေရီ

လှက ထင်းနေ၏။

ကဖေးဆိုင်လေးထဲက ယောကျ်ားလေးတွေအားလုံး အကြည့်

တွေက ကေရီဆီမှာ စုပြုံသွားတာ မနာလိုချင်စရာ။

ကေရီက သူ ထိုင်နေသော စားပွဲဝိုင်းဆီကိုပဲ ပြုံးပြုံးလေး

ဗျူး၀၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ဦးကည်လာနေတာမို့ သူ ထိုင်ခုံက ထရပ်ရင်း

"ကေရီ ဘယ်လာတာလဲဟင်"

"မင်းမှူဆီ လာတာပေါ့"

"ကိုယ့်ဆီလာတာ ဟုတ်လား၊ ကိုယ် ဒီမှာရှိတာ ကေရီကို ဘယ်သူပြောလိုက်လို့လဲ"

"မင်းမှူ ညီမလေး ထင်တယ်၊ လွှမ်းအဝေး ဆိုတာ"

သူ့ရင်တွေ ဒိန်းခနဲ ဖြစ်သွားသည်။ လွှမ်းအဝေးနှင့် ကေရီ တွေ့လာခဲ့ပြီပေါ့။ ဘာပြဿနာများ လွှမ်းအဝေး ဖန်တီးလိုက်ပြန်ပြီလဲ မသိ။ ကေရီ မျက်နှာလေးကို အကဲခတ်ကြည့်တော့ ရွှင်ရွှင်ပြုံးပြုံးလေး ပဲမို့ နည်းနည်းတော့ စိတ်ချမ်းသာရပါသည်။

"ဘာဖြစ်လို့လဲ ကေရီ၊ မိဝေး ဘာတွေပြောလိုက်လို့လဲ၊ အဲ ကောင်မလေးက တကယ့် ဂျစ်ပွေးလေး"

"အဟင်း ခင်မင်စရာကောင်းပါတယ် မင်းမှူရဲ့၊ သူက မင်းမှူ ဒီဆိုင်လေးမှာ ရှိမယ်လို့ ပြောလိုက်လို့ တို့လာတာ"

တကယ်ဆို လွှမ်းအဝေးကို သူ ပြောခဲ့တာ မဟုတ်ပါ။ မမေ့ကို ပဲ ဖော်ကြီးနှင့် ကော်ဖီဆိုင် ထိုင်မှာဟု အသိပေးခဲ့တာ ဖြစ်၏။ မိဝေး ကြားစကားနှင့် ပြောလိုက်တာ ဖြစ်မည်။

"ဒီမှာ တို့ဘတ်ဒေ့းကို ဖိတ်မလို့၊ ဖိတ်စာလေ"

လက်ကိုင်အိတ်လေးထဲက ဖိတ်စာနှစ်စောင်ကို ထုတ်ကာ ကေရီက သူနှင့်ဖော်ကြီးကို တစ်စောင်ဆီ ကမ်းပေးသည်။





"ကျေးဇူးပဲ ကေရီ၊ ကိုယ် လာဖြစ်အောင် လာမှာပါ"

"လာခဲ့ပါ မင်းမှူ၊ ဒီနှစ် မွေးနေ့ပွဲကို စည်စည်ကားကားနဲ့ ညီလေး လုပ်ချင်လို့၊ ဘော်တွေအားလုံး ဖိတ်ထားတာ၊ အိမ်ထဲက ခြင်းပြင်မှာပဲ ကျင်းပမှာလေ"

"စိတ်ချပါ ကေရီ၊ ဘာသောက်ဦးမလဲ မေးဖို့တောင် မေ့နေ

"မစ်ရှိတ် တစ်ခွက်ပဲ၊ ချောကလက်မစ်ရှိတ်နော်"

"အိုကေ"

ကေရီအတွက် သူ ကိုယ်တိုင်ပဲ ကောင်တာမှာမှာပြီး ယူပေး ခဲ့၏။ ပိုက်တံလေးကို နှုတ်ခမ်းဖူးဖူးလေးတွေနှင့် ငုံကာ ကေရီ သောက်နေတော့ သူ ငေးကြည့်နေမိ၏။

မျက်ခုံး၊ မျက်ဝန်း၊ နှာတံ၊ နှုတ်ခမ်း ဘာမှ အပြစ်ဆိုစရာ မရှိအောင် လှလွန်းတာ ကေရီရဲ့ ဆုတောင်းကောင်းမှုကြောင့်ပဲ ထင်၏။

"သင့်မင်းမှူ"

"ဗျာ ကေရီ ဘာလဲဟင်"

ငေးကြည့်နေတုန်း ကေရီ ခေါ်တော့ သူ ကယောင်ကတမ်း ထူးမိ၏။ သူ့အဖြစ်ကို ကြည့်ကာ ကေရီ ညီညာဖြူဖွေးသော သွား တန်းလေးတွေပေါ်အောင် ရယ်သည်။

"အဟင်း ဟင်း ခြော် လူကို မမှတ်မိတဲ့အတိုင်း ကြည့်နေလို့"

"အာ မဟုတ်ပါဘူး၊ ဟို ပထမတစ်ခါတုန်းက ဆံပင်က ညှိ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နဲ့မို့"

"ခြော် ဒါလား၊ အဲဒီအရောင်နဲ့ စတိုင်ကို ရှိုးသွားလို့ ရွှေ

ရောင် ပြောင်းလိုက်တာလေ၊ တို့နဲ့ မလိုက်ဖက်ဘူးလား"

"ဟင့်အင်း မဟုတ်ပါဘူး၊ လိုက်ဖက်ပါတယ်"

တကယ်လည်း ကေရီမျက်နှာလေးက ရွှေအိုရောင် ဆံပင်လျှ

တွန့် အခွေအလိပ်လေးတွေနှင့် ကြည့်လို့ကောင်းနေတာပဲ ဖြစ်သည

ဝင်းမွတ်နူညက်နေသော မျက်နှာလေးကို ခြယ်သထားတာက နည်းနည်

တော့ လိုတာထက် ပိုလွန်းနေသည်ဟု ထင်မိသည်။

"အဟင်း သိပ်မမြှောက်နဲ့ မင်းမူ၊ ဘာစားမလဲပြော၊ မွေးနေ့

အကြို ရှင်းပေးမှာပါနော်"

"ဟာ မဟုတ်တာ ကေရီရယ်၊ ကိုယ်တို့ မွေးနေ့ကျမှ တာ

မယ်၊ ဒီဝိုင်းကိုတော့ ကိုယ်ပဲ ရှင်းပါရစေနော်"

"ကဲ ဒါဆို ကေရီ ပြန်ဦးမယ်၊ သူငယ်ချင်းတွေဆီ ဝင်ရဦးမှာ"

ပြုံးပြုံးလေး နှုတ်ဆက်ကာ ထွက်သွားသော ကေရီကို သူ

ငေးငေးလေး ကြည့်နေတော့မှ တစ်ချိန်လုံး ငြိမ်နေသော ဇော်ကြီးက

"ဟော့ကောင် မျက်လုံးတွေ ကျွတ်ပါသွားဦးမယ်"

"ပါသွားပစေကွာ၊ ငါ တကယ် Heart ထိသွားတာ"

"ဟုတ်လား ကြည့်လည်း လုပ်ဦးနော်၊ ပန်းကေရီဆိုတာ ဆံပင်

အရောင်တောင် ခဏ ခဏပြောင်းနေတတ်တာနော်"

ဇော်ကြီး သတိပေးစကားကြောင့် သူ့ရင်ထဲမှာ ဆစ်ခနဲတော့





သွားသည်။ တကယ်ဆို သင့်မင်းမူ ဆိုတဲ့ကောင်ကလည်း မိန်းကလေး

တွေနဲ့ အရောင်ပြောင်းတတ်တဲ့ ပုတ်သင်ညိုတစ်ကောင်ပါပဲ။

ဒါပေမဲ့ ပန်းကေရီနဲ့ပတ်သက်ပြီး ခံစားမှုကတော့ အားလုံး

ထက် လေးနက်သည်ဟု ထင်ပါသည်။

"ငါ သူ့ကို တကယ် အလေးအနက် ချစ်မိတာပါ ဇော်ကြီး"

"ဘာရယ်"

"ဟုတ်တယ် အရင်တုန်းက မိန်းကလေးတွေနဲ့ ခံစားမှု မတူ

ဘာ သေချာတယ်"

"ဟား မလွယ်တော့ဘူး၊ ဒါဆို မင်း ခံရမယ့်ပွဲ ထင်တယ်"

"ဟာကွာ နိမိတ်မရှိလိုက်တာ၊ ကေရီလည်း ရည်းစားတွေ

ဘယ်လောက်များများ ငါ့ကို တကယ်ချစ်တယ်ဆို တည်ငြိမ်သွားမှာပါ"

"အဲဒီကတည်းက မင်းရှုံးနေတာပဲ မင်းမူ၊ တကယ်ဆို ချစ်မိ

သွားတဲ့သူက အရှုံးပဲ၊ မင်း ခံရရင် ခံနိုင်ရည်ရှိဖို့ပဲ လိုတယ်"

ဇော်ကြီးစကားကို ခွန်းတုံ့ပြန်ဖို့ စကားလုံးတွေ သူ့မှာမရှိပါ။

ဘာကြောင့်မှန်းမသိ ရင်ထဲမှာ တစ်စုံတစ်ခုကို စိုးကြောက်နေသလို

ခံစားနေရ၏။

ဇော်ကြီး ပြောသလို ရင်ဆိုင်ရလျှင်. . .။

ကေရီရယ် မင်း ဆံပင်တွေ အရောင်ပြောင်းသလို မင်းအချစ်

တွေ အရောင်မပြောင်းတတ်ပါနဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် မွေးနေ့ပွဲကို နင် လိုက်မယ် ဟုတ်လား မိဝေး"

သူ့အသံက အထိတ်တလန့် အသံတွေ ရောစွက်သွားခဲ့တာ သေချာသည်။ ကေရီရဲ့ မွေးနေ့ပွဲကို လွမ်းအဝေး လိုက်မည်ဆိုတာတော့ လုံးဝ လက်မခံနိုင်ပါ။

"အင်းလေ ဝေး လိုက်မှာကို ကိုကိုက ဘာလို့ကြောက်လန့်တကြားဖြစ်သွားရတာလဲ"

"ဟာ မလိုက်နဲ့၊ နင်နဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ မမပန်းကေရီ ကိုယ်တိုင်က ဝေးကို ဖိတ်ထားတာ"

"ဘာရယ် မဟုတ်က ဟုတ်က"

"ဟုတ်သလား မဟုတ်သလား ဒီမှာကြည့်"

"ဟင်"

မွေးနေ့ဖိတ်စာလေးကို လွမ်းအဝေး ထောင်ပြတော့ သူ မယုံသင်္ကာ လှမ်းယူကြည့်မိသည်။ ဖိတ်စာအိတ်လေးမှာ ရေးထားတာက လွမ်းအဝေး နာမည်ဖြစ်ကာ လက်ရေးကလည်း ကေရီ လက်ရေးပါပဲ။

"နင် နင့်ကို ကေရီ ဖိတ်တယ်"

"အင်းလေ ဟိုတစ်ရက်က ဖိုးတာတို့အိမ်သွားတုန်း တွေ့တော့ မမ ပန်းကေရီကိုယ်တိုင် ဖိတ်လိုက်တာ၊ အဲဒီနေ့က ကိုကို့ကို မေးလို့တောင် ကော်ဖီဆိုင်မှာလို့ ဝေး ပြောလိုက်တာ"

သူ အခုမှ သဘောပေါက်သွားသည်။ မနေ့က ကေရီ ကိုယ်တိုင်





ော်ဖီဆိုင်လေး ရောက်လာတာ လွမ်းအဝေး ပြောလိုက်တာကြောင့် သိထားပြီးသားပါပဲ။

"နေပါဦး နင်နဲ့ကေရီ ဘယ်လိုလုပ် ခင်မင်သိနေတာလဲ"

"ဘာဆန်းလို့လဲ ကိုကိုရဲ့၊ ဖိုးတာတို့ အစ်မနဲ့ မမ ကေရီက ူငယ်ချင်းအရင်းကြီးတွေဥစ္စာ၊ ဖိုးတာ အိမ်သွားတိုင်း မြင်တွေ့ခင်မင်နေတာ ပြောရရင် ကိုကို့ထက်တောင် ရင်းသေးတယ်"

ဒီကောင်မလေးနှင့် ကေရီ ခင်မင်နေတာကိုတော့ သူ စိုးရိမ်သည်။ တကယ့် ပြဿနာ ကောင်မလေး။ မဟုတ်မဟပ်တွေ လျှောက်ပြောနေလျှင် အခက်။

"ဝေး နင် ကေရီကို ငါ့အကြောင်း ဘာတွေလျှောက်ပြောမိသေးလဲ"

"ဟင် ဘာပြောရမှာလဲ ကိုကိုနဲ့ဝေးနဲ့ မောင်နှမတွေဆိုတာ ောက်ပဲ ပြောတာပါ"

"ဝေး ညီမလေး ဟိုလေ ကိုကို့ကိစ္စတွေ၊ ကေရီကိုသွားမပြောိုက်နဲ့နော်"

"မပြောပါဘူး ကိုကိုရဲ့၊ ကိုယ့်ကိုကိုအကြောင်း ဝေးက မဟုတ်တာပ်တွေ ပြောပါ့မလားလို့"

ဒီကောင်မလေး စကားက မဟုတ်သေးပါ။ သူ့လွယ်အိတ်တွေ အခန်းထဲမွှေနှောက်ကာ သူနှင့်ပတ်သက်သည့် မိန်းကလေးတွေရဲ့ စာတွေကို ခိုးဖတ်တတ်တာ မကြာခဏ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းတွေသာ ကေရီကို နှုတ်ကျွံလိုက်လျှင် အခက်။

"ဟို ကိုကို ပြောတာက ကိုကို့ရည်းစား အဲ ကိုကိုနဲ့ပတ်သက်ရှုတဲ့ ကောင်မလေးတွေအကြောင်း မပြောမိစေနဲ့"

"ဩော် မကေသီဆိုတဲ့ မိန်းမ ကိုကို့ကို ဘယ်လောက်ချစ်ကြောင်း ရေးထားတာတွေ၊ မဥ္စုမောင်ဆိုတဲ့ မိန်းမ ကဗျာမကျ စာမကျ ရေးထားတဲ့အကြောင်းတွေကို ပြောတာလား"

"ဟာ ဟုတ်တယ်၊ အားလုံးပဲ ဘာအကြောင်းမှ သူ့ကို သွားမပြောမိစေနဲ့နော်၊ ညီမလေးက လိမ္မာပါတယ် ဟုတ်လား"

"အင်းပါ ညနေ မွေးနေ့ ဝေးလိုက်ခဲ့ရမှာလား။ ကိုကို မခေါ်ရင်လည်း ရတယ်၊ ဝေး ဘာသာ သွားမယ်၊ မေမေက ကိုကိုနဲ့အတူသွားဆိုလို့"

ဒီကောင်မလေး တမင် နိုင်ကွက်ရသွားတာမို့ လေသံကောအမူအရာပါ ပြောင်းသွားသည်။ သူ မခေါ်ချင်ပေမယ့် မဖြစ်တော့သည့်အခြေအနေဆိုတာ နားလည်လိုက်သည်။

"အေးပါ ငါနဲ့အတူ နင်လိုက်ခဲ့ပါ၊ ကိုကိုတို့ အတူသွားတာပေါ့"

"ဒါဆို အဆင်ပြေတယ်၊ ဝေးက ဘာလက်ဆောင်မှ မပါဘူး ကိုကို့ရဲ့ လက်ဆောင်နဲ့ ကပ်လိုက်မှာ"

"ဟင် နင့်ကို သီးသန့်ဖိတ်ထားတာ ဘာလက်ဆောင်မှ မပါဘူးလား၊ ဘာလဲဟ"

"မလိုပါဘူး ကိုကို့လက်ဆောင်ပါတာပဲ၊ မောင်နှမတွေပဲ အတူ



[illegible]ပေါ့"

ပြောပြီး ဝေး သုတ်ခနဲ လှည့်ထွက်သွားတော့ သူ အီလည်လည်[illegible]ကျန်ရစ်ခဲ့သည်။ ဒီကောင်မလေးနှင့်ကေရီ ခင်မင်ရင်းနှီးသွားတာ[illegible]တော့ မကောင်းလှပါ။

ဘာပဲဖြစ်ဖြစ် သူ့အတွက်တော့ ပြဿနာတစ်ခုပါပဲ။ မဟုတ်[illegible]တွေ လျှောက်ပြောလိုက်လျှင် အခက်။

မိဝေးကိုတော့ အဆင်ပြေအောင် ပေါင်းရဦးမှာတော့ အသေ[illegible]ချာ။

■ ■ ■

www.burmeseclassic.com

## အခန်း (၇)

ခြံဝင်းကျယ်ကြီးထဲက မြက်ခင်းလွင်ပြင်မှာ ရောင်စုံမီးတွေနှင့် ဆင်ယင်ပြင်ဆင်ထားသော မွေးနေ့ညစာခံပွဲလေးက စည်ကားနေပြီ ဖြစ် သည်။

စတိတ်စင်ရဲ့ အပြင်အဆင်ကလည်း လှပသည်။ မြက်ခင်းလွင် ပြင်မှာ ခင်းကျင်းပြင်ဆင်ထားသော စားပွဲဝိုင်းတွေကလည်း သေသေ သပ်သပ် ရှိ၏။ မင်းမူ ကားလေးကို ထိုးရပ်တော့ အရင်ဆုံး ကားတံခါး ဖွင့်ဆင်းတာ လွှမ်းအဝေး။

"အဝေး နေဦး"

"ဟင် ဘာလဲ ကိုကို"

သူ့ကို လှည့်ကြည့်ကာ လွှမ်းအဝေး မျက်ခုံးလေး ပင့်ကာ မေးသည်။ ဝတ်ဆင်ထားတာက မိတ်ကပ်ရောင် ရင်စည်းအင်္ကျီလေး





ဖြစ်တာမို့ ပခုံးသားလုံးလုံးလေးတွေ ပေါ်လို့နေသည်။

ရင်ဘတ်နှင့်ခါးအထိက အကျပ်လေးဖြစ်ပြီး ပေါင်လယ်ခန့် အထိ ဖားဖားပွပွလေးမို့ ဂါဝန်လေးလို့ ထင်ရ၏။ ထိုဂါဝန်မကျ အင်္ကျီ ကျ ဝတ်စုံကို စတော်ကင် ပန်းရောင်လေးနှင့် တွဲဖက်ဝတ်ဆင်ထားသည်။

"နင် ဟိုသွားဒီသွား မလုပ်နဲ့နော်၊ ငါ့နားမှာပဲ ကပ်နေရရ ထိုင်နေ"

သူ့စကားကြောင့် လွှမ်းအဝေး နှာခေါင်းလေး ရှုံ့ပြသည်။

"နင် ဘာနှာခေါင်းရှုံ့တာလဲ၊ မေမေ ဘာမှာလိုက်သလဲ အူတူတူ မလုပ်နဲ့နော်"

"ဟင် ဘာပြောသေးလို့လဲ၊ စိတ်ချ ကိုကို့အနားက ဘယ်မှ မသွားဘူး။ ကတိပေးတယ်"

ပြောပုံက ရွှတ်တွတ်တွဲ ပြောင်ချော်ချော် ပုံစံပေါက်နေသည်။ အိမ်က ထွက်လာကတည်းက လွှမ်းအဝေးနှင့် သူ ပြဿနာဖြစ်သည်။

"မိဝေး နင်ဝတ်ထားတာ ဘာပုံစံလဲ၊ ဂါဝန်လိုလို ဘာလိုလိုနဲ့"

"ဟင် ဘာလို့လဲ၊ ဒါ ဂါဝန်အင်္ကျီလေ၊ စတော်ကင်နဲ့ တွဲဝတ် ထားတာ ဘာဖြစ်လို့လဲ"

ပြောရင်လည်း သူပဲ လွန်ရာကျတော့မည်။ ဝတ်ထားသည့် အင်္ကျီပေါင်လယ်လောက်ပဲ ရှည်တာမို့ အသားကပ် စတော်ကင်က ထင် ထင်ရှားရှားလေး ပေါ်လွင်နေသည်။ ပြီးတော့ အသားရောင်နှင့် တူသော ပန်းရောင်မို့ သူ မြင်ရတာ ဘဝင်မကျချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကလည်း ဘာဝေဖန်ဦးမလို့လဲ၊ ဝေးက မီနီစကပ် ဝတ်ထားတာမှ မဟုတ်တာ"

"တော်တော် ဘာမှမပြောဘူး"

ဘာမှမပြောဘူးဆိုကာ စကားဖြတ်ပစ်လိုက်ရပေမယ့် လွှမ်းအဝေးကိုတော့ သူ သတိထားမိသွားသည့်အချက်က ဒီကောင်မလေး မိန်းကလေးဆန်ဆန်နေတော့လည်း ချစ်စရာကောင်းတာ မငြင်းနိုင်။

ဆံတိုဂုတ်ဝဲနှင့် မျက်လုံးဝိုင်းဝိုင်းလေးက မိတ်ကပ်ပါးပါးလေးနှင့်တောင် လှပရှင်းသန့်နေ၏။ မဆိုးစဖူး ဆိုးထားသော နှုတ်ခမ်းနီ ပန်းရောင်လေးကလည်း နှုတ်ခမ်းဖူးဖူးလေးနှင့် လိုက်ဖက်သည်။

ပခုံးသား လုံးလုံးဝင်းဝင်းလေးအထက်က လည်တိုင်လေးမှာ ပလက်တီနမ်ကြိုးလေးပဲ ဆင်ယင်ထား၏။

ကိုယ်ကျပ်အကျီလေးနှင့် စတော်ကင်ကြောင့် လွှမ်းအဝေးရဲ့ ခန္ဓာကိုယ်ကျစ်ကျစ်လစ်လစ်လေးကို ပိုလို့ ပေါ်လွင်စေ၏။

"ဟော မင်းမူ လာပါ လွှမ်းအဝေးလည်း ပါလာတာကိုး အဟင်း ဒီဘက်ကို ကြွကြွနော်၊ ညာဘက်ဝိုင်းလွတ်တွေ အများကြီးပါ"

ရွှေအိုရောင် ဇာဝတ်စုံလေးနှင့် အလှပဆုံး ပြင်ဆင်ထားသော ပန်းကေရီရဲ့အလှမှာ သူ တစ်ခဏတော့ နစ်မျောသွားမိသည်။

လက်ရှည်လည်ပင်ဟိုက် ရွှေအိုရောင် အကျီနှင့် ဆန့်ကျင်ဘက် ပလက်တီနမ်နှင့်စိန်တွေပဲ ရွေးချယ်ဆင်ယင်ထားပေမယ့် ပန်းကေရီရဲ့ ဖက်ရှင်က လှပပေါ်လွင်နေပါသည်။





"ဟက်ပီးဘတ်သ်ဒေးပါ ကေရီ"

"သင့်ခယ္ယ မင်းမူ၊ အားမနာတမ်း သုံးဆောင်ပါနော်၊ ညီမလေး အဝေးနော်"

"စိတ်ချ မမ ကေရီ၊ ဝေးက စားဖို့လာတာ စားမှာပဲ အဟင်း ဟင်း"

လွှမ်းအဝေး စကားတွေက အနှောင့်အသွား မလွတ်တာ သူ သိသည်။ ကေရီရှေ့မှောက်မှာမို့ မသိကျိုးကျွံပြုရင်း ငြိမ်နေလိုက်ရ၏။

"သုံးဆောင်ကြဦးနော်၊ ကေရီ ဧည့်သည်တွေကို သွားကြိုလိုက်ဦးမယ်"

သူတို့နှစ်ဦးကို စားပွဲဝိုင်းမှာ နေရာချပေးထားခဲ့ကာ ကေရီ ဧည့်ထွက်သွားတော့လည်း သူ့အကြည့်တွေ လွင့်ပါသွားခဲ့သည်။ လှိုင်း တွန့်အခွေအလိပ် ဆံနွယ်လေးတွေနှင့် ကေရီက ဒီညနေမှာတော့ ရွှေမင်းသမီးတစ်ပါးလိုပါပဲ။

"ကိုကို"

သတိလက်လွတ် ငေးကြည့်နေမိသော မျက်ဝန်းတွေကို လွှမ်းအဝေး ခေါ်သံကြားမှ သူ ပြန်ဘရိတ်အုပ် ထိန်းချုပ်ရင်း

"ဘာလဲ အဝေး"

"ကိုကို မစားနိုင်တော့ဘူးလား၊ မေးမလို့ပါ"

"ဟ စားတောင် မစားရသေးတာကို"

"ဒါဆို မြန်မြန်စားလေ၊ တော်ကြာ ရင်ပြည့်ပြီး မစားနိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပိုးလို့"

ဝေးစကားကြောင့် သူ့မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ ဒါကို သင်းလေးက လှောင်သလို ခစ်ခနဲ ရယ်လိုက်သေးသည်။

သိပ်မဆာလှပေမယ့် သူ့ရှေ့က ကြက်ဆီထမင်းကို သူ တစ်ဇွ စားလိုက်သည်။ စတိတ်စင်ပေါ်က သီဆိုနေသော သီချင်းသံတွေကို နားထောင်ရင်း စားသောက်နေသော ဧည့်ပရိသတ်တွေက စည်ကားနေ ပြီ။

မိဝေးကလည်း အားပါးတရ စားသောက်ရင်း စတိတ်စင်ပေါ် ကို ကြည့်လိုက်နှင့် အာရုံတွေ ငြိမ်နေ၏။ သူ့မျက်ဝန်းတွေ ကေရီကို လိုက်ရှာကြည့်သည်။

ပန်းကေရီက မိဘနှစ်ပါးနှင့်အတူ ဧည့်ပရိသတ်တွေကို ရယ် ရယ်ပြုံးပြုံးလေး နှုတ်ဆက်နေသည်။ ရှောကိုင်းမျက်မှန် တည်တည်ခန့်ခန့် ဦးဟိန်းဇော်မိုး ဆိုတာ ပန်းကေရီရဲ့ အဖေဟု သူ သိထားပြီးသား။

သွင်းကုန်ထုတ်ကုန် လုပ်ငန်း ကုမ္ပဏီကြီးကို ပိုင်ဆိုင်ထားသူ ဖြစ်ကာ ကေရီ မိခင် ဒေါ်ပန်းမာလာ ကလည်း စိန်ရွှေရတနာတိုက်ကြီး ကို အောင်မြင်စွာ ထူထောင်ထားနိုင်သူပါပဲ။

အဘက်ဘက်က ပြည့်စုံသော ပန်းကေရီဆိုတာ တော်ဝင်ပန်း တစ်ပွင့်ဟု သူ မငြင်းနိုင်ပါ။

သူ ကြည့်နေတုန်းမှာ ပန်းကေရီ မျက်နှာလေး ဝင်းလက် တောက်ပသွားကာ ခြေလှမ်းတွေက သုတ်သုတ်ကလေး လှမ်းရွေ့သွား





ကြ၏။ သူ့အကြည့်တွေလည်း ပန်းကေရီ ဦးတည်ရာကို ပါသွားခဲ့၏။

"ဟင်"

မွေးနေ့ပွဲကို ထပ်ရောက်လာသည့် ပုဂ္ဂိုလ်ကို မြင်လိုက်တော့ သူ့ အံ့ဩမျက်ဝန်းတွေ ပြူးကျယ်သွားခဲ့၏။

မိုးအဂ္ဂ ဆိုသော ပုဂ္ဂိုလ်က အနောက်တိုင်း ဝတ်စုံနှင့် ခမ်းနားစွာ လှမ်းလာသည်။ မိုးအဂ္ဂကို အပြေးလေး ဆီးကြိုသည့် ကေရီကို ကြည့်ကာ သူ အကဲခတ်နေမိ၏။

မိုးအဂ္ဂ လက်မောင်းကို ဆုပ်ကိုင်ပြီး ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက် နေပုံက ရင်းရင်းနှီးနှီး ခင်မင်နေတာ သိသာသည်။

"ဟာ ဟိုပုဂ္ဂိုလ်ကြီးပဲ"

လွှမ်းအဝေး ပြောင်ချော်ချော် မျက်နှာပေးလေးနှင့် ပြောနေ သည်။ သူကတော့ မိုးအဂ္ဂနှင့်ပန်းကေရီတို့ဆီမှာပဲ မျက်ဝန်းအကြည့်တွေ နစ်မသုန် ရှိနေမိဆဲ။

မိုးအဂ္ဂ ဆိုသည့် ပုဂ္ဂိုလ်က ဘောင်းဘီအိတ်ထဲက ဘူးလေးကို ထုတ်ကာ ကေရီထံ ကမ်းပေးသည်။ မွေးနေ့လက်ဆောင်ဘူးလေးက သေးပေမယ့် အထဲမှာ တန်ဖိုးကြီးပစ္စည်းတစ်ခုဆိုတာ သူ မှန်းဆမိ၏။

မိုးအဂ္ဂဆီကို ကေရီ မိဘတွေပါ ရောက်လာကာ ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောနေကြ၏။ ဘာကြောင့်မှန်းမသိ သူ့ရင်ထဲမှာ တစ်စုံ တစ်ခုကို စိုးထိတ်သွားမိသည်။

"ဒီပုဂ္ဂိုလ်ကြီးနဲ့ မမကေရီတို့က တော်တော် ရင်းနှီးပုံပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



လွမ်းအဝေး စကားကိုလည်း ခွန်းတုံ့မပြန်နိုင်။ စားလက်စ ကြ
ဆီထမင်းကိုလည်း အာရုံမရှိနိုင်ဘဲ သူ ဖြစ်နေမိသည်။

ကေရီက မိုးအဂ္ဂကို စားပွဲတစ်လုံးဆီ ဆွဲခေါ်နေရာချပေးသည်
ကေရီအပြုံးတွေ မြင်နေတော့ သူ့ရင်ထဲမှာ စူးစူးနစ်နစ် ခံစားနေရတာ
အမှန်။

မိုးအဂ္ဂ စားပွဲဝိုင်းက ကေရီ ခွာသွားတော့မှ သူလည်း အကြည့်
တွေ ရုပ်သိမ်းနိုင်တော့၏။

"ကိုကို စားလေ"

"တော်ပြီ ငါ ဝပြီ"

"ဟင် စားတာမှ နှစ်လုပ်သုံးလုပ်ပဲ ရှိသေးတာကို၊ ဘယ်လိုဖြ
သွားတာလဲ"

"ငါ သိပ်မဆာလို့"

"ပန်းခေကရီကြောင့် အလိုလို ဗိုက်ပြည့်သွားတာမို့လား"

"ဟာ ဘာတွေပြောနေတာလဲ၊ တိုးတိုး နေစမ်း"

သူ ခပ်ငေါက်ငေါက်လေး ပြောလိုက်မှပဲ လွမ်းအဝေး စ
ကလေးပုကာ ငြိမ်သွားသည်။

"ဟဲ့ အဝေး"

"ဟယ် နွယ်နီ၊ နင် ဒီကို လာတာလား"

"အေး ဟိုမှာ ပိုပိုတို့ပါ ပါတယ်ဟ"

ဝေး သူငယ်ချင်းမလေးတွေနှင့် ဆုံနေတာမို့ သူ အလိုမကျ





သွားတာ အမှန်ပဲဖြစ်သည်။ ဒီကောင်မလေးတွေက သာလိကာ
အောင် စကားပြောတတ်ကြသည်။

အိမ်ကို သင်းတို့အုပ်စု ရောက်လာပြီဆို သူ ခြံထဲဆင်းပြေးရ
ည်အထိ ဗရုတ်ကျလွန်းသည့်အဖွဲ့။

"ကိုကို ခဏလေးနော်၊ ပိုပိုတို့ကို သွားနှုတ်ဆက်မလို့"

သူငယ်ချင်းအုပ်စုနှင့်ဆုံပြီဆိုတော့ ဝေး သူ့ကို တောင်းဆိုနေ
ည်။ မသွားနဲ့လို့ ခွင့်မပြုလို့လည်း မကောင်းတာမို့

"မြန်မြန်သွား၊ မြန်မြန်ပြန်ခဲ့နော်၊ ခဏနေရင် ပြန်မယ်"

"အင်းပါ ကိုကိုရဲ့၊ ခဏလေးပါ"

သူ ခွင့်ပြုသည်နှင့် ဝေး နွယ်နီတို့နှင့်အတူ ပါသွားသည်။
ကလေး အနားမှာ မရှိတာလည်း ကောင်းပါသည်။ ပန်းခေကရီ
ကို သူ လွတ်လွတ်လပ်လပ် ခံစားလို့ရသည်။

သူငယ်ချင်း အုပ်စုနှင့် ရယ်မောစကားပြောနေသော ကေရီ
နှာလေးကို သူ တစိမ့်စိမ့် ငေးနေမိခိုက်

"သင့်မင်းမှူ"

အသံကြောင့်သူ မော့ကြည့်တော့ သူ့ဝိုင်းအထိ ရောက်လာတာ
အဂ္ဂ။

"ဟင် ကိုမိုးအဂ္ဂ၊ မွေးနေ့ပွဲလာတာလား"

သူ အခုမှ မြင်သလို အမူအရာနှင့် ပြုံးပြနှုတ်ဆက်မေးတော့
အဂ္ဂ ပြုံးပြုံးလေး ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ညီလေး၊ တစ်ယောက်တည်းမို့လား၊ ကိုယ် ထိုင်

ရမလား"

"ဟာ ရပါတယ် အစ်ကို ထိုင်ပါ"

မဆုံချင် မတွေ့ချင်ပေမယ့် ထိပ်တိုက်ကြီး ဆုံနေတော့လည်း သူ ငြင်းလို့မကောင်းပြန်။

"ပန်းနဲ့ညီက သူငယ်ချင်းတွေလား"

"ဗျာ ဟုတ်ကဲ့"

"ညီက ပန်းလိုပဲ အီကိုကပဲပေါ့"

"ဟင့်အင်း မဟုတ်ပါဘူး အစ်ကို၊ ကျွန်တော်က နည်းပည်း တက္ကသိုလ် တက်တာပါ၊ ပန်းကေရီနဲ့က အပြင်မှာ ခင်မင်တာပါ"

မိုးအဂ္ဂ တည်တည်ရူးရူးလေး ကြည့်တော့ သူ့စိတ်က မလုံမ ဖြစ်မိသေးသည်။

"အင်း ပန်းက မိတ်ဆွေသူငယ်ချင်း များတယ်ကွ၊ ကိုယ်က သူ့မိဘတွေနဲ့ ပိုရင်းနှီးတယ်"

"သြော် ဟုတ်ကဲ့"

"ပြောရရင် ကိုယ်တို့ မန္တလေးမှာနေကတည်းက ပန်းကေ တို့နဲ့ အိမ်နီးချင်းတွေလေ၊ ပန်းကေရီက ကိုယ့်ညီမလေးလိုပဲ နေလာ တာ"

သူ ဘာမှမမေးပါဘဲနှင့် မိုးအဂ္ဂက ရှင်းပြနေ၏။ ဘာပဲဖြစ်ဖြ သူ့ရင်ထဲက စိုးရိမ်စိတ်တွေ နည်းနည်းတော့ ပြေသွားတာ အမှန်





ခြင်း။

"အခု ရန်ကုန်မှာ ပြန်ဆုံတော့ ကိုယ့်မိဘတွေနဲ့ သူ့မိဘတွေ ည်း လုပ်ငန်းတွေ ပါတနာတွေလေ၊ သူ့မွေးနေ့ပွဲလာဖို့ ဖိတ်ပြောနေလို့ ရောက်လာရတာ၊ ကိုယ်က ဒီလိုပွဲမျိုးတွေ မသွားတတ်တော့ ပေါင်စင်းစင်း နေတာ၊ ညီနဲ့တွေ့လို့ တော်သေးတယ်"

မိုးအဂ္ဂက ရင်းရင်းနှီးနှီး စကားတွေ ပြောနေတော့ သူလည်း အလိုက်သင့် ခေါင်းညိတ်နားထောင်နေမိသည်။ သူနှင့် တစ်ခါပဲ ဆုံဖူး တာ ဖြစ်ပေမယ့် မိုးအဂ္ဂက မိတ်ဆွေရင်းတွေလို ဆက်ဆံနေ၏။

"ဒါနဲ့ ညီ၊ ညီမလေးကော ကားတွေ ခဲနဲ့လိုက်ထုသေးလားကွ"

မိုးအဂ္ဂ ရယ်မောရင်း မေးတော့ သူလည်း ရယ်မောလိုက်ရင်း

"သူက တကယ့်ဇရုတ် အစ်ကိုရ၊ တကယ် မလွယ်ဘူး"

"ကိုကိုနော် ဝေး အတင်းတွေ တုတ်မနေနဲ့"

ပြောနေတုန်း လွမ်းအဝေး ပြန်ရောက်လာတာမို့ မိုးအဂ္ဂ အကြည့်တွေက ဝေးဆီ ရောက်သွား၏။

"မင်းလေး ပါလာတာကိုး၊ ဒီတစ်ခါတော့ ကိုယ့်ကားကို မင်း ထပ်ပြီး ခဲနဲ့မထုလောက်ပါဘူးနော်"

"အာ အဲဒီတုန်းက ဝေး တကယ်လုပ်တာ မဟုတ်ပါဘူး၊ တော်တဆ ဖြစ်သွားတာပါ လူကြီးရ"

"မိဝေး လူကြီးကို ဘယ်လိုပြောနေတာလဲ၊ ကိုမိုးအဂ္ဂ နာမည် က မိုးအဂ္ဂ တဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ မနေနိုင်ဘဲ ကြားက ဝင်ပြောတော့ မိုးအဂ္ဂက ပြုံးပြုံးလေး ပဲ ငြိမ်နေသည်။

"မိုးအဂ္ဂ ဟင် နာမည်ကြီးက ဘယ်လိုကြီးလဲ"

"ဘာဖြစ်လို့လဲ လွှမ်းအဝေးရဲ့"

"ခေါ်ရခက်တဲ့ နာမည်ကြီးမို့ပါ"

"ဒါဆိုလည်း မင်း အဆင်ပြေသလို ခေါ်ပါ၊ မင်းနာမည်က တော့ ကဗျာဆန်တာပဲကွ"

"လူကြီးက မြှောက်နေတာလား၊ ရတယ် ကြက်ဆီထမင်းတွေ အများကြီးနော် ဟင်း ဟင်း"

ချက်ချင်းပဲ မိဝေးနှင့် မိုးအဂ္ဂက ရင်းနှီးခင်မင်သွားခဲ့သည်။ သူတို့ဝိုင်းကို ရောက်လာသော ကေရီကလည်း တအံ့တဩ မျက်ဝန်း လေးတွေနှင့် ကြည့်ရင်း

"ကိုမိုး ပျောက်သွားလို့ ပြန်သွားပြီ ထင်တာ၊ ဒီမှာ ရောက်နေ တာကိုး"

"ဟုတ်တယ် ပန်း၊ မင်းမှုနဲ့ကိုယ်က သိပြီးသားလေ"

"ဟုတ်လား၊ ဒါဆို ကေရီ မိတ်ဆက်ပေးစရာ မလိုတော့ဘူး ပေါ့"

"မလိုတော့ဘူး မမ ကေရီရေ၊ ဝေးတို့ ဘော်ဒါဘော်ကျွတ် တွေဖြစ်သွားပြီ အဟင်း ဟင်း"

"ဟာ မိဝေး လူကြီးတွေကို နင့်သူငယ်ချင်းများ မှတ်နေသ





လား"

"ဆောရီး ကန်တော့ ကန်တော့၊ ဝေးက ခင်လို့နောက်တာပါ"

"ရပါတယ်ကွာ၊ လူကိုကြိုက်သလောက်နောက် အဲ ကားကို တော့ မနောက်မိဖို့ အရေးကြီးတယ် ဟား ဟား"

တည်တည် နေတတ်သော မိုးအဂ္ဂတောင် မိဝေးနှင့်ဆုံကာ ရယ်စရာတွေ ပြောပြီး နောက်ပြောင်နေ၏။

ကေရီကို နှုတ်ဆက်ပြန်ခဲ့တော့ မိုးအဂ္ဂကလည်း နှုတ်ဆက်ကာ ပြန်ဖို့ သူတို့နှင့်အတူ ထလိုက်သည်။

"ဦးမိုးအဂ္ဂကို အခုမှပဲ တောင်းပန်ရဦးမယ်၊ ကားမီးသီးကိစ္စ အတွက် အဝေး တောင်းပန်ပါတယ်နော်"

"နိုး ရတယ်၊ ကိုယ့်ခေါင်းထဲမှာ မရှိတော့ဘူး၊ မိတ်ဆွေတွေ ဖြစ်သွားပြီပဲ၊ နောက်တွေ့ရင်လည်း ခဲနဲ့ထုပေါ့"

"ဟာ မနောက်ပါနဲ့၊ အဟင်း လမ်းကြုံရင်လည်း ဝေးတို့ အိမ်လာလည်နော်၊ မဝေးပါဘူး ကမာရွတ်ရပ်ကွက်ထဲက အောင်သပြေ ထမ်းထဲမှာ"

"အိုကေ ရပြီ မင်းလေးနာမည် မေးလိုက်တာနဲ့ သိမယ်ဆိုတာ ကိုယ် သိပြီးသား ကဲ ဘိုင့် ညီ ခွင့်ပြုဦး"

"ဟုတ်ကဲ့ ကိုမိုးအဂ္ဂ"

နက်ပြာရောင် CYGNUS ကားကြီးပေါ်တက်ကာ မိုးအဂ္ဂ မောင်းထွက်သွားသည်။ ခင်မင်စရာကောင်းအောင် မိုးအဂ္ဂ မာနခ



www.burmeseclassic.com

www.burmeseclassic.com



ကင်းစင်တာတော့ သူ သိလိုက်ပါသည်။

ရင်ထဲမှာ မတင်မကျ ဖြစ်နေတာက တစ်ခုတည်းပါပဲ။

ကေရီနှင့် ကိုမိုးအဂ္ဂ ရှိးသားရဲ့လား။

■ ■ ■





## အခန်း (၈)

"ဝေးတောင် မဝေးပေါင်"

"ဘာလဲ နင်က ဘာလို့ မထင်တာလဲ မိဝေး"

"ကိုကို ပြောတဲ့ မိုးအဂ္ဂနဲ့ မမ ကေရီတို့က မောင်နှမတွေလို ခင်မင်ကြတယ်ဆိုတာလေ"

မိဝေး ဝေဖန်ချက်ကြောင့် သူ အလိုမကျ ဖြစ်သွားတာ အမှန်ပဲ ဖြစ်သည်။ သူက ပေါ့ပေါ့လေး ပြောတာ ဖြစ်ပေမယ့် ကိုယ့်မှာက ရင်ထဲအထိ လှုပ်လှုပ်ခတ်ခတ် ခံစားရတာ ဖြစ်သည်။

"နင်က ဘာသိလို့ ပြောတာလဲ"

"ဘာမှမသိပါဘူး"

"မသိဘဲနဲ့ မပြောနဲ့လေ၊ ကိုမိုးအဂ္ဂနဲ့ ကေရီက မန္တလေးမှာ ကတည်းက ခြံခြင်းကပ် နှစ်အိမ်တစ်အိမ်လို နေလာတာ၊ သူ့ထက် သုံးနှစ်ကျော်လောက် ငယ်တဲ့ ကေရီကို ကိုမိုးအဂ္ဂက ညီမလေးလို



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ထိန်းသိမ်းခဲ့ရတာ ရှင်းပြီလား''

''ဘာကိုရှင်းရမှာလဲ ကိုကိုရဲ့''

''ပြောရင်း ဒုန်းဝေးပြန်ပြီ၊ သူတို့ မိသားစု နှစ်စု ခင်ခင်မင်မင် နေလာတာကို ပြောတာ၊ စီးပွားရေးကလည်း လုပ်ငန်းတူဆိုတော့ အခု ရန်ကုန်မှာ ပြန်ဆုံတော့ အရင်လို ခင်မင်နေကြတာပေါ့ ဝတုံးမရဲ့''

သူ စိတ်မရှည်နိုင်တော့သလို ရှင်းပြရင်းနှင့်ပင် သာသာနှင့် နာနာလေး နှက်ပစ်လိုက်သည်။ ဒါတောင် လွှမ်းအဝေးက မျက်နှာ တစ်ချက်မပျက်ဘဲ သူ့ကို ပြုံးပြုံးလေး ကြည့်နေပြန်၏။

''နင်က ဘာပြုံးတာလဲ''

''ကိုကို့ စကားတွေကို သဘောကျလို့ပါ''

''ဘာသဘောကျစရာ ပါလို့လဲ၊ နင် သိအောင် ငါ ပြောပြတာ''

''အင်း ကိုကို ပြောမှ ပိုရှင်းလင်းသွားတာလေ၊ သူတို့က သွေးသားရင်းတွေမှ မဟုတ်တာ၊ သူစိမ်းတွေပဲ''

''နင် ဘာကိုဆိုလိုတာလဲ''

သူ မျက်မှောင်ကြီးကုပ် မေးတော့ လွှမ်းအဝေး ပခုံးတစ်ချက် တွန့်ရင်း

''ရှင်းနေတာပဲ ကိုကိုရဲ့၊ သူတို့ချင်းက ဘာမှမတော်ဘူး။ သံယောဇဉ်တွေက ခိုင်မာပြီးသား၊ ပြီးတော့ နှစ်ဖက်မိဘတွေကလည်း တကယ့်ကို ခင်မင်ကျွမ်းဝင်နေတဲ့ မိတ်ဆွေစီးပွားဘက်ကြီးတွေ၊ ဒီတော့ ဝေး ထင်ထားတာထက်တောင် သူတို့အခြေအနေက ပိုချင်ပိုနေဦးမှာ''





ရှင်းပြကာမှ ဝေးရဲ့ ဝေဖန်ချက်တွေက ပိုလို့ ပြင်းထန်လာ သည်။ သူ့ရင်ထဲကို မြားအစင်းစင်းနှင့် ပစ်ခွင်းသလို ဝေး စကားတွေက စိုက်ထိရသည်။

''ကိုကိုပဲ စဉ်းစားကြည့်လေ၊ အဲဒီပုဂ္ဂိုလ်ကြီးက ပညာတတ် ဘွဲ့ဆိုပိုင်ရှင်ကြီး၊ ရုပ်ပါကလည်း အခန့်ကြီး။ မမ ဇေကရီ ကြွေမယ်ဆို ကြွေလောက်တယ်''

''အဝေး နင် ထင်မြင်ချက်တွေက လွန်လွန်းနေပြီ''

''ဟင် ဘာလွန်လို့လဲ ကိုကိုရဲ့၊ ဖြစ်နိုင်ချေနဲ့ ဝေဖန်ပြတာလေ''

''မဝေဖန်နဲ့၊ အချစ်ဆိုတာ နင် သိထားတာထက် လေးနက် နက်ရှိုင်းတယ်၊ အချစ်က နင်စောစောက ပြောတဲ့ အချက်တွေနဲ့ ဘာမှ ဆက်ဆိုင်ဘူး''

''ဘာလဲ ကိုကိုက ဆရာကြီးလား၊ ကြည့်လုပ်နော် ဆရာကြီး အဆိပ်သင့်နေမှာစိုးလို့''

''ဟာ ဒီကောင်မလေး၊ နိမိတ်မရှိ နမာမရှိ''

လွှမ်းအဝေး ခေါင်းကိုသူ ခေါက်ဖို့ လက်ရွယ်တော့ သုတ်ခနဲ ဆိုပြီး လွတ်အောင် ရှောင်တိမ်းရင်း

''စေတနာနဲ့ အကြံပေးနေတာ ကိုကို၊ သွေးသားရင်းချာတွေ မှ မဟုတ်ဘဲ၊ သူတို့ ရင်ထဲကို ကိုကို မြင်ကြည့်လို့ရမှာလား''

''ဟော့ တော်တော့ ဘာမှမပြောနဲ့တော့''

သူ ဟောက်လိုက်တော့ မထိတရိ ပခုံးလေးတွန့်ပြီး လှည့်ထွက်



www.burmeseclassic.com

သွားချေ။ ဒါတောင် နှုတ်က သီချင်းတစ်ပုဒ်ကို ရွဲ့ရွဲ့လေး အော်ဆိုသွား သေးချေ။

“ငယ်သူငယ်ချင်းရေ xx အခုတော့ ငယ်ကျွမ်းဆွေ xx အခုလို ဆုံတွေ့ ကြတာ ဝမ်းသာမဆုံးနိုင်ပေ xx တူမေ့ တူမေ့ ပေ”

သူ့မှာသာ ဒေါသထွက်ရအခက်၊ လှမ်းအော်ရအခက်နှင့် မခံ ချိမခံသာ ကျန်ရစ်ခဲ့သည်။ ရင်ထဲမှာတော့ ကေရီနှင့် ကိုမိုးအဂ္ဂအကြောင်း တွေက လေးပင်စွာ နေရာယူထားသည်။

မိဝေး ပြောသလို ဖြစ်နေရင်တော့ သူ့အဖြစ်က မကျွမ်းမိက လွမ်းရတော့မည် ထင်သည်။

ရင်ထဲမှာ သံသယတွေနှင့်အတူ မိဝေးရဲ့ ထင်မြင်ချက်တွေကို ဝေဖန်ဆန်းစစ်ကြည့်မိသည်။ ကိုမိုးအဂ္ဂဆိုသည့် သူက ယောက်ျားပီသ ချောမောတာတော့ အသေအချာပဲ ဖြစ်သည်။

အဘက်တက်က ပြည့်စုံသာလွန်သော ယောက်ျားတစ်ယောက် ဆိုတာ သူ မငြင်းနိုင်ပါ။ ပြီးတော့ ကေရီအပေါ်မှာ သူ့ထက်ဆာလျှင် သံယောဇဉ်တွေကပါ ပိုမိုနှောင်တွယ်ပြီးသား။

“သွေးသားရင်းချာတွေမှ မဟုတ်ဘဲ၊ သူတို့ရင်ထဲကို ကိုကို မြင်ကြည့်လို့ ရမလား”

လွမ်းအဝေး စကားက နားထဲမှာ ပဲ့တင်ကျန်နေဆဲ။ ကေရီနှင့် မိုးအဂ္ဂဘာမှမသက်ဆိုင်သော သူစိမ်းတွေပါပဲ။ ဒါပေမဲ့ ဒါကလည်း သိပ် တော့ မသက်ဆိုင်ဟု ထင်သည်။





တကယ်ဆို သူနှင့် လွမ်းအဝေးတောင်မှ သွေးသားရင်းချာ ေမာင်နှမတွေမှ မဟုတ်ဘဲ။

သံယောဇဉ်နှင့် မောင်နှမ အချစ်ဆိုတာ ထောင့်ငါးရာအချစ် နှင့်တော့ ကွာမှာ သူ ယုံသည်။ အရေးကြီးတာက ကေရီနှင့် ကိုမိုးအဂ္ဂ နှလုံးသားတွေ ဖြူစင်ဖို့ပဲ ဖြစ်၏။

ကေရီရယ် အချစ်ကို ကိုယ် ကစားခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဆိုင်ဆိုင် မခံစားခဲ့ဖူးတာတော့ သေချာတယ်။

မင်းနဲ့ကျမှ . . ။

■ ■ ■

www.burmeseclassic.com

## အခန်း (၉)

''သူများက ကျောင်းထဲ လာရတာ တော်တော် အူတူ... နိုင်တယ်ကွာ''

ခေါ်ကတည်းက အင်တင်တင် လုပ်နေသော ဖော်ကြီး ကျော... ထဲရောက်သည့်တိုင် ဗျစ်တောက် ဗျစ်တောက် ပေါက်ပေါက်ဖောက်... သည်။

''မင်းကလည်းကွာ ငါ တစ်ယောက်တည်းမို့ အဖော်ခေါ်လာ... တာပါ၊ တစ်လမ်းလုံး မဆုံးဘူး''

''ငြီးမှာပေါ့ကွ မင်းဟာက ချိန်းထားတာလည်း မဟုတ်ဘဲ... လာတာလေ''

ကေရီကို တွေ့ချင်စိတ်နှင့် ကေရီတို့ အိကိုတက် သူ လာခဲ့တာ... ဖြစ်၏။ တကယ်ဆို ဖော်ကြီး ပြောသလို ချိန်းဆိုထားတာမျိုး မရှိ... ပြီးတော့ ဒီမှာ သိကျွမ်းသည့် ဘော်ဒါလည်း မရှိတော့ နှစ်ယောက်သား... အူလည်လည် ဖြစ်နေတာ အမှန်။



''ကဲ ဘာလုပ်မှာလဲ မင်းမှူ၊ ကေရီ နာမည်ကို အော်ခေါ်ကြ...လား''

''အေး မင်းကို အော်ခေါ်ခိုင်းဖို့ ခေါ်လာတာ''

''သေလိုက် မသာကောင်''

ဖော်ကြီး ပျစ်ပျစ်နစ်နစ် မေတ္တာပို့တော့ ပြုံးနေရင်း အိတ်ကပ်... ဟန်းဖုန်းလေးကို ထုတ်လိုက်သည်။

ကေရီဆီက တောင်းဆိုထားသော ဖုန်းနံပါတ်လေးကို အလွတ်...သားမို့ သူ နှိပ်ခေါ်ကြည့်လိုက်သည်။ ဖုန်းက အလွယ်တကူ အဆင်...ပြေပြဲ ဝင်သွားခဲ့ပါသည်။

''ဟဲလို ကေရီပါ''

''ကေရီလား ကိုယ်ပါ မင်းမှူပါ''

''ဪ မင်းမှူလား၊ ဆိုလေ ဘာကိစ်''

''ကိုယ် အခု ကေရီတို့ကျောင်းဝင်းထဲ ရောက်နေတာ၊ သူငယ်...တစ်ယောက်နဲ့ လိုက်လာတာလေ၊ ကေရီ ကလပ်စ်ထဲမှာလား''

''မဟုတ်ဘူး တို့ ကင်တင်းနိမ့်မှာ ရောက်နေတာ''

''ဟာ ဟုတ်လား ဒါဆို ကိုယ် လာခဲ့လို့ ရမလားဟင် ကေရီ''

''အဟင်း ရပါတယ်၊ ကလပ်စ် မတက်ချင်လို့ သူငယ်ချင်းတွေ...ညီတာ မရလို့ တစ်ယောက်တည်း ထိုင်နေတာ၊ မင်းမှူ လာတော့...အော်ရတာပေါ့''

''အိုကေ ဒါဆို တို့ ကင်တင်းနိမ့် လာခဲ့မယ်''

www.burmeseclassic.com

www.burmeseclassic.com



သူ ဖုန်းပိတ်တော့ မျက်မှောင်ကြီးကုပ်ပြီး စိုက်ကြည့်နေ...
ဖော်ကြီးကို ပြုံးပြရင်း

"ကေရီ ကင်တင်းမှာကွ"

"ဒါဆိုလည်း သွားမယ်လေ၊ ဟိုရပ် ဒီလျှောက်နဲ့တင် ...
ဝက်လောက် ကြာနေပြီ"

နှစ်ဦးသား ကင်တင်းဘက် ချီတက်ခဲ့ကြသည်။ ကေရီက ...
ယောက်တည်း ရှိနေသည် ဆိုတာကြောင့် ဖော်ကြီးကို ရှောင်ခိုင်း...
ပေမယ့် ဒီကောင့်မျက်နှာ စူပုပ်ပုပ်ကြောင့် ပြောမထွက် ဖြစ်နေ...

အတူ အဖော်ခေါ်လာပြီးမှ ဒီကောင် တစ်ယောက်တည်း ...
စင်းစင်း ရှောင်ခိုင်းရမှာ အားနာနေ၏။

"ဟာ ဟေ့ကောင် ဖိုးဖော်"

"ဟာ လင်းလင်း ဘယ်လာတာလဲကွ"

"ငါ့ကောင်မလေးဆီလေ၊ သူက ဒီကျောင်းက၊ ဘယ်သူ...
လို့လဲ နေရီစိုးလေ"

"ဘာကွ မင်းနဲ့နေရီစိုးက ချစ်သူတွေဖြစ်နေပြီလား ခွေး...
သွက်လိုက်တာ၊ ငါက မင်းတို့ချင်း ငြိမယ် မထင်သေးဘူး"

"အဟီး ကိုယ်မသွက်ရင် နောက်ကောက်ကျသွားမှာပေါ့ ...
ကွာ နေရီ မင်းကိုတွေ့ရင် ဝမ်းသာသွားမှာ၊ ငါတို့ ကင်တင်းမှာ ချိန်း...
တာ"

ကံကောင်းချင်တော့ ဖော်ကြီး သူ မနှင်ရပါဘဲ အထက်...





...ကျောင်းတုန်းက သူငယ်ချင်းနှင့်တွေ့ကာ ပါသွားသည်။

"မင်းမှ ငါ ဒီကောင်နဲ့ လိုက်ထိုင်ဦးမယ်၊ ပြန်မှအတူပြန်တာ
...ဲ"

"အိုကေ အိုကေ ရတယ် အေးဆေး"

ကင်တင်းရောက်တော့ ဖော်ကြီးတို့က . တစ်ဆိုင်၊ ကေရီ
...ိုင်နေတာက တစ်ဆိုင်မို့ သူ့အတွက် ပိုလို့ အဆင်ပြေသွားသည်။
...ကေရီ ရှိသော ဆိုင်လေးကိုပဲ သူ လျှောက်ဝင်ခဲ့သည်။

"ယူ့ သူငယ်ချင်းပါတယ်ဆို"

"ဟုတ်တယ် ဒီကောင် သူ့သူငယ်ချင်းနဲ့ ကျန်ရစ်ခဲ့ပြီ"

"ဪ ထိုင်လေ၊ ယူ ဘာသောက်မလဲ၊ ဘာစားမလဲ"

"ကိုယ် ဘာမှမစားတော့ဘူး။ ကေရီနဲ့ စကားပြောချင်လို့
...တာ"

"တစ်ခုခုတော့ သောက်ပါ၊ အအေးသောက်မလား၊ လိမ္မော်
...ကြိုက်လား"

သူ ခေါင်းညိတ်ပြလိုက်မိ၏။ ကေရီ ဝိုင်းမှာ သူထိုင်ကတည်းက
...ဆိုင်ထဲမှာရှိသော ယောကျ်ားလေး အများစု၏ မျက်ဝန်းတွေကို သတိထား
...မိသည်။ သူ့ကို အကဲခတ်ကြည့်နေသော မျက်ဝန်းတွေ။

"ဟိုတစ်နေ့က ယူ မွေးနေ့လက်ဆောင်ပေးတဲ့ ရင်ထိုးလေး
...အတွက် ကျေးဇူးတယ်တယ်"

"ရပါတယ် ကေရီ၊ ကေရီ ကြိုက်တယ်ဆိုရင် ကိုယ် ...ပျော်နှပ်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်''

''တို့က ရင်ထိုးသိပ် ခရေစီ မဖြစ်ပါဘူး၊ ဒါပေမဲ့ မွေး
လက်ဆောင်မို့ အမှတ်တရတော့ သိမ်းထားတယ်''

ဘာပဲဖြစ်ဖြစ် ကေရီ စကားကြောင့် သူ ကျေနပ်မိ၏။ ထိုနေ့
ကေရီအတွက် အသည်းပုံ ကျောက်စီ ရင်ထိုးလေး သူပေးခဲ့တာ ဖြစ်

''ကေရီက ဒီရောက်နေတာကို၊ တို့ကလပ်စ်ထဲ ရောက်ခဲ့သေ
တယ်''

အသံနှင့်အတူ အနားမှာရပ်လာသော လူရှယ်ကို ကေရီလို
သူလည်း မော့ကြည့်မိ၏။ သူနှင့်ရွယ်တူ လူငယ်တစ်ယောက်ပဲ ဖြစ်
အကဲခတ် မျက်ဝန်းတွေနှင့်လည်း သူ့ကို ပြန်ကြည့်နေ၏။

''ဟုတ်တယ် နိုင်နိုင်၊ စာသင်ရတာ ဒီနေ့ စိတ်မပါလို့ ကင်တ
လာထိုင်နေတာ''

''ကေရီ ဘယ်သွားချင်လို့လဲ၊ တို့ လိုက်ပို့ပေးမှာပေါ့''

''ဆောရီးပဲ နိုင်၊ တို့ ဒီမှာ ညှော်သည်ရောက်နေလို့ ဘယ်
သွားဖြစ်မှာ မဟုတ်ဘူး၊ နောက်တစ်ချိန် မတက်ခင်အထိ ဒီမှာပဲ ရှိ
တော့မှာ''

နိုင်နိုင် မျက်နှာ ကွက်ခနဲ ပျက်သွားတာ သူ သတိထားမိ
ကေရီကတော့ ဥပေက္ခာပြုလိုက်သလို အအေးပုလင်းကို အသာငုံသော
နေ၏။ ထိုင်ခွင့်မပြုလည်း မပြု၊ နှုတ်လည်းမဆက်။

နိုင်နိုင် မျက်နှာညိုညစ်ကာ ချာခနဲ လှည့်ထွက်သွား၏။





''ကေရီကို သူ စိတ်ဆိုးသွားတယ် ထင်တယ်''

''အဟင်း အလကားပါ၊ ယောကျ်ားဖြစ်ပြီး ဝန်တိုတတ်၊ စိတ်
စိတ်ကောက်တတ်တဲ့သူတွေကို တို့ သိပ်မုန်းတာ''

နှုတ်ခမ်းဖူးဖူးလေးကို ခပ်လွန့်လွန့်လေး ပြုံးပြီး ဆိုနေသော
ရီ မျက်နှာလေးကတော့ အမြဲတမ်း မှုန်ညက်လှနေတာပဲ ဖြစ်သည်။

မျက်ခုံးလေးတွေက နှစ်ဖက်ညီကာ ပြေသွယ်သွယ်လေး ကိုင်း
သွားတာက အလှတစ်မျိုး။ မျက်နက်ဝန်းလေးတွေက အစဉ် ရွှန်းလဲ့
ကပ်မှုတွေနှင့် စိုလဲ့နေတာကလည်း ညို့ငင်မှုအပြည့်ပါပဲ။

ကေရီအလှက အပြစ်ဆိုရက်စရာ မရှိသလို နားကပ်၊ လက်စွပ်၊
ချိန်း၊ ဖုဒ်ချိန်းကအစ စိန်ပွင့် စိန်ထည်တွေပဲမို့ တောက်ပြောင်
ညဝါသည်။

ဒါပေမဲ့ ကေရီကို သူ ချစ်တာ ထိုအရာတွေနှင့် မသက်ဆိုင်
ာ ရင်ထဲက မြတ်နိုးမှုသက်သက်။

''ဘာတွေ တွေးငေးနေတာလဲ မင်းမှူ''

ကေရီ မေးသံလေးကြားမှ သူ အတွေးတွေ ပြန်စုစည်းမိသည်။

''ဘာမှမတွေးပါဘူး ကေရီ''

''အဟင်း မသိပါဘူး၊ ဒီမှာ ထိုင်နေရင်း တခြားသူတွေကိုများ
သိရသွားတာလားလို့''

ကေရီ စကားကြောင့် သူ ထိတ်ခနဲ ဖြစ်သွားမိ၏။ သူ့အကြောင်း
လွှမ်းအဝေး ဘာတွေပြောထားသည် မသိ။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ကေရီရယ်"

"အဟင်း သိပြီးသားပါနော်၊ သင့်မင်းမှူ ဆိုတာ TTC ...
ကင်းဆိုတာ ကြားပြီးသား၊ အဲဒီမှာ ကေရီရဲ့နားတွေ မျက်စိတွေ ရှိတယ်"

သူ မျက်စိမျက်နှာပျက် ဖြစ်သွား၏။ ကေရီက သူ ထင်ထား...
သည်ထက်တောင် ခြေလှမ်းတွေ ကျော်လွန်နေသည်လား။

"အထင်မလွဲပါနဲ့ ကေရီရယ်၊ ကိုယ် ခင်မင်တဲ့သူငယ်ချင်း...
လွဲလို့ အခုချိန်မှာ ကိုယ် ပတ်သက်သူ မရှိပါဘူး"

"အင်း ယုံလိုက်ပါ့မယ်၊ ဒါနဲ့ ကိုမိုးနဲ့ မင်းမှူ ဘယ်တုန်း...
သိတာလဲဟင်"

"ကိုမိုးအဂ္ဂကို ပြောတာလား"

"အင်းလေ၊ မွေးနေ့ရက်က အတူတွေ့လိုက်လို့ အံ့ဩနေတာ...

"မမျှော်လင့်ဘဲ ခင်မင်သွားတဲ့ သဘောပါ ကေရီ၊ ပြောရရင်...
ကိုယ့်ညီမ လွှမ်းအဝေး ပြဿနာကြောင့်ပေါ့"

ကိုမိုးအဂ္ဂနှင့် လွှမ်းအဝေးတို့ ဖြစ်ခဲ့သည့် ပြဿနာမှအ...
သူနှင့်ခင်မင်သွားခဲ့တာကို ရှင်းပြမိသည်။ ကေရီ ငြိမ်ငြိမ်လေး နားထော...
နေ၏။

"အဲဒီကိစ္စကြောင့် ကိုမိုးအဂ္ဂကို အရမ်း အားနာနေတာ၊ ကေ...
မွေးနေ့မှာ တွေ့တော့လည်း မျက်နှာပူလို့ မခေါ်ရဲဘူး။ သူက လာနှုတ်ဆက်...
တာလေ၊ ကေရီနဲ့သူက ဟိုးငယ်ငယ်ကတည်းက မောင်နှမတွေလို ...
ခဲ့ကြတာလို့တောင် ကိုယ့်ကို ပြောပြနေသေးတယ်"





"အင်း ဟုတ်တယ် ကိုမိုးတို့နဲ့က မန္တလေးမှာကတည်းက နှစ်...
...တစ်အိမ်လို နေခဲ့ကြတာ"

ကေရီ မျက်ဝန်းတွေထဲမှာ သူ စိုးရိမ်ထိတ်လန့်နေသော အရာ...
... မြင်တွေ့ရမည်လား၊ ရှာဖွေကြည့်မိသည်။ ဒါပေမဲ့ ထူးခြားသော
...ပြောင်းလဲမှုကိုတော့ သူ ရှာမတွေ့တာ သေချာ၏။

ကိုမိုးအဂ္ဂအကြောင်း ကေရီ ဘာတစ်ခွန်းမှ ထပ်မပြောတော့
...ဲ အခြားသောအကြောင်းအရာတွေကိုပဲ ပြောသည်။ လွှမ်းအဝေးရဲ့
...ကြောင်းတွေပါလာတော့ သူ နည်းနည်းတော့ စိတ်ကသိကအောက်
...ရ၏။

"ယူ့ညီမ လွှမ်းအဝေးကတော့ ကေရီနဲ့ ခဏ ခဏ ဆုံတယ်၊
...ာ ကေရီတို့ အိမ်ဘေးက ဖိုးဇော်လေးတို့အိမ်ကို လာကစားနေကျ
..."

"သူ့အကြောင်းတော့ မပြောနဲ့ ကေရီ၊ ဘာမှန်းမသိဘူး၊
...လေးတွေနဲ့ အခုချိန်ထိ ကစားတုန်း"

"အင်း ဟုတ်တယ်နော်၊ အဟင်း ဟင်း သူ့ကိုကြည့်ပြီး တကယ့်
...လေးလေးလိုပဲ သူက ကွန်ပျူတာ တက္ကသိုလ်တက်နေတာဆို"

"အင်း ဒုတိယနှစ်ရောက်နေပြီ၊ အခုထိ ကလေးစိတ်မကုန်
...သေးဘူး၊ ဒါတောင် မေမေက ငယ်ငယ်ကတည်းက မိန်းမဆန်အောင်
...သွင်းထားလို့"

"အဟင်း ဟင်း ကေရီတော့ သူ့ကိုကြည့်ပြီး သဘောကျ...



www.burmeseclassic.com

www.burmeseclassic.com



တား လွတ်လွတ်လပ်လပ် ဖရိုးစတိုင်ပဲနော်၊ စကားပြောလည်း သွက်
တယ်၊ သူ့ကို ကေရီ ခင်တယ်''

လွမ်းအဝေးကိုမှ ကေရီက ခင်မင်ကျွမ်းဝင်နေသည်ဆို
သူ သတိတော့ ထားရမည်။ ဒီကောင်မလေးက တကယ့် ဗရုတ်
ယောက်။ သူနဲ့ကေရီကြားမှာ ခလောက်ဆန်မှာ ကြောက်ရ၏။

''ဒီကောင်မလေးနဲ့ သိပ်မပေါင်းနဲ့ ကေရီ၊ တကယ် မလွယ်
အိမ်မှာ တစ်ခါ ကလေးဆန်တယ်''

''အဟင်း မင်းမှုကလည်း ကိုယ့်ညီမလေးကို အကော
တစ်ခွန်း မပြောဘူး။ မင်းမှုတို့က မောင်နှမ နှစ်ယောက်တည်းဆို''

''အင်း ဟုတ်တယ်''

သူနှင့် လွမ်းအဝေးအကြောင်း ကေရီ အသေအချာ မသိ
တာမို့ မောင်နှမအရင်းအချာတွေဟုပဲ ထင်နေပုံရသည်။

သူလည်း ဖွင့်မပြောတော့ဘဲ နှုတ်ဆိတ်နေလိုက်သည်။ မိသာ
အရေးကိစ္စတွေကိုတော့ ဒီအချိန်မှာ ကေရီ သိစရာ မလိုသေးပါ။ ပြီး
မေမေကော လွမ်းအဝေးကပါ သူ့ကို သွေးသားရင်းချာလိုပဲ အပြည့်
သတ်မှတ်ထားတာ သူ အသိဆုံး။

''ကေရီ''

''ဟင် ဘာလဲ မင်းမှု''

''တို့ ကေရီဆီ ဖုန်းဆက်လို့ ရမလားဟင်''

သူ မေးတော့ ကေရီ မျက်ခုံးလေးပင့် မျက်ဝန်းလေးဝိုင်း



နဲကြည့်ရင်း

''ရလို့ပဲ မင်းမှု စောစောက ဆက်ခဲ့တာ မဟုတ်လား''

''မဟုတ်ဘူး ညဘက်တွေ ဆက်ချင်တာ''

''ဘာကိစ္စရှိလို့လဲ မင်းမှု''

''ဟို အဲ မရှိပါဘူး၊ အဲ တစ်ခါတလေ စကားပြောချင်တဲ့
သဘောပါ''

ကေရီ မျက်နှာလေး တည်သွားကာ သူ့ကို စူးစူးနစ်နစ်လေး
ကြည့်တော့ သူ တောင်းဆိုတာ လွန်သွားပြီလား နောင်တရချင်၏။

''ဟို ကိုယ် စကားက လွန်သွားလားဟင်၊ ဒါဆို ကိုယ် တောင်း
ပန်''

''တောင်းပန်စရာ ကိစ္စမှ မဟုတ်ဘဲ မင်းမှုရယ်၊ ရပါတယ်၊
ဆက်ပါ၊ ကေရီ မအိပ်သေးရင် စကားပြောမှာပေါ့ အဟင်း''

''ဟာ ကျေးဇူးတင်လိုက်တာ ကေရီရယ်''

ဟန်မဆောင်နိုင်လောက်အောင် သူ့ ဝမ်းသာသွားတာကို ကေရီ
က ပြုံးပြုံးလေး ကြည့်နေတော့ နည်းနည်းတော့ ရှက်မိ၏။

ခက်တော့ ခက်နေပြီ။ ကေရီနှင့်ကျမှ သူ့အဖြစ်က အတွေ့
အကြုံ ဘာမှမရှိသည့် ချာတိတ်လေးလို ဖြစ်လို့။

ဒါ နှလုံးသားက ပထမဆုံး ချစ်မိတာကြောင့်ပဲ ထင်ပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဆင်ဝင်အောက်မှာ ရပ်ထားသော ကားကို မြင်လိုက်ကတည်းက သူ ချက်ချင်း မှတ်မိသည်။ ဒါ မိုးအဂ္ဂရဲ့ကားပဲ ဖြစ်သည်။ အံ့ဩမိသည်က အိမ်ကို မိုးအဂ္ဂ ရောက်လာတာကြောင့်ပါပဲ။

မိုးအဂ္ဂရဲ့ လင်ခရူဆာ ကားကြီး နံဘေးမှာပဲ သူ့ရဲ့ ဆလွန်းကားဖြူလေးကို ထိုးရပ်လိုက်သည်။

ကားပေါ်က မဆင်းခင်ကတည်းက မျက်ဝန်းတွေက ဧည့်ခန်းထဲကို လှမ်းကြည့်ပြီး ဖြစ်နေသည်။ ဧည့်ခန်းထဲမှာ မေမေနှင့်အတူ ထိုင်နေသော မိုးအဂ္ဂကို တွေ့သည်။

သူ ဧည့်ခန်းထဲ လှမ်းဝင်သည်နှင့် မေမေက အပြုံးနှင့် ဆီးကြို နှုတ်ဆက်ရင်း

"သား ပြန်လာပြီလား။ ဒီမှာ မောင်မိုးအဂ္ဂ ရောက်နေလို့ကွဲ့"

မေမေ့မျက်နှာကလည်း ပြုံးပြုံးရွှင်ရွှင်ပဲ ဖြစ်ကာ သူ့ကို ပြုံး





ကြည့်နေသော မိုးအဂ္ဂကြောင့် နည်းနည်းတော့ စိုးရိမ်မှု ပြေသွားမိသည်။ စိတ်ကစိုးရိမ်နေတာ မိဝေး ပြဿနာများ ရှာပြန်ပြီလားဟု။

"ကိုမိုးအဂ္ဂ ဘယ်တုန်းက ရောက်နေတာလဲဟင်"

"စောစောကပဲ ရောက်တာ ညီ၊ ဒီဘက်က မိတ်ဆွေတစ်ယောက်အိမ်လာရင်း လမ်းကြုံလို့ ဝင်လာတာကွ"

"အဟင်း ဟုတ်တယ် သားရေ့ မေမေက မသိဘူးလေ၊ မောင်မိုးအဂ္ဂ မိတ်ဆက်ပြောတော့မှ သိရတာ၊ ဒါကြောင့် သမီးနဲ့တုန်းကကိစ္စကို အခုမှ တောင်းပန်နေတာ သားရဲ့"

မိုးအဂ္ဂကို အခုမှ မေမေ မြင်ဖူးတာမို့ လွမ်းအဝေးကိစ္စကို အားနာနေပုံနှင့်ပြောသည်။ သူ မေမေ့ဘေး ဝင်ထိုင်ရင်း

"မေမေ့သမီး ပြန်မရောက်သေးဘူးလား။ ဒီအချိန်ဆို ကျောင်းက ပြန်ရောက်သင့်ပြီ၊ သားတောင် ဖော်ကြီးတို့အိမ် လိုက်သွားလို့ နောက်ကျနေတာ"

"မရောက်သေးဘူး သားရဲ့၊ ကြည့်ရတာ သီတာလေးတို့အိမ် လိုက်သွားပြီး တင်းနစ် ကစားနေပြီ ထင်တယ်"

မေမေ ပြောတာ ဖြစ်နိုင်သည်။ ခြံထဲမှာ တင်းနစ်ကစားကွင်း ရှိပေမယ့် သူ မကစားဖြစ်တာ ကြာပြီ။ ကစားဖော် မရှိတော့ လွမ်းအဝေးက သူငယ်ချင်းတွေအိမ် လိုက်ကစားတတ်သည်။ အခုလည်း မေမေ ပြောသလို သီတာတို့အိမ် လိုက်သွားတာပဲ ဖြစ်မည်

"ကဲ ညီ ကိုယ် ပြန်ဦးမယ်၊ ညီလည်း အခုမှ ကျောင်းက



www.burmeseclassic.com

www.burmeseclassic.com



ပြန်တာဆိုတော့ ရေမိုးချိုး နားဦးပေါ့''

''အားနာလိုက်တာ အစ်ကိုရာ၊ ကျွန်တော်က အစ်ကို ရောက်နေမယ် မထင်လို့ သူငယ်ချင်းတွေအိမ်မှာ ကြာသွားတယ်''

''အားနာစရာ မလိုပါဘူးကွာ၊ နောက်မှ အေးအေးဆေးဆေး လာလည်ပါဦးမယ် ဟုတ်လား''

''လာခဲ့ပါ အစ်ကို၊ ကျောင်းပိတ်ရက်တွေဆို ကျွန်တော် အိမ်မှာ ရှိတတ်ပါတယ်''

''အိုကေ အိုကေ ကိုယ် အလုပ်နားရက် လာလည်ပါ့မယ်၊ အန်တီ ခွင့်ပြုပါဦးနော်''

မေမေ့ကိုပါ နှုတ်ဆက်ပြီး မိုးအဂ္ဂ ပြန်သွားသည်။ ခြံထဲက မိုးအဂ္ဂ ကားမောင်းထွက်သွားသည်အထိ မေမေ ရပ်ငေးကြည့်နေရင်း

''ကောင်လေးက ရည်ရည်မွန်မွန်ပါပဲ၊ သူ့မိဘတွေကို မေမေ သိပါတယ်၊ ရင်းရင်းနှီးနှီးကြီး မဟုတ်ပေမယ့် ''အဂ္ဂမဟာ'' ကုမ္ပဏီက နာမည်ကြီးပဲ''

''ဟုတ်တယ် မေမေ၊ ကိုမိုးအဂ္ဂတို့က တော်တော် ပြည့်စုံချမ်းသာပါတယ်၊ ဒါပေမဲ့ မာန်မာန မရှိတာတော့ ခင်မင်စရာကောင်းတယ်''

''အင်း မေမေလည်း အကဲခတ်မိပါတယ်ကွယ်၊ ကဲ သား ရေမိုးချိုးလိုက်ဦး''

မေမေ့ကို ခေါင်းညိတ်ပြပြီး သူ အခန်းထဲဝင် အဝတ်အစားလဲ



...က်သည်။ ပြီးမှ ရေချိုးခန်းဝင်ကာ ရေမိုးချိုးလိုက်၏။ သူ ရေချိုးခန်း ...က ထွက်ခဲ့တော့မှ လွှမ်းအဝေး ရေချိုးဖို့ ထွက်လာတာနှင့် ဆုံ၏။

''နင်က အိမ်တန်းမပြန်ဘဲ သူငယ်ချင်းအိမ် သွားကစားနေ...ပေါ့ ဟုတ်လား ဝေး''

''သိတာတို့အိမ်မှာ တင်းနစ် သွားကစားတာပါ။ အိမ်မှာ ကစား...ာ်မှ မရှိဘဲ''

''ကစားရင်လည်း ကျောင်းပိတ်ရက်တွေမှ ကစားပါလား။ နင်က ...မ်တောင် မပြန်နိုင်ဘဲ သွားကစားနေသေးတယ်''

''ကိုကိုကလည်း လူတွေ့ရင် ဆူဖို့ပဲ ချောင်းနေတာပဲ၊ ကိုကို ...ာ အိမ်တန်းပြန်လို့လား၊ ကိုဇော်ကြီးတို့အိမ်မှာ သွားလေပစ်နေတာ ...ဟုတ်လား၊ လမ်းမှာ ဟိုလူကြီးနဲ့ဆုံလို့ သိပြီးပြီ''

''ဘာရယ် မိုးအဂ္ဂနဲ့ နင် လမ်းမှာတွေ့တယ်ပေါ့''

''လမ်းထိပ်မှာ သူ့ကားကြီးနဲ့ အဝေး ကား ထိပ်တိုက်ဆုံတာ ...ူ အိမ်လာလည်တာတဲ့၊ ဝေးကော ကိုကိုကော မရှိလို့ ဝေါ်သွားတယ် ...ဲလေ၊ လာမယ့် ဆန်းဒေး လာမယ်တဲ့''

''နင့်ကို ပြောသွားလို့လား၊ ငါက ဆန်းဒေး မအားဘူး။ သွား ...ရာရှိတယ်''

''ကိုကို သွားစရာရှိ သွားပေါ့၊ ဆန်းဒေးကျရင် သူလာမှာ ...ဆးနဲ့ တင်းနစ် ကစားဖို့ စိန်ခေါ်ထားတယ်''

ဝေး စကားကြောင့် သူ မျက်မှောင်လေး ကုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်းလေးက ကိုမိုးအဂ္ဂနှင့်ဆိုကာ တင်းနစ်ကစားဖို့ ချိန်းလာပုံရ၏။

"ကဲ ကိုကို ရေချိုးပြီးပြီ မဟုတ်လား၊ ဝေး ချိုးလိုက်ဦးမယ်

မေမေ ထမင်းစားဖို့ စောင့်နေတယ်"

မိဝေး ခြုံလွှာသဘက်လေးကို ခြုံလွှမ်းရင်း ရေချိုးခန်းထဲ

ပြေး ဝင်သွားသည်။ သည်တော့မှပဲ သူ ကပျာကသီ လျှောက်ခဲ့ကာ

အဝတ် အစားလဲလှယ်လိုက်၏။

မေမေက ညနေစာကို ဒီလို မိသားစု စုံညီစွာနှင့် စား

ဆန္ဒရှိသူ ဖြစ်သည်။ တစ်နေ့လုံး မေမေက ကုမ္ပဏီသွား၊ သူနှင့် အဝေး

ကျောင်းသွားအိမ်မှာ ထမင်းချက် ဒေါ်ဆုံနှင့် ခြံစောင့် ဦးဒီပါတို့ပဲ စော

ကျန်ရစ်ခဲ့ကြတာ ဖြစ်၏။

မိသားစု စုံညီချိန်က ညနေထမင်းစားချိန်လေးပဲ ဖြစ်၏။ တစ်

တစ်ခါတော့ မေမေ့ကို သူ သနားမိသည်။

ဖေဖေ မရှိတော့ကတည်းက မေမေ့ခမြာ မိသားစု စီးပွားရေး

ကို တာဝန်ယူခဲ့ရတာ ဖြစ်သည်။ ကုမ္ပဏီတာဝန်တွေတစ်ဖက်၊ သားအမိ

နှစ်ယောက် ဝတ္တရားတွေ တစ်ဖက်နှင့် ချာလည်ခဲ့ရ၏။

မေမေ့ရဲ့ မေတ္တာတရားနှင့် ကျေးဇူးတွေအတွက် သူ တစ်ချိ

ချိန်မှာတော့ တုံ့ပြန်ပေးဆပ်ရပါဦးမည်။ သွေးသားရင်းချာ မဟုတ်ပေမယ့်

မေမေသည် သူ့အတွက် မိခင်ရင်းတစ်ဦးထက်မက ကောင်းခဲ့သည်။

ထိုကျေးဇူးနှင့် မေတ္တာတရားတွေအတွက် သူ့ရင်မှာ အမြဲတမ်း

အသိအမှတ်ပြု ဦးထိပ်ထားခဲ့ပြီးသား ပါပဲ။ ဒါကို မေမေ သိစေချင်ပါသည်။

## အခန်း (၁၁)

"ဒါက ဘာပုံဖြစ်နေတာလဲ"

သူ အပြင်ထွက်ဖို့ ပြင်ဆင်ထွက်လာတော့ ဧည့်ခန်းထဲမှာ တွေ့ရသော လွှမ်းအဝေးပုံစံကြောင့် နှာခေါင်းရှုံ့ကြည့်ကာ မေးမိ၏။

"တင်းနစ်ကစားမလို့လေ၊ ဒီနေ့ ကိုမိုးအဂ္ဂနဲ့ ချိန်းခေါ်ထားပါတယ်ဆို"

လွှမ်းအဝေး ပြောမှ ဒီနေ့ ကိုမိုးအဂ္ဂ လာမှာကို ပြန်သတိရတော့သည်။ ဒါကြောင့် လွှမ်းအဝေး အားကစား ဝတ်စုံ ဂါဝန်တိုလေးနှင့် စောင့်နေတာ ဖြစ်မည်။

အနီရဲရဲ ကျိုင်းပြတ်ဂါဝန်လေးက ပေါင်တစ်ဝက်တောင် မရှည်။ လွှမ်းအဝေးရဲ့ ဝင်းမွတ်နေသော အသားအရည်လေးတွေနှင့်တော့ ဂါဝန်လေးက လိုက်ဖက်ပါသည်။ ဒါပေမဲ့ မလုံမခြုံ ဝတ်စုံကြောင့် သူတောင် အမြင်မသင့်သလို ဖြစ်နေ၏။

ပြောရင်းလည်း မိအဝေးက သူ့စကားကို လက်ခံမှာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တာ သိနေတော့ မသိဟန်ဆောင်ကာ နံရံမှာ ချိတ်ထားသော ကားသော့ကို လှမ်းယူလိုက်၏။

"ကိုကိုက ဘယ်သွားမလို့လဲ"

"ဖော်ကြီးတို့အိမ် သွားမလို့"

သူ့စကားကို မယုံသလို လွှမ်းအဝေး သူ့ကို မျက်မှောင်ကုပ်ကြည့်နေတာ သိသည်။ သူ ပြင်ဆင်ဝတ်ဆင်ထားတာက ဝေး မယုံနိုင်စရာလည်း ကောင်းနေမှာပါပဲ။

"ကိုကို့ပုံစံက အပြတ်မိနေတာပဲ၊ ကိုဖော်ကြီး အိမ်သွားမှာမှ ဟုတ်ရဲ့လားလို့"

"ပေါက်ကရတွေ ပြောမနေနဲ့၊ ဖော်ကြီးနဲ့ ညှိခံပွဲတစ်ခု သွားစရာရှိလို့"

ခပ်တည်တည်ပဲ ပြောကာ သူ ဆင်ဝင်အောက်မှာ ရပ်ထားသော ကားဆီ ဆင်းခဲ့ချိန်မှာပဲ ခြံထဲကို မောင်းဝင်လာတာ မိုးအဂ္ဂရဲ့ လင်ခရူဆာ ကားကြီး ဖြစ်သည်။

လွှမ်းအဝေးကလည်း ဆင်ဝင်အောက်ကို သုတ်ခနဲ ဆင်းလာ၏။ ဆင်ဝင်အောက်မှာ ကားထိုးရပ်သွားကာ ဆင်းလာသော မိုးအဂ္ဂကို သူ နှုတ်ဆက်ဖို့ စောင့်နေလိုက်သည်။

မိုးအဂ္ဂ ဝတ်ထားတာက ဂျင်းပြာနှင့် စပို့ရှပ်အဝါစင်း လက်တိုမို့ လူငယ်ဆန်ဆန်လေး ဖြစ်သွားသလို ရှိ၏။

"ဟာ ဦးမိုးအဂ္ဂက အပြတ်မိုက်တာပဲ၊ ဒီလို ပုံစံနဲ့ဆိုတော့





…လေးအတိုင်းပဲ အဟင်း ဟင်း"

"မပြောက်ပါနဲ့ကွာ ဒီမှာ ဝေးနဲ့ အန်တီ့အတွက် လက်ဆောင် … ပါတယ်ကွ"

ကားထဲက လက်ဆွဲအိတ်ကြီး ဆွဲယူကာ မိုးအဂ္ဂ ပြောသည်။ …န်းတွေက လွှမ်းအဝေးဆီမှာပဲ ဦးတည်နေသည်။

"ဘာလက်ဆောင်တွေလဲ ဦးမိုးအဂ္ဂရဲ့၊ အားနာစရာကြီး"

"အားနာစရာ မဟုတ်ပါဘူး၊ ကိုယ့်ကုမ္ပဏီက ထုတ်တဲ့ ဝတ်စုံ…တွေပါ၊ ဝေးနဲ့လိုက်မယ် ထင်တာတွေ ယူလာတာ၊ အန်တီ့အတွက် …စားစေချင်လို့ မုန့်တွေ ဝယ်လာခဲ့တာပါ"

လက်ဆောင်တွေကို လွှမ်းအဝေးဆီ ကမ်းပေးပြီးမှပဲ မိုးအဂ္ဂ …ကြည့်တွေက သူ့ဆီ ရောက်လာသည်။

"ဟော ညီက ဘယ်သွားမလို့လဲ"

"ကျွန်တော် ညှိခံပွဲတစ်ခု သွားစရာရှိလို့ ကိုမိုးအဂ္ဂ၊ ညှိမခံ…တာ ခွင့်လွှတ်ပါနော်၊ မေမေနဲ့ညီမလေးတော့ ရှိမှာပါ"

"ရတယ် ညီ၊ ဒီနေ့ ကိုယ့်အတွက် ဖရီးဒေးပါ၊ ဒါကြောင့် …အေးအေးဆေးဆေး ထွက်လာတာ"

"ဦးမိုးအဂ္ဂ၊ စိန်ခေါ်ပွဲ ရှိတယ်နော်"

"ရပါတယ် ဝေးရဲ့၊ ခဏနေရင် တင်းနစ် ကစားတာပေါ့၊ ကဲ …ညီ သွားစရာရှိတာ သွားပါ၊ ကိုယ့်ကို အားမနာပါနဲ့ ရပါတယ်"

"ဟုတ်ကဲ့ ခွင့်ပြုပါဦး အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



သူ နှုတ်ဆက်ပြီး ကားပေါ်တက် မောင်းထွက်ခဲ့သည်။ ဦး...
ခဲ့တာက ဖော်ကြီးတို့အိမ်ဆိုပေမယ့် အစီအစဉ်က ရှိပြီးသားဖြစ်...

ဖော်ကြီး အိမ်မှာ သူ့ရဲ့ဆလွန်းကားလေးကို ထားခဲ့တာ ...
နှင့် ချိန်းဆိုထားသော ကဖေးဆိုင်လေးကို သွားရမည်။ ဒီနေ့ ကော်...
ပလာဇာလိုက်ပို့ပေးဖို့ သူ အခွင့်ရထားသည်။

တကယ်ဆို သူ့ရဲ့ ဆလွန်းကားလေးက ကေရီရဲ့ MAR...
ကားကြီးလောက် မခန့်ညားတာမို့ ကေရီကားနဲ့ပဲ သွားဖို့ ဖြစ်လာ...
ဖြစ်သည်။ ပထမတော့ မေမေ့ရဲ့ ပရာဒိုကားကို သူ ယူသွားဦး...
တွေးသေး၏။ ဟိုမေး ဒီမေး မေးလာမှာ စိုးတာကြောင့် မယူဖြစ်တော့...

တက္ကသိုလ် စတက်ကတည်းက သည်ဆလွန်းကားလေး...
သူ စီးခဲ့တာ ဖြစ်သည်။ လွမ်းအဝေးကတော့ မော်ဒယ်မြင့်မှ စီးချင်...
တဲ့။ ဒါကြောင့်လည်း မေမေက ပါဂျဲရိုး တစ်စီး ဝယ်ပေး၏။

"သားကော ကားပြောင်းချင်သလား။ မေမေ လဲပေးမယ်..."

"မလိုချင်ပါဘူး မေမေရာ၊ ဒီဆလွန်းလေးက အိုကေနေတ...
ရတယ် သားအတွက် မလိုဘူး"

ဒီလို ကျေနပ် အဆင်ပြေအောင် ပြောခဲ့ပေမယ့် ကေရီရဲ့...
ဖိတ်တောက်နေသော MARK II ကားနက်ကြီးကို မြင်တော့ သူ ...
ငယ်သလိုတော့ ခံစားရသည်။

ဖော်ကြီးတို့ ခြံထဲရောက်တော့ သူ့ကားရပ်သည်နှင့် ဖော်...
ထွက်လာရင်း





"တယ် ဝီရိယကောင်းပါလား။ မင်းမှ ငါတောင် အခုမှ နိုးတာ"

"မင်း အိပ်ပုတ်ကြီးတာ ငါ သိတယ်၊ ကဲ ငါ့ကား ထားခဲ့မယ်
... ပြန်မှ ဝင်ယူမယ်"

"ဟ ဘာဖြစ်တာလဲ၊ ငါ လိုက်ပို့ပေးမှာပေါ့"

"ရတယ် တက္ကစီနဲ့ သွားလိုက်မယ်၊ မင်း ရေမိုးချိုး ပြင်ဆင်
...ကို မစောင့်နိုင်ဘူး လစ်ပြီ"

"ခွေးကောင် အိမ်ပေါ်တောင် မတက်နိုင်ဘူး။ မွှန်နေတာက
...လောက်အထိ"

ဖော်ကြီးရဲ့ နှိပ်ကွပ်စကားတွေကို ဥပေက္ခာပြုလိုက်ရင်း သူ
...သုတ်သုတ်လေး ထွက်ခဲ့သည်။ ကေရီနဲ့ ချိန်းထားတာ ကိုးနာရီမို့
...ိုက်ကျော်လောက် လိုသေးသည်။

ဒါပေမဲ့ စိတ်ကတော့ အလိုလိုနေရင်း အလျင်စလို နိုင်နေခဲ့
...ည်။ ကေရီနှင့် ချိန်းဆိုထားသော ကော်ဖီဆိုင်လေးမှာ သူ နာရီဝက်
...ကျော်လောက် စောင့်လိုက်ရသည်။

ကေရီ ရောက်လာတော့ သူထိုင်ခုံက ထရပ်မိသည်အထိ ဝမ်း
...သွားမိ၏။ အဝါရောင် ကိုယ်ကြပ်အကျႌလေးနှင့် ဂျင်းစကပ်အကျပ်
...ကို ဝတ်ဆင်ထားသော ကေရီကတော့ ဌေးလောက်အောင် လှပါ
...ည်။

"ဆောရီး တို့ နောက်ကျသွားပြီ ထင်တယ်"

"ဟင့်အင်း ကေရီ နောက်မကျပါဘူး၊ ကိုယ်က စိတ်စောတွ



www.burmeseclassic.com

www.burmeseclassic.com



လောပြီး စောရောက်နေတာပါ''

ကေရီ ကျေကျေနပ်နပ်လေး ပြုံးရင်း သူ့ရှေ့က မျက်နှာ

ဆိုင်ခုံလေးမှာ ဝင်ထိုင်သည်။

''ကျေးဇူးတင်တယ် မင်းမူ၊ တကယ်ဆို ကေရီက ဒီနေ့ ကို

ကို လိုက်ပို့နိုင်းတာ၊ ကိုမိုးက ကုမ္ပဏီအရေးပေါ် အစည်းအဝေး ရှိတ

ဆိုလို့လေ''

ကေရီ စကားကြောင့် သူ မျက်မှောင်ကြီး ကုပ်သွားမိ

ကိုမိုးအဂ္ဂကို ကေရီက ရှော့ပင်ပို့ခိုင်းသည်တဲ့လား။ ကိုမိုးအဂ္ဂက အိမ်

ရောက်နေတာ ကေရီ မသိဘူးထင်သည်။

''ကိုမိုးကို အနိုင်ကျင့်မလို့ အစီအစဉ် ပျက်သွားတယ်၊

ကေရီတို့ သွားရအောင် မင်းမူ''

သူ ခေါင်းလေးညိတ်ကာ ကေရီနှင့် ထွက်ခဲ့သည်။ ကေ

MARK II ကားနက်ကြီးကို သူပဲ မောင်းကာ ကေရီရဲ့ ဒရိုင်ဘာအဖြ

ကျေကျေနပ်နပ် ခံယူလိုက်ပါသည်။

ကေရီ သွားချင်သည့် ပလာဇာကို ရောက်တော့လည်း ကေ

စိတ်တိုင်းကျ ဝယ်သမျှ သူ ဘေးက ငြိမ်ငြိမ်လေး လိုက်ပေးသည်

အဝတ်အစားတွေ၊ အလှပြင်ပစ္စည်းတွေအပြင် ကေရီ သဘော

ကျပြီဆိုလျှင် ဖန်စီပစ္စည်းတွေကအစ ဝယ်သည်။ လက်ကိုင်အိတ်ထဲ

ငွေတွေကို ကေရီ အထပ်လိုက် ရှင်းသည်။

ကေရီကို ကြည့်ရင်း သူ ခြေဖျားလက်ဖျားတွေတောင် အေး



သာသည်။ ကေရီ ငွေအသုံးကြမ်းပုံက မျက်လုံးပြူးလောက်၏။

''ကဲ မင်းမူလည်း ဗိုက်ဆာနေပြီပေါ့၊ သွားရအောင်နော်''

ဝယ်လိုက်သည့် ပစ္စည်းတွေက လှည်းကလေးနှင့် တွန်းသယ်

သည်အထိ များသည်။ မနက်စာ စားဖို့ ရွေးသည့်ဆိုင်ကလည်း

ယ် ဟိုတယ်ကြီးမှာ။

''ဒီက အစားအစာတွေက အရသာရှိတယ် မင်းမူရဲ့၊ တို့

ပင်ထွက်တိုင်း ဒီမှာပဲ စားဖြစ်တာ၊ အနည်းဆုံး နှစ်ပတ်တစ်ခါ

က် ရောက်တယ်''

''ဟင် ဒါဆို ကေရီက တစ်လကို ရှော့ပင် ဘယ်နှခါလောက်

နေလို့လဲ''

''အနည်းဆုံး သုံးကြိမ်လောက်တော့ ရောက်တာပေါ့ မင်းမူရဲ့''

''ဒါဆို ကေရီမှာ တစ်လ တစ်လ ဝယ်တဲ့ အဝတ်အစားတွေ

ကြီး ဖြစ်နေမှာပေါ့၊ အဲဒီလောက် အများကြီး ဘာလုပ်တာလဲဟင်''

''အဟင်း မင်းမူကလည်း ဝယ်တိုင်း အားလုံးဝတ်ဖြစ်တာမှ

တ်တာ၊ ကေရီစိတ်က တစ်မျိုး မင်းမူရဲ့ ဝယ်တုန်းက ကြိုက်ပေမယ့်

ပြန်ရောက်ရင် ကြိုက်ချင်မှ ကြိုက်တာ''

''ဒါဆို ဝယ်ပြီးသားတွေကို ကေရီ ဘာလုပ်ပစ်လဲ''

''ဗီရိုထဲမှာ ဒီအတိုင်းပဲ ထားလိုက်တာပေါ့ မင်းမူရဲ့၊ တစ်လ

စ်လ ဒီဇိုင်းဆန်းတွေ ဖက်ရှင်ဆန်းတွေ အမြဲပေါ်နေတာ၊ တစ်လ

ကြိမ်လောက်မှ ပလာဇာ မရောက်ရင် ခေတ်နောက်ကျသွားမှာပေါ့

www.burmeseclassic.com

www.burmeseclassic.com



မင်းမှုရဲ့''

ကေရီ စကားတွေကို သူ ဘာမှ ပြန်ဖြေစကား မဆိုနိုင်

ဒီနေ့ပဲ ကေရီ သုံးလိုက်တာ သိန်းဆယ်ဂဏန်းနီးပါးရှိသည်။ တစ်

သုံးကြိမ် ရှော့ပင်ထွက်သည်ဆိုတော့ ကေရီ အသုံးစရိတ်က မသေး

ပြီးတော့ ကေရီရဲ့ အသုံးစရိတ်နှင့် အခြားသော ကုန်ကျ

တွေလည်း ရှိဦးမှာပဲ ဖြစ်သည်။

တွေးကြည့်မိရုံနှင့် သူ ရင်မောသွားသည်။ ကေရီ မိဘတွေ

ကော့ ကေရီအတွက် အပြုံးမပျက်နိုင်သည့် အခြေအနေဆိုပေမယ့်

တို့ အခြေအနေနှင့်ဆိုလျှင် မဖြစ်ပါ။

အိမ်မှာ ငွေအဖြုန်းဆုံး လွှမ်းအဝေးဘောင်မှ ကေရီ ခြေဖ

ကို မှိမှာမဟုတ်။ လွှမ်းအဝေးက အလှအပနှင့် အဝတ်အစားကို ကေ

လောက် မမက်မောတာပဲ တော်သေးသည်ဆိုရမည်။

မနက်စာအတွက် ကေရီ စိတ်ကြိုက် ရွေးချယ်မှာယူထားသော

ဟင်းလျာတွေကိုလည်း သူ စားလို့မျိုမကျ။ ကေရီ ကိုယ်တိုင်ကလည်

ဟိုနည်းနည်း ဒီနည်းနည်းပဲ စားတာဖြစ်သည်။

နောက်ဆုံးတော့ စားပွဲမှာ မကုန်မခမ်း ကျန်ခဲ့သည့် ဟင်း

တွေက အများကြီး။

တစ်ကြိမ်လေး လိုက်ခဲ့မိသည်နှင့် ကေရီအကြောင်းကို သူ

သိသွားပြီ။

ရင်ထဲမှာလည်း မောသွားရတာ အမှန်။

## အခန်း (၁၂)

''ဘာလဲ မင်း ကေရီ သုံးတာဖြုန်းတာကို ကြည့်ပြီး လန့်သွား

း''

သူ ပြန်ပြောပြတာ နားထောင်ပြီး ဖော်ကြီး မေးခွန်းထုတ်

တော့ သူ ခေါင်းညိတ်ဝန်ခံမိ၏။

''အေး လန့်စရာကြီး ဖြစ်နေတာကိုး၊ တစ်ခါ ဈေးဝယ်ထွက်ရင်

လောက် သုံးနေတာဆိုတော့ တစ်လ သုံးခေါက်ပဲ စဉ်းစားကြည့်၊

ရီ လုပ်ရပ်က သုံးတာ မဟုတ်ဘဲ ဖြုန်းသလို ဖြစ်နေပြီ''

''သူတို့က ချမ်းသာတာပဲကွာ၊ သုံးနိုင်ဖြုန်းနိုင်တာပေါ့၊ သူ့

ကော အမေပါ ရှာသမျှက ကေရီအတွက်ပဲ''

ဒါကိုတော့ သူ မငြင်းနိုင်ပါ။ ကေရီရဲ့ ပြည့်စုံချမ်းသာမှုတွေက

တို့နှင့်ဆာလျှင် ကွာခြားတာတော့ အမှန်ပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာက မေမေ တစ်ယောက်ပဲ မိန်းမသားတန်မဲ့ စီးပွား
ကို ဦးဆောင်နေရတာဖြစ်သည်။ သူတို့သုံးယောက်ဘဝ လူတန်း
နေနိုင်ဖို့အတွက် မေမေ့ခမြာ ကုမ္ပဏီလုပ်ငန်းတွေကို ဦးဆောင်ကြိုး
နေခဲ့ရ၏။

သူ ဘွဲ့တစ်ခုရပြီးလျှင်တော့ မေမေ့ကို နားစေကာ ကုမ္ပ
လုပ်ငန်းတွေကို တာဝန်ယူပေးဖို့ ဆုံးဖြတ်ထားသည်။

"မင်းမှူ"

"ဟင် ဘာလဲ ဇော်ကြီး"

"မင်း ဘာတွေတွေငေးငေးဖြစ်နေတာလဲ၊ ကေရီနဲ့ မင်း
ကို ယှဉ်နေတာလား"

"အင်း ကေရီ ငါထက် ပြည့်စုံသာလွန်တာ ငါ သိပါတ
ဒါပေမဲ့ ပြဿနာမရှိပါဘူး၊ အရေးကြီးတာက ချစ်ခြင်းမေတ္တာပဲ"

"မင်းနဲ့ ကေရီ အခြေအနေက ဘယ်အခြေအနေ ရော
နေပြီလဲ"

"ဟင့်အင်း မိတ်ဆွေအဆင့်ပဲ ရှိပါသေးတယ်"

"မသိပါဘူး၊ ပလာဇာသွားဖို့တောင် မင်းကို ခေါ်တယ်ဆိုတေ
ငါက အတော် အဆင်ပြေနေပြီထင်တာ"

ဇော်ကြီး ပြောတော့ သူ အာရုံထဲ အရိပ်ထင်လာတာ ကိုမိုးအ
ကို ဖြစ်သည်။ ကေရီက ပလာဇာခေါ်တာ ငြင်းပြီး သူတို့အိမ်ရောက်
သည်ဆိုတော့ ကေရီနှင့် ကိုမိုးအဂ္ဂအပေါ်မှာ သူ သံသယ ကင်းသွာ



တာတော့ အမှန်ပဲ ဖြစ်သည်။

ထိုနေ့က သူ အိမ်ပြန်ရောက်တော့ ကိုမိုးအဂ္ဂ ညနေစောင်းမှ
ပြန်သွားသည်ဟု ကြားသည်။ အိမ်မှာတောင် မေမေ ချက်သော မနက်စာ
ကိုစားသွားသည်တဲ့။

"ဦးမိုးအဂ္ဂက တင်းနစ်ကစားတာ တော်တယ် ကိုကိုရဲ့"

လွှမ်းအဝေးကလည်း ကိုမိုးအဂ္ဂအကြောင်း သူ့ကို ဆီးပြော၏။

"ဘာလဲ နင် ရှုံးသွားတာပေါ့ ဟုတ်လား အဝေး"

"ရှုံးရလား ကိုကိုရဲ့၊ သုံးပွဲ နှစ်ပွဲနဲ့ အဝေးနိုင်တာလေ၊
ဒါကြောင့် နောက်တစ်ပတ် ဆန်းဒေးကျရင် ဦးမိုးအဂ္ဂ တစ်ပိုင်းလိုက်ကျွေး
ရမှာ"

ဝေး စကားကြောင့် သူ မျက်ခုံးကျုံ့သွားစေခဲ့၏။ ဦးမိုးအဂ္ဂနှင့်
ဝေး ကျွမ်းဝင်ရင်းနှီးသွားတာ မြန်ဆန်လွန်းနေသလိုပါပဲ။

ကိုမိုးအဂ္ဂ အိမ်ကို လာနေသည့် ရည်ရွယ်ချက်က ဒါကြောင့်
လား စဉ်းစားစရာတော့ ဖြစ်နေ၏။ ဒါပေမဲ့ သူ ဝေးကို ဘာမှမပြောဖြစ်ပါ။
သူ ထင်သလို ဖြစ်သွားခဲ့ရင်လည်း မိုးအဂ္ဂလို ယောကျ်ားတစ်ယောက်
က ငြင်းစရာ မဟုတ်ဘဲလေ။

"ဟော့ကောင် မင်းမှူ"

"ဟင် ဘာလဲကွ"

သူ့ ပခုံးကို ဆတ်ခနဲ ပုတ်ပြီး ဇော်ကြီး ခေါ်လိုက်တာမို့ သူ
က လန့်သွားတာ အမှန်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့စကားပြောရတာ တကယ် အာရုံစားတယ်၊ ဒီလောက် ခေါ်နေတာ မကြားဘူးလား"

"ဆောရီးကွာ၊ ငါ အတွေးလွန်သွားလို့ပါ၊ မင်း ဘာပြောမလို့ လဲ"

ဇော်ကြီး သူ့ကို ကြည့်ကာ ခေါင်းခါနေ၏။ ပြီးမှ

"မင်း အဆက်ဟောင်းကြီး မေသူအောင် အကြောင်း ပြောမ လို့"

မေသူအောင် ဆိုတာ သူနှင့်ပတ်သက်ခဲ့ဖူးသူတစ်ယောက်မို့ ဇော်ကြီး စကားကို နားထောင်လိုက်၏။

"မနေ့က သူနဲ့ငါ တွေ့တယ်၊ သူ မင်္ဂလာဆောင်တော့မယ်တဲ့"

"ဟုတ်လား"

သူ မအံ့ဩသလို မေးတော့ ဇော်ကြီး ငေးစိုက်ကြည့်နေရင်း

"မင်းကသာ တည်ငြိမ်နေတာ၊ သူက မင်းကို မေ့မရသေးပုံပဲ၊ မင်းအကြောင်းတွေ မေးနေတယ်"

"ပြီးသွားပါပြီကွာ"

"အေး သူ့မင်္ဂလာပွဲကို လာဖို့ မင်းကို ဖိတ်ချင်တယ်တဲ့"

"ဘာဖြစ်လဲ ဖိတ်တော့လည်း သွားရမှာပေါ့ကွာ"

"အေး မင်းက သွားရဲပေမယ့် သူက မဖိတ်ရဲဘူးတဲ့"

"ဟင် ဘာဖြစ်လို့လဲ"

"မင်းကိုတွေ့ရင် သူ ခံစားနိုင်မှာ မဟုတ်ဘူးတဲ့၊ မျက်ရည်ကျ



မှာစိုးလို့တဲ့"

သူ ပခုံးတွန့်ပြီး ယဲ့ယဲ့ပြုံးတော့ ဇော်ကြီး မကျေမနပ် မျက်မှောင် ကြီး ကုပ်ကြည့်ရင်း

"ဘာလဲ မင်းက လှောင်တာလားကွ"

"မဟုတ်ပါဘူးကွာ၊ ငါ့ရင်ထဲမှာ ဘာမှမရှိဘူး၊ မေသူအောင်ကို ဒီ တကယ် ချစ်ခဲ့တာမှ မဟုတ်တာ"

"မင်း ဘက်က ဟုတ်ပေမယ့် သူက မင်းကို ချစ်ခဲ့တာလေ၊ မင်းဘက်က သစ်စိမ်းချိုး ချိုးလို့ သူ့ခမြာ ခံလိုက်ရရှာတာ"

"ပြီးပြီးသားကိစ္စတွေကွာ၊ မင်း ဘာလို့ ပြန်စနေတာလဲ"

"အေး မင်း ဝဋ်လည်မှာစိုးလို့"

ဇော်ကြီးစကားကြောင့် ရင်ထဲမှာ ထိတ်ခနဲတော့ ခံစားလိုက် ရသည်။ သူ ဝဋ်လည်မှာတဲ့လား။

ကေရီကို သူ ချစ်နေခဲ့တာကြောင့် ဝဋ်လည်မှာဆိုလျှင်တော့ သူ နာကျင်ခံစားရမှာ အသေအချာဖြစ်သည်။

ကေရီရဲ့ အချစ်ကိုပဲ သူပိုင်ဆိုင်ချင်တာပါ။ ဒါ နှလုံးသားက တောင်းဆိုချက် တစ်ခုပဲဖြစ်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

"ညီ ဒီနေ့ ဘယ်မှ မသွားဘူးလား"

"ဟုတ်ကဲ့ မသွားဘူး ကိုမိုးအဂ္ဂ၊ နောက်အပတ်ထဲမှာ စာမေးပွဲရှိလို့ စာကျက်မလို့လေ"

"ဪ ဟုတ်လား၊ ကိုယ်က ဝေးလေးကို အပြင်ထွက်ပြီး တစ်ခုခု လိုက်ကျွေးမလို့၊ ညီ လိုက်ဦးမလား"

"ဟင့်အင်း မလိုက်တော့ဘူး ကိုမိုးအဂ္ဂ၊ ကျွန်တော် စာလေးကျက်စရာရှိလို့ပါ"

ဒီနေ့ ကိုမိုးအဂ္ဂ လွှမ်းအဝေးကို မနက်စာ လိုက်ကျွေးမှာ သူသိသည်။ ပြီးခဲ့သည့်အပတ်က မိဝေး တင်းနှစ်ကစားတာ နိုင်ထားသည်ဟု သူကြားထား၏။

အခုလည်း လွှမ်းအဝေး အပြင်ထွက်ဖို့ ပြင်ဆင်နေတာမို့ မိုးအဂ္ဂ ဧည့်ခန်းမှာ စောင့်နေသည်။ စကားပြောဖော် မရှိတာမို့ သူ





ည့်ခံစကားပြောပေးနေရ၏။

ကိုမိုးအဂ္ဂ ခေါ်နေတာကို သူ ငြင်းနေတုန်းမှာ ဝေး ထွက်လာသည်။ အဝါနုနု စပို့ရှပ်လက်တိုလေးကို ဂျင်းဘောင်းဘီ အကျပ်လေးနှင့် လွှမ်းအဝေး တွဲဝတ်ဆင်ထား၏။

"ကိုကို မလိုက်တော့ဘူးလား"

"မလိုက်တော့ဘူး ဝေး၊ ကိုကို စာကျက်စရာရှိလို့"

"ဒါဆို ကိုကို့အတွက် မုန့်ဝယ်လာမယ် အဟင်း"

လွှမ်းအဝေး ပြုံးပြုံးလေး ပြောသည်။ မိုးအဂ္ဂက ထိုင်ခုံက ထရပ်ပြီး သူ့ကို နှုတ်ဆက်၏။

"သွားမယ် ညီ၊ ဝေးကို ကိုယ်ကိုယ်တိုင် ပြန်ပို့ပေးပါ့မယ်"

မိုးအဂ္ဂ နှုတ်ဆက်ပြီး ရှေ့က လှမ်းထွက်တော့ လွှမ်းအဝေး သူ့ကို လက်ကလေးပြကာ နောက်က လိုက်သွားသည်။

မိုးအဂ္ဂ၏ လင်ခရူဆာ ကားကြီးနှင့် လွှမ်းအဝေး ပါသွားတော့မှ သူ ဧည့်ခန်းထိုင်ခုံက ထရပ်မိ၏။

"သမီးလေးတို့ သွားပြီလား သား"

"ဟုတ်ကဲ့ သွားပါပြီ မေမေ"

ဧည့်ခန်းထဲ ထွက်လာသည့် မေမေ့အမေးကို သူ ပြန်ဖြေတော့ မေမေ သူ့အနားထိ လျှောက်လာရင်း

"မေမေက သားကိုပါ လိုက်သွားစေချင်တာ"

"ဘာဖြစ်လို့လဲ မေမေ၊ သား စာကျက်စရာလေး ရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



''သား ပြောနေတာ မေမေ ကြားတယ်၊ သမီးတစ်ယောက်တည်း သူစိမ်းယောကျ်ားလေးနဲ့ သွားလို့ မေမေပြောတာပါ''

မေမေ့စကားအဓိပ္ပါယ်ကို သူ သဘောပေါက်ပါသည်။ မေမေ့ဝေးကို စိတ်မချနိုင်ဖြစ်နေဟန်တူသည်။

''ဟို မေမေ့ကို သူ ခွင့်တောင်းသွားတာ မဟုတ်ဘူးလားကိုမိုးအဂ္ဂနဲ့မို့ သားက ခွင့်ပြုလိုက်တာပါ''

''မောင်မိုးအဂ္ဂကို မေမေ နားလည်ယုံပါတယ်၊ ဒါပေမဲ့ သမီးက သားသိတဲ့အတိုင်းပဲလေ၊ ကလေးစိတ်က ပျောက်သေးတာ မဟုတ်ဘူး''

မေမေ့အမြင်မှာ ဝေးကို ကလေးတစ်ယောက်ဟုပဲ ထင်နေသေးသည်လား မသိ။ တကယ်ဆို လွမ်းအဝေးသည် ကလေးတစ်ယောက် မဟုတ်တော့တာ အမှန်။

''ကဲ သား စာကျက်စရာ ရှိရင်ကျက်တော့ သားက စာမေးပွဲနောက်ဆုံးနှစ် ရောက်ပြီဆိုတော့ စာကြိုးစားနော်''

''ဟုတ်ကဲ့ပါ မေမေ''

''အေး မေမေက သားကို မေမေ့ရဲ့ စီးပွားရေး အလုပ်တွေမှာ ဦးဆောင်စေချင်ပြီ''

''သား နားလည်ပါတယ် မေမေ၊ သားလည်း မေမေ့ကို နားအေးချင်ပါပြီ''

မေမေ ခေါင်းလေးညိတ်ကာ သူ့ကို စိုက်ကြည့်နေသည့် မျက်ဝန်းတွေထဲမှာ အားကိုးယုံကြည်မှုတွေ ပျော်ဝင်နေသည်။



ဒါကို သူ နားလည်ပါသည်။ သင့်မင်းမူ ဆိုသော သူသည် မေမေ့ရဲ့ သားအရင်းအချာ မဟုတ်ပေမယ့် မေမေ့ရဲ့ မေတ္တာရင်ငွေ့အောက်မှာ ရှင်သန်ကြီးပြင်းခဲ့ရသူလေ။

''အင်း မေမေ့သားကို မေမေ အားကိုးတယ် သားရယ်''

''မေမေရယ်၊ မေမေနဲ့ဖေဖေတို့ ကျေးဇူးတရားနဲ့ မေတ္တာတွေကို သား ဘယ်တော့မှ မမေ့ပါဘူး။ မေမေ ဖြစ်စေချင်တာ မှန်သမျှ သား လုပ်ပေးမှာပါ''

''သိမှာလိုက်တာ သားရယ်''

မေမေ သူ့ပခုံးလေးကို တင်းတင်းဆုပ်ရင်း ပြောသည်။ ပြည့်ဝသော မေတ္တာရိပ်တွေ ဖြာနေသော မေမေ့မျက်နှာက အေးချမ်းကြည်လင်နေခဲ့ပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ကေရီ ကိုယ်ပါ"

"ဩော် မင်းမူ ပြောလေ"

ဖုန်းထဲက ကြားရသော ကေရီအသံလေးက ကြည်ကြည်လင် လင်လေးပဲ ရှိသည်။

"ကေရီ မအိပ်သေးပါဘူးနော်"

"မအိပ်သေးပါဘူး မင်းမူရဲ့ အခုပဲ စာကျက်ပြီးတာလေ စာမေးပွဲက နီးနေပြီကိုး၊ မင်းမူကော ကျက်ပြီးပြီလား"

"အခုထိ စာကြည့်စားပွဲမှာ ထိုင်လို့ မရသေးဘူး"

"ဘာလဲ စာထဲ အာရုံဝင်စားလို့ မရသေးဘူးပေါ့"

"ဟုတ်တယ် ကေရီ၊ ကေရီကို ဖုန်းဆက်ချင်နေလို့ ကေရီ အသံလေးကို ကြားချင်နေလို့"



"အဟင်း ဟင်း ဒါဆို အခု ကြားပြီမို့လား၊ စာကြည့်စားပွဲ ...လို့ ရပြီပေါ့"

ရယ်သံချိုချိုလေးနှင့် ပြောပုံက ညို့ဓာတ်တွေ အပြည့်ပါနေ ...ည်။ အပြုံးချိုချိုနှင့် မျက်နှာလေးကို သူ မြင်ယောင်ကြည့်မိ၏။ ထို ...နှာလေးကိုမြင်တိုင်း ရင်ထဲက စကားတွေ ပွင့်ထွက်ချင်မိမြဲ။

ဒါပေမဲ့ အခုချိန်ထိ ဖွင့်ပြောဖို့ မရဲဖြစ်နေတာ အမှန်။

"ဖုန်းချလိုက်ရတော့မှာလား မင်းမူ"

"ဟင် နေပါဦး ကေရီ၊ ကေရီကို တို့ စကားပြောချင်လို့ပါ"

"ဟင် ဘာပြောမှာလဲ မင်းမူ"

ဒီညတော့ ကေရီကို ပြောဖို့ ရည်ရွယ်ထားသော စကားတွေ ...တွက် ပြောဖြစ်အောင် သူ ပြောချင်သည်။

"ကေရီ"

"ခက်ပါလား နာမည်တစ်ခါခေါ် တစ်သိန်းဆိုရင် မင်းမူ မနိုးဖိုး ...တော့ ကုန်လောက်ပြီ ထင်တယ်"

ဖုန်းထဲက ကေရီ ရယ်ရင်း နောက်ပြောင်တော့ သူ ပြုံးမိရင်း

"ကိုယ် ကေရီကို ပြောချင်နေတဲ့ စကားက တစ်ခွန်းအတွက် ...တွေ မွေးနေတာပါ"

"ဘုရားရေ အဲဒီလောက်အထိ လိုအပ်လို့လား၊ ဘာလဲ ချစ် ...ယ်ဆိုတဲ့ စကားတော့ မဟုတ်လောက်ဘူး ထင်တယ်"

ကေရီ နှုတ်က ရဲတင်းစွာ ထွက်လာသော စကားကြောင့် သူ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်တောင် မဟုတ်ပါဘဲ မျက်နှာထူပူသွား၏။

"ကေရီ ကိုယ်ပြောချင်တာ အဲဒီ စကားပါ၊ ကေရီကို
ချစ်နေတာ ကြာပြီ"

"ဟယ် အဆန်းပဲ၊ တို့ချင်းသိတာ နှစ်လတောင် မရှိသေး"

"အဲဒီ မတိုင်ခင်ကတည်းက တို့ရင်ထဲက ကေရီကို မြတ်နိုး
ချစ်နေတာပါ"

"အဟင်း တို့က ယူ ရည်းစားစကား ပြောတဲ့ ဘယ်နှယော
မြောက် မိန်းကလေးလဲ"

"ဟာ မဟုတ်ဘူး ကေရီ၊ တို့ ကေရီကို တကယ်ချစ်တာ"

"အင်း အဲဒီစကားမျိုး ယောက်ျားလေး အတော်များများဆီ
ကေရီ ကြားဖူးတယ် မင်းမူရဲ့"

သူ တကယ်ပဲ စိတ်ညစ်သွားမိသည်။ ကေရီနှင့်ကျမှ သူ့နှုတ်
စကားတွေ ရှားပါးကုန်တာ ခက်နေပြီ။ အရင်ကဆို မိန်းကလေး
ယောက်ကို ဒီလို စကားပြောဖို့ သူ့နှုတ်တွေက ပွင့်လင်းရဲတင်းခဲ့

အခု ကေရီနှင့်ကျမှ ဘာတွေဖြစ်နေသည် မသိ။

"ကေရီ"

"ပြောလေ မင်းမူ"

"တို့ ကေရီကို အလေးအနက် ချစ်တာပါ၊ အမှန် ဝန်ခံ
တို့ရည်းစားတွေလည်း အများကြီး ထားခဲ့ဖူးတယ်၊ ဒါပေမဲ့ ကေ
ချစ်တဲ့အချစ်မျိုး မဟုတ်ပါဘူး"



"အဟင်း ဟင်း"

"မရယ်ပါနဲ့ ကေရီရယ်၊ တို့ တကယ် ပြောတာပါ"

"ယူ့ကို လှောင်တာ မဟုတ်ပါဘူး မင်းမူ၊ တို့လည်း ချစ်သူ
ထားခဲ့ဖူးတာပဲ၊ ဒါပေမဲ့ အချစ်ဆိုတာကို အခုထိ နားမလည်နိုင်
ဘူး"

"ကေရီလိုပဲ တို့ ကြုံဆုံနေတာ၊ အခု ကေရီကို တို့ တကယ်
နေပြီဆိုတာ ဝန်ခံချင်တယ်"

"..."

"ကေရီ တို့ပြောတာ ကြားပါတယ်နော်"

"အင်းလေ နားထောင်နေတယ်၊ ယူ ပြောချင်တာ ဒါပဲလား၊
အိပ်ချင်နေပြီ"

"ဟို တို့ကို အဖြေပေးပါဦး ကေရီ"

"ဟင် အခု ရည်းစားစကားပြော၊ အခု အဖြေတောင်းနေပြီ
မင်းမူရဲ့၊ တို့ကို စဉ်းစားခွင့်တောင် မပေးတော့ဘူးလား"

"အာ မဟုတ်ပါဘူး ကေရီ စဉ်းစားပါ၊ တို့က အလေးအနက်
စားပြီးမှ ပြောတာမို့ ကေရီလည်း အလေးအနက် စဉ်းစားပြီးမှ
ကို အဖြေပေးပါ"

"အိုကေ ရပြီ၊ တို့ အိပ်ချင်လွန်းလို့ မျက်ခွံတွေ လေးလာပြီ
မင်းမူ"

စကားအဆုံးမှာ ကေရီ ဖုန်းလေးချသွားသည်။ သူ မင်းသက်

www.burmeseclassic.com

www.burmeseclassic.com



စွာ ကြောင်တွေနေမိဆဲ။ ကေရီကတော့ အိပ်မောကျသွားခဲ့ပြီလား

ဖုန်းလေးကို ပိတ်ကာ စားပွဲပေါ်တင်ပြီးမှ သူ စာကြည့်စ မှာ ဝင်ထိုင်လိုက်သည်။ စိတ်အာရုံတွေက ပိုလို့ နောက်ရှုပ်သွားရ အမှန်။

ကေရီ လေသံတွေက သူ့အပေါ်မှာ အလေးအနက် မရှိသ ပါပဲ။ ကေရီရယ် ကိုယ့်ရင်ထဲက ချစ်ခြင်းတွေကို မင်း ယုံကြည်စေ တယ်။

ကိုယ် အလေးအနက် ထားခဲ့တဲ့ကိစ္စကြီးအတွက် မင်းဘက် လေးနက်မှုမရှိတာတော့ သေချာသည်။

ဖော်ကြီး ပြောသလို သူတော့ ဝဋ်လည်နေပြီလား။

ပင့်သက်မောတစ်ခု သူ့နှုတ်က ထွက်ကျသွားပြန်တာ ဘယ် မြောက်မှန်း မသိပါ။

■ ■ ■



အခန်း (၁၅)

"လွှမ်းအဝေးနဲ့ တင်းနစ် ကစားနေတာ ဘယ်သူလဲကွ မင်းမှူ"

သူ့အိမ်ရောက်လာသော ဖော်ကြီး မေးလာတော့ ကိုမိုးအဂ္ဂ ကြောင်းကို သူ ပြောပြရသည်။ ဖော်ကြီးက မျက်မှောင်ကြီးကုပ် ထောင်နေရင်း

"ဒါဆို ဒီပုဂ္ဂိုလ်က ကေရီနဲ့ ပတ်သက်နေတာပေါ့ ဟုတ်လား"

"အေးလေ ကေရီ မွေးနေ့ရက်က ငါတို့ ရင်းနှီးသွားတာ"

"ကြည့်ရတာ လွှမ်းအဝေးနဲ့ တော်တော် ရင်းနှီးနေပုံပဲကွ"

ဖော်ကြီးစကားကို သူ မသိကျိုးကျွံပြုရင်း ငြိမ်သက်နေတော့ ကြီး နှုတ်ဆိတ်သွားသည်။

ထိုအခိုက်မှာပဲ လွှမ်းအဝေးနှင့် ကိုမိုးအဂ္ဂ စကားတွေပြောရင်း န်းထဲ ဝင်လာသည်။

"ကိုအဂ္ဂက အခုမှ လက်ရည်အမှန် ထုတ်ကစားတာ မပြော



www.burmeseclassic.com

www.burmeseclassic.com



လား''

"အဟွန်း မဟုတ်ရပါဘူး ဝေးရယ်၊ ဒီမနေ့ကမှ ကိုယ် လက်ရ
တက်လာတာပါ၊ ဝေးလို ပုံမှန် လက်ရည်မှ မဟုတ်တာ''

"အံမယ် အပိုတွေ၊ ကစားတဲ့ လက်ရည်ကို ကြည့်ရုံနဲ့ သိ
တယ်နော်''

"ကဲ ကဲ ဝေး လက်မခံဘူးဆို ဒီပွဲကို သရေပဲ ထားလို
နောက်တစ်ပတ်ကျမှ ထပ်ကစားကြတာပေါ့''

"နိုး နိုး ဒီသဘော ပြောတာ မဟုတ်ပါဘူး။ ဝေး ရှုံး
လက်ခံတယ်၊ ကိုအဂ္ဂ ဘာစကားမလဲ ပြော၊ ဝယ်ကျွေးမယ်''

နှစ်ဦးသား စကားပြောရင်း ညှော်ခန်းဆက်တီခုံတွေမှာ ဝင်ထိ
တော့မှ သူနှင့်ဖော်ကြီးကို မြင်တွေ့သွားကြ၏။

"ညီ ဒီနေ့ ဘယ်မှမသွားဘူးလားကွ''

"မသွားဘူး အစ်ကို၊ ဒီမှာ သူငယ်ချင်းနဲ့ စာဆွေးနွေးကြပ
လေ''

"ဪ ကောင်းတယ် ကောင်းတယ်၊ ကိုယ်က အားလပ်ရ
လေးမှာ ဝါသနာပါတဲ့ တင်းနစ် ကစားရတာ နှစ်သက်တယ်ကွာ၊ ညီ
စာမေးပွဲပြီးမှ ကိုယ်တို့ လက်ရည်စမ်းကြည့်ရအောင်နော်''

"ရတယ် အစ်ကို၊ အားတဲ့တစ်ရက် ဆုံတာပေါ့''

"ကဲ ကဲ ကိုအဂ္ဂ ခဏလေးစောင့်နော်၊ ဝေး အမြန်ဆုံး
ရေမိုးချိုး ပြင်ဆင်လိုက်မယ်၊ ဝေး ရှုံးတာအတွက် လိုက်ကျွေးမွေးပါ့မယ်''



"အိုကေ ဝေး ရတယ်၊ အေးဆေးလုပ်ပါ''

လွှမ်းအဝေး သုတ်ခနဲ အခန်းထဲ လှည့်ဝင်သွားတော့ ကိုမိုးအဂ္ဂ
နှင့် ညှော်ခန်းထဲမှာ ကျန်ရစ်ခဲ့၏။

"ညီတို့ အချိန်ရရင် တစ်ခုခု လိုက်စားကြပါလား၊ ကိုယ်
ပါ့မယ်''

"ဟင့်အင်း မလိုက်တော့ဘူး အစ်ကို၊ ဒီမှာ စာလုပ်စရာရှိလို့''

"ဪ အင်း အင်း ဒါဆိုလည်း လာမယ့် အပတ်ထဲမှာ
ပမယ့် ကိုယ့်ကုမ္ပဏီ နှစ်ပတ်လည်ပွဲကျရင်တော့ ညီ လာခဲ့ပါ၊
ကိုလည်း ကိုယ် ဖိတ်ထားတယ်ကွ''

"ဟုတ်ကဲ့ လာနိုင်အောင် ကြိုးစားပါ့မယ်''

"ညီ လာမယ်လို့ ကိုယ် ယုံပါတယ်၊ အဲဒီပွဲကျရင် ဂေဇီလည်း
မှာကွ''

ကိုမိုးအဂ္ဂ စကားကြောင့် သူ မျက်ခုံးတွေ ပင့်တက်သွားရတာ
မှန်။ သူ့ကိုကြည့်ရင်း နှုတ်ခမ်းလေးတွေ လှုပ်ခတ်ရုံ ပြုံးနေသည်။
မိုးအဂ္ဂ အပြုံးတွေက သိမ်သိမ်မွေ့မွေ့လေးပေမယ့် အဓိပ္ပါယ်များစွာ
နေတာ သူ နားလည်သည်။

"ကိုအဂ္ဂ လစ်ပြီ သွားစို့''

လွှမ်းအဝေး အဖြူရောင် ဂါဝန်လေးနှင့် အခန်းထဲက ထွက်လာ
သည်။ ကိုမိုးအဂ္ဂ မျက်ဝန်းတွေက လွှမ်းအဝေးဆီ စူးစူးနှစ်နှစ်လေး
ရောက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သွားကြမယ်လေ ညီ သွားပြီး ကိုယ် ဖိတ်ထားတာ မမေ့
နော်"

ကိုမိုးအဂ္ဂ သူ့ကို နှုတ်ဆက်ပြီး ထွက်သွားကြသည်။ ဆင်
အောက်က လင်ခရူဆာ ကားကြီး မောင်းထွက်သွားတော့ ဇော်
သူ့ကို တစ်ချက်ကြည့်ရင်း

"မင်း ကေရီကို ကြိုက်နေတာ ဒီပုဂ္ဂိုလ် သိတယ် ထင်တယ်"

"အင်း သူ သိမှာပေါ့"

"ကေရီနဲ့ သူနဲ့က တော်တော် ရင်းနှီးသလား"

"အင်း"

သူ့လေသံက မဖြေချင် ဖြေချင် အသံဆိုတာ ဇော်ကြီး အ
ခတ်မိမှာ သေချာ၏။

"ငါတော့ အံ့ဩနေတယ် မင်းမူ၊ ကိုမိုးအဂ္ဂနဲ့ လွှမ်းအဝေ
အချိန်တိုတိုလေးအတွင်း ခင်မင်သွားတာကော မင်းနဲ့ကေရီကိစ္စကို
မိုးအဂ္ဂ ရိပ်မိနေတာကော ထူးဆန်းနေတယ်"

"ဘာထူးဆန်းလို့လဲ ကေရီနဲ့ ကိုမိုးအဂ္ဂဆိုတာ ငယ်ငယ်
တည်းက အိမ်နီးချင်းတွေ အခုလည်း မိဘတွေက ပါတနာတွေလေ"

"ဒါဆို မင်းတို့တွေက အမျိုးတော်ကြမယ့် သဘောလား"

"ဘာလဲကွ မင်းစကားက"

"မင်း မသိဟန်ဆောင်နေတာလား။ ဒီလူကြီးက လွှမ်းအဝေ
ပတ်သက်ချင်နေတာ အသိသာကြီးလေ"

"မဟုတ်တာတွေ ဝေးနဲ့သူ ရိုးရိုးသားသား ခင်မင်နေတာပါ"

"အေး အခုတော့ ဟုတ်ချင် ဟုတ်မှာပေါ့၊ ဒါပေမဲ့ မကြာခင်
ဒီ ပြောသလို ဖြစ်လာမှာပါ၊ ဦးမိုးအဂ္ဂ ဆိုတဲ့သူက လိုချင်တာ တစ်ခု
ရှိဘဲ သူ့ရဲ့တန်ဖိုးရှိတဲ့ အချိန်တွေကို ပေးဆပ်မှာ မဟုတ်တာတော့
သေချာတယ်"

ဇော်ကြီးစကားကို သူ မငြင်းနိုင်ပါ။ လွှမ်းအဝေနှင့် ကိုမိုးအဂ္ဂ
ကြားမှာ ဇော်ကြီး ဆိုသလို အခြေအနေမျိုး ရောက်နေပြီလား။

သူ နည်းနည်းတော့ တွေဝေသွား၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဟင် ကိုကို မေးတာ ဘာကြီးလဲ"

လွှမ်းအဝေး သူ့ကို မျက်မှောင်ကြီးကုပ်ကာကြည့်ပြီး ပြန်မေး သည်။

"ငါ မေးတာ အရှင်းကြီးပဲ၊ နင်နဲ့ကိုမိုးအဂ္ဂ အခြေအနေက ဘာလဲလို့ မေးတာ၊ နင်တို့ တတွဲတွဲ ဖြစ်နေလို့"

"ဟင် ဘာတတွဲတွဲ ဖြစ်လို့လဲ၊ ကိုအဂ္ဂက အားရက်ဆို အိမ် ကို လာတယ်၊ ဝေးနဲ့ တင်းနစ် ကစားတယ်၊ အဲဒါ ကိုကိုလည်း သိတာပဲ"

"အေး ငါသိတယ်၊ ဒါပေမဲ့ ငါ မသိတာ နင်တို့ အပြင်ထွက်ပြီး တတွဲတွဲ ဖြစ်နေတာ ဘာဖြစ်နေတာလဲ၊ ဟိုတစ်ရက်ကလည်း ပလာဇာ အထိသွားပြီး နင် လက်ဆောင်တွေ ဝယ်လာတယ်၊ ဒါကို မေးတာ"

"အဲဒါ သူက ဝေးကို လက်ဆောင်ဝယ်ပေးတာလေ"





လွှမ်းအဝေး အူတူတူ လုပ်နေတာကို သူ စိတ်မရှည်နိုင်တော့ပါ။ အကယ်ဆို သူဘာကို ဆိုလိုသည်ဆိုတာ ဝေး သိသင့်သည်။

"ဒီမှာ ငါ ရှင်းရှင်းမေးမယ်၊ နင်နဲ့ကိုမိုးအဂ္ဂ ကြိုက်နေသလား"

"အာ မဟုတ်တာ"

"အေး မဟုတ်ဘူးဆိုရင်တောင် နောက်ကျရင် ဟုတ်လာလိမ့် မယ်၊ အခုထိ ကိုမိုးအဂ္ဂက နင့်ကို ရည်းစားစကား မပြောသေးဘူးဆိုရင် သိပ်မကြာခင် ပြောလာလိမ့်မယ်"

"ဟင် ကိုကိုက ဘယ်လိုသိတာလဲ၊ အကြားအမြင် ရနေသ သား"

ပြောပုံက ပြောင်ချော်ချော် စပ်ဖြီးဖြီးမို့ သူ မျက်မှောင်ကြီး ကုပ်ကြည့်ရင်း

"နင် ပြောင်ချော်ချော် မလုပ်နဲ့နော်၊ ယောက်ျားချင်း သိတယ်၊ ကိုမိုးအဂ္ဂ ရင်ထဲကို ငါ မြင်ပြီးသား"

"အောမိုက်စ် မုန်တယ်"

သူ့စကားကို လက်ဖျစ်တစ်ချက်တီးကာ လွှမ်းအဝေး လှောင် တော့ သူ လက်ဝါးနှင့်ရွယ်မိသည်။ လွှမ်းအဝေး လက်နှစ်ဖက်နှင့်ကာ ထားရင်း

"အာ ဝေးပြောတာ နားထောင်ပါဦး၊ ကိုကို့ကို လှောင်တာ မဟုတ်ပါဘူး၊ ကိုအဂ္ဂ ရင်ထဲကို ကိုကို မြင်သလို ကိုကို့ရင်ထဲကိုလည်း သူက မြင်တယ်လို့ ပြောမလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် ဘာပြောတယ်"

"ဟုတ်တယ် ကိုကိုက မမ ကေရီကို ချစ်နေတာ သူ သိတယ်တဲ့၊ ကိုကို ပြောသလိုပဲ ယောကျ်ားချင်း သိတယ်တဲ့"

ဝေး စကားကြောင့် သူ ရှုတည်တည် ပြန်ကြည့်ရင်း

"သူက ငါ ကေရီကို ချစ်နေတာ ဘယ်လိုသိနိုင်မှာလဲ၊ နင် ပြောလို့ သိတာမဟုတ်လား"

"ကိုကိုက ဝေးဆို ဘယ်တော့မှ အကောင်းမမြင်ဘူး သိလား။ ဒီမှာ ဟိုတစ်ရက်က ကိုကိုနဲ့မမကေရီ ရှော့ပင်ထွက်တာ ဝေး သိတယ်၊ ကိုအဂ္ဂလည်း သိတယ်"

"ဟင်"

သူ အံ့သြသွားမိသည်။ ဝေးနှင့်ကိုမိုးအဂ္ဂတို့က အားလုံးသိနေသည်တဲ့လား။ ဝေးက သူ့ကို မထိတရီလေး ပြုံးကြည့်နေ၏။

"ကိုကို့ကို ဝေး မေးမလို့ ကိုကိုနဲ့ မမကေရီ ကြိုက်နေပြီလား"

"ဘာမှ မဖြစ်သေးပါဘူး၊ ငါ ဖွင့်ပြောထားတယ်၊ ဒါပေမဲ့ သူ စဉ်းစားဦးမယ်တဲ့"

"ကိုကို သူ့ကိုတကယ် ချစ်နေသလားဟင်"

လွှမ်းအဝေး မျက်နှာတည်တည်လေးနှင့် မေးတော့ သူ အလေးအနက်ပဲ ခေါင်းညိတ်ပြမိသည်။

"ဟုတ်တယ် ဝေး၊ ကိုကို သူ့ကိုချစ်နေတာ အမှန်ပဲ"

"အရင်ကလည်း ကိုကို ရည်းစားတွေ အများကြီး ထားခဲ့တာ



"မတူဘူး လုံးဝ မတူဘူး၊ အားလုံးကို ကိုကို ဖြတ်ပြီး သူ့ကိုပဲ တကယ် ချစ်မိသွားတာ"

"ဝေး ကိုကို့ကို အကြံပေးမယ်နော်"

"ဘာလဲ ညီမလေး ပြောလေ"

"မမ ကေရီက မျက်နှာများတယ်"

"ကိုကို သိပါတယ်၊ ဒါပေမဲ့ ကိုကို ချစ်သလို သူ ချစ်မှာကို ကိုကို မျှော်လင့်တာ၊ သူ့ကို ကိုကို့ဘဝတစ်ခုလုံးအတွက် ချစ်တာ"

ဝေး ပင့်သက်လေး ရှိုက်ကာ ခေါင်းခါသည်။

"နင်က ဘာခေါင်းခါတာလဲ"

"ကိုကို စိတ်ညစ်မှာစိုးလို့ပါ၊ အဲဒီ မမ ကေရီက ဘယ် ယောကျ်ားမှ အလေးအနက် မထားတတ်ဘူးနော်"

"တော်တော့ဟာ နင်နဲ့ စကားပြောရတာ စိတ်ညစ်စရာချည်းပဲ၊ ဒီဘာသာ ဘာပဲဖြစ်ဖြစ်"

"ဝေးက စေတနာနဲ့ ပြောတာပါ"

"မပြောနဲ့ နားငြီးတယ်"

"ဒါဆိုလည်း ပြီးရော"

"ဟဲ့ နေဦး၊ နင့်ကိုငါ ပြောစရာရှိသေးတယ်"

ဆတ်ခနဲ ထရပ်ပြီးမှ သူ တားတာမို့ လွှမ်းအဝေး ပြန်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စောစောက စကားဆက်ရဦးမယ်၊ နင် ကိုမိုးအဂ္ဂနဲ့ ဆင်ဆ
ခြင်ခြင်နေနော်၊ နှစ်ယောက်တည်း အပြင်သွားတာ မကောင်းဘူး"

"ဟင် ဝေးတို့က ရိုးရိုးသားသားပါ"

"နင်က ရိုးသားပေမယ့် ဟိုဘက်က မရိုးသားဘူးလေ"

"စိတ်ညစ်လိုက်တာ၊ မေမေကလည်း ဒါပဲ ပြောနေတာ"

"ဟဲ့ နင့်အတွက် ပြောတာလေ"

ဝေး မကျေနပ်သလို မျက်ခုံးလေးကျုံ့ကာ သူ့ကိုကြည့်
ပြီးမှ

"ကိုမိုးအဂ္ဂက အဲဒီစကားမျိုး ပြောလာရင် ဝေး ငြင်းမိမှာ
သေချာတယ် သိလား"

"ပြောပြုန်ပြီ"

"တကယ်ပြောတာ၊ ဘာလို့လဲ ကိုကို သိလား"

"ဘာလို့လဲ ပြောစမ်းပါဦး"

"ဝေး မချစ်လို့ပေါ့၊ ဝေးက ဝေးချစ်တဲ့သူကိုပဲ ယူမှာလေ
ဝေး နှလုံးသားက တစ်ယောက်တည်းအတွက်ပဲ"

"အံမယ် ဒီအရွယ်နဲ့ ဒီစကားတွေ ပြောနေပြီ၊ ငါ ထုလိုက်ရ"

"အား"

လက်ရွယ်ရုံပဲ ရှိသေးသည်။ ဝေး အားခနဲ စူးစူးဝါးဝါး ဟ
အော်ကာ သုတ်ခနဲ ပြေးသည်။

ဒီကောင်မလေး ပုံစံက ကလေးမကျ လူကြီးမကျနှင့် ခက်နေ



ပြီ။ အခုကိစ္စမှာလည်း မေမေ ပြောခိုင်းလို့ သူ ပြောဆိုဆုံးမရတာ ဖြစ်
သည်။

မေမေက သမီးအတွက် စိုးရိမ်နေတာ အမှန်။ ပြောရလျှင်
ကိုမိုးအဂ္ဂလို လူက ငြင်းလောက်တာ မဟုတ်ပါ။

အခုတော့ မေမေက ဘာကြောင့် သဘောမတူချင်ရတာလဲ
သိပါ။ ဝေးကလည်း ကိုမိုးအဂ္ဂကို စိတ်မဝင်စားဘူးဆိုတော့ ပြီးပြီပေါ့။

မေမေ ကျေနပ် ယုံကြည်ဖို့ပဲ လိုပါတော့သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"လွမ်း"

ခေါ်သံကို ကြားရကတည်းက ဝေး တွန့်ခနဲ ဖြစ်သွားသည်။ လှည့်ကြည့်တော့ အနောက်က ခြေလှမ်းသုတ်သုတ်လေး လှမ်းလာသော မြတ်သူရမောင်ကို တွေ့သည်။

ဝေး မျက်နှာလေး ရှုံ့သွားပေမယ့် ဘေးက သူငယ်ချင်းတွေ အားလုံး မျက်နှာကတော့ လင်းခနဲ တောက်ပသွားကြသည်။ လင်းကြ တောက်ပကြမှာပေါ့။ မြတ်သူရမောင် ဆိုသည့် ဒါနမင်းသားလေး ရောက် လာပြီဆိုလျှင် သင်းတို့အားလုံး နံကားအောင် ကင်တင်းနိမ်မှာ စားသောက် ခွင့် ရကြသည်ကိုး။

"ဘယ်သွားကြမလို့လဲ၊ ကိုယ် ကလပ်စ်ထဲ ရောက်ခဲ့သေးတယ်"

"ဝေးတို့ အခုပဲ ကင်တင်းနိမ်က ပြန်လာကြတာ၊ အခု အတန်း တက်ကြရမှာလေ"



ဝေး တမင် ညာပစ်လိုက်တာကြောင့် ကြည်ပြာတို့ သန္တာတို့ မျက်မှောင်ကုပ်ပြီး ကြည့်ကြသည်။

"ဟင် ဟုတ်လား၊ ကိုယ်က လွမ်းတို့နဲ့ တွေ့ချင်လို့ ကလပ်စ် ဖျက်ပြီး လာခဲ့တာ"

"အားနာလိုက်တာ မြတ်သူရရယ်၊ ဝေးတို့က ဒီကလပ်စ် လွတ် လို့မဖြစ်ဘူး၊ အရေးကြီးတဲ့ ဘာသာရပ်မို့လေ၊ နောက်မှ ဆုံကြတာပေါ့ နော်"

မြတ်သူရမောင် မျက်နှာညှိုးညှိုးလေးနှင့် ခေါင်းလေးညိတ်သည်။ ... ခေါင်းလေးညိတ် ပြုံးပြကာ လှည့်ထွက်ခဲ့တော့ ကြည်ပြာတို့လည်း ... မပြောနိုင်ကြဘဲ လိုက်လာကြသည်။

ဒါတောင် ငြိမ်းငြိမ်းက နောက်ဆံတငင်ငင်နှင့် မြတ်သူရကို ... ကြည့် လှည့်ကြည့် ဖြစ်နေသေး၏။ ဝေး မသိကျိုးကျွံပြုကာ ဆက် လျှောက်ခဲ့၏။

"နင်ကလည်းဟာ မြတ်သူရမောင်ကို အားနာစရာ ကောင်း ...တာ"

"ဘာကို အားနာရမှာလဲ"

"သူ့ခမျာ နင့်ကို တွေ့ချင်လို့ ကလပ်စ် ဖျက်ပြီး လာရတာလေ ... ခဏတဖြုတ် စကားပြောလိုက်ရင် ရရဲ့သားနဲ့"

"နင် မသိပါဘူး ကြည်ပြာရယ်၊ ငါမှ သူ့ကို စိတ်မဝင်စားတာ ...ကြာ မျှော်လင့်ချက်တွေ ပေးထားသလို ဖြစ်ရင်မကောင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အံမယ် အရင်ကတော့ နင်ပဲ မြတ်သူရမောင် လာရင်
ကိုပါ အပါခေါ်ပြီး ကင်တင်းနဲ့ ခေါ်နေပြီးမှ"

"တစ်ခါ နှစ်ခါပဲ ကောင်းတယ်၊ နင်တို့ အစားမက်မ
နင်တို့စားချင်ရင် ငါ ကျွေးနိုင်တယ်"

ဝေး စိတ်တိုတိုနှင့် ပြောပစ်လိုက်တော့ သန္တာက မျက်
လေး ပစ်ထိုးရင်း

"တို့က စားချင်လို့ မဟုတ်ပါဘူးနော်၊ အမှန်ပြောရရင်
မြတ်သူရမောင်ကို ငါတို့က သဘောတူတယ်"

"အေးလေ ဆေးကျောင်းသား၊ တစ်ဦးတည်းသော
စိတ် ခါတ်ကော မိဘအသိုင်းအဝိုင်းပါ ဘာမှ ပြောစရာမရှိဘူး

ကြည်ပြာတို့ စကားတွေက မငြင်းနိုင်အောင် မှန်ပါသ
ဒါပေမဲ့ ဝေး ရင်ထဲမှာ ချစ်လို့မရနိုင်သော ယောကျ်ားတစ်ယော
ဝေး ဘယ်လိုမှ ခေါင်းမညိတ်နိုင်တာ အမှန်ပဲ ဖြစ်သည်။

"ပထမနှစ်ဝက်က အခု ဒုတိယနှစ်ပဲ ကုန်တော့မယ်၊ နင့်
တစ်ပတ်တစ်ခါ ရက်မပျက် လာနေတဲ့ ဖွဲ့ကပဲ ချီးကျူးလောက်ပြီ

"အေးဟာ ရုပ်ကော ပညာကော ဘာမှပြောစရာ မရှိ
သူ့မိဘတွေကလည်း မြန်မာပြည်က ဘီလျံနာ စာရင်းဝင်တွေ

"တော်ကြစမ်းပါဟာ၊ ငါ လုံးဝကို စိတ်မဝင်စားတာ၊
လက်ခံတာက အားနာလို့နော်၊ ငါ့ရင်ထဲမှာ ဘယ်လိုမှ ခံစားမှု မရှိ
နင်တို့ အသိဆုံးပါ"



ဝေး ရင်ထဲမှာ သူ မရှိတာ အားလုံးကို ပြတ်သားစွာ ပြောပြ
ားမို့ ဝေးကို ကြည်ပြာ ဘာမှမပြောနိုင်ပါ။ သန္တာက ဝေးကို
လည်နိုင်သော မျက်ဝန်းတွေနှင့် ကြည့်ရင်း

"နေပါဦး ဝေး၊ နင့်အနားမှာ ဒီလောက် ခယပြီး တောင်းဆို
တဲ့သူတွေ အများကြီး ရှိရက်နဲ့ နင် တစ်ယောက်မှ မချစ်နိုင်တာ
လို့လဲ"

"အေးလေ ကိုယ့်ကျောင်းထဲကတင် မဟုတ်ဘူး။ မြတ်သူရ
င်လို M.C က လူတွေတောင်ပါတယ်၊ အားလုံးကို ကန်တော့
လုပ်နေတာတော့ မဟုတ်သေးဘူး"

"ဟုတ်တယ် ဘာလဲ နင်က အပျိုကြီး လုပ်ဖို့ မှန်းထားလို့လား"

"နင်တို့ ထင်ချင်သလို ထင်၊ ငါ တစ်ယောက်မှ စိတ်မဝင်စား
အမှန်ပဲ"

ဝေး အပြတ်ပဲ ငြင်းနေပေမယ့် ကြည်ပြာတို့ ပုံစံတွေက အလွယ်
လက်လျှော့သွားမည့်ပုံ မရှိ။

"ငါတို့ သိချင်တာ ပြောလေ၊ နင်က အပျိုကြီး လုပ်မလို့လား"

"နိုး စိတ်ကူးမရှိဘူး"

"ဒါဆို အခုထိ နင့်နှလုံးသားက ရင်မခုန်တတ်သေးဘူးလား။
တမ်း ပြောနော်"

"မညာပါဘူး။ ငါ ရင်ခုန်တဲ့သူကို ငါ လက်ထပ်မှာ"

အားလုံး ဝေးကို စူးစူးနစ်နစ် ငေးကြည့်နေကြသည်။ ဝေး

www.burmeseclassic.com

www.burmeseclassic.com



ကတော့ အပြုံးလေးမပျက်ဘဲ ငြိမ်သက်နေမိဆဲ။

''အင်း တို့သူငယ်ချင်း ရွှေမင်းသမီးလေး ရင်ခုန်စေ
မင်း သားလေးက ဘယ်သူလဲဆိုတာ တို့ စောင့်ကြည့်ဦးမယ်''

''အေးဟာ တစ်ချိန်မှာတော့ လွှမ်းအဝေးဆိုတဲ့ သူငယ်
လေးရဲ့ ရင်ခုန်ဘက်ကို ကြုံကို ကြုံရဦးမှာပါ''

တစ်ယောက်တစ်ခွန်းနှင့် သူငယ်ချင်းတွေ ဆိုနေကြတော့
ပြုံးပြုံးလေးနှင့်ပဲ ငြိမ်သက်နေလိုက်သည်။

တကယ်ဆို ဝေး ဆိုတဲ့ လွှမ်းအဝေးရဲ့ အသက်က တစ်
ရှစ်နှစ်တောင် ကျော်ခဲ့ပြီပဲ။ နှလုံးသားက ရင်မခုန်တတ်ဘဲ ရှိပ့ါမ
ဝေး နှလုံးသားက ရင်ခုန်တတ်ခဲ့တာ တစ်ယောက်တည်
ခဲ့ပါတယ်။ အဲဒီ တစ်ယောက်ကိုပဲ ဝေး ရင်ခုန်ခဲ့ဖူးတယ်။ ဒါ အချစ်
ဝေး ကိုယ်တိုင်တော့ အသေအချာ မသိသေးတာ အမှန်။

ဝေး နှလုံးသားကို ဝေး မေးကြည့်ရပါဦးမည်။

■ ■ ■

အခန်း (၁၈)

မြင်လိုက်ရသော မြင်ကွင်းက သူ့ခြေလှမ်းတွေကိုတောင် တုံ့ခနဲ
ွားစေတဲ့အထိပါပဲ။ ကင်တင်းနံ့ထဲက ဆိုင်လေးမှာ ကေရီနှင့်အတူ
နေသော ယောကျ်ားလေး တစ်ယောက်။

နှစ်ယောက်သား ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော စကားတွေ
နေတာ သူ့ကိုတောင် မြင်တွေ့ပုံ မရပါ။

သူ ဆိုင်ထဲပဲ ဝင်ရတော့မလိုလို၊ ချက်ချင်းပဲ လှည့်ပြန်ရ
မလိုလို အူတူတူ ဖြစ်သွားရ၏။ ညက ကေရီတို့ကျောင်းကို သူ
ည်ဟု ကြိုတင် ချိန်းဆိုထားတာ မှန်ပေမယ့် အခု ကေရီ နံဘေးမှာ
သော ယောကျ်ားတစ်ယောက် ရှိနေ၏။

သူ ဇဝေဇဝါ ရပ်နေမိတုန်းမှာ ကေရီက လှမ်းမြင်သွားသည်။
င်းပဲ တစ်ဝိုင်းတည်း ထိုင်နေသည့် လူရွယ်ကို နှုတ်ဆက်ကာ
ဆီ ကေရီ လှမ်းလာ၏။

''ယူ ဘာလုပ်နေတာလဲ၊ ကေရီဆီ လာတာ မဟုတ်လား''

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ဒါပေမဲ့ ကေရီနဲ့ ညွှေ့သည့် ရှိနေလို့"

"ညွှေ့သည့် ဟင့်အင်း မဟုတ်ပါဘူး။ ကေရီ တစ်ယော

တည်း ထိုင်နေတာ မိုးသက်ဇော်က ရောက်လာပြီး ဝင်ထိုင်တာပေ

"ဩော် ကိုယ်က ကေရီ ညွှေ့သည့်ထင်လို့"

"ညွှေ့သည့်တော့ မဟုတ်ဘူး။ ကေရီနဲ့ ပတ်သက်ခဲ့ဖူးသူ

အခုတော့ ဖောက်လမ်းပြီးသွားတာ ကြာပြီ"

ကေရီ ပေါ့ပေါ့ပါးပါးလေး ပြောတာ ဖြစ်ပေမယ့် သူ့ရင်ထဲ

တော့ နင့်ခနဲ ခံစားလိုက်ရသည်။ တကယ်ဆို ကေရီ ရည်းစားများ

သူ သိပေမယ့် ဘာကြောင့် ခံနိုင်ရည် မရှိတာလည်း မသိတော့။

"အဟင်း ယူ ဘာဖြစ်သွားတာလဲဟင်"

"ဟို အဲ ဘာမှမဖြစ်ပါဘူး ကေရီ"

ပြောရင်း ကေရီ ထားရစ်ခဲ့သော ထိုလူဆီ သူ အကြည့်ရော

တော့ သူနှင့် ကေရီတို့ကို မျက်မှောင်ကြီးကုပ် ကြည့်နေ၏။

"သိပ်သဝန်တိုတတ်တဲ့လူလေ၊ ဒါကြောင့်လည်း ရည်းစ

သက်တမ်း တစ်လမှာပဲ ကေရီ ဖြတ်ပစ်လိုက်တာ၊ ကဲ လာ ကေရီ

လမ်းလျှောက်ရင်း စကားပြောကြရအောင်နော်"

သူ ခေါင်းညိတ်ကာ ကေရီ ခေါ်ရာနောက်ကို လိုက်ခဲ့သည်

အတူယှဉ်တွဲ လျှောက်ခဲ့မိချိန်မှာ ကေရီဆီမှ တန်ဖိုးကြီး ရေမွှေး

သင်းသင်းလေးကို သူ ရှူရှိုက်မိ၏။

ကျောင်းဝင်းလေးထဲက အရိပ်ကောင်းကောင်း သစ်ပင်



ောက်မှာ နှစ်ဦးယှဉ်ထိုင်မိကြသည်။

"ယူ တို့ကို ဘယ်လိုမြင်သလဲ"

"ဟင် ဘာကို မေးတာလဲ ကေရီ"

နားမလည်နိုင်သလို သူ ပြန်မေးကြည့်တော့ ကေရီ အပြုံးယဲ့

လေးနှင့် ကြည့်ရင်း

"ဩော် ယူ တို့ရည်းစားတွေ အများကြီး ထားတာ ဘယ်လို

သလဲလို့ မေးတာ"

"ဟင့်အင်း ကိုယ် မမြင်တတ်ဘူး ကေရီ၊ ကေရီလို မိန်းကလေး

ယောက်ကို ချစ်တဲ့ ကြိုက်တဲ့သူ ပေါ်များတာ ဆန်းမှ မဆန်းဘဲ"

သူ ရိုးသားစွာပဲ ပြောမိတော့ ကေရီ သဘောကျသလို ဟဟ

ရယ်သည်။ ဒါပေမဲ့ ထိုအရယ်တွေက တခဏလေးပဲ ကြာသည်။

"တို့ ဝန်ခံပါတယ် မင်းမူ၊ ရည်းစားတွေ အများကြီး တို့

ခဲ့ဖူးတယ်၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ တို့ မချစ်ခဲ့တာ အံ့ဩစရာပဲ

ဘား"

"ဒါ အံ့ဩစရာ မဟုတ်ပါဘူး ကေရီ၊ အချစ်ဆိုတာ ဖန်တီး

ယူလို့ရတဲ့အရာ မဟုတ်ပါဘူး သူ့အလိုလို ရင်ထဲက ပေါ်ပေါက်လာတတ်

တဲ့ အရာပါ။ ကိုယ်လည်း ရည်းစားတွေ ထားခဲ့ဖူးတာပဲ၊ ဒါပေမဲ့ အချစ်

ဆိုတာကို ခံစားတတ်တာ ကေရီနဲ့ကျမှပါ"

"အဟင်း တို့အကြောင်း ပြောပြနေရင်း ယူက ကြော်ငြာဝင်

နေသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ကေရီ၊ တို့ ခံစားချက်နဲ့ နှိုင်းယှဉ်ပြတာ

"အိုကေ ကေရီ သဘောပေါက်ပြီ၊ ယူ ဆိုလိုတာ
နားလည်ပြီ၊ ကေရီလည်း အချစ်ကို ယူ့လို ရှာတွေ့ချင်ပါတယ်"

"ကေရီရယ်"

ကေရီ မျက်ဝန်းတွေနှင့် သူ့မျက်ဝန်းတွေ အကြည့်ချင်း ရင်း
မိကြတာ အတော်ကြာသည်။ မြင်တွေ့နိုင်မယ်ဆိုလျှင် သူ့ရင်ထဲ
ခံစားချက်တွေကို ကေရီ မြင်နိုင်ကောင်းပါရဲ့။

"မင်းမူ"

"ဟင် ဘာလဲ ဇော်ရီ"

"တို့ ဒီည ယူ့ဆီ ဖုန်းဆက်မယ်"

"တကယ်လား ကေရီ တို့ မျှော်နေမှာပါ"

"အင်း ကဲ ပြန်ကြရအောင်နော်"

ကေရီ ရင်ထဲက ခံစားချက်တွေကို မြင်နိုင်ဖို့အတွက် သူ့က
အကဲခတ်တာ ညံ့ဖျင်းလွန်းနေသည်လား။ ကေရီ ကိုယ်တိုင်ကပဲ ဟ
ဆောင် သိမ်ဆည်းထားနိုင်လွန်းတာပဲလား။

ကေရီရယ် ကြာရင် ကိုယ်ပဲ ရူးလိမ့်မယ် ထင်ရဲ့။

■ ■ ■

"မေမေ ဝပြီလား၊ မေမေ ထမင်းစားတာ နည်းသလိုပဲ"

"အင်း မေမေ ဒီနေ့ အရမ်းပင်ပန်းသွားလို့ပါ သားရယ်
ကမ္ဘာ့ဇီဝန်ထမ်းတွေနဲ့ အစည်းအဝေးလည်း သွားရတယ်၊ ရှယ်ယာဝင်

---



တွေ့နဲ့ တွေ့လိုက်ရသေးတယ်၊ ဒီကြားထဲမှာ နယ်က ဧည့်သည်တွေ
ရောက်လာလို့ တစ်နေကုန်ရောပဲ"

မေမေ့အသွင်က အလုပ် ပင်ပန်းမှုကြောင့် နုံးချိနေတာ အထင်
အရှား။ မေမေ့ကိုကြည့်ကာ သူ သနားမိတာ အမှန်။

"မေမေ အရမ်းပင်ပန်းနေတာ ကျွန်တော် သိတယ် မေမေ၊
သား ကျောင်းပြီးတာနဲ့ မေမေ့အလုပ်တွေကို ကူနိုင်မှာပါ"

"အင်း မေမေ ယုံပါတယ် သားရယ်၊ မေမေ့သားကိုပဲ အားကိုး
မှာပါ"

"အင်း မေမေကလည်း ကိုကို့ကိုပဲ အားကိုးတယ်ဆိုတော့
မင်းကို အားမကိုးဘူးပေါ့"

လွှမ်းအဝေးက မကျေနပ်သလို နှုတ်ခမ်းစူရင်း ဝင်ပြောသည်။
မေမေက ပြုံးကြည့်ရင်း

"အဟင်း သမီးက ဘွဲ့တစ်ခုရဖို့ အဝေးကြီးလို သေးတယ်လေ၊
သားက ဒီနှစ်ပြီးရင်ပဲ ဘွဲ့ရပြီ၊ မေမေ့အလုပ်ကို သားပဲ ကူနိုင်မှာလေ"

"ဝေးလည်း ကျောင်းပိတ်ရက်တွေကျ ကိုကို့ကို ဝင်ကူနိုင်ပါ
တယ်နော်"

"အပြောမကြီးစမ်းပါနဲ့ မိဝေးရယ်၊ အခုထိ ကလေးစိတ် မ
ပျောက်ဘဲ ကစားမက်နေတဲ့ နင်ကများ"

"အံမယ် ဝေး မကစားတော့ပါဘူးနော်၊ လူကြီးဆန်ဆန် နေ
တတ်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်လွှမ်းအဝေး အချေအတင် ပြောနေကြတာကို မေမေ

ပြုံးကြည့်နေသည်။ မေမေက လွှမ်းအဝေးကို ရှုရှုနစ်နစ်လေး ကြည့်ရင်း

"သမီးက ကလေးမှ မဟုတ်တော့ဘဲ၊ လူကြီးဆန်သင့်ပါပြီ၊ ဒုတိယနှစ်ကျောင်းသူကြီးတောင် ဖြစ်နေပြီပဲ"

"အောရိုက် မေမေ ပြောတာ မှန်တယ်"

"အေး သမီးကို မေမေ ပြောချင်တာက သမီးက မိန်းကလေး ပီပီ သိက္ခာရှိရှိနေ၊ မိန်းကလေးဆိုတာ အနေအထိုင် အသွားအလာက အစ ပိုင်းကောင်းကျောက်ဖိ နေမှ တန်ဖိုးရှိတာ"

"အင် မေမေကလည်း သမီးက ဘာလုပ်နေလို့လဲ"

"ဟော ကြည့် မေမေ ပြောတာကို ပြန်ပြောနေပြန်ပြီ၊ အဲဒီ ကြောင့် နင့်ကို ကလေးဆန်တယ်လို့ ပြောတာ"

"လာပြန်ပြီ ကိုကိုက တမှောင့်"

"ဟဲ့ ကိုယ့်အစ်ကိုကို အဲဒီလို မပြောရဘူးလေ"

"ကန်တော့ ကန်တော့ အဟဲ သမီးက နှုတ်ကျိုးနေလို့ပါ"

ဖြစ်စပ်စပ်လေးနှင့် လွှမ်းအဝေး ပြောတော့ သူ ထမင်းဝိုင်းက ထလိုက်သည်။

"သား စာကျက်စရာလေး ရှိသေးလို့ မေမေ"

"ကြော် သွား သား သွား"

စားသောက်ခန်းထဲမှာ မေမေနှင့် လွှမ်းအဝေးတို့ပဲ ကျန်ရစ်ခဲ့ ကြသည်။ သူ အခန်းထဲသို့ လှမ်းခဲ့သည်။ စာကျက်ချင်တာထက် ဒီည



ဆက်မည့် ကေရီ့ဖုန်းကိုပဲ မျှော်ချင်တာ ဖြစ်သည်။

အခန်းတံခါး ပိတ်ကာ စာကြည့်စားပွဲမှာ ထိုင်လိုက်၏။ မတော် ဘာ မိဝေး ဝင်လာလျှင် အခက်။

ဟန်းဖုန်းလေးကို ဖွင့်ထားရင်း ကေရီ ဖုန်းဆက်သွယ်လာမှုကို င့်ရသည်က ရင်မောစရာကောင်းလှသည်။

နာရီဝက်လောက်ကြာမှပဲ ဖုန်းလေးက မြည်လာသည်။ ဖုန်း ဖွင့်ကြည့်တော့ ကေရီဆီက ဆိုတာ သေချာနေ၏။

"မင်းမှူလားဟင်"

"ဟုတ်တယ် ကေရီ၊ ကိုယ် မင်းမှူပါ"

"တို့ ဖုန်းဆက်မလို့၊ ယူ မအားသေးဘူး ထင်လို့"

"ကိုယ် ထမင်းစားပြီးကတည်းက ကေရီ ဖုန်းကို စောင့်နေတာ ရီဝက်ကျော်တောင် ရှိပြီ"

"ဟုတ်လား ဆောရီး မင်းမှူ"

"ပြောလေ ကေရီ"

"တို့အချစ်ကို ယူ တကယ်ပဲ မျှော်လင့်ထားသလားဟင်"

"ကေရီရယ် တို့နှလုံးသားက အမျှော်လင့်ဆုံးအရာပါ"

"အိုကေ ဒါဆို ယူ စိတ်ချမ်းသာတော့"

"ဟင် ဘာရယ်"

"ဟုတ်တယ် ယူလိုချင်တဲ့ အဖြေ တို့ပေးလိုက်ပြီလေ"

"ဧ ကေရီ တ တကယ်ပြောတာနော်"

www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ဘာလဲ ယူက အိပ်မက်ထင်လို့လား၊ ဒါဆို ယူ့မျက်လုံးတွေ မှိတ်ပြီးအိပ်လိုက်၊ ယူ့အိပ်မက်ထဲကို တို့လာခဲ့မယ် ဟုတ်လား"

အသံချိုချိုလွင်လွင်လေးနှင့် ဆိုပြီး ကေရီ ဖုန်းလေး ပိတ်သွားသည်။ သူ့ရင်ခုန်သံတွေ တဒိတ်ဒိတ် တိုးရင်း မယုံနိုင်သလို အံ့ဩနေမိသေး၏။

"ဒေါက် ဒေါက်"

အခန်းတံခါး ခေါက်သံကြောင့် သူ ထိတ်ခနဲ ဖြစ်သွားကာ ရင်ခုန်သံတွေတောင် ကသောင်းကနင်း ဖြစ်ကုန်၏။

"ဘယ်သူလဲ မေမေလား"

"ဝေးပါ ကိုကို စာကျက်ရင်း အိပ်ငိုက်နေသလားလို့ ဆောရီး ဆောရီး စာကျက် အဟင်း"

မိဝေး ဆိုသည့် ကောင်မလေးအသံ ပျောက်သွားသည်။ သူ စိတ်ဆိုးရအခက်၊ ဒေါသထွက်ရအခက်နှင့် ခပ်ပြုံးပြုံးကြီး ငြိမ်နေလိုက်ရ၏။

"ဟား ဝမ်းသာလိုက်တာ ကေရီရယ်"

ခုတင်ပေါ် သူ ပစ်လှဲလိုက်ရင်း မျက်ဝန်းတွေ မှိတ်ပစ်လိုက်သည်။ အာရုံထဲမှာ ကေရီ မျက်နှာလေးက ချက်ချင်း အရိပ်ထင်လာ၏။

ဒီအပျော်တွေနဲ့တော့ ဒီည အိပ်မက်လေးက လှပနေတော့မှာ သေချာပါသည်။

အခန်း (၁၉)

ကိုမိုးအဂ္ဂရဲ့ ကုမ္ပဏီ နှစ်ပတ်လည် ပွဲလေးကို ကေရီလည်း သွားမည်ဆိုတော့ သူ မဖြစ်မနေ သွားဖို့ ဆုံးဖြတ်ဖြစ်သည်။

ကိုမိုးအဂ္ဂကလည်း တစ်ရက်ကြိုပြီး သူ့ကို ထပ်ဖိတ်သလို ဝေးကိုလည်း ဖိတ်ခေါ်သည်။ မေမေက သူ သွားဖြစ်မှ ဝေးကို လိုက်ခွင့်ပြုမည်ဆိုတော့ ဝေးနှင့်အတူပဲ သွားဖြစ်သည်။

"မေမေ မေမေ့ရဲ့ကားကိုပဲ ယူသွားမယ်နော်"

"သွားလေ သား၊ မေမေ ဘယ်မှသွားစရာမှ မရှိတာ"

မေမေ့ရဲ့ ခွင့်ပြုချက်နှင့် ပရာဒိုကားကိုပဲ ယူခဲ့သည်။ လွှမ်းအဝေးက ကြက်သွေးရောင် ခါးဟို ကိုယ်ကြပ်လေးကို အနက်ရောင် ချင်းအကျပ်လေးနှင့်ပဲ ရိုးရိုးလေး ဝတ်ထားသည်။

လွှမ်းအဝေး မျက်နှာနုနုလေးနှင့် အရပ်မြင့်မြင့်လေးကတော့

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဝတ်ဝတ် လှပနေတာပဲ ဖြစ်၏။

ကိုမိုးအင်္ဂရဲ့ ကုမ္ပဏီ နှစ်ပတ်လည် ညစာစားပွဲလေးက ဟိုတယ် ကြီးရဲ့ စားသောက်ခန်းမမှာ ကျင်းပတာ ဖြစ်သည်။ ကားပါကင်မှ ကေရီရဲ့ ကားကို တွေ့လိုက်ကတည်းက ကေရီ ရောက်နေပြီဟု သိသည်။

သူနှင့် လွှမ်းအဝေး ခန်းမကြီးထဲရောက်တော့ ကိုမိုးအင်္ဂ ကိုယ် တိုင် လာရောက်နှုတ်ဆက်ကြိုဆိုသည်။

"ကွန်ကရက်ကျူလေးရှင်း ညီ၊ ကိုယ့်ပွဲလေးကို ရောက်လာ အတွက် ကျေးဇူးတင်တယ်ကွာ"

အနောက်တိုင်း ဝတ်စုံနှင့်စမတ်ကျလှန်းနေသော ကိုမိုးအင်္ဂ သူ လက်ဆွဲနှုတ်ဆက်လိုက်မိသည်။

"ကျေးဇူးတင်ပါတယ် ကိုမိုးအင်္ဂ၊ ကျွန်တော်လည်း ကိုမိုးအင်္ဂ အောင်မြင်မှုတွေအတွက် ဂုဏ်ယူပါတယ်ဗျာ"

"သင့်ခယူ သင့်ခယူ ညီ ဝေး လာလေ၊ လွတ်လွတ်လပ်လပ် စားသောက်ကြပါနော်၊ ဒီ ညစာစားပွဲက ကုမ္ပဏီ ဝန်ထမ်းတွေ မပါ သီးသန့်ပွဲပါ၊ ကိုယ့်ရဲ့အရင်းနှီးဆုံး မိတ်ဆွေတွေပဲ ဖိတ်တာပါ၊ ကုမ္ပဏီ ဝန်ထမ်းတွေနဲ့ ပါတနာတွေကို မနက်က တစ်ပွဲတစ်သီးသန့် စီစဉ်ပေးပြီး ပြီ"

စားပွဲဝိုင်း တစ်ဝိုင်းမှာ ကိုမိုးအင်္ဂက သူတို့ကို နေရာချပေးသည်။ သူ့မျက်ဝန်းတွေက တစ်စုံတစ်ယောက်ကို ရှာဖွေနေတော့ ကိုမိုးအင်္ဂက



ပြုံးရင်း

"ကေရီကို ရှာနေတာလား ညီ၊ တေဘယ်လ် တူးမှာ သူတို့ မိသားစု ရှိပါတယ်၊ ခဏလေး ကိုယ် ပြောလိုက်မယ် ဟုတ်လား၊ သုံး ဆောင်ကြဦး"

ကိုမိုးအင်္ဂ ပြောပြီး နှုတ်ဆက်ထွက်သွားသည်။ လွှမ်းအဝေးက သူ့ကို မျက်စောင်းလေး ထိုးကြည့်သည်။

"ကိုကိုကလည်း ဟန်မဆောင်နိုင်အောင်ပဲနော်"

"ဟာ ငါ့ဘာသာ ညစာစားပွဲထဲမှာ အသိများ ရှိမလား ကြည့်တာ ပါ"

"မဖြစ်နိုင်တာ ဒီပွဲမှာ ကိုကို့အသိမိတ်ဆွေ ရှိမလား၊ မမကေရီ ကိုကြည့်ရင် ကြည့်တယ်ပေါ့၊ ဟော ဟိုမှာ ကြွတော်မူလာပါပြီ"

လွှမ်းအဝေး ပြောတော့မှ သူတို့ စားပွဲဝိုင်းကို လျှောက်လာ သော ကေရီကို တွေ့လိုက်သည်။

အဖြူရောင် ဇာဝတ်စုံလေးနှင့် ချပ်ချပ်ရပ်ရပ်လေး ကေရီ လှလွန်းနေသည်။ ရွှေအိုရောင် ဆံနွယ်တွေကတော့ ဖက်ရှင်တစ်မျိုး ပြောင်းနေပြီ။ အခုလို အညိုရောင်သမ်းကာ အဖြောင့်ဆံပင်တွေက ဖန်းသာသာလေးပဲ ရှည်သည်။

ဝင်းမွတ်မွတ် မျက်နှာလေးက ကာလာရောင်စုံတွေနှင့် ပိုပြီး လှပသွားသလိုပါပဲ။

ဆင်ယင်ထားသော ရတနာတွေကလည်း စိန်တွေပဲဖြစ်ကာ

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင် ဒေါက်မြင့်ဖိနပ်လေးမှာတောင် ကျောက်ပွင့်တွေ စီထား... မို့ ခြေလှမ်းတစ်ချက် လှမ်းတိုင်း ပြိုးပြက် ဝင်းလက်သွား၏။

အားလုံးထဲမှာ အလှဆုံးဖြစ်အောင် ကေရီ တမင် ပြင်ဆ... ထားသလားလို့တောင် ထင်ရ၏။ လွှမ်းအဝေးတောင် ကေရီ အလှ... ငေးငေးလေး နစ်မျောလို့ နေသည်။

"ယူတို့ မောင်နှမ ရောက်နေတယ်လို့ ကိုမိုးပြောလို့"

"ဟုတ်တယ် ကေရီ၊ ကိုယ်တို့ အခုပဲ ရောက်တာ"

ကေရီ လှလှပပလေး ပြုံးကာ လွှမ်းအဝေးဘေးက ထိုင်ခုံ... ကပ်ထိုင်သည်။ ထိုအခိုက်မှာပဲ ကိုမိုးအဂ္ဂ သူတို့ဝိုင်းကို ပြန်ရောက်လာ... သည်။

"စားကြလေ ကိုယ်လည်း ဧည့်သည်တွေ ဧည့်ခံနေတာ... မစားဖြစ်သေးဘူး။ ဒီမှာပဲ တစ်ဝိုင်းတည်း စားတော့မယ်၊ ညီ စားနေ... ကေရီကော"

"ကေရီ စားပြီးပြီ ကိုမိုး"

"အိုကေ ဒါဆို ဝေး စားနော်၊ ညီ သုံးဆောင်ပါ"

ပြောရင်း ကိုမိုးအဂ္ဂ သူ့ဘေးက ထိုင်ခုံမှာ ဝင်ထိုင်ပြီး ထမင်း... ကို လှမ်းယူစားသည်။ ကြက်အသည်းအမြစ် ပန်းကန်ထဲက အသည်း... တစ်ဖတ်ကို ခပ်ယူကာ ဝေး ပန်းကန်ထဲ လှမ်းထည့်ပေးသည်။

"ဝေး အားပါးတရ ထည့်စားနော်"

"စိတ်ချ မစားမှာ မပူနဲ့ ကိုအဂ္ဂ၊ ဝေးတို့က အဝစားမှာ...



...င်း ဟင်း"

ဝေး ရယ်ဟဟလေး ပြောရင်း ကိုမိုးအဂ္ဂထည့်ပေးသော ...သည်းတုံးကို ခက်ရင်းနှင့်ထိုးကာ ပလုပ်ပလောင်း စားနေသည်။

ကိုမိုးအဂ္ဂ ဝေးကို ငေးကြည့်ရင်း ပြုံးနေတော့ ကေရီ နှုတ်ခမ်း... တွန့်ပြုံးရင်း ဟင်းပန်းကန်ထဲက အသည်းအမြစ်တစ်တုံးကို ခပ်ယူ... သူ့ပန်းကန်ထဲ လှမ်းထည့်ပေးသည်။

ကေရီ အပြုအမူကြောင့် သူ အံ့ဩမိသလို လွှမ်းအဝေးနှင့် ...အဂ္ဂရှေ့မှာမို့လည်း မျက်နှာကြီးနီ ရှက်သွားမိ၏။

"စားလေ မင်းမူ၊ ယူ့ကို ဧည့်ခံပြုစုမယ့်သူ မရှိလို့ ကေရီက ...ည့်ပေးတာ အဟင်း ဟင်း"

ကေရီကတော့ လွင်လွင်ကလေးပဲ ရယ်နေသည်၊ လွှမ်းအဝေး ...ာ့ မျက်လွှာလေးပင့်ကာ ကြည့်နေသည်။

"ဩော် ဝေး မင်းပြန်ရင် ကိုယ့်ကုမ္ပဏီက လက်ဆောင်ပစ္စည်း... ပေးလိုက်ချင်လို့ စောင့်ဦးနော်"

"ကောင်းတာပေါ့ ကိုအဂ္ဂရဲ့၊ စားလည်းစား၊ လက်ဆောင်တွေ ...ည်း ရတဲ့ပွဲမျိုးကို ဝေးတို့ လာချင်တာ အဟင်း ဟင်း"

"မိဝေး ပြောင်နောက်နောက်နဲ့ ဘာဖြစ်နေတာလဲ"

"နေပါစေ ညီ၊ ကိုယ်က အဲဒီလို ပွင့်ပွင့်လင်းလင်း ပျော်ပျော် ...င် နေတဲ့ ဝေးရဲ့ပုံစံလေးကို သဘောကျတာကွ၊ ရိုးသားပွင့်လင်းတာ ...ာင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝေးကို သူ ဟန့်သလို တားမြစ်တော့ ကိုမိုးအဂ္ဂက ပြုံး

ဝင်ပြောသည်။ ကေရီက စားပွဲဝိုင်းက ထရပ်ရင်း

"ကေရီကို ခွင့်ပြုဦး ကိုမိုး၊ မာမိတို့ မျှော်နေတော့မယ်

နောက်တစ်ပတ်ကျရင် ကေရီတို့ ဆုံရအောင်နော်"

"ဩော် အင်း ကိုယ် ကေရီတို့ ကျောင်းကို လာခဲ့ဦးမယ်

"အင်း မင်းမှ ဖုန်းဆက်လိုက်လေ၊ ကဲ ခွင့်ပြုဦး

ကို ခွင့်ပြုဦးနော်"

"ဟုတ်ကဲ့ မမ"

ကေရီ စားပွဲဝိုင်းက နှုတ်ဆက်ပြန်သွားတော့ သူတို့ သုံး

ပဲ ကျန်ရစ်ခဲ့သည်။ ကိုမိုးအဂ္ဂက သူ့ကို ပြုံးပြုံးလေး ကြည့်နေ

"ညီ မင်းနဲ့ကေရီတို့ အဆင်ပြေနေပြီလား"

"ဗျာ ဟို အဲ ဒီလိုပါပဲ အစ်ကို"

"အင်း မင်းတို့ အဆင်ပြေပါစေလို့ အစ်ကို ဆုတောင်း

တယ်၊ ကဲ ဝေး ခဏလေးစောင့်နော်၊ ဝေးကို ပေးမယ့် လက်ဆော

ကိုယ်သွားယူလိုက်မယ်"

ကိုမိုးအဂ္ဂ စားပွဲဝိုင်းက ထထွက်သွားတော့ လွှမ်းအဝေး

မေးခွန်းထုတ်လာပြန်၏။

"ကိုကို မမကေရီနဲ့ ကိုကို့အခြေအနေက ဘယ်လိုလဲ"

"နင်က ဘာလုပ်မလို့လဲ"

"သိချင်လို့ မေးတာပေါ့"



"အေး ငါနဲ့ကေရီ အဆင်ပြေနေပြီ"

"ဟင် တကယ်"

မေးပုံက မယုံကြည်သလို မျက်နှာနှင့်မို့ သူ့မျက်နှာကို ခပ်မော့

လေး ပြုလိုက်ရင်း

"နင့်ကို ညာစရာလား၊ ဟိုတစ်နေ့ကပဲ ငါ့ကို ဖုန်းထဲက အဖြေ

ပြီ"

ဝေး ဘာမှဆက်မမေးတော့ဘဲ ငေးငေးလေး သူ့ကို ကြည့်နေ

ည်။ သူ ကျေကျေနပ်နပ်လေး ပြုံးလိုက်ရင်း

"ကေရီကို ငါ သိပ်ချစ်တယ် ဝေး၊ ငါ့ သူ့ကိုပဲ လက်ထပ်မှာ"

ရင်ထဲက ခံစားချက်အတိုင်း သူ ဆိုမိတော့ ဝေးဆီက မင့်သက်

သံကြားသည်။ သူ့အတွက် ဝေး တစ်စုံတစ်ခုကို စိုးရိမ်ပူပန်နေသည်

တကယ်ဆို ကေရီအပေါ် သူလည်း စိုးရိမ်နေမိတာပဲ ဖြစ်သည်။

ရဲ့ အချစ်က ယုံကြည်ရမည်လား။ ထိုအတွေးတွေနှင့် သူ ဘယ်

ချိန်ထိ ရင်မောနေရမည်လည်း မသိပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ဝေး ရင်ထဲမှာ ကိုကိုနှင့်ပတ်သက်ပြီး ခံစားခဲ့ရတာ
ဝေဒနာတွေကို ဘယ်သူသိနိုင်မှာတဲ့လဲ။

ကိုအဂ္ဂရဲ့ ညှော်ခံပွဲနေ့က ကိုကို ပြောခဲ့သော စကား
ဝေး ရင်ထဲမှာ စူးစူးနစ်နစ် ခံစား ကျန်ရစ်ခဲ့သည်။

"ကောင်ကို ငါ သိပ်ချစ်တယ် ဝေး။ ငါ သူ့ကိုပဲ လက်ထပ်

ကိုကို ဆိုခဲ့သော စကားတွေက ဝေး နားထဲမှာ ပဲ့တင်
ကိုကို့မှာ ချစ်သူ ရည်းစားတွေ အများကြီး ရှိခဲ့တာ ဝေး အသိ
အရင်ကတော့ ကိုကို ရည်းစားတွေ ထားတာကို ဝေး မခံစားတတ်

ကိုကို ရည်းစားတွေ ထားတာ မဆန်းသော အရေးကိစ္စ
လိုပဲ ရှိခဲ့၏။ အသက်လေးနှစ်ကျော် ကွာသော ဝေးနှင့်ကိုကိုသည်
သားရင်းချာတွေ မဟုတ်တာ ဝေးအတွက် ထူးဆန်းသော အခြေ
မဟုတ်ခဲ့ပါ။





ဝေး အလယ်တန်း ကျောင်းသူဘဝမှာပဲ ကိုကိုသည် တက္ကသိုလ်
ောင်းသားကြီး ဖြစ်နေခဲ့၏။ ကိုကို့ရဲ့ ရှင်းသန့်ချောမောသော ရုပ်သွင်
ှင့် မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေချိန်မှာ ဝေး နှလုံးသားက
ရောင်လေးပါပဲ။

ကိုကို့ရဲ့ ကျောင်းလွယ်အိတ်တွေကို ဝေး မွှေကြည့်ရင်း တွေ့
သော ရည်းစားစာတွေနှင့် ဓာတ်ပုံတွေကို ဝေး ရယ်စရာတစ်ခုလိုပဲ
ာ သတ်မှတ်ခဲ့တာ ဖြစ်သည်။

"ဟီး ဟိ ခစ် ခစ် ဟား ဟား"

"ဟာ မိဝေး ဘာဖြစ်နေတာလဲ၊ ဘာတွေ သဘောကျ ဟင်
ည့်စမ်း ဒါ ဘာလုပ်တာလဲ"

"ခစ် ခစ် ကိုကို့စာအုပ်ကြားထဲက ရည်းစားစာလေ၊ တကယ်
ရတယ် ခစ် ခစ်"

"ဟာ ဒီကောင်မလေး ငါ ခေါင်းထုလိုက်ရ"

ကိုကို့ကောင်မလေးတွေ ပေးသော ရည်းစားစာတွေ ဖတ်ပြီး
ရယ်မိတော့ ကိုကို မျက်နှာကြီး နီကာ လိုက်လုသည်။ ဝေး ထွက်
ပြေး ကိုကို စိတ်ဆိုးအောင် ပြောင်ရစရတာကိုပဲ ပျော်စရာဟု သဘော
ခဲ့သည်။

ကိုကို ဘယ်လောက်ပဲ ဖွက်ထား ဖွက်ထား မရရအောင်
ရှာ မွှေနှောက်ပြီး တွေ့အောင် ဓာတ်ပုံတွေကို ဝေး ဘောပင်နှင့်
ဆွဲပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟာ မိဝေး ဒီခေတ်ပုံကို နင် ဘာလုပ်လိုက်တာလဲ၊ သွား ပြီကွာ''

''မျက်လုံးက ဝိုင်းဝိုင်း၊ နှာခေါင်းက လုံးလုံးနဲ့ ယုန်မလေး တူလို့ နှုတ်ခမ်းမွေး တပ်ပေးထားတာလေ ကိုကိုရဲ့''

''တောက် နင်တော့ ငါကွာ လုပ်မိတော့မယ်''

''အား မေမေရေ ကယ်ပါဦး''

''ဟာ ဘာမှ မလုပ်ရသေးဘူး၊ ရှူး တိုးတိုး မေမေ ကြား ဦးမယ်''

''ကိုကို ခေါင်းကို ခေါက်မှာမဟုတ်လား၊ မေမေ့ကို တိုင် မှာနော်၊ ကိုကို့လွယ်အိတ်ထဲမှာ ကိုကို ရည်းစားစာတွေ ဓာတ်ပုံ အများကြီးလို့''

''သွားမပြောရဘူးလေ ညီမလေးရဲ့၊ ရော့ ဒီမှာ ချောကလက် စား၊ ညီမလေးက လိမ္မာတယ် ဟုတ်လား''

မေမေနဲ့တိုင်မှာ ကြောက်ပြီး ကိုကို ဝေးကို ချော့မော့ပြီး တွေ ကျွေးတာကို သဘောကျခဲ့မိသည်။

ကိုကို ရည်းစားတွေ ဘယ်လောက်ထားထား ဝေး စိတ် ထူးခြားသော လှုပ်ခတ်မှု မဖြစ်ခဲ့ပါ။ ဝေး ဆယ်တန်းနှစ်ရောက်ချေ ကိုကိုလည်း ရည်းစားတွေ မှိုလိုပေါက်နေပြီ။

''ကိုကို ဘာလို့ ရည်းစားတွေ အများကြီး ထားတာလဲဟင်''

''နင်က ဘာလို့ မေးတာလဲ''

BURMESE CLASSIC .com



''သိချင်လို့ပေါ့၊ တစ်ယောက်ပြီး တစ်ယောက်ထားပြီးတော့ ဟုတ်တာလည်း မဟုတ်ဘူး၊ တစ်ယောက်ပြောင်းပြန်ရော''

''ဟ ပျင်းလို့ ထားတာပေါ့၊ တစ်ယောက်တည်းဆို ပျင်းစရာ''

ကိုကို ပေါ့ပေါ့ပါးပါးပဲ ဖြေတော့ အလေးမထားခဲ့ပါ။ ဒါပေမဲ့ ရဲ့ နှလုံးသား ဖြူဖြူလေးကတော့ အရောင်ပြောင်းတတ်ခဲ့ပြီ။

''ဝေး ယောက်မ နင့်ကိုကိုနဲ့ ငါတို့ကို မိတ်ဆက်ပေးဟယ်''

''နင့်ကိုကိုက အရမ်းချောတာပဲ၊ ရည်းစားတွေလည်း အများ ဆို''

သူငယ်ချင်းတွေက ကိုကိုနှင့် ပတ်သက်ပြီး ပြောလာတိုင်း ရင်ထဲက အလိုမကျခဲ့ပါ။ ကိုကိုသည် ဝေးရဲ့ အစ်ကိုရင်းချာ တာကို မသိကြသော သူငယ်ချင်းတွေကတော့ ဝေး ရင်ထဲကို နိုင်ကြမှာ မဟုတ်ပါ။

ဝေးရဲ့ နှလုံးသားမှာ ကိုကိုသည် ကြီးမားသော သံယောဇဉ် နှင့် နှောင်တွယ်ခဲ့တာမို့ ကိုကို ရည်းစားတွေ ဘယ်လောက်ထားထား ဝန်တိုခြင်း မဖြစ်ခဲ့ပါ။

မေမေကလည်း ဝေးကို တိုးတိုးတိတ်တိတ် ဆုံးမစကား ဆိုခဲ့ ဝေးနှင့် ကိုမိုးအဂ္ဂ တတွဲတွဲနှင့် နေတာကို မေမေ မကြည်ဖြူနိုင်ခဲ့။

''သမီး မေမေ မေးတာ အမှန်အတိုင်း ပြောနော်၊ သမီးရဲ့ ကိုမိုးအဂ္ဂ အခြေအနေက ဘယ်လိုလဲ''

www.burmeseclassic.com

www.burmeseclassic.com



"အာ မေမေကလည်း မေးပြန်ပြီ၊ ကိုကိုကလည်း ဒီစကား
မေးနေလို့ ပြောပြီးပြီ၊ ဝေးနဲ့ ကိုအဂ္ဂ ဘာမှမဖြစ်ပါဘူး"

"မေမေ မေးတာ အကြောင်းရှိတယ် သမီး၊ သမီးကို မေ
စိုးရိမ်လို့ပဲ၊ မေမေက သမီးရဲ့ အနာဂတ်အတွက် ရည်ရွယ်ထား
ရှိတယ်၊ မေမေ မရှိရင် မေမေတို့ မိသားစုလေးဘ၀ စုစုဝေးဝေး
ရှိစေချင်တာ"

မေမေ့စကား ဆိုလိုရင်းကို ဝေး နားလည်လိုက်ချိန်မှာ
ရင်ထဲမှာ ကျေနပ်ကြည်နူးခြင်းတွေ ဖြစ်ခဲ့ရ၏။ မေမေ့ဆန္ဒက ဝေး
ကိုကို့ကို ရည်ရွယ်ထားသည်ပေါ့။

ဝေးကလည်း ကိုကို့ကိုပဲ အရောင်ပြောင်း ချစ်နေခဲ့တာမို့ မေ
စကားကို ခေါင်းလေးညိတ်မိ၏။

ကိုကို့နဲ့ဝေးဆိုတာ သွေးသားရင်းချာတွေမှ မဟုတ်ခဲ့တဲ့၊ မေ
မရှိချိန်မှာ ကိုကို့နဲ့ဝေးကို မေမေ စိတ်ချထားစေချင်မှာ နားလည်ပါသည်

"အခုချိန်မှာ သမီးလည်း ပညာရေး တစ်ဖက်နဲ့ သားလည်း
ဘွဲ့မရသေးလို့ မေမေ ဘာမှမပြောဖြစ်သေးတာ"

"ဟို ဒီကိစ္စကို ကိုကိုကော သိထားပြီလား မေမေ"

"ဟင့်အင်း မေမေ မပြောရသေးပါဘူး၊ ဘယ်သူ့ကိုမှ မပြော
နေနေတာ၊ သမီးကြောင့် စိုးရိမ်ပြီး ပြောတာ၊ သားက မေမေ့စကား
မပယ်ရှားဘူးဆိုတာ ယုံတယ်"

မေမေ ယုံကြည်စွာ ဆိုခဲ့ပေမယ့် အခုတော့ ကိုကိုက မေ





ကေရီရဲ့အလှမှာ ငြိတွယ်သွားခဲ့ပြီ။ မမကေရီကိုပဲ ဘ၀တစ်ခုလုံးအတွက်
ကိုကို ရည်ရွယ်ထားသည်တဲ့။

ဝေး ရင်ထဲမှာ ဝမ်းနည်းခံစားလိုက်ရတာ ကိုကို့ရယ်။

မမ ကေရီကိုမှ ကိုကို ဘာလို့ ဒီလောက်အထိ ငြိတွယ်သွား
ရတာလဲ။ မမ ကေရီရဲ့ အလှကြောင့်လား၊ ပြည့်စုံချမ်းသာမှုတွေကြောင့်
လား။ ဝေး တွေးရခက်ပါသည်။

တကယ်ဆို ဝေးအပေါ်မှာ ကိုမိုးအဂ္ဂ အရိပ်အယောင်တွေ
ပြနေတာကိုလည်း ဝေး သိပါသည်။ ငြင်းပယ်စရာ မလိုအောင်လည်း
ကိုမိုးအဂ္ဂက အစစအရာရာ ပြည့်စုံသူဆိုတာ ဝေး နားလည်သည်။

ဒါပေမဲ့ ဝေး ရင်ထဲက အချစ်က ကိုကို့အတွက်ပါပဲ၊ ဘယ်အရာ
မှ မလိုအောင် အချစ်တစ်ခုတည်းနဲ့ ဝေး ကိုကို့ကို မျှော်လင့်ခဲ့တာပဲ
ဖြစ်သည်။

တခြားသော မိန်းကလေးတွေအပေါ်မှာ ကိုကို့စိတ်က အပျော်
သဘော ထားခဲ့သလို မမ ကေရီအပေါ်မှာလည်း ဒီလိုပဲ သဘောထား
မည်ဟု ဝေး ထင်ခဲ့တာ မှားယွင်းနေသည်လား။

ကိုကို့ရယ် ဝေး ရင်ထဲကို တစ်ချက်လောက် မြင်ကြည့်စမ်းပါ။

■ ■ ■



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

BURMESE CLASSIC .com

ဝေးရဲ့ ကျောင်းဝင်းထဲအထိ ကိုအဂ္ဂ ရောက်လာခြင်းအတွက် ဝေး အံ့သြခြင်းတော့ မဖြစ်မိပါ။ ဒါပေမဲ့ ကြည်ပြာတို့တွေကတော့ အံ့သြထူးဆန်းသွားကြသည်။

ဘာလဲ၊ ဘယ်လိုလဲ ဆိုသော အကြည့်တွေနှင့် ဝေးကို ဝိုင်းကြည့်နေသော သူငယ်ချင်းတွေ မျက်လုံးတွေကို ဝေး ဥပေက္ခာပြုထားရင်း ကိုအဂ္ဂနှင့် ကင်တင်းနံကို လိုက်ခဲ့သည်။

"ဝေး ဘာစားမလဲ၊ ကိုယ် ကျွေးမယ်လေ"

"ဟင့်အင်း ဘာမှမစားပါဘူး၊ ကိုအဂ္ဂ စားချင်တာ စားပါ ဝေး ကျွေးမှာပေါ့၊ ဝေးဆီလာလည်တာပဲဟာ"

"အင်း ဒါဆိုလည်း ကင်တင်းထိုင်ပြီး တစ်ခုခု စားကြရအောင်ကွာ"



ကင်တင်းထဲ ဝေးတို့ရောက်ခဲ့တော့လည်း အားလုံးရဲ့ အကြည့်တွေက ကိုမိုးအဂ္ဂဆီ စုပြုသွားခဲ့သည်။ ဒီအချိန်ထိ ဘယ်ယောကျ်ားလေးနှင့်မှ မပတ်သက်ဖူးသော လွှမ်းအဝေးနှင့်ပတ်သက်လျှင် အားလုံးဟာ ...တ်ဝင်စားကြသည်။

တည်ကြည်ရှင်းသန့်သောအသွင်နှင့် ကိုမိုးအဂ္ဂရဲ့ စတိုင်ကြောင့် ...ည်း ဖြစ်နိုင်သည်။

ကိုမိုးအဂ္ဂက ဆီချက်နှစ်ပွဲ မှာသည်။ ပြီးတော့ ကျောင်းဝင်းထဲ ...ကို မျက်ဝန်းတွေ ဝေ့ဝဲကြည့်ရင်း

"အင်း ဒီနေရာလေးကို ပြန်ရောက်တော့ ကိုယ်တို့ ကျောင်းသားဘဝလေးကို ပြန်သတိရတယ်"

"အဟင်း ဘာလဲ ကိုအဂ္ဂမှာ ရည်းစားဟောင်းတွေ ရှိခဲ့လို့ ...သား"

ဝေးစကားကြောင့် ကိုအဂ္ဂ ပြုံးပြုံးလေး ကြည့်ကာ ခေါင်းကို ...ခါသည်။

"အဲဒီတုန်းက ပညာရေးက လွဲပြီး ကိုယ့်ခေါင်းထဲမှာ ဘာမှမရှိခဲ့ဘူးကွ၊ ဒီမှာ အင်ဂျင်နီယာဘွဲ့တစ်ခုရတော့ အမေရိကားမှာ ဒယ်ဒီတို့က ပညာထပ်သင်ခိုင်းတယ်၊ အဲဒီမှာ သုံးနှစ်သင်ပြီးတော့မှ မြန်မာပြည် ...ပြန်ရောက်ခဲ့တာ"

ကိုအဂ္ဂ ပြောတာတွေ နားထောင်ရင်း ဝေး ခေါင်းလေး တညိတ်ညိတ် ငြိမ်သက်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီရောက်တော့ ဒယ်ဒီရဲ့ ကုမ္ပဏီကို ကိုယ် ဦးစီးရတယ်၊ ဒယ်ဒီရဲ့ ကုမ္ပဏီအပြင် ကိုယ် နောက်ထပ် ကုမ္ပဏီတစ်ခု ထပ်တည်ထောင်ဖြစ်တယ်၊ ဟိုတစ်နေ့က ဝေးတို့ကို ဖိတ်တဲ့ပွဲက ကိုယ့်ကုမ္ပဏီရဲ့ နှစ်ပတ်လည်ပြည့်ပွဲလေ"

"ကိုအဂ္ဂက စီးပွားရေး လောဘကြီးလိုက်တာနော်"

"အဟွန်း လောဘကြီးတယ်လို့ ဝေး ထင်တာလား၊ ကိုယ်က ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်တဲ့ ဖွဲ့ထားတာပါ"

"အင်း ကိုအဂ္ဂရဲ့ အရည်အချင်းကို ဝေး ချီးကျူးပါတယ်"

ဝေး စကားကြောင့် သူ ကျေကျေနပ်နပ် ပြုံးရင်း စားပွဲထိုးလေး ချပေးလာသော ဆီချက်တွေကို စားနေသည်။ ဝေးလည်း မစားချင်ပေမယ့် မှာထားသော ဆီချက်ပွဲကိုပဲ တို့ကနန်း ဆိတ်ကနန်း စားနေလိုက်၏။

"ဝေး ဆီချက် မကြိုက်ဘူးလား ဟင်"

"ကြိုက်ပါတယ် ဒါပေမဲ့၊ မနက်ကပဲ ထွက်စားထားလို့ သိပ်မဆာဘူး၊ အခုတောင် ကိုအဂ္ဂကို အားနာလို့ လိုက်လာတာ"

"ဝေးက တကယ် ရိုးသားတယ်၊ မညာတတ်ဘူး၊ အဲဒီစိတ်လေးကိုပဲ ကိုယ် သဘောကျတာ၊ ဟန်မဆောင်တတ်တဲ့ ကောင်မလေးလေ"

ကိုမိုးအဂ္ဂ စကားကြောင့် ဝေး ပခုံးလေး တွန့်ကာ ပြုံးမိသည်။ ဝေးက ဟန်မဆောင်တတ်ဘူးတဲ့လား။ ဝေး ဟန်မဆောင်တတ်တာ ဘယ်သူမှ မသိလို့ပါ။ ကိုကို ကိုယ်တိုင်လည်း မသိခဲ့ပါဘူး။

"ဒါနဲ့ ဝေး အစ်ကို သင့်မင်းမူကော စာမေးပွဲနီးလို့ စာတွေ



ကျက်နေပြီထင်တယ်"

"ကိုကိုလား၊ အင်းလေ ကိုကိုတို့ စာမေးပွဲတွေ နီးနေပြီ"

"ဟုတ်လား အင်း ကေရီလည်း နောက်တစ်ပတ်ထဲ စာမေးပွဲ ဖြေရမယ် ကြားတယ်၊ မနေ့ကပဲ ကိုယ် သူ့အိမ်ရောက်ခဲ့သေးတယ်"

ကေရီ နာမည်ကြားတော့ ဝေး အပြုံးလေးတွေ မှေးမှိန်သွားသည်။ မမျိုသိပ်နိုင်သော မေးခွန်းလည်း နှုတ်က ထွက်ကျသွား၏။

"ကိုကိုနဲ့ မမကေရီ ကြိုက်နေကြပြီလားဟင် ကိုအဂ္ဂ"

"ဟင် ဝေး မသိဘူးလား၊ ဝေး အစ်ကိုက ဘာမှမပြောဘူးလား"

"ဟင့်အင်း မပြောပါဘူး၊ ဝေးလည်း မမေးဖြစ်ပါဘူး"

ဝေး ညာမိပြန်သည်၊ ဒါပေမဲ့ ကိုအဂ္ဂက ယုံကြည်သွားပုံရသည်၊ ခေါင်းလေးညိတ်ကာ

"အင်း ကိုယ်ထင်တာတော့ ကေရီနဲ့ သင့်မင်းမူ ချစ်နေကြပြီ ထင်တယ်"

ဝေး မျက်နှာလေး ညှိုးသွားတော့ ကိုအဂ္ဂ သတိထားမိသွားပုံရ၏။

"ဝေး ဘာဖြစ်တာလဲ"

"ဟင် ဘာမှမဖြစ်ပါဘူး ကိုအဂ္ဂ"

"မညာတတ်ဘဲ မညာပါနဲ့ ကောင်မလေးရဲ့၊ မင်း တစ်ခုခုဖြစ်သွားတာ ကိုယ် သိတယ်၊ ဘာလဲ မင်းအစ်ကိုအတွက် မင်း စိုးရိမ်နေ

www.burmeseclassic.com

www.burmeseclassic.com



သလား''

''ဟင် ဝေးက ဘာကို စိုးရိမ်ရမှာလဲ''

''ဝေး မသိဘူးလား၊ ကေရီက ရည်းစားများတယ်၊ ဒါပေ အပျော်တွဲတာတွေချည်းပဲလေ၊ မင်း အစ်ကိုကိုလည်း အပျော်တွဲ စိုးရိမ်နေသလားလို့''

ဝေး ပခုံးလေးတွန့်ကာ ပြုံးမိသည်။ ကိုကိုနှင့် မမကေ အပျော် တွဲကြတာဆိုလျှင် ဝေးအတွက် ပိုကောင်းတာပေါ့။ ကိုအ ပြောသလို ဖြစ်ပါစေလို့တောင် ဝေး ဆုတောင်းနေမိတာလေ။

''မင်းမူလည်း ကေရီအကြောင်း သိမှာပါ၊ မင်း စိတ်ပူမနေ ဟုတ်လား''

''ဟင့်အင်း မပူပါဘူး၊ ဝေး ခေါင်းထဲမှာ အလေးကြီး မထား တတ်ဘူး''

''ကောင်းတယ် မင်းရဲ့မျက်နှာလေးက ဖြူစင်တယ်၊ မင် စိတ် ဓာတ်လေးက ရိုးသားတယ်၊ ကဲ ကိုယ်တို့ဒီတစ်ပတ် တင်းန ကစားဖြစ် ဦးမှာလား''

''ဟင့်အင်း ဝေး စာမေးပွဲ နီးနေပြီ၊ ဒီရက်တွေတော့ စာကျက် မှ ဖြစ်မှာ''

''အိုကေ အိုကေ ဒါဆို ကိုယ် မလာတော့ပါဘူး၊ မင်း စာမေး ပြီးမှပဲ ပြန်ဆုံကြတာပေါ့နော်''

ဝေးကို နားလည်သလို ကိုအဂ္ဂဆိုသည်။ ကြည်လင်သော မျက်



ဝန်းတွေထဲမှာ ဝေးအပေါ် ထားရှိသော သူ့ခံစားမှုတွေကို ဝေး မြင်သိနေ ပေမယ့် မသိကျိုးကျွံ နေလိုက်ပါသည်။

ကိုအဂ္ဂ နှုတ်ဆက်ပြန်သွားတော့ ဝေး အတန်းထဲ ပြန်ခဲ့သည်။ ဝေး ကြိုတင် မျှော်လင့်ထားသည့်အတိုင်း သူငယ်ချင်းတွေ၏ တရစပ် မေးခွန်းတွေကို ရင်ဆိုင်ရတော့သည်။

''ဝေး ဘာလို့ လျှို့ထားတာလဲ ပြောစမ်း၊ အဲဒါ ဘယ်သူလဲ''

''ဒီကောင်းက မဟုတ်တာတော့ သေချာတယ်၊ စမတ်ကတော့ အပြည့်ပဲ၊ နင် ဘာ့ ငါတို့ကို မပြောတာလဲ''

''ဝိုင်းအောမနေကြနဲ့၊ နင်တို့ သိချင်ရင် ပြောပြမယ်၊ အဲဒီ ပုဂ္ဂိုလ်က ဦးမိုးအဂ္ဂ တဲ့''

''နင်နဲ့ ဘယ်လိုသိတာလဲ ပြောဦးလေ''

ဝေး မစပ်စုအုပ်စု သိချင်တာတွေကို အားလုံး ပြောပြလိုက်ပါ သည်။ ဝေး စကားဆုံးတော့ ကြည်ပြာက

''တကယ့် ဂရိတ်ပဲနော်၊ ဝေး နင် ဒါကြောင့် ဘယ်ယောကျ်ား ကိုမှ ရင်မခုန်တာပေါ့လေ''

''အေးနော် ဝေးတို့က ကြုံလိုက်ရင် အပိုင်ပဲဟ''

''ပေါက်ကရတွေ မပြောနဲ့၊ လုံးဝ ရင်မခုန်ဘူး၊ ခင်မင်တာ သက်သက်ပဲ''

ဝေး စကားကို မယုံသလို ဝိုင်းကြည့်သည့် မျက်ဝန်းတွေကို လည်း ဝေး ဥပေက္ခာပြုထားလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ရင်မှာတစ်ယောက်ပဲ ရှိခဲ့တာပါ။ အဲဒီတစ်ယော
ကပဲ ဝေးရဲ့ နှလုံးသားကို ပိုင်စိုးနေတာ ဘယ်သူ သိကြမှာတဲ့လဲ။
ကိုကိုရယ် ကိုကိုကလွဲရင် အားလုံးက ဝေးအတွက် ဖွဲ့နဲ့ဆန်
ပါ ကိုကိုရယ်။

■ ■ ■

အခန်း (၂၂)

သူ့အခန်းတံခါးကို လာခေါက်ပြီး ဝေး လာပြောတုန်းက သူ
ကြည်ခဲ့မိပါ။ ဧည့်ခန်းထဲ ရောက်တော့မှ ကေရီကို မြင်လိုက်ရတာ
သည်။

"ဟင် ကေရီ"

သူ အံ့ဩမယုံနိုင်ခြင်းနှင့် ကေရီ နံဘေးမှာ သူ ဝင်ထိုင်လိုက်
တော့ ကေရီ ယဲ့ယဲ့လေး ပြုံးရင်း

"ယူ စာကျက်နေတာလား၊ တို့ကြောင့် အနှောင့်အယှက် မဖြစ်
ဘူးနော်"

"ဟာ မဖြစ်ပါဘူး ကေရီရယ်၊ ကေရီ ရောက်လာလို့ တို့
ကြသွားတာပါ"

"အဟင်း ဒီဘက်က သူငယ်ချင်းတစ်ယောက်အိမ် လာရင်း
ကြုံလို့ လှည့်ဝင်လာတာလေ ယူရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ဩော် နေဦး ကေရီ ဘာသောက်မှာလဲ၊ ဘာစား
တစ်ခုခုတော့ စားပါ"

"နိုး တို့ ဘာမှမစားတော့ဘူး၊ ယူနဲ့ ခြံထဲဆင်းပြီး ခဏလော
စကားပြောကြရအောင်"

ကေရီ တောင်းဆိုတော့ သူ ချက်ချင်းပဲ ဆက်တီခုံက ထ
မိ၏။ အခန်းဝက ရပ်ကြည့်နေသော ဝေးကို ကေရီက နှုတ်ဆက်ပြီး

"ဝေး စာတွေပိုင်နေပြီလား"

"အင်း ကျက်သင့်သလောက် ကျက်ပြီးပါပြီ မမ ကေရီ"

"အဟင်း ဝေးကို ဘေးအိမ်က ဖိုးဇော်လေးတို့အိမ်မှာ မ
တာ ကြာပြီနော်၊ ဘာလဲ မကစားတော့ဘူးလား"

"ဟင့်အင်း မကစားဖြစ်တာ ကြာပြီ မမရဲ့၊ ကျောင်းပိတ်
မှ ဒီကောင်တွေနဲ့ ဂိမ်းကစားရဦးမယ် အဟင်း ဟင်း"

ဝေး စကားကို ကေရီ ခေါင်းလေးညိတ် ပြုံးပြပြီး သူနှင့်အ
ခြံထဲ ဆင်းခဲ့ကြသည်။ ခရေပင်ရိပ်အောက်က ခုံတန်းလေးမှာ ထိုင်
ကြတော့မှ ကေရီ့ကို သူ မေးဖြစ်၏။

"ဒီရက်တွေမှာ ကေရီ စာကျက်တာ အနှောင့်အယှက်ဖြစ်
စိုးလို့ ကိုယ် ဖုန်းမဆက်တာ"

ကေရီ ဘာမှမဆိုဘဲ တည်တည်လေး ငြိမ်သက်နေဆဲ။ တက
ဆို ဒီရက်တွေမှာ ကေရီကပဲ သူနှင့် မဆက်သွယ်ဖို့ တားခဲ့တာ
၏။ အခုတော့ စည်းကမ်းသတ်မှတ်ခဲ့သူ ကိုယ်တိုင်က အိမ်အထိ ရော



"ယူ့ကို တို့ မေးစရာရှိလို့"

"ဟင် မေးလေ ကေရီ ဘာမေးမလို့လဲ"

မေးဆိုပေမယ့် ကေရီ မမေးသေးဘဲ သူ့ကို တစ်ချက်ကြည့်
ပြီးမှ အကြည့်တွေ ရှောင်လွှဲသွားရင်း

"လွှမ်းအဓေးဆီ ကိုမိုး အမြဲလာသလားဟင်"

ကေရီ အမေးကို သူ ချက်ချင်း မဖြေနိုင်အောင် အံ့ဩနေမိ
ဝေးနှင့်ကိုမိုးအကြောင်း ကေရီ ဘာကြောင့် မေးလာတာလဲ
းမရပါ။

"အင်း ကိုမိုးအဂ္ဂ အလုပ်ပိတ်ရက် ဆန်းဒေးဆို လာတတ်
ယ် ကေရီ၊ ဝေးနဲ့ တင်းနစ် လာကစားတာလေ၊ ဒီအပတ်တော့
ဘူး၊ ဝေး စာမေးပွဲ ရှိလို့ ထင်တယ်"

"ဝေးနဲ့ ကိုမိုး ချစ်နေကြတာလား မင်းမူ"

ဒဲ့တိုးကြီး မေးလာသော စကားကြောင့် သူတောင် မျက်နှာပူ
သည်။ ကေရီကတော့ မျက်နှာတစ်ချက် မပျက်ဘဲ တည်ငြိမ်နေခဲ့၏။

"ကိုယ် အသေအချာ မသိဘူး၊ ဘာလို့ မေးတာလဲ ကေရီ"

"သိချင်လို့ပါ၊ ကိုမိုးက အရင်ကဆို အိမ်အမြဲလာနေကျလေ၊
ရောက်ရက်နဲ့ ကေရီတို့အိမ်တောင် မလာတော့ မေးကြည့်တာ"

"အင်း ဝေးကတော့ ကိုယ်မေးဖူးတာ ဝန်မခံသေးဘူး၊ ဒါပေမဲ့
အဂ္ဂက ဝေးကို အလေးပေးနေတာတော့ ကိုယ် သတိထားမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ကေရီ နှုတ်ခမ်းလေး တွန့်ကာ ပြုံး သူမြင်၏။ ကေရီ အပြုံးက အဓိပ္ပါယ်တွေကိုတော့ သူ ခန့်မှန်းမတတ်

"အင်းလေ ကိုမိုးက ငြင်းစရာမလိုအောင် ပြီးပြည့်စုံတဲ့ ဆိုတော့ မိန်းကလေးတိုင်း ကျေလောက်တာပေါ့၊ မိန်းကလေးရှင်တွေ ကိုမိုးဆို ကြည်ဖြူလက်ကမ်းကြမှာပါ"

ကေရီ စကားတွေက ဝေး သိက္ခာတင်မကဘဲ သူနဲ့ မေ သိက္ခာကိုပါ ထိခိုက်စေတာမို့ သူ ခေါင်းခါမိရင်း

"ကေရီ ထင်သလို မဟုတ်ပါဘူး၊ ဝေးကို ကိုယ်တို့က ဥ ပြု လွှတ်မထားပါဘူး၊ ကိုမိုးအဂ္ဂနဲ့ လွှတ်လွှတ်လပ်လပ် နေတာ ကိုယ်လည်း တားတယ်၊ မေမေကလည်း သိပ်သဘောကျတာ မ ဘူး"

"အင်း ကေရီလည်း အဲဒါ သတိပေးချင်လို့ပါ"

"ဟင် ဘာလဲ ကေရီ"

"ကိုမိုးအကြောင်း မင်းမှူ ဘာသိထားလဲ"

ကေရီ အမေးစကားကို သူ မဖြေနိုင်ဘဲ မင်သက်နေသော ပြီးမှ

"ကိုယ်တို့ သိသင့်သလောက်ပဲ သိထားတာပါ ကေရီ၊ က ပိုသိမှာပေါ့၊ ဘာပြောချင်လို့လဲဟင်"

"မင်းမှူက ဝေးရဲ့ အစ်ကိုတစ်ယောက်မို့ သိသင့်တာကို ပြောပြထားချင်လို့ပါ၊ ကိုမိုးအကြောင်း ကေရီ သိထားသလောက်



သူ့မိဘတွေက သဘောတူထားတဲ့သူ ရှိတယ်"

"ဟင်"

"ဟုတ်တယ် မင်းမှူ၊ သူ့မိဘတွေက သူနဲ့ အခြေအနေ အဆင့် အန်းတူညီတဲ့ သူကို ရွေးချယ်ထားပြီးသား၊ ဒါကို သူလည်း မငြင်းနိုင် ဘူး တော်ကြာ မင်းမှူ ညီမလေး ဒုက္ခရောက်မှာစိုးလို့ တို့ ပြောပြတာ"

ဝေးအတွက် သူ စိုးရိမ်သွားမိတာ အမှန်။ တကယ်ဆို လွှမ်း သေးက ချစ်သူရည်းစား မထားဘူးတာ သူ သိသည်။ ကေရီ စိုးရိမ်စွာ ပြောနေတာပဲဟု သူ နားလည်၏။

"ကျေးဇူးတင်တယ် ကေရီ၊ ဒီကိစ္စ ဝေးကို ကိုယ် အသိပေး ပေါ့၊ ဝေးက အခုမှ ကလေးသာသာ ရှိသေးတာ၊ သူ အရွေးမမှားဖို့ တယ်"

"အဟင်း မင်းမှူက ညီမလေးကို အရမ်းချစ်တာပဲနော်"

ကေရီ သူ့ကို စူးစူးနစ်နစ်လေး ကြည့်ကာ မေးတော့ သူ ခေါင်းညိတ်တုံ့ပြန်ရင်း

"ဟုတ်တယ် ကေရီ၊ လွှမ်းအဝေးကို ကိုယ့်ညီမလေး အရင်း လို ချစ်ခဲ့တာပါ"

"ဟင် ဘယ် ဘယ်လို"

ကေရီ မျက်ဝန်းလေးဝိုင်းကာ မေးသည်။ သူနှင့်လွှမ်းအဝေးတို့ ကြောင်းတွေကို ကေရီကို အမှန်အတိုင်း ပြောပြဖို့ သူ ဆုံးဖြတ်လိုက်၏။ နှင့် ကေရီကြားမှာ နားလည်နိုင်ဖို့အတွက် ဒါလိုအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ် ကေရီ၊ တကယ်ဆို ကိုယ်နဲ့ဝေးနဲ့က မောင်
အရင်းတွေ မဟုတ်ပါဘူး၊ မေမေတို့က ကိုယ့်ကို မွေးစား စောင့်ရှေ
ခဲ့တာပါ''

သူ့စကားတွေကို ကေရီ အံ့ဩသလို ငေးစိုက်နားထောင်
သည်။ ကေရီကို သူ ချစ်ခဲ့တာ ဘဝတစ်ခုလုံးအတွက် ဖြစ်သ
ဒါကြောင့်လည်း အမှန်တရားတစ်ခုကို ရိုးသားစွာ သူ ပြောခဲ့မိ
ဖြစ်၏။

''ကိုယ့်ကို မွေးစားပြီး လေးနှစ်ကျော်ကြာမှ ညီမလေးကို မေ
တို့ မွေးခဲ့တာလေ၊ ဒါပေမဲ့ ကိုယ့်အပေါ် ·အချစ်မလျော့ခဲ့ကြဘူး။ ကို
ကလည်း ညီမလေးကို သိပ်ချစ်တယ်၊ သွေးသားရင်းချာထက် ချစ်တ
ကိုယ့်ကျေးဇူးရှင် ဖေဖေ မေမေတို့ကလည်း တစ်သက်လုံး သာတူည
ရှိခဲ့တာပါ''

''ကေရီ လုံးဝ မထင်ဘူး၊ ယူက မွေးစားသားကိုး''

''ဒါပေမဲ့ သားအရင်းအချာလိုပါပဲ ကေရီ''

''အင်း ဟုတ်မှာပေါ့၊ ကဲ ကေရီ ပြန်မယ် ယူ၊ ကေရီ ပြော
မမေ့ပါနဲ့၊ ဝေး ခံစားရမှာစိုးလို့ သတိပေးတာပါ''

''ကျေးဇူးတင်ပါတယ် ကေရီ၊ စာမေးပွဲ နောက်ဆုံးနေ့ကျ
ကိုယ်တို့ ဆုံရအောင်နော်''

''အင်း တို့ ပြန်မယ်''

ကေရီ နှုတ်ဆက်ပြီး ပြန်တော့ သူ ကားနားအထိ လိုက်ပို့





ည်။ ခြံတံခါးဝက ကေရီ ကားလေး ပျောက်ကွယ်သွားပေမယ့် သူ့ရင်
ာ ကိုမိုးအဂ္ဂနှင့်ပတ်သက်သည့် အကြောင်းတွေက တင်းကြပ်စွာ
န်ရစ်ခဲ့၏။

ဝေးကိုတော့ သတိပေးဦးမှ ဖြစ်မှာပါ။

■ ■ ■

သူ ပြောသမျှ ဝေး တွေတွေငေးငေးလေးပဲ နားထောင်နေ
ည်။ မျက်နှာပေါ်မှာတော့ ထူးထူးခြားခြား ပြောင်းလဲသွားတာမျိုး
 သူ ခန့်မှန်းရခက်အောင် ဝေး အမူအရာတွေ တည်ငြိမ်လွန်းနေ
။

''ဝေး ငါပြောတာ သဘောပေါက်လား''

''အင်း''

ပါးစပ်ကသာ အင်းအသံထွက်နေတာ မျက်လုံးတွေက တီဗီ
ားပြင်မှာပဲ အာရုံရောက်နေကြသည်။ သူ ပြောနေတာကို အလေး
 က် ထားသည့်ပုံက တစ်စက်လေးမရှိ။

''ဟာ သေစမ်း ကျွတ်''

ကစားနေသည့် ဂိမ်းထဲမှာ အာရုံနစ်ဝင်နေသည့် ဝေးကို သူ
ယ်ပဲ စိတ်တိုသွားသည်။ ဂိမ်းစက်က မီးကြိုးကို သူ ဆွဲဖြုတ်ပစ်လိုက်
ည်။

''ဟာ ကိုကိုကလည်း ဒီမှာ ကစားနေတာကို''

''နင့်ဂိမ်းက ဘယ်အချိန်ကစား ကစား ရတယ်၊ ငါပြောနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကို နင် အလေးအနက် နားထောင်စမ်းပါ''

''ဝေး နားထောင်နေတာပဲ၊ ပြီးနေပြီ မဟုတ်ဘူးလား''

''နင် အဲဒီလို ပေါ့ပေါ့လေး မပြောနဲ့၊ အဲဒီ ကိုမိုးအဂ္ဂ သူက စေ့စပ်ထားတဲ့သူ ရှိတယ်''

''အင်းလေ အခု ဝေး သိပြီးပြီပဲ၊ သူ့ဘာသာ ရှိရှိ ဝေးနဲ့ ဘာဆိုင်လို့လဲ''

''ပြောပြနိုင်ပြီ မဆိုင်တဲ့အကြောင်း၊ သူ နင့်ကို စိတ်ဝင် ပြနေတာ၊ အထင်အရှားကြီးလေ၊ ငါက နင် ဒုက္ခရောက်မှာစိုးလို့ နေတာ''

ဝေး ထိုင်ခုံမှာ ကျောမှီထိုင်ချကာ သူ့ကို မော့ကြည့်နေ မျက်ဝန်းစူးစူးလေးတွေနှင့် အကြည့်တွေကို ရုပ်သိမ်းမသွားခဲ့ဘဲ

''ကိုအဂ္ဂအကြောင်း ကိုကို့ကို ဘယ်သူပြောတာလဲ''

မေးပုံက မယုံသင်္ကာလေသံ ပေါက်နေသည်။ သူ စိတ်မ နိုင်တော့သလို ဝေး မျက်နှာကို ရှုတင်းတင်း ကြည့်ပစ်လိုက်၏။

''ဘယ်သူပြောလဲ နင် မေးစရာ အကြောင်းမရှိဘူး မိ နင့်အတွက် လိုအပ်လို့ ငါ သတိပေးနေတာ''

''ကိုကို့ဘာသာ စိုးရိမ်လွန်နေတာပါ၊ ကိုအဂ္ဂက အခုထိ ကို ရိုးရိုးသားသားပဲ ဆက်ဆံတာ၊ ဘယ်သူတွေက ကိုကို့ကို ချွန် လုပ်လိုက်သလဲမှ မသိတာ''

''ဝေး နင့်အတွက် စေတနာနဲ့ ပြောလာတဲ့သူတွေကို



ထေ့ဆိုက်ခဲ့လေ၊ ကိုမိုးအဂ္ဂ အကြောင်းကို ဘယ်သူပြောတယ် ထင်လို့လဲ၊ ကေရီ ပြောပြသွားတာ''

သူ့မျက်နှာကို တန်ပြန်စူးစိုက်ကြည့်ရင်း ဝေး မျက်မှောင်လေး ကျုံ့သွားသည်။

''ထင်သားပဲ သူပဲ ပြောလိမ့်မယ်လို့''

''ဘာလဲ နင်က ကေရီကို အထင်လွဲနေတာလား၊ သူက နင့်အတွက် စေတနာနဲ့ ပြောတာနော်''

ဝေး နှုတ်ခမ်းလေးတွန့် လျှာလေး တစ်လစ်ထုတ်ကာ ပြုံးသည်၊ ဘယ်အရာကိုမှ အလေးအနက်မထားသည့် ဝေးကိုတော့ သူ တော်တော် စိတ်တိုချင်နေပြီ။

''ဝေး''

''ဟင် ဘာလဲ ကိုကို''

''အခု ငါပြောတာ နင် သဘောပေါက်တယ်နော်၊ ကိုအဂ္ဂနဲ့ နင် မပတ်သက်မိစေနဲ့''

''ဟင် ဝေးက ဘာပတ်သက်လို့လဲ၊ သူ့ဟာသူ အိမ်လာနေတာလေ၊ ကိုကိုတို့ မကြိုက်ရင် အပြတ်ပြောလိုက်ပေါ့၊ အိမ်ကို မလာနဲ့လို့''

''ဟ အဲဒီလိုကြီး ပြောလို့ကောင်းမလား၊ ငါ ပြောတာက နင့်ဘာသာ ဆင်ဆင်ခြင်ခြင် သတိနဲ့နေ၊ သူကတစ်ဆင့် တက်လာရင် ငြင်းနိုင်အောင် ငါ ပြောပြတာ''

''စိတ်ချ ဝေး ဘာမှစိတ်မဝင်စားဘူး''

www.burmeseclassic.com

www.burmeseclassic.com



"အေး ငါ ပြောထားရက်နဲ့ နင် မရှောင်ရင် အသိပဲ"

သူ ကြိမ်းပြီး ထွက်ခဲ့တော့ ဝေး ဘာမှခွန်းတုံ့မပြန်ဘဲ ကျန်ရစ်ခဲ့၏။ သူ့ခြေလှမ်းတွေ အခန်းတံခါးဝ ရောက်ရုံပဲ ရှိသေးသည်။ ဝေးက ဂိမ်းစက်ကို ဖွင့်ပြီး ကစားနေပြန်သည်။

ဘယ်လို ကောင်မလေးမှန်းမသိ။ တကယ့် ကလေးလိုလို အွေးလိုလို ဆိုတာ ဒါမျိုးပဲ ဖြစ်မည်ထင်ပါရဲ့။

■ ■ ■



အခန်း (၂၃)

စာမေးပွဲရက်တွေမှာ သူ ကေရီနှင့် မတွေ့ဖြစ်ပါ။ ကေရီလည်း စာမေးပွဲရှိတာမို့ သူ ဖုန်းမဆက်ဘဲ ကြိုးစားနေဖြစ်ခဲ့သည်။

စာမေးပွဲ နောက်ဆုံးနေ့မှာတော့ ကေရီနှင့်တွေ့ဖို့ ဆုံးဖြတ်ထားသည်။ ဒါပေမဲ့ စာမေးပွဲခန်းထဲက အထွက်မှာပဲ သူ့ဖုန်းက မြည်လာသည်။ ကေရီဆီကပဲ ထင်ပေမယ့် မဟုတ်။

"ဟဲလို မင်းမူပါ"

"ကိုကိုလား ဒီမှာ မေမေ မူးလဲလို့ ဆေးရုံပို့ထားရတယ်"

"ဟင်"

"ဟုတ်တယ် ကိုကို၊ ကိုကို စာမေးပွဲ ခန်းထဲကအထွက် မှန်းပြီး ဝေး ဆက်လိုက်တာ"

ဝေး အသံလေးမှာ စိုးရိမ်သံလေးတွေ စွက်နေသည်။သူလည်း မေမေ့အတွက် စိုးရိမ်သွားမိတာ အမှန်။

www.burmeseclassic.com

www.burmeseclassic.com



"ဝေး ညီမလေး၊ မေမေ အခု ဘယ်လိုနေသေးလဲ"

"အခု သတိပြန်ရနေပါပြီ ကိုကို"

"အေး မေမေ့အနားမှာ နေနော်၊ ကိုကို လာခဲ့မယ်၊ အ
ဝေး တစ်ယောက်တည်းလား"

"မဟုတ်ဘူး ကိုကို၊ ကိုအဂ္ဂလည်း ရှိတယ်"

ဝေး စကားကြောင့် သူ မျက်မှောင်ကြီးကုပ်သွားမိတာ အမှ
ကိုမိုးအဂ္ဂပါ ရောက်နေသည်တဲ့။ ဘယ်က ဘယ်လို သတင်းကြား
ရောက်နေတာလဲ။

"ဝေးဆီ သူ လှမ်းဖုန်းဆက်တော့ ဝေး မေမေနဲ့ ဆေးရုံရော
နေပြီဆိုတာ သိလို့ သူ ချက်ချင်း ရောက်လာတာ ကိုကို၊ ကိုကို အမြ
လာခဲ့နော်"

"အေး အေး ကိုကို အခုချက်ချင်း လာခဲ့မယ် ဝေး"

ဝေး ဖုန်းပိတ်သွားတော့မှ သူ့ကားလေးဆီ ကသောကမျော
ထွက်ခဲ့၏။ ကားအနားမရောက်ခင်မှာပဲ

"ဟော့ကောင် ဒါက ဘယ်လစ်မှာလဲ၊ မင်း ကေရီဆီလား"

"ဟာ ဖော်ကြီး မဟုတ်ဘူး၊ မေမေ ဆေးရုံတင်ထားရတယ်
ဖုန်းဆက်လို့ကွ"

"ဟင် ဟုတ်လား၊ ဒါဆို ငါပါလိုက်ခဲ့မယ်လေ၊ တက် ငါကား
မောင်းမယ်၊ ဘယ်ဆေးရုံလဲ"

မေမေ့ကို တင်ထားရသည့် အထူးကုဆေးရုံကြီးကို သူ ပြော



လိုက်တော့ ဖော်ကြီး ခေါင်းညိတ်ကာ မောင်းသူနေရာ ဝင်ထိုင်သည်။ သူ ဖော်ကြီးဘေးမှာ ဝင်ထိုင်ရင်း ကေရီဆီ သတိတရ ဖုန်းဆက်မိ၏။

"ကေရီလား ကိုယ်ပါ"

"ပြောလေ ယူ၊ တို့ နားထောင်နေတယ်"

"ဒီမှာ ညီမလေး ဖုန်းဆက်လို့ ကိုယ့်မေမေ ဆေးရုံတင်ထားရတယ်တဲ့၊ အဲဒါ ကိုယ်လိုက်သွားရတယ်၊ ကေရီ မလာနိုင်တော့ဘူး"

"အင်း ရတယ် ယူ၊ ဒီမှာ ကေရီလည်း သူငယ်ချင်းတွေနဲ့ သွားစရာတစ်ခု ကြုံလာလို့ နောက်မှတွေ့ကြစို့ ဘိုင်"

သူ ဘာမှပြောခွင့်မရလိုက်ဘဲ ကေရီ ဖုန်းပိတ်သွားသည်။ စိတ်ထဲမှာတော့ အောင့်သက်သက် ဖြစ်သွားမိသည်။

"ဘာတဲ့လဲ ကေရီ လိုက်လာမယ်တဲ့လား"

ဖော်ကြီး မေးတော့ သူ ခေါင်းခါပြမိသည်။ တကယ်ဆို သည်ကိစ္စမှာ ကေရီ မေမေ့အခြေအနေလေးတောင် မေးဖော်မရတာတော့ မဖြစ်သင့်ပါ။

သူ့မျက်နှာပေါ်က အရိပ်ကိုမြင်သိနေသော ဖော်ကြီးက ဘာမှ ဝေဖန်ချက် မပေးဘဲ ကားကိုပဲ ဆက်မောင်းနေသည်။

အထူးကုဆေးရုံကြီး၏ ကားပါကင်မှာ သူ့ကားလေးထိုးရပ်တော့ ကြိုစောင့်နေသော ကိုမိုးအဂ္ဂ လက်ပြနှုတ်ဆက်ရင်း အနားလျှောက်လာ၏။

"ညီတို့ လာမယ်ဆိုလို့ ကိုယ်ထွက်စောင့်ပေးနေတာ ဝေး

www.burmeseclassic.com

www.burmeseclassic.com



ကတော့ အန်တီ့အနားမှာ ရှိနေတယ်''

''ဟုတ်ကဲ့ မေမေ့အခြေအနေ ဘယ်လိုနေလဲ အစ်ကို''

''သတိရ သက်သာနေပါပြီ၊ သွေးပေါင်တွေတိုးပြီး မူးလဲတာ တဲ့၊ လိုအပ်တာတွေ ကိုယ် လုပ်နိုင်းထားပါတယ်၊ စိုးရိမ်စရာ မရှိတော့ ပါဘူး''

''ကျေးဇူးပါပဲ အစ်ကို''

''မလိုပါဘူး ညီရာ၊ ဝေးဆီ ဖုန်းဆက်ရင်း သတင်းကြားတော့ ကိုယ် ချက်ချင်းထွက်လာတာ၊ ကဲ လာ ဝေးနဲ့အန်တီ ညီကို မျှော်နေတယ် ကွ''

ကိုမိုးအဂ္ဂ ဦးဆောင်ခေါ်ရာနောက်ကို သူတို့နှစ်ဦး လိုက်ခဲ့ကြ သည်။ အခန်းထဲမှာ မေမေ့ကို ပြုံးပြုံးရွှင်ရွှင် တွေ့လိုက်ရတာမို့ သူ ဝမ်းသာသွားမိ၏။ ဝေးကလည်း သူ့ကို ပြုံးနှုတ်ဆက်ရင်း

''ကိုကို လာ မေမေက ကိုကို့ကို မေးနေတာ''

''မေမေ သက်သာတယ်နော်''

မေမေ့နံဘေးက ခုတင်စွန်းမှာ ဝင်ထိုင်ရင်း သူ မေးတော့ မေမေ ခေါင်းညိတ်ပြုံးပြသည်။

''အင်း သက်သာသွားပြီ သား၊ ခေါင်းတွေမူးပြီး သတိလစ် သွားတာ၊ တော်သေးတာပေါ့ကွယ်၊ ကုမ္ပဏီရုံးခန်းထဲမှာမို့ အားလုံးက ဝိုင်းကူညီကြတာ၊ မောင်မိုးအဂ္ဂကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒီမှာ သူပဲ မေမေ့ကို လိုအပ်တာ အားလုံး စီစဉ်ပေးနေတာ''



မေမေက ကိုမိုးအဂ္ဂကိုပါ ကျေးဇူးတင်စကားတွေ ဆိုနေသည်။ တို့နှင့်အတူ ဖော်ကြီးကို ထားရစ်ခဲ့ကာ သူနှင့်ကိုမိုးအဂ္ဂတို့ ဆရာဝန် ကြီး ရုံးခန်းဘက် ထွက်ခဲ့ကြသည်။

''အခုအခြေအနေကတော့ စိုးရိမ်စရာ မရှိပါဘူး၊ ရောဂါရှာဖွေ ဆေးချက်တွေအားလုံး အဖြေရှာပြီးပြီကွဲ့''

ဆရာဝန်ကြီးက မေမေ့အခြေအနေတွေကို ရှင်းပြနေသည်။ သွေးတိုးနှင့် နှလုံးခေတ်ခံရှိသော မေမေ့အခြေအနေက မစိုးရိမ်ရဘူးဆို ည့်တိုင် ကျန်းမာရေးအတွက် ဂရုစိုက်အနားယူရမည့် အခြေအနေ ၏။

ရုံးခန်းထဲက ပြန်ထွက်ခဲ့ကြတော့ ကိုမိုးအဂ္ဂက သူ့ပခုံးကို ပ်ကိုင်ရင်း အားပေးစကားတွေ ပြော၏။

''ဘာမှတော့ စိုးရိမ်စရာ မဟုတ်ပါဘူး ညီရာ၊ အန်တီ့ခမြာ အနားယူသင့်တာတော့ အမှန်ပဲ''

''ဟုတ်တယ် ကိုမိုးအဂ္ဂ၊ မေမေ့ခမြာ အလုပ်ဒဏ်တွေပိနေတာ န်တော် သိတယ်၊ အခု ကျွန်တော်လည်း ကျောင်းပြီးပြီဆိုတော့ မေ့ကို အနားယူခိုင်းမှာပါ၊ မေမေ့အလုပ်တွေ ကျွန်တော် တာဝန်ယူ ပါ''

''အေးကွာ လိုအပ်တဲ့ အကူအညီရှိရင်လည်း အစ်ကို့ကို ပြော ''

ကိုမိုးအဂ္ဂက သူ့ပခုံးကို နွေးထွေးစွာ ဖက်ရင်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးအဂ္ဂ မျက်ဝန်းတွေထဲမှာ တကယ့်ကို ခင်မင်ရင်းနှီးသော နွေးထွေး အရိပ်တွေ ရှိနေတာတော့ အသေအချာပဲ ဖြစ်သည်။

ဒါ ဝေးကြောင့်ဟု ဆိုရင်တောင် သူ ကျေးဇူးတင်ရမှာပဲ ဖြ ၏။ ကေရီကတော့ မေမေ့သတင်းကို သိသွားသည့်တိုင် ဂရုတစိုက် မေးဖော်လေးတောင် မရှိခဲ့ပါ။

သူ ပင့်သက်ရှိုက်ရင်း နားလည်ပေးနိုင်ဖို့ပဲ ကြိုးစားနေမိခြင်း ဟာ ကေရီကို ချစ်စိတ်ကြောင့်ပဲ ဖြစ်မည် ထင်ပါသည်။

ဆေးရုံမှာ မေမေ တစ်ပတ်လောက် တက်နေသည်အထိ ကေ တစ်ခေါက်ရောက်မလာပါ။ ပြီးတော့ ဖုန်းလေးတောင် ဆက်ဖော်မရ

ကိုမိုးအဂ္ဂကတော့ နေ့စဉ်တိုင်း မပျက်မကွက် ရောက်သည် မေမေ့အတွက် စားစရာတွေလည်း အပြည့်အစုံ ဝယ်လာသေးသည်

မေမေ ဆေးရုံဆင်းသည့်နေ့ကလည်း ကိုမိုးအဂ္ဂ အတူရှိ သည်။ တကယ့်ဆွေးမျိုးရင်းချာ တစ်ဦးလိုမို့ မေမေကတောင် ကျေး တင်မဆုံး ဖြစ်နေရှာသည်။

''အင်း မောင်မိုးအဂ္ဂကိုတော့ မေမေ ကျေးဇူးတင်တယ်ကွယ် သူ့ရဲ့ အကူအညီတွေက အများကြီး''

မေမေ ပြောတော့ ကေရီကို သူ ပိုသတိရသည်။ အိမ်ပြန်ရော သည့်နေ့မှာပဲ ဖုန်းဆက်ကြည့်တော့ ဖုန်းက ခေါ်လို့မရ။ ကိုမိုးအ ပြောပြမှပဲ ကေရီ အိမ်မှာမရှိတာ သူ သိရ၏။

''ကေရီ သူငယ်ချင်းတွေနဲ့ အပျော်ခရီးထွက်သွားတယ် ညီမ





သိဘူးလား''

''ဟင့်အင်း မသိဘူး အစ်ကို''

''ကိုယ့်ကိုတောင် လိုက်ဖို့ အတင်းခေါ်နေတာ၊ ကိုယ် ငြင်းလိုက် ောင် မကျေမနပ်ဖြစ်သွားသေးတယ်''

ကိုမိုးအဂ္ဂကိုတောင် ကေရီက အသိပေးသွားခဲ့လျက်နှင့် သူ့ကို ာ့ ဘာကြောင့် အသိမပေးသွားခဲ့တာလဲ။

တကယ်ဆို သူက ကေရီရဲ့ချစ်သူတစ်ယောက်။ ဒါကို ကေရီ မေ့ပစ်ထားသည်လား။

ကေရီရဲ့ အချစ်အတွက်တော့ သူ မယုံမရဲ ဖြစ်လာမိ၏။

''ညီ မင်းနဲ့ကိုယ် ဆွေးနွေးစရာတစ်ခု ရှိတယ်''

''ဗျာ ဘာကိစ္စလဲ ကိုမိုးအဂ္ဂ''

''ကေရီကိစ္စ ကိုယ့်ကိစ္စလို့ပဲ ဆိုပါတော့ကွာ၊ အရင်ရက်တွေက ည်းက ကိုယ် ဆွေးနွေးချင်နေတာ၊ အန်တီ့ရဲ့ကျန်းမာရေးကိစ္စကြီး ောလို့ကွ''

''ဟုတ်ကဲ့ ပြောပါ အစ်ကို''

''ဒီကိစ္စက ညီနဲ့ကိုယ် နှစ်ယောက်တည်း ဆွေးနွေးမှုဖြစ်မှာ၊ အေးဆေးဆေး စကားပြောရအောင်ကွာ''

ကိုမိုးအဂ္ဂ ခေါ်ဆောင်ရာ ဆိုင်လေးကို သူ လိုက်ခဲ့မိသည်။ အဂ္ဂ စကားတွေအတွက် သိချင်စိတ်တို့ ပြင်းပြနေတာတော့ အမှန်ပဲ သည်။ စားပွဲပေါ်မှာ ရှိနေသော အစားအသောက်တွေထက် ကိုမိုးအဂ္ဂ



www.burmeseclassic.com

www.burmeseclassic.com



စကားတွေကိုပဲ သူ အာရုံရှိနေ၏။

"စားလေ ညီ ဝေးနဲ့ကိုယ် ဒီလို ဆုံဖြစ်၊ စားဖြစ်ပေမယ့် နဲ့က ဒါပထမဆုံးပဲကွ"

"ဟုတ်ကဲ့ ဟို အစ်ကို ဆွေးနွေးမယ်ဆိုတဲ့ကိစ္စကိုပဲ ကျွန် စိတ်ဝင်စားနေလို့"

ကိုမိုးအဂ္ဂ ပြုံးပြီး ခေါင်းညိတ်သည်။ အမြဲတမ်း တည်ကြ သော ကိုမိုးအဂ္ဂ အပြုံးတွေက ခန့်မှန်းရခက်လွန်းသည်။

"ထခြားမဟုတ်ပါဘူး ညီ၊ ကေရီက ကိုယ့်အကြောင်းနဲ့ သက်ပြီး မင်းကို ဘာပြောသလဲလို့"

"ဗျာ အဲ ဟို ဘာမှမပြောပါဘူး အစ်ကို"

သူ တမင်ပဲ ညာလိုက်သည်။ ဝေးအတွက် ကေရီ ပြော စကားတွေကို သူ ထုတ်ပြောလို့ မသင့်ဟု ထင်တာကြောင့်ပဲ ဖြစ် ကိုမိုးအဂ္ဂက သူ့ကို တည်တည်လေး စိုက်ကြည့်နေတော့ သူ မျက်ဝန်း ဆိုင်ဖို့ လိပ်ပြာမလုံဖြစ်ကာ ရှောင်တိမ်းမိ၏။

"အင်း သူ မပြောဖြစ်ဘူးဆိုလည်း ထားတော့၊ ကိုယ်က ပြောမှဖြစ်မယ်၊ ကေရီနဲ့ကိုယ့်ကို မိဘတွေက သဘောတူ ကြည်ဖြူ တယ်"

"ဗျာ"

"ဟုတ်တယ် ညီ၊ မင်းကို ကေရီ မပြောဘူးလား"

"ဟို အဲ သူ အဲဒီလို မပြောဘူး၊ ကိုမိုးအဂ္ဂမှာ သဘော





တဲ့သူ ရှိတယ်ဆိုတာတော့ ကျွန်တော် သိပါတယ်၊ အဲ ကေရီပြောပြ တယ်"

"အင်း ထားတော့ ညီ၊ အခု ကိုယ်မေးတာကို ညီဖြေပါ၊ နဲ့ကေရီ ချစ်သူတွေဖြစ်နေကြပြီလား"

"ဟုတ်ကဲ့ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကပဲ ကေရီ ဖုန်းထဲမှာ န်တော့်ကို အဖြေပေးထားတယ်"

သူ့စကားကြောင့် ကိုမိုးအဂ္ဂ အံ့ဩသွားတာမျိုး ဖြစ်မသွားခဲ့ တည်တည်ငြိမ်ငြိမ် မျက်နှာနှင့်ပဲ ခေါင်းညိတ်၏။

"အင်း ကိုယ်လည်း တွက်မိပါတယ် ညီ၊ ဘာပဲဖြစ်ဖြစ် ကိုယ့် က ဆန္ဒအမှန်ကိုတော့ ညီ သိအောင် ပြောပြထားချင်တယ်"

ကေရီနှင့် စေ့စပ်ရည်ရွယ်ထားသူက ကိုမိုးအဂ္ဂ ကိုယ်တိုင်ဖြစ် တာကြောင့် သူ အံ့ဩနေမိ၏။ ကေရီ အသိပေးတုန်းက ဖွင့်မပြော ဘာကြောင့်လဲ မသိပါ။

"ကေရီနဲ့ ကိုယ် သံယောဇဉ်ရှိခဲ့တာ မှန်ပေမယ့် ကိုယ့်စိတ်က ကို ညီမလေးတစ်ယောက်လိုပဲ သဘောထားတယ် ညီ၊ မိဘတွေက သိပေးထားတာ ရှိပေမယ့် ကိုယ် ခေါင်းညိတ်ခဲ့တာ မဟုတ်ဘူး၊ လို့လဲဆိုတော့ ကိုယ့်ရဲ့အိမ်ထောင်ရေးကိစ္စကို ကိုယ်က အလေးထား ယ်၊ ကိုယ် တကယ်ချစ်တဲ့သူကိုပဲ ရွေးချယ်ချင်တာ"

စကားရပ်ကာ ကိုမိုးအဂ္ဂ အအေးဘူးကို တစ်ငုံမော့သော သည်။ သူကတော့ ကိုမိုးအဂ္ဂ စကားတွေမှာပဲ အာရုံစူးစိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



"အခု ကိုယ်တကယ် ချစ်မြတ်နိုးတဲ့သူ ရှိနေပြီ၊ အဲဒီသူ
ကိုယ် လက်ထပ်မှာ၊ အဲဒါ ညီ သိထားစေချင်လို့ပါ"

ကိုမိုးအဂ္ဂစကားကြောင့် သူ့ရင်ထဲက စိုးထိတ်မှုတွေ ပြေ
သွားတာ အမှန်ပဲ ဖြစ်သည်။ ကေရီကို ကိုမိုးအဂ္ဂက ညီမတစ်ဦး
သဘောထားသည်တဲ့။

ကေရီကလည်း သူ့အချစ်ကို လက်ခံခဲ့ပြီးပြီ။ ဒါ ကိုမိုး
အပေါ်မှာ စိတ်မဝင်စားလို့ပဲ ဖြစ်မည်။

"ကျေးဇူးတင်တယ် အစ်ကို၊ ကေရီကို ကျွန်တော် တ
ချစ်တာပါ"

"အေးကွာ မင်းတို့အဆင်ပြေပါစေလို့ ကိုယ် ဆုတောင်
ပါတယ်"

သူ ခေါင်းညိတ်ပြုံးပြလိုက်မိသည်။ ကေရီနဲ့သူ့ကြားမှာ
အဂ္ဂ ပြဿနာက ငြိမ်းချမ်းသည်ဆိုတော့ ကျေနပ်စရာပဲ ဖြစ်သ
ကေရီပြန်လာလျှင်တော့ သူ အလေးအနက် ဆွေးနွေးရမည်။

ကေရီ ခေါင်းလေးတစ်ချက် ညိတ်လျှင် သူ့အတွက်
ကျေနပ်ဝမ်းသာစရာ အကောင်းဆုံး ဆုလာဒ်ပဲဖြစ်မှာပါ။

■ ■ ■

# အခန်း (၂၄)

"သား မေမေ့လုပ်ငန်းတွေကို တာဝန်ယူမယ်ဆိုရင်တော့ မေမေ
သာကျေနပ်မိမှာပေါ့ သားရယ်"

"သား ဆုံးဖြတ်ပြီးပြီ မေမေ၊ မေမေ နားပါတော့၊ မေမေ့ကို
တစ်လှည့် ပြန်ကျေးမွေးခွင့်ရချင်တာ၊ သား ရည်ရွယ်ချက်ဆန္ဒပါ"

"အင်း ဒါဆိုရင် ဒီရက်တွေမှာ သား အလုပ်ကိစ္စတွေ နားလည်
အောင် ကုမ္ပဏီက လူယုံတော်တွေနဲ့ မေမေ တွေ့ပေးမယ်၊ သူတို့က
သားကို အားလုံးကူညီပေးကြမှာပါ"

သူ မေမေ့ရဲ့ကုမ္ပဏီအလုပ်တွေကို တာဝန်ယူမည်ဆိုသည့်
အတွက် မေမေ ကျေနပ်ဝမ်းသာနေတာ အထင်အရှားပါပဲ။ ဝေးကလည်း
သူတို့ စကားတွေကို နားထောင်နေရင်း

"ဝေးလည်း ကျောင်းပိတ်ရက်ကျရင် ကိုကို့ကို ဝိုင်းကူမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"နင်က ကူညီမှာလား လာရှုပ်မှာလား"

"ကိုကိုလည်း ဝေးဆို အကောင်းမပြောဘူး"

"နောက်တာပါကွာ၊ ဝေး ကျောင်းပြီးအောင်တက်ပါ။ ဝေး ဘွဲ့ရမှ ဝင်ကူပေါ့၊ ကိုကို တာဝန်ယူနိုင်ပါတယ်"

မေမေက သူနှင့်ဝေးကို ကြည့်ကာ ဝမ်းသာစွာ ပြုံးနေသည်။ မေမေ့ရဲ့ ရင်ထဲကို သူ မြင်နေသည်။ မေမေသည် သူချစ်သော မိသား လေးအပေါ်မှာ သံယောဇဉ်ကြီးမားလွန်းသူ ဖြစ်သည်။

"ကဲ ဝေး မေမေ့ကို ဆေးတိုက်လိုက်ဦး"

"ဟုတ်ကဲ့ ကိုကို"

မေမေ ဆေးရုံတက်ပြီးသွားကတည်းက ဝေး နည်းနည်းပေ လိမ္မာသွားပုံရသည်။ မေမေ့ကို ဂရုစိုက်လာတာတော့ အထင်အရှား ကျောင်းဆင်းသည်နှင့် အိမ်တန်းပြန်လာသည်။

မေမေ့ကို ဆေးတိုက်ပြုစုပေးတာက အချိန်မှန်။ ဒါကိုပဲ အ ကျေနပ်နေရ၏။

နင် မြန်မြန်လိမ္မာသိတတ်မှ ဖြစ်မှာ မိဝေးရေ။ ကေရီနဲ့ လက်ထပ်ဖြစ်ရင် မေမေ့ကို အဓိက စောင့်ရှောက်ပေးရမှာက နင်ပဲပေ ငါ စိတ်ချလက်ချရှိမှဖြစ်မှာ။

ကေရီအကြောင်း စိတ်ထဲရောက်လာတော့ အခုချိန်အထိ အိ ပြန်မရောက်သေးဘဲ ခရီးထွက်နေသော ကေရီကို သတိရလာမိ၏။

သူငယ်ချင်းတွေနှင့် အပျော်ခရီးထွက်သွားသည့် ကေရီ သူ



းတောင် မဆက်တာတော့ ဘဝင်မကျနိုင် ဖြစ်ရ၏။ တကယ်ဆို းပွဲပြီးကတည်းက မဆုံဖြစ်တာ။

"ကိုကို"

ဝေး ခေါ်သံကြားမှ သူ့အတွေးလေး ပြတ်သွားခဲ့သည်။ အခန်း ဝင်လာသော ဝေးကို သူ လှည့်ကြည့်ရင်း

"မေမေ အိပ်သွားပြီလား ဝေး"

"ဆေးသောက်ပြီး ပုတီးစိပ်နေတယ် ကိုကို"

"ဪ် အေး နင်လည်း စာကျက်လေ၊ စာမေးပွဲက နီးနေပြီ း"

"အားလုံး ပိုင်ပါတယ် ကိုကိုရဲ့"

ဝေး ပြောရင်း သူ့နံဘေးမှာ ဝင်ထိုင်သည်။ ဝေးကို မြင်တော့ အဂ္ဂကို သူ သတိရသွားမိတာမို့

"ကိုမိုးအဂ္ဂ ဒီရက်မလာပါလား၊ ဘာလဲ ညီမလေး စာမေးပွဲ တွမို့ မလာတာလား"

"မဟုတ်ပါဘူး ကိုအဂ္ဂ စင်ကာပူခရီးထွက်သွားတယ်၊ နှစ်ပတ် ာ် ကြာမယ်တဲ့"

"ဪ် ဟုတ်လား"

"မနေ့က ကိုကို အပြင်သွားတုန်း အိမ်လာသွားတာ၊ မေမေ့ကို င် နှုတ်ဆက်သွားသေးတယ်၊ ကိုကို့ကိုတောင် မှာထားခဲ့တာ ဝေး သို့"

www.burmeseclassic.com



"ဘာမှာခဲ့တာလဲ"

"မမကေရီ နှစ်ရက် သုံးရက်ဆို ပြန်ရောက်မယ်တဲ့၊
ကို ဖုန်းဆက်တယ်တဲ့"

"ဟင် ဟုတ်လား"

သူ ဟန်မဆောင်နိုင်အောင် ပြုံးသွားတာကို ဝေး သတိ
မှာ သေချာ၏။ ဝေး အကြည့်တွေ သူ့မျက်နှာကို မျက်တောင်မခတ်
စိုက်ကြည့်နေ၏။

"ကိုကို"

"ဘာလဲ ညီမလေး"

"ကိုကိုနဲ့ မမကေရီ စိတ်ဆိုးနေတာလား"

"ဟာ မဟုတ်တာ"

"မသိဘူးလေ မေမေ ဆေးရုံတက်တုန်းက လာတာ
လို့၊ ပြီးတော့ သူ ခရီးထွက်သွားတာ ကိုကို မသိလိုက်ဘူးဆို"

ဝေး မေးတော့ သူ မျက်စိမျက်နှာပျက် ဖြစ်ရသေး၏။
အပေါ်မှာ ဝေး အထင်လွဲသွားမှာ စိုးသည်။ တစ်ချိန်ကျရင် ဝေးနှင့်
က သမီးယောင်းမတွေ တော်ကြတော့မှာမို့ အဆင်ပြေပြေ ရှိစေ

"ကေရီက စာမေးပွဲပြီးတာနဲ့ ခရီးထွက်ဖို့ အစီအစဉ်
ကိုကို သိပါတယ်၊ လက်မှတ်ကအစ ဝယ်ထားတာ၊ ကိုကိုကို
ခေါ်သေးတယ်၊ မေမေ့ကိစ္စ ဖြစ်သွားလို့ မလိုက်ဖြစ်တာပါ၊ သူ
လာချင်ပေမယ့် ခရီးသွားမယ့်ကိစ္စကြီး ရှိနေလို့ ကိုကို့ကို တောင်း



တယ်"

သူ ကေရီဘက်က ဖြေရှင်းပြနေတာကို ဝေး ငြိမ်ငြိမ်လေး
နားထောင်နေသည်။ ဘာမှခွန်းတုံ့ပြန် မေးခွန်းမထုတ်ပါ။

"ကဲ ဝေး ညီမလေး၊ စာသွားကျက်တော့ ကိုကိုလည်း အိပ်ချင်
ပြီ"

ဝေး ခေါင်းလေးညိတ်ကာ ထွက်သွားသည်။ ဒီတော့မှပဲ သူ
ဟင်းသက်လေးရှိုက်မိ၏။

ဝေးကိုတောင် ကေရီ ကိစ္စအတွက် သူ လိမ်ညာကာကွယ်နေ
မိတာ လိပ်ပြာမလုံချင်ပါ။

ကေရီသာ ကိုမိုးအဂ္ဂကို သိတတ်မှုလေးရှိလျှင် ဘယ်လောက်
ကောင်းမည်လဲ၊ အခုတော့ မသက်ဆိုင်သေးသူကတောင် သူတို့မိသားစု
အရေးကိစ္စကို ဂရုတစိုက်ရှိ၏။

ကေရီကတော့ နားလည်ရခက်လွန်းသည်။ ဒါပေမဲ့ အပြစ်တစ်
ခုဟုလည်း သူ မမြင်ရက်တော့။

■ ■ ■

ဝေးကို ကိုကို လိမ်ညာခဲ့တာ ဝေး သိပါသည်။ တကယ်ဆို
မမကေရီလုပ်ရပ်ကို ကိုအဂ္ဂ ပြောပြလို့ ဝေး သိပါသည်။

ဒါပေမဲ့ ဝေး မေးတော့ ကိုကိုက ကာကွယ်စကားတွေနှင့်
လိမ်ညာနေသေးသည်။

ကိုကို့ရင်ထဲကို ဝေး တဖြည်းဖြည်းမြင်သိလာသလို ကိုကို့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်က မမကေရီကို ချစ်နေသည်ဆိုတာ အထင်အရှား။ ဒါပေမဲ့ မမကေရီစိတ်က ကိုကိုနှင့်ထပ်တူကျနိုင်မည်လား။

ဝေး မထင်ပါ။ မမကေရီ မျက်ဝန်းတွေထဲကို ဝေး အကဲခတ် ကြည့်ဖူးသည်။ ကိုကို့အပေါ် လေးနက်မှုမရှိတာ အထင်အရှားပါပဲ။

ထို့အတွက် ဝေး စိတ်ထဲက ကြိတ်ကျေနပ်နေခဲ့မိတာလည်း ကိုကို မသိရှာပါ။

ကိုကိုရယ် ကိုကို ခံစားကြေကွဲရမှာ ဝေး မမြင်ရက်ပါဘူး။ ဒါပေမဲ့ ဝေးဆိုတဲ့ ကောင်မလေး ရင်ထဲက ကိုကို့ကို တခြားသူတစ်ယောက် သိမ်းပိုက်ပိုင်ဆိုင်သွားမှာလည်း ဝေး ကြောက်တယ်။

မမကေရီကြောင့် ကိုကို့နှလုံးသားက ဒဏ်ရာအနာတရ ဖြစ်သွားခဲ့မယ်ဆိုရင်လည်း ဝေး ဖေးမနှစ်သိမ့်ပြီး ကိုကို့ကို ကြင်နာပေးနိုင်မှာပါ။

အဲဒါ ဘာဖြစ်လို့လဲ သိလား ကိုကို့။

ကိုကို့ကို ဝေး သိပ်ချစ်လို့၊ မြတ်နိုးလွန်းလို့ပါ ကိုကိုရယ်။

■ ■ ■



## အခန်း (၂၅)

"သားကို မေမေ အလေးအနက် ပြောစရာ စကားတွေ ရှိတယ် ... မေမေ့စကားတွေကို သား နားထောင်ပေးပါ"

"ဟုတ်ကဲ့ပါ မေမေ၊ ကျွန်တော် နားထောင်နေပါတယ်"

သူ တစ်ယောက်တည်းကိုပဲ ခေါ်ပြီး မေမေ စကားပြောသည် ...ဒါတည်းက အရေးကြီးကိစ္စဆိုတာ သူ နားလည်သိပြီးဖြစ်သည်။ ...ကလည်း ဒီနေ့ စာမေးပွဲ နောက်ဆုံးနေ့ သွားဖြေနေသည်။

မေမေ့မျက်နှာကို သူ အကဲခတ်ကြည့်တော့ တည်ငြိမ်နေဆဲ။ ...မေ ဘာပြောချင်တာလဲ။ အလုပ်ကိစ္စဟုပဲ သူ ထင်၏။

"သား သားကို မေမေ ဘယ်လောက်ချစ်တယ်ဆိုတာ သား ...သိပါတယ်နော်"

သူ ခေါင်းညိတ်မိသည်။ မေမေ ဘာကြောင့် စကားတွေကို



www.burmeseclassic.com

www.burmeseclassic.com



သိုင်းဖွဲ့နေသည်လဲဆိုတာတော့ စဉ်းစားစရာ။

"သားက မေမေတို့ သားအရင်း မဟုတ်ပေမယ့် သားအရင်း
ချစ်ခဲ့တာပါ၊ မမျှော်လင့်ဘဲ သမီးလေးကို ထပ်ပိုင်ဆိုင်ရပေမယ့် သား
မေမေတို့သားအဖြစ်ပဲ ဆက်ရှိခဲ့တာပါ၊ သားကို မေမေ အချစ်မ
ခဲ့တာ သားအသိဆုံးပါပဲ၊ ဒီမိသားစုလေးကို မေမေ ဥမကွဲသိုက်မ
ရှိစေချင်တယ် သား"

သူ ထိတ်ခနဲ ဖြစ်သွား၏။ မေမေ့မျက်နှာကို ကြည့်
အကြင်နာရိပ်တို့ ဖြာဝေသော မျက်ဝန်းတွေနှင့် သူ့ကိုကြည့်နေ

"မေမေ့ဆန္ဒက သားကို သမီးလေးနဲ့ တစ်ချိန်မှာ လက်
ပေးမယ်လို့ အမြဲတွေးခဲ့တာ"

"ဟင်"

"ဟုတ်တယ် သား၊ သားတို့ဖေဖေ ရှိကတည်းက မေ
အစီအစဉ်ရှိခဲ့တာပါ၊ သမီးလေးကိုလည်း သားနဲ့ပဲ မေမေ စိတ်ချနိုင်
မေမေ့စကားတွေက သူ့ကို ထူပူသွားစေ၏။ ချက်ချင်း ဘာ
ပြောရမှန်းမသိအောင် စွန့်အနေမိတဲ့အထိ။

"သမီးလေးနဲ့ သား သံယောဇဉ်က ခိုင်မြဲပြီးသားဆိုတာ မေ
ယုံတယ်၊ မေမေ လောကကြီးထဲမှာ မရှိတော့တဲ့အခါ သမီးလေး
စိတ်ချလက်ချ ရှိချင်တာ၊ သားကိုတော့ မေမေ အကြွင်းမဲ့ ယုံကြည်
သားလေ၊ မေမေ့ဆန္ဒကို သား လက်ခံနိုင်မှာလားဟင်"

"ဟို ဟို သား သား"



သူ ခေါင်းတစ်ချက်ညိတ်ဖို့ တွန့်ဆုတ်လျက် ကတုန်ကယင်နှင့်
မေမေ့ကို ကြည့်မိသည်။ မျှော်လင့်ချက်တွေနှင့် တောက်ပနေသော မေမေ့
မျက်ဝန်းတွေကိုမြင်တော့ သူ ငြင်းဆိုဖို့ တွန့်ဆုတ်ကုန်၏။

မေမေကတော့ သူ့မျက်နှာပေါ်က အရိပ်အကဲကြောင့် အပြုံးရိပ်
လေးတွေ ညှိုးကျသွားခဲ့တာတော့ အမှန်ဖြစ်သည်။

"သား ဘာပြောချင်လို့လဲ မေမေ့ကို ပြောလေ"

မေမေ့လေသံတွေ ညှိုးကျသွားတာကိုလည်း သူ သတိထားမိ
၏။ ဘယ်တုန်းကမှ မေမေ့စကားကို မလွန်ဆန်ဘဲ လိမ္မာခဲ့သော သူ
အခုလည်း မေမေ့မျက်နှာညှိုးတာ မမြင်ရက်။

"ဟို သား အရမ်းအံ့ဩလို့ပါ မေမေ၊ သားက ဝေး အဲ ညီမ
လေးကို ညီမအရင်းလို တစ်သက်လုံး ချစ်ခဲ့တာဆိုတော့ ဟို ဟိုလေ"

ပြောရင်း သူ ဘာဆက်ပြောရမှန်းမသိ ဖြစ်နေ၏။ မေမေက
နားလည်စွာပြုံးရင်း ခေါင်းညိတ်သည်။

"မေမေ နားလည်တယ် သား၊ သားတို့က ဟိုးငယ်ငယ်လေး
ကတည်းက အတူနေ အတူစားလာကြတာဆိုတော့ ချက်ချင်းကြီး လက်ခံ
ဖို့ ခက်ခဲမှာပေါ့ကွယ်၊ ဒါပေမဲ့ အဲဒီသံယောဇဉ်တွေကပဲ သားနဲ့သမီးတို့
နှစ်ယောက်ကို ခိုင်မြဲသွားစေလိမ့်မယ် ့လို့ မေမေ ယုံကြည်တယ်"

မေမေကတော့ သူမ ရင်ထဲက ဖြစ်ချင်သောဆန္ဒတွေကိုပဲ ဦး
တည်နေသည်။ တကယ်ဆို သူ့မှာ ချစ်သူ ရည်းစားရှိသလားဟု မေမေ
မေးလိုက်စေချင်၏။ ဒါပေမဲ့ မေမေ မမေးပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဟို ဒီကိစ္စကို မေမေ ဝေးကို ပြောပြပြီးပြီလားဟင်"

"အဟင်း သားက အဲဒီအတွက် စိုးရိမ်နေတာလား၊ သမီး
ကို မေမေ အရိပ်အမြွက် ပြောပြထားပြီးသားပါ"

"ဝေး ဝေးက ဘာပြောလဲ မေမေ"

"သမီးက သားကို သံယောဇဉ်ကြီးပြီးသားပဲကွယ်၊ ငြင်း
ဘာအကြောင်းရှိမှာလဲ"

မေမေကတော့ ခိုင်ခိုင်မာမာ ဆိုနေသည်။ သူ့မှာ ငြင်းရ
ခက် ဖြစ်နေသည့်အနေအထား။ ပြီးတော့ ဒီကိစ္စကို လွှမ်းအဝေးလ
အရိပ်အမြွက် သိနေသည်ဆိုတော့ သူ ဝေးနှင့် ဆွေးနွေးမှုဖြစ်မည်

"မေမေ သိချင်တာ သားဆန္ဒပဲ"

"သား မ ငြင်းပါဘူး မေမေ၊ ဒါပေမဲ့ ဝေးနဲ့တော့ ဆွေးနွေး
သေးတယ်"

မေမေ့မျက်နှာက ကျေနပ်ဝမ်းသာရိပ်တွေနှင့် ဖြာလဲ့သွား
သည်။

"သား လက်ခံပြီဆိုရင် မေမေ ကျေနပ်ပြီ သား၊ မေမေ့
အပြင်းပြဆုံးဆန္ဒက မေမေတို့မိသားစုလေး ဥမကွဲသိုက်မပျက်ရှိဖို့
မေမေ သားကို ပြောခဲ့သလိုပဲ သမီးကို စိတ်ချဖို့အတွက်က သား
ဖြစ်မှာ"

မေမေ့စကားတွေကို သူ ခွန်းတုံ့မပြန်နိုင်ဘဲ ငူငူကြီးထိုင်နေ
သည်။ မေမေ့ရှေ့မှောက်မှာ ဟန်ဆောင်သိုဝှက်ငြိမ်သက်နေရပေမယ့်



ရင်ထဲမှာတော့ မွှန်းကြပ်ပူလောင်နေသည်။

ဒီအခြေအနေမျိုး ရောက်လာမည်ဟု ဘယ်တုန်းကမှ မထင်မိ
ခဲ့ပါ။ အာရုံထဲမှာ လွှမ်းအဝေး ပုံရိပ်လေးကို မြင်ယောင်မိသည်။

ဟိုးငယ်စဉ်ကတည်းက ညီမလေးတစ်ယောက်လိုပဲ သူ နေထိုင်
လာခဲ့တာ ဖြစ်သည်။ စိတ်ကော နှလုံးသားကပါ လွှမ်းအဝေးနှင့်ပတ်သက်
ပြီး ဖြူစင်ခဲ့တာပဲဖြစ်၏။

အခုတော့ မေမေ့ရဲ့ဆန္ဒကြီးကို သူ့မှာ ခါးခါးသီးသီး ငြင်းရ
သည်း အခက်။ ဒီကိစ္စကို လွှမ်းအဝေးနှင့်တိုင်ပင်ရဦးမည်။

■ ■ ■

လွှမ်းအဝေးကို သူ အဝေးကြီးကတည်းက မြင်သည်။ ဝတ်ထား
တာက ဝေးတို့ ကျောင်းယူနီဖောင်းအကျီအဖြူ၊ အပြာရင့်ပြောင်ထဘီ
လေးနှင့်ပဲ ဖြစ်ပေမယ့် လွှမ်းအဝေး မျက်နှာကလေးက အားလုံးထဲမှာ
ထင်းထင်းရှင်းရှင်းလေး ပေါ်လွင်နေသည်။

အခုမှပဲ သူ လွှမ်းအဝေးကို စေ့စေ့စပ်စပ်လေး အကဲခတ်
ကြည့်မိ၏။ ဂုတ်ဝဲဆံပင်အနက်ရောင်လေးကြောင့် သူမ မျက်နှာဝင်းမွတ်
မွတ်လေးက ရှင်းရှင်းလေး ပေါ်လွင်လှပနေ၏။

မျက်ခုံးလေးတွေက စိမ်းဖန့်ဖန့်လေး သွယ်တန်းနေသည်။ ဝိုင်း
စက်စက်မျက်နက်ဝန်းလေးတွေမှာ မျက်တောင်ကော့ကြီးတွေက ကော့
ညွတ်နေ၏။ အစက်အပြောက်ဆိုလို့ မြူတစ်မှုန်မထင်သော မျက်နှာဝင်း
က ရှင်းသန့်သောအလှကို ပိုင်ဆိုင်ထားသည်။

www.burmeseclassic.com

ဒုတိယနှစ်ကျောင်းသူကြီးဆိုတာ ဝေးရဲ့ ဖွံ့ထွားကျစ်လစ်သော ခန္ဓာကိုယ်လေးက ဖော်ပြနေ၏။ သူ ပင့်သက်မောကိုပဲ ရှိုက်မိသည်။ ဝေး ကလေးလေးတစ်ယောက် မဟုတ်တော့တာတော့ သူ လက်ခံပါသည်။

ပြီးတော့ ငေးလောက်အောင် ဝေး လှပချောမောတာကိုလည်း မငြင်းနိုင်ပါ။ ဒါပေမဲ့

သွေးရင်းချာတွေ မဟုတ်ပေမယ့် ဝေးကို ညီမလေးတစ်ယောက်ဟုပဲ စိတ်က တစ်သက်လုံး သတ်မှတ်ထားခဲ့သည်။ အခုမှ မေမေ့စကားကြောင့် ပြောင်းလဲပစ်ရမည်ကတော့ မဟုတ်သေး။

''ဟင် ကိုကို''

သူ့ကို မထင်မှတ်ဘဲ မြင်လိုက်ရတာမို့ ထင်သည်။ ဝေး မျက်ဝန်းလေးတွေ ဝိုင်းစက်ပြီး တအံ့တသြ ဖြစ်နေ၏။

''ကိုကို ဘယ်လာတာလဲဟင်၊ ဘာလာလုပ်တာလဲ''

''ကိုကို ဝေးဆီလာတာပေါ့''

''ဝေးဆီ''

သူ့ရင်ဘတ်သူ လက်ကလေးနှင့် ဖိရင်း ဝေး မယုံသလို မေးသည်။ ဝိုင်းစက်နေဆဲ မျက်ဝန်းတွေထဲမှာ ချက်ချင်း စိုးရိမ်စိတ်တို့ အရိပ်ထင်သွားခဲ့ရင်း

''ကို ကိုကို မေမေ ဘာ ဘာဖြစ်''

''ဟာ မဟုတ်တာ မေမေ ဘာမှမဖြစ်ပါဘူး၊ ကိုကို အပြင်ထွက်ရင်း လမ်းသင့်နေလို့ ဝေးကို တမင်လာကြိုတာ၊ ဝေး ဒီနေ့ စာမေးပွဲ



ပြီးပြီမို့လား၊ ကိုကို တစ်ခုခု လိုက်ကျွေးမလို့''

''ဟင် ကိုကို တကယ်ပြောတာနော်''

သူ ခေါင်းညိတ်ပြတော့ ဝေး မျက်နှာလေး ဝင်းပကြည်လင်သွားသည်။ ခပ်လှမ်းလှမ်းမှာ ဝေးကို ရပ်စောင့်နေသော သူငယ်ချင်းအုပ်စုကို လှည့်ကြည့်ရင်း

''ခဏလေးနေဦး ကိုကို၊ သူငယ်ချင်းတွေကို ဝေး သွားပြောဦးမယ်''

''ဝေး သူငယ်ချင်းတွေနဲ့ သွားစရာရှိလို့လား''

''သူတို့နဲ့လား ပြဿနာမရှိပါဘူး ကိုကို၊ ခဏလေးစောင့်''

ပြောပြီး ဝေး သူငယ်ချင်းတွေဆီ အပြေးတစ်ပိုင်း ထွက်သွားသည်၊ တိုးတိုးတိုးတိုးနှင့် ဘာတွေပြောနေသည် မသိပါ။ ခဏကြာတော့ သူ့အနား ပြန်ရောက်လာသည်။

''ကိုကို့မှာ ကားပါတယ်မို့လား''

''ပါတယ်လေ ဝေးမှာလည်း ပါတယ်မို့လား''

''ပါ ပါတယ်၊ ဒါပေမဲ့ ဝေး ကားကို ကြည့်ပြောပေးလိုက်မလို့ ဘာသာ အိမ်လာပို့လိမ့်မယ်၊ ကိုကို့ကားနဲ့ပဲ ဝေး လိုက်ခဲ့မယ်''

''အင်း ဒါဆိုလည်း ဖြစ်တာပေါ့၊ သွားကြမယ်''

ဝေး သူ့ရဲ့ဆလွန်းကားလေးနှင့်ပဲ လိုက်ခဲ့သည်။ ဝေး မျက်နှာ ကြည်နူးရိပ်တွေ ဖြာနေတာတော့ သေချာသည်၊ တစ်ကြိမ်တစ်ခါမျှ သူ ဒီလို ကျောင်းကိုလာကြိုတာမျိုး မရှိခဲ့တာကြောင့် ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒီနေ့တော့ ဝေး ထိထိုးမှထင်တယ်"

ဝေး သူ့ကိုလှည့်ကြည့်ပြီး ပြောတော့ သူ ပြုံးရင်း

"ဝေး ဘာစားမှာလဲပြောလေ၊ စားရင်းသောက်

ဝေးနဲ့ကိုကို ပြောစရာရှိလို့"

"ဘူဖေး ဟော့ပေါ့ စားမယ်လေ၊ ဝေး တစ်ခါစားဖူးတဲ့

လေးက ကောင်းတယ်"

ဝေးဆန္ဒအတိုင်း ဝေးပြောသည့် ဆိုင်လေးကိုပဲ ကားလေး

ဦးတည်မောင်းနှင်ခဲ့သည်။

ဆိုင်လေးကို ရောက်တော့ ဝေးနှင့်သူ စိတ်ကြိုက် အသာ

ငါးနှင့် ဟင်းသီးဟင်းရွက်တွေကို စတီးဘန်းလေးထဲ ထည့်ကာ

သည်။

စားပွဲထိုးချာတိတ်လေးက သူတို့စိတ်ကြိုက် ယူလာသေ

အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်တွေကို ပြင်ဆင်ပြုတ်ပေးသည်

ဝေးက အချိုရည်လေးသောက်ရင်း သူ့ကို မော့ကြည့်သည်

"ကိုကို ဘာပြောမလို့လဲ၊ ပြောစရာရှိတယ်ဆို"

"ပြောမှာပေါ့ကွာ၊ ဝေး စားပါဦး၊ အေးအေးဆေးဆေး

စားပွဲပေါ်က ပေါင်းအိုးလေးထဲက အသားတွေလည်း ကျက်

ပြီမို့ ညှပ်ခက်ရင်းလေးနှင့် ဝေးရှေ့က ပန်းကန်ထဲကို သူကိုယ်တို

ခပ်ယူထည့်ပေးသည်။

ဝေးက အသားဟင်းတွေကို ခက်ရင်းလေးနှင့် ထိုးယူ

ည် ◈ ၁၇၉

လေးနှင့်တို့ကာ အားပါးတရ စားသည်။ ပြုတ်ရည်တွေကို ဇွန်းလေး

ခပ်သောက်သည်။

ဝေး စားနေတာကြည့်ရင်း သူ ဝေးကို စကားပြောဖို့ စကားစ

မိသည်။ တကယ်တမ်းကျ ဝေးကိုတောင် ဒီစကားတွေ ပြောဖို့

နှုတ်မရဲဖြစ်နေသည်။

ဒါပေမဲ့ မပြောမဖြစ်သည့်ကိစ္စဆိုသော အသိကလည်း သူ့

ထဲကို တွန်းအားပေးနေ၏။

ဝေးက အားပါးတရ ပါးလုပ်ပါးလောင်း စားနေတာမို့ ပြန်မထူး

ခေါင်းလေးမော့ကာ မေးဆတ်ပြသည်။

"ညီမလေးကို မေမေ ဘာပြောသေးလဲ"

ဝေး မျက်မှောင်လေးကုပ်သွားကာ ခေါင်းကိုခါသည်။

"မေမေ ဘာပြောရမှာလဲ၊ ဘာမှမပြောဘူး"

"ဝေး ကိုကို့စကားကို အသေအချာ နားထောင်ပါ၊ ဒီမနက်ပဲ

ကို မေမေ ပြောတယ်၊ ဝေးနဲ့ကိုကို့ကို မေမေက လက်ထပ်ပေးဖို့

ယ်ထားတာတဲ့"

ဝေး မျက်လုံးလေး ဝိုင်းသွားကာ မျက်နှာလေး ပန်းနုရောင်

သွားတာ ချက်ချင်း။ ဒီစကားက ဝေးလည်း သူ့လိုပဲ ထူပူသွားစေမှာ

သိထား၏။

"မေမေ့ဆန္ဒက ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ ကိုကို သိသ

သည်း သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝေး သူ့ကိုစိုက်ကြည့်ရင်း ငြိမ်သက်နေ၏။ ပွက်ပွက်ဆူနေ
ပေါင်းအိုးလေးထဲက အစားအစာတွေကို ဝေး မေ့နေသလို သူ
အာရုံမရှိပါ။

"ကိုကို့ဘက်က မေမေ့ကို ငြင်းဖို့ ခက်နေတယ် ဝေး၊ မေ
ကိုကို မငြင်းရက်ဘူး။ ကိုကိုလေ ကေရီကို ဘယ်လောက်ချစ်တယ်
ဝေး သိပါတယ်"

ပြောဖို့ စကားတွေ ကုန်ဆုံးသွားသလို သူ နှုတ်ဆိတ်သွား
ဝေး ကိုယ်တိုင်လည်း တိတ်ဆိတ်နေသည်။

"ဝေး"

"ရှင် ကိုကို"

"မေမေ ပြောတဲ့ ကိစ္စကို ဝေး ဘယ်လိုသဘောရလဲဟင်

"ဝေး မပြောတတ်ဘူး ကိုကို"

ဝေး သူ့ကို မကြည့်ဘဲ ပြောသည်။ ဝေးနှင့်မျက်နှာချင်း
ဖို့တောင် သူလည်း မျက်နှာပူလွန်းသည်။

"ကိုကို ပြောမယ် ဝေး၊ မေမေ့ဘက်က ဝေးကို ဖွင့်ပြော
ရင် ဝေး ငြင်းပယ်မှဖြစ်မယ်"

ဖျတ်ခနဲ သူ့ကို မော့ကြည့်သော ဝေးမျက်နှာလေးက တ
ကို တည်ငြိမ်လွန်းနေ၏။ သူ ဝေးကို နွေးထွေးစွာပဲ ပြုံးပြရင်း

"ဝေးနဲ့ကိုကိုက မောင်နှမတွေ မဟုတ်ပေမယ့် မောင်နှမ
လို နေလာခဲ့ကြတာလေ၊ ဒါကို ပြောပြပြီး ဝေး ငြင်းဆိုပေးပါ၊ ကိုကို့



ငြင်းရခက်နေတာ ဝေး နားလည်ပါတယ်နော်"

ဝေး ခေါင်းမညိတ် ခေါင်းမခါဘဲ တိတ်ဆိတ်နေတာ စက္ကန့်
များစွာ ကြာသည်။ ပြီးမှ ပင့်သက်လေးရှိုက်ကာ ခေါင်းငုံ့သွားခဲ့၏။

"ဝေး ကိုကိုပြောတာ နားလည်သလားဟင်"

"ဝေး နားလည်ပါတယ် ကိုကို"

"ကျေးဇူးတင်လိုက်တာ ညီမလေးရယ်"

အခုမှပဲ သူ့ရင်ထဲက လေးပင်နေသော အလုံးကြီး လျော့ကျ
သလို ခံစားလိုက်ရပါသည်။

ဝေး ကိုယ်တိုင်က ငြင်းခဲ့လျှင် မေမေ ဖွတ်စီစဉ်ဖို့ ခက်မှာ
ချာသည်။ သည်အခါကျလျှင် ကေရီနှင့်ကိစ္စကို မေမေသိအောင်တော့
ပြောပြမှ ဖြစ်မည်။

ကေရီ ပြန်လာလျှင်တော့ သူ တောင်းဆိုစရာတစ်ခုပဲ ရှိသည်။
ရီကို သူ လက်ထပ်မှဖြစ်မည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

သည့်နောက်ပိုင်းမှာ သူနှင့်ဝေး နည်းနည်းတော့ သူစိမ်း
သွားခဲ့တာ သေချာသည်။ ကျောင်းပိတ်လျှင် သူနှင့်အလုပ်မှာ ကူညီ
ဆိုသော ဝေးတစ်ယောက် ထိုအကြောင်းကို မပြောတော့ပါ။

အင်္ဂလိပ်စကားပြော သင်တန်းတစ်ခုကို ဝေး တက်နေသည်
သူကလည်း မေမေ့ရဲ့ ကုမ္ပဏီအလုပ်ကိစ္စတွေကို လုံးပမ်းရင်း နစ်မြုပ်
ခဲ့သည်။

မေမေ့ဘက်က ထိုအရေးကိစ္စကို ထပ်ပြောမလာတာဘဲ
ကျေနပ်ကျေးဇူးတင်ရသေးသည်။

ကေရီ ပြန်လာသည့်သတင်းကြားတော့ သူ ဝမ်းသာအား
ဖုန်းဆက်ကြည့်မိသည်။

"ကေရီရယ်၊ ကိုယ် ကေရီကို လွမ်းနေတာ"



"ဆောရီး ယူ၊ တို့လည်း ခရီးထွက်ရင်း မန္တလေးက အဘွား
အိမ်မှာ ဝင်နေရင်း ကြာသွားတာ"

"ကေရီ တို့ ကေရီနဲ့ တွေ့ချင်ဟယ်"

"တို့ ဖျားနေတယ် ယူ၊ ခရီးက ပြန်လာကတည်းက ပင်ပန်းပြီး
နေတာ"

"ဟင် ဟုတ်လား ဆေးခန်းမပြဘူးလား ကေရီ"

"မိသားစု ဆရာဝန်နဲ့ ပြပါတယ်၊ မစိုးရိမ်ပါနဲ့၊ နှစ်ရက် သုံး
ဆို သက်သာသွားမှာပါ"

"အင်း ကိုယ်လည်း အခု မေမေ့ရဲ့ကုမ္ပဏီမှာတာဝန်ယူနေရပြီ၊
ကျန်းမာရေး မကောင်းလို့"

"ဟုတ်လား အင်း ယူ အလုပ်တွေနဲ့ပိနေပြီပေါ့"

"ဒါပေမဲ့ ဆန်းဒေးရက်တော့ အားပါတယ်၊ လာမယ့်ဆန်းဒေး
ရီနဲ့တွေ့ချင်တာ"

"အင်း တို့ နေကောင်းရင်တော့ တွေ့ကြတာပေါ့၊ ယူ့ဆီ
ပြန်ဆက်မယ်နော်၊ အိုကေ ဒါပဲ ယူ"

ကေရီ ဖုန်းပြန်ချသွားတော့ သူ ဘာမှပြန်ပြောခွင့် မရလိုက်ပါ။
ရီ ပြန်ရောက်လာပြီဆိုခြင်းအတွက်တော့ သူ ဝမ်းသာမိသည်။

ထိုညနေမှာပဲ သူ့ဆီ ဖုန်းဝင်လာတာ ကိုမိုးအဂ္ဂဆီက ဖြစ်နေ
အိမ်ပြန်ဖို့ ပြင်ဆင်နေတုန်းမှာမို့ သူ ဖုန်းဖွင့်နားထောင်လိုက်မိသည်

"ပြောပါ ကိုမိုးအဂ္ဂ၊ ကျွန်တော် သင့်မင်းမူပါ"

www.burmeseclassic.com

www.burmeseclassic.com



"ညီလား၊ ကိုယ် ညီနဲ့စကားပြောချင်လို့ကွာ"

"ကိုဗွေရှိလို့လား အစ်ကို၊ ကျွန်တော် အခု အိမ်ပြန်မလို့ အ…
ဘယ်မှာရှိမှာလဲ"

"ကိုယ်လည်း အခု အိမ်ပြန်မလို့ ကားပေါ်မှာ၊ ဒီလိုလုပ်…
ကိုယ်တို့ အေးအေးဆေးဆေး ပြောလို့ရတဲ့ ဆိုင်လေးမှာ ထိုင်ရအော…

ကိုမိုးအဂ္ဂနှင့် မဆုံဖြစ်တာ ကြာပြီ။ ဝေးနှင့်တော့ ဆုံဖြစ်…
လား မသိပါ။ ဝေးနှင့်ကိုမိုးအဂ္ဂရဲ့ အခြေအနေတွေကို သိချင်…
သူ ခေါင်းညိတ်လိုက်ပါသည်။

ကိုမိုးအဂ္ဂ ချိန်းဆိုသည့်ဆိုင်လေးက ဘီယာစတေးရှင်…
ကလေးတစ်ဆိုင်ဖြစ်သည်။ ဆိုင်ရှေ့ကားပါကင်မှာ ကိုမိုးအဂ္ဂရဲ့ လ…
ဆာကားကြီးကို တွေ့တာမို့ ရောက်နေပြီဟု သူ သိသည်။

ပါကင်မှာ သူ့ရဲ့ပရာဒိုကားကို ထိုးရပ်လိုက်သည်။ အခုချိ…
မေမေ့ရဲ့ ပရာဒိုကားကိုပဲ သူ စီးဖြစ်နေသည်။ မေမေက အပြင်သိပ်မထွ…
တာမို့ မေမေ့ရဲ့ကားကို သူ အပိုင်စား စီးခွင့်ရနေပြီ။

ဆိုဒ်ထဲကိုဝင်ခဲ့တော့ ကိုမိုးအဂ္ဂ ထိုင်နေသော စားပွဲဝိုင်း…
သူ့ကို လက်လှမ်းပြသည်။ သူ ဝင်ထိုင်တော့ စားပွဲပေါ်မှာ စားစရာ…
တင်မကဘဲ ဘီယာပုလင်းနှင့် ဖန်ခွက်နှစ်ခွက်ပါ ရှိနေ၏။

ကိုမိုးအဂ္ဂရှေ့က ခွက်ထဲမှာ ဘီယာဝါကျင်ကျင်တွေက ထ…
ဝက်တောင် ကျိုးနေပြီ။

"ထိုင် ညီ နည်းနည်းပါးပါး သောက်ဦးမလား ညီ"



"ဟင့်အင်း ကျွန်တော် မသောက်တတ်ဘူး အစ်ကို သုံးဆောင်
ဗျာ"

"မသောက်တတ်ရင်လည်း စားကွာ ညီ၊ ကိုယ်တော့ ဒီနေ့
အာသီသဖြစ်နေလို့ နည်းနည်းသောက်ချင်တယ်"

"ရပါတယ် အစ်ကို သောက်ပါ၊ ပြဿနာမရှိပါဘူး"

ကိုမိုးအဂ္ဂ ဘီယာကို မော့သောက်ရင်း သူ့ကို ကြည့်နေသည်။
သူ ထိုင်ရင်း ကိုမိုးအဂ္ဂကို အကဲခတ်နေ၏။

"ညီ ဒီနေ့မနက် ကိုယ်နဲ့ဝေး တွေ့ဖြစ်တယ်"

"ဟုတ်လား ဝေး သင်တန်းတက်နေတယ်"

"ကိုယ် သိတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီမနက်ပဲ
ကိုယ်ဝေးကို စကားပြောဖြစ်တယ်၊ ဝေးကို ကိုယ် လက်ထပ်ခွင့်တောင်း
တယ်"

ကိုမိုးအဂ္ဂ စကားကြောင့် သူ စိတ်ဝင်စားသွားသည်။ ဘာပဲဖြစ်
ဖြစ် ဝေးနှင့်ကိုမိုးအဂ္ဂတို့ အဆင်ပြေသွားခဲ့လျှင်တော့ ပိုအဆင်ပြေသည်။
သူနဲ့ဝေးကြားက ပြဿနာကို ရှင်းသွားမှာ သေချာ၏။

"ဝမ်းနည်းစရာကောင်းတာက ဝေး ကိုယ့်ကို ငြင်းတယ် ညီ"

"ဟင်"

"ကိုယ် ဝေးကို တကယ်ချစ်တာပါ၊ ဒါကြောင့် လက်ထပ်ခွင့်
တောင်းခဲ့တာ၊ ဝေး ငြင်းတာ ကိုယ် စိတ်မကောင်းဘူး"

ပြောရင်း ကိုမိုးအဂ္ဂ ရှေ့က ဘီယာလက်ကျန်ကို မော့သောက်

www.burmeseclassic.com

www.burmeseclassic.com



နေပြန်သည်။ ကိုမိုးအဂ္ဂ ရင်ထဲက ခံစားချက်တွေကို သူ မြင်သိနေသ[illegible]
ပါပဲ။

"ဝေးကိုလည်း ကိုယ် အပြစ်မမြင်ပါဘူး၊ သူ ကိုယ့်ကို မချ[illegible] နိုင်ဘူးဆိုတော့ ကိုယ် နားလည်ရမှာပေါ့ကွာ၊ အချစ်ဆိုတာ နှလုံးသား[illegible] ခံစားချက်တစ်ခုပဲ"

ကိုမိုးအဂ္ဂ ရင်ထဲက စကားတွေကို သူ နားထောင်ရင်း ဘာ[illegible] မပြောနိုင်ဘဲ နှုတ်ဆိတ်နေမိသည်။ အမှုးရှိန်ကြောင့် ကိုမိုးအဂ္ဂမျက်နှာ[illegible] က နည်းနည်းနီမြန်းနေသည်။

"အမှန်ဝန်ခံရရင် ကိုယ့်ဘဝရဲ့ အချိန်တော်တော်များများက စီးပွားရေးလုပ်ငန်းတွေထဲမှာ နစ်မြုပ်နေခဲ့တာပါ၊ အခု ကိုယ့်အသက် သုံးဆယ်ပြည့်တော့မယ်၊ ဒယ်ဒီတို့က အိမ်ထောင်ပြုစေချင်နေပြီ[illegible] ဒါကြောင့် ကေရီနဲ့ရည်ရွယ်ထားကြတယ်၊ ဒါပေမဲ့ ကေရီကို ကိုယ် မချစ်ဘူး၊ လွမ်းအဝေးကိုမှ ကိုယ့်နှလုံးသားက ငြိတွယ်သွားခဲ့တာ၊ အခု ကိုယ့်ဆန္ဒ တွေ မပြည့်ဝခဲ့ဘူး ညီ၊ ကိုယ့်ဘဝမှာ ဘာမဆိုရအောင် ယူနိုင်ခဲ့ပေမယ့် အချစ်ရေးမှာတော့ ကိုယ် ခံစားခဲ့ရတယ်၊ ဆန္ဒမပြည့်ဝခဲ့ဘူး"

ကိုမိုးအဂ္ဂကို ဝေး ငြင်းဆိုခဲ့တာ ဘာကြောင့်လဲ သူစဉ်းစားလို့ မရပါ။ သူ တစ်ခါပြောခဲ့ဖူးတာကြောင့်လား။

ကိုမိုးအဂ္ဂနှင့် စေ့စပ်ထားသူက ကေရီဟု ဝေး သိခဲ့လျှင်ကော အံ့သြသွားမည်လား။ ဘာပဲဖြစ်ဖြစ် ကေရီကိုတော့ ဒီအကြောင်းတွေတော့



[illegible] ပြောပြရပါဦးမည်။

■ ■ ■

"ကိုမိုးအဂ္ဂနဲ့ စေ့စပ်ထားတဲ့သူက ဘယ်သူထင်လဲ ညီမလေး၊ [illegible]ခြားသူ မဟုတ်ဘူး ကေရီပဲ"

ဝေး မျက်နှာပေါ်မှာ အံ့သြရိပ်တို့ ဖြာဆင်းသွားမည်လား။ [illegible] ရှာဖွေကြည့်မိပေမယ့် မတွေ့ရပါ။

"ကိုကိုတောင် ဒီအကြောင်းကို ကိုမိုးအဂ္ဂပြောမှ သိရတာ၊ [illegible]ပေမဲ့ ကိုမိုးအဂ္ဂက ကေရီကို သံယောဇဉ်ရှိတာ သက်သက်ပဲတဲ့ ညီမ [illegible]လေးရဲ့၊ သူ လက်မထပ်နိုင်ဘူးလို့ ပြောတယ်"

"အဲဒီအကြောင်းတွေ ဝေး သိပြီးသားပါ ကိုကို"

"ဟင် ဝေးသိတယ်၊ ဘယ်သူ ပြောတာလဲ"

"ကိုအဂ္ဂပဲ ပြောတာပါ"

ဝေး သိနေပြီးသားဆိုတော့ ဘာကြောင့် ကိုမိုးအဂ္ဂကို ငြင်းတာ [illegible] သူ သိချင်လာပြန်၏။

"ဝေး မနေ့က ကိုကိုနဲ့ ကိုမိုးအဂ္ဂနဲ့ ဆုံတယ်၊ ဝေးနဲ့သူ့ကိစ္စတွေ [illegible]ကိုကို ပြောပြတယ်"

ဝေး သူ့ကို မော့ကြည့်သည်။ တည်ငြိမ်နေသော မျက်ဝန်းတွေ [illegible]မှာ ထူးခြားသော ပြောင်းလဲမှုကို မတွေ့။

"ဝေး ဘာလို့ သူ့ကို ငြင်းလိုက်တာလဲဟင်"

"ဝေး သူ့ကိုမှ မချစ်နိုင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးအဂ္ဂက ဝေးကို တကယ်ချစ်တာ သေချာပါတယ်၊ သူ တော်တော် ခံစားနေရရှာတာ"

"စိတ်မကောင်းပါဘူး ကိုကို၊ ဝေး သူ့ကို ချစ်လို့မရဘူး"

"ညီမလေးရယ်၊ ကိုမိုးအဂ္ဂက ဘယ်လိုပဲပြောပြော ငြင်းပယ်စရာမရှိအောင် ပြည့်စုံတဲ့သူပါ"

"ကိုကို ဘာလို့ ဝေးကို ဒီစကားတွေ လာပြောနေတာလဲ"

"ကိုကိုက ဝေးအတွက်"

"ဟင့်အင်း ဝေးအတွက် ဘာမှမလိုအပ်ပါဘူး၊ ဝေးဘဝတစ်ခုလုံးအတွက် ဝေး နှလုံးသားက ရင်မခုန်တဲ့သူကို ဝေး လက်မထပ်ချင်ဘူး ကိုကို"

စကားအဆုံးမှာ ဝေး သူ့နံဘေးက ထထွက်သွားခဲ့သည်။ ဝေး အခုတလော သူ့ကို ရှောင်ဖယ်နေတာ စဉ်းစားစရာကောင်းသည်။ ပြီးတော့ ဝေး ပုံစံက အရင်လို ရွှင်ရွှင်ပြပြ မရှိပါ။

အခုလည်း ဝေးပုံစံက စိတ်ညစ်ရှုပ်ထွေးနေပုံရတာ အထင်အရှားဖြစ်သည်။

ကိုမိုးအဂ္ဂကိုမှ ဝေးက ငြင်းနေသည်ဆိုတော့လည်း သူ့ဘက်က လုပ်စရာတစ်ခုပဲ ရှိသည်။ ကေရီနဲ့သူ့ကိစ္စကိုပဲ သူ ရှင်းရတော့မည်။

■ ■ ■

အခန်း (၂၇)

"ဘာရယ် မင်းမှ တို့ကို လက်ထပ်ချင်တယ် ဟုတ်လား"

"ဟုတ်တယ် ကေရီ၊ ကိုယ် ကေရီကို လက်ထပ်ချင်တယ်"

သူ့ကို မျက်ခုံးလေးတွေ စုကျုံ့ကာ ကေရီ ဟက်ခနဲ တစ်ချက် ရယ်သည်။ ကေရီ ရယ်သံက လှောင်သံလိုမျိုး

"ဘာလို့ရယ်တာလဲ ကေရီရယ်၊ ကိုယ် အလေးအနက် ပြောနေတာပါ၊ ကိုယ်ကေရီကို လက်ထပ်ခွင့်တောင်းဆိုနေတာပါ"

"နေပါဦး ယူ၊ ယူက တို့ကို လက်ထပ်ချင်တာ ဘာကြောင့်လဲ ဘာအတွက်လဲဟင်"

ကေရီ မေးသည့်မေးခွန်းအတွက် သူ ဖြေစရာမလိုဟု ထင်သည်။ တကယ်ဆို ကေရီကို သူ သိပ်ချစ်ခဲ့တာတစ်ခုနဲ့ပဲ အားလုံးပြည့်စုံနေ၏။

"ကိုယ် ကေရီကိုချစ်တယ်၊ မစွန့်လွှတ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



''ကောင်းပြီ ယူ၊ တို့ကို လက်ထပ်တယ်ပဲထား၊ အနာဂတ်အတွက် ယူ့မှာ အာမခံချက်ရှိလို့လား''

''ဒီအတွက် ကေရီ မပူပါနဲ့၊ အခု ကိုယ် မေမေ့ရဲ့ ကုမ္ပဏီကို ဦးဆောင်နေတယ်၊ ကေရီဘဝကို ကိုယ် တာဝန်ယူစောင့်ရှောက်နိုင်တယ်''

''အဟင်း ယူ အရမ်းစိတ်ကူးယဉ်တယ်''

ရယ်သံလေးစွက်ကာ ကေရီ သူ့ကို ဝေဖန်သည်။ စူးစူးနှစ်နှစ် မျက်ဝန်းတွေထဲမှာတောင် အပြုံးလေးတွေ အရိပ်ထင်နေ၏။

''ကိုယ် စိတ်ကူးယဉ်တယ် ဟုတ်လား''

''ဟုတ်တယ်လေ ယူက လက်ရှိ ယူ့ရဲ့မွေးစားမိခင်ရဲ့ ပိုင်ဆိုင်မှုတွေကို ပြောနေတာပဲ အဟင်း တကယ်တော့ အဲဒါတွေအားလုံးက ယူ့ပိုင်ဆိုင်မှုမဟုတ်ပါဘူး၊ လွမ်းအဝေးက သမီးအရင်းအချာပဲလေ''

''ဝေးနဲ့ကိုယ်က မောင်နှမအရင်းတွေ မဟုတ်ပေမယ့် တကယ့်မောင်နှမရင်းချာတွေလို ချစ်ခဲ့ကြတာပါ၊ မေမေကလည်း ကိုယ့်ကို သားအရင်းအချာလို သတ်မှတ်ထားတာပေါ့ ကေရီ''

''ဒါပေမဲ့ ယူနဲ့လွမ်းအဝေး ဘာသွေးရင်းချာတွေ မဟုတ်တာတော့ သေချာတယ်လေ''

ကေရီ စကားတွေက သူ့သိက္ခာနှင့်ကိုယ်ကျင့်တရားကို ယုံကြည် မှုကင်းမဲ့နေတာလား။ ကေရီ စကားတွေအတွက် ရင်မှာ ခံစားရတာတော့ အမှန်ဖြစ်သည်။



''ကေရီ မင်းကိုယ့်ကို အယုံအကြည်မဲ့စကားတွေ ဆိုနေတာလား''

''အယုံအကြည်မဲ့စကားတွေ ဆိုနေတာ မဟုတ်ဘူး ယူ၊ ယူက မွေးစားသားတစ်ယောက်ဆိုတာ သိလိုက်ကတည်းက တို့စိတ်ထဲက တွန့်ဆုတ်သွားတာ''

''ဟင်''

''ဟုတ်တယ်လေ တကယ်ဆို ယူတို့ လက်ရှိဘဝ အခြေအနေနဲ့ ကေရီအခြေအနေက အပုံကြီးကွာပါတယ်၊ ပြီးတော့ ကေရီအတွက် မွေးချယ်စရာတွေမှ အများကြီး''

ကေရီ စကားလုံးတွေက သူ့ရင်ထဲက နှလုံးသားကို ဆုပ်ကိုင်ခြေမွနေသလို ခံစားရ၏။ ဒီစကားတွေ ကေရီ နှုတ်က ထွက်လာတာ ရှု အံ့သြမဆုံး။

''ရှင်းရှင်းပြောမယ် ယူ၊ ယူ့ကို လက်ထပ်ဖို့အထိ တို့ သတ္တိမရှိဘူး''

''ဘာ ဘာလို့လဲ ကေရီ''

''တို့ သတ်မှတ်ထားတဲ့ စံနှုန်း ယူ့မှာ မပြည့်စုံတာ သေချာတယ်''

''ဟင်''

''လက်ရှိ ယူ့ရဲ့အခြေအနေကို တို့ လက်ခံနိုင်တယ်ပဲထားဦး အဲဒါတွေက ယူ့ရဲ့ပိုင်ဆိုင်မှုအစစ်အမှန် မဟုတ်ဘူးလေ၊ တကယ်ဆို သမီး

www.burmeseclassic.com

www.burmeseclassic.com



အရင်းအချာဖြစ်တဲ့ လွမ်းအဝေးပဲ ပိုင်ဆိုင်ရမှာပါ၊ ယူက မွေးစားသား တစ်ယောက်ပဲ''

''ကေရီ ဒီစကား မပြောပါနဲ့၊ မေမေက ကိုယ့်ကို သားအရင်းလို ချစ်ခဲ့တာ၊ ဝေးက ကိုယ့်ကို အစ်ကိုရင်းလို သတ်မှတ် သံယောဇဉ်ကြီးတာ သေချာတယ်''

''အဟင်း သံယောဇဉ်ကြီးတာတဲ့လား။ ကောင်းပြီယူ တို့ စောင့်ကြည့်ချင်သေးတယ် သိလား။ ကဲ ပြန်ကြစို့ တို့ ကိစ္စလေးရှိသေးတယ်''

စကားအဆုံးမှာ ကေရီ ထရပ်၏။ နှုတ်ဆက်အပြုံးတစ်ချက်နှင့် သူ့ကို ကေရီ ပြုံးပြကာ လှည့်ထွက်သွား၏။

ဝေ့ဝဲလွင့်ကျန်ရစ်ခဲ့သော ရေမွှေးရနံ့သင်းသင်းလေးက အရင်လို သူ့ကို ရင်ခုန်စေဖို့ မေ့နေစေသည်လား။

ကေရီ သိပ်ကိုလှပချောမောပါသည်။ ပြီးတော့ ကေရီရဲ့ ဟန် တွေကလည်း ကြီးမားဂုဏ်မောက်လွန်းသည်။

ဒါပေမဲ့ ကေရီကိုတော့ သူ မုန်းလို့မရပါ။ ကေရီ အရမ်းပြည့် ချမ်းသာတာ သူ သိသည်။ ကေရီကို သူမဘဝထက် ပြည့်စုံသော ရှ ကြေးတွေ သူ မပေးနိုင်ပေမယ့် မြတ်နိုးကြင်နာမှုတွေ ပြည့်စုံစွာ ပေးနိုင် သည်။

ဒါကို ကေရီ နားလည်ယုံစေချင်၏။ အခုတော့ ကေရီက မေမေနှင့်သူ့ကြားက ချစ်ခြင်းတရားနှင့် ဝေးနှင့်သူ့ သံယောဇဉ်ကို လှောင်သလို ပြောသွားခဲ့တာ ခံရခက်သည်။



ကေရီရယ် မင်း အကြွင်းမဲ့ ယုံကြည်ပါ။

အချစ်ဆိုတာ နိုင်မာသန့်ရှင်းတဲ့ ကြင်နာခြင်းတွေနဲ့ ကြီးမား မြတ်တယ်ဆိုတာ မင်း ယုံစေချင်တယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၈)

''ဘာ မေမေ မေမေ မူးလဲလို့ ဟုတ်လား''

''ဟုတ်တယ် ကိုကို၊ အခု ဝေး ဆေးရုံမှာ ကိုကို လာခဲ့ပါနော်''

ဝေး ဖုန်းချသွားခဲ့သည်။ သူ စားပွဲက ကသောကမျော ထ... လိုက်တော့ အတွင်းရေးမှူးမလေး နန်းရီ သူ့ကို လှမ်းကြည့်ရင်း

''ဆရာ ဘာဖြစ်လို့လဲ''

''ကိုယ် အိမ်ပြန်မှဖြစ်မယ် နန်းရီ၊ ကိုယ့်မေမေ မူးလဲ... ဆေးရုံရောက်နေတယ်၊ ဒီကကိစ္စတွေကို နင်ပဲ ကြည့်စီစဉ်လိုက် ဟုတ်... လား''

''စိတ်ချပါ ဆရာ၊ နန်းရီ အားလုံး စီစဉ်ပေးပါ့မယ်''

ကသောကမျောလေး မှာစရာရှိတာ မှာကြားပြီး သူ ထွက်... တော့ မေမေ့အတွက် စိုးရိမ်စိတ်တွေနှင့် ရင်က ပူလောင်နေ၏။



မေမေ့မှာက နှလုံး၊ သွေးတိုး ရောဂါစုံသည်။ မေမေ ဆေးမှီမှန်... ...ဘက် ဂရုစိုက်ပေးခဲ့ရတာ ကြာပြီ။

အခု မေမေ ဘာကြောင့် မူးလဲရတာလဲ။ မေမေ့အတွက် ...ိုးရိမ်စိတ်တွေနှင့် ဆေးရုံကို သူရောက်ခဲ့၏။

စုံစမ်းပြီး မေမေရှိရာ အခန်းကို ရောက်တော့ ဝေးတစ်ယောက် ...ည်း မေမေ့အနားမှာ ငုတ်တုတ်လေး ရှိနေသည်။

''ဝေး မေမေ သက်သာရဲ့လား''

''သတိတော့ ပြန်ရနေပြီ ကိုကို''

''ဝေး တစ်ယောက်တည်းလား''

ဝေး ခေါင်းလေးညိတ်သည်။ ကိုမိုးအဂ္ဂဆီ ဖုန်းမဆက်ဘူးလား ...ချင်ပေမယ့် သူ မမေးဖြစ်ပါ။ ခုတင်ပေါ်မှာ မေမေ မှိန်းနေရာက ...ကလုံးလေး ဖွင့်ကြည့်သည်။

''မေမေ သက်သာရဲ့လားဟင်၊ သား ရောက်ပြီနော်''

ခေါင်းလေး မသိမသာ လှုပ်ကာ မေမေ မျက်ဝန်းတွေ ပြန်မှိတ် ...ားခဲ့သည်။ မေမေ သူ့ကိုတောင် စကားမပြောနိုင်သေးပါလား။

''ဝေး မေမေ ဘယ်လိုဖြစ်တာလဲ''

သူ တိုးတိုးလေး မေးတော့ ဝေး လေသံလေးနှင့်ပဲ ပြန်ဖြေ၏။

''ဝေးနဲ့ စကားပြောနေတုန်း လဲကျသွားတာ ကိုကို၊ ဆရာဝန် ...ကတော့ နှလုံးရောဂါကြောင့်လို့ ပြောတာပဲ''

ဝေး မျက်ဝန်းလေးတွေထဲမှာ မျက်ရည်လေးတွေ ဝိုင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေးကိုကြည့်ကာ သူ့ရင်ထဲမှာ မကောင်းပါ။ ဝေးကို မေမေ့အနား
စောင့်နိုင်းထားရစ်ခဲ့ကာ ဆရာဝန်ကြီးရုံးခန်း ရောက်ခဲ့သည်။

မေမေ့ရဲ့ ဝေဒနာအခြေအနေတွေကို ပွင့်လင်းစွာ မေး
သည်။ မေမေ လက်ရှိခံစားနေရသော နှလုံးရောဂါနှင့် သွေးတိုး
ကို ဂရုစိုက်ဖို့ ဆရာဝန်ကြီးက မှာသည်။

သူ ခေါင်းညိတ်ပြရင်း လိုအပ်သော ဆေးဝါးကုသမှုတွေအ
ဆရာဝန်ကြီးနှင့် တိုင်ပင်သည်။

''ဆေးရုံမှာ ခဏလောက် ထားပါဦး။ သက်သာမှ ပြန်ဆင်း
ဆင်းတဲ့နေ့ကျ လိုအပ်တဲ့ဆေးဝါးတွေတော့ ညွှန်ကြားလိုက်ပါ့မယ်''

''ဟုတ်ကဲ့ပါ ဒေါက်တာ''

မေမေ ဆေးရုံတက်နေသော ရက်များမှာ မေမေ့အနား
ဝေးပဲ နေ့နေ့ညည စောင့်ရှောက်ပေးသည်။

မေမေ့အခြေအနေ သက်သာလာတော့မှ ညဘက်တွေမှာ
ပဲငှားကာ ဝေးပြန်အနားယူရသည်။ ဒေါ်ဆုံကိုတော့ ဝေးနှင့်လဲလှယ်
စောင့်နိုင်း၏။

''မေမေ့ကို ဝေး စိတ်မချဘူး ကိုကို''

''မေမေ သက်သာနေပါပြီ ဝေးရဲ့၊ စပယ်ရှယ်နာ့စ်တွေလည်း
ရှိတာပဲ၊ ညီမလေး ပြန်အိပ်မှဖြစ်မယ်၊ အရမ်းပင်ပန်းနေပြီ''

ဆေးရုံမှ ငါးရက်လောက် စောင့်အိပ်ပေးနေသော ဝေးမျက်
လေး သိသိသာသာ နွမ်းနယ်နေသည်။ မျက်တွင်းလေးတောင် က



...နေ၏။ ဝေးကို သူ ချော့မော့ပြီး အိမ်ပြန်ခေါ်ရ၏။

''ဝေး ရေမိုးချိုးလိုက်ဦးမယ် ကိုကို''

''မြန်မြန်ချိုးနော် ဝေး၊ ဖျားဦးမယ်''

''အင်းပါ ကိုကိုရဲ့၊ ရေမချိုးလို့ မဖြစ်ဘူး၊ လူက နုံးချိနေလို့''

''ကဲ ဒါဆို ဝေး ရေမိုးချိုးလိုက်၊ ပြီးမှ ကိုကိုတို့ ထမင်းအတူ
...ကြတာပေါ့''

ဝေး ရေချိုးဖို့ထွက်သွားတော့ သူလည်း ဆိုဖာထိုင်ခုံမှာ ထိုင်
...နားယူလိုက်သည်။ ဒီရက်တွေမှာ သူ့ကုမ္ပဏီအလုပ်တွေလည်း
...စ်ဟင်းတာ အမှန်။

ကုမ္ပဏီကိစ္စတွေကိုလည်း လွှဲအပ်စေခိုင်းထားရ၏။ မဖြစ်မနေ
...ကိုယ်တိုင်လုပ်ရမည့် အလုပ်တွေမှာပဲ သူ လုပ်ဖြစ်သည်။

ဝေးခမြာမှာတော့ သင်တန်းတွေလည်း မတက်ဖြစ်တော့ဘဲ
...မေ့အနားမှာပဲ ရှိနေခဲ့ရရှာသည်။ သူ့ထက်ဆာလျှင် ဝေးက ပိုပင်ပန်း
...ာ သိသည်။ အထူးသဖြင့် ဆေးရုံမှာ ညအိပ်ရသော ဝေး အိပ်ပျက်မှာ
...သချာ၏။

ဆိုဖာကျောမှီမှာ ခေါင်းတင်မှီပြီး သူ တွေးနေတုန်း ဝုန်းခနဲ
...ဖြုံးသံတွေ ကြားလိုက်ရတာမို့ ဆတ်ခနဲ ထရပ်မိသည်။

''ဝေး''

စိုးရိမ်စိတ်ဖြင့် သူ့ခြေလှမ်းတွေ ရေချိုးခန်းဘက်သို့ ဦးတည်
...ပြေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟာ ဝေး”

ရေချိုးခန်းတံခါးဝမှာ ပုံပုံလေး လဲကျနေသော ဝေးကို ... စိုးရိမ်စွာနှင့် ခေါ်မိပေမယ့် တုံ့ပြန်သံမကြားရပါ။

ဝေး ခေါင်းလျှော်ရေမိုးချိုးထားသည် ထင်၏။ ဂုတ်ဝဲဆံတို... မှာ ရေတွေရွှဲနစ်နေသည်။ ခန္ဓာကိုယ်လေးကို ရစ်ပတ်ထားသော ... သဘက်ပန်းနုရောင်က ပြေလျော့ကျနေ၏။

ဖြူဝင်းနုညက်သော ဝေးရဲ့ အသားစိုင်လေးတွေက မလုံ... ဖြစ်နေသည်။ သူ တွန့်ခနဲ ဖြစ်သွားပေမယ့် ဝေးအတွက် စိုးရိမ်စိတ်... အရာရာကို ဥပေက္ခာပြုစေ၏။

“ဝေး ဝေး ညီမလေး”

ဝေး ပခုံးလေးကို ထွေးပွေ့ပြီး သူ ခေါ်သည်။ ဝေး မျက်... တွေ ပွင့်မလာဘဲရှိ၏။ ရင်သွေးနုသားလေးတွေကို မလုံမခြုံ ဖြစ်နေစေ... မွေးပွသဘက်ကို သူ တင်းတင်းလေး ပြန်ရစ်ပတ်ပေးလိုက်၏။ ပြီး... ဝေးခန္ဓာကိုယ်လေးကို ပွေ့ချီလိုက်သည်။ ငါးညတိတိ အိပ်ပျက်ခဲ့... ဝေး မဟန်နိုင်တော့ဘူး ထင်ပါသည်။

ဝေးကို အခန်းထဲအထိ သူ ပွေ့ချီခေါ်ဆောင်ခဲ့သည်။ ခုတင်... မှာ ဝေးခန္ဓာကိုယ်လေးကို အသာချလိုက်သည်။

မွေးပွသဘက်လေးက ဝေး ရင်သွေးနုမှ ပေါင်လယ်ခန့်အထိ... လုံခြုံမှုရှိတာမို့ သူ ခေါင်းခြောက်သွားသည်။ အရင်ဆုံး ဝေးခေါ်... ဆံပင်တွေကို ခြောက်သွေ့အောင် သူ သုတ်ပေးရတော့သည်။



ဗီရိုထဲက မွေးပွသဘက်ကြီး ဆွဲယူကာ ဝေ ခေါင်းက ရေတွေ... ခြောက်သွေ့အောင် သုတ်ပေးလိုက်၏။

“ဝေး”

သူ တိုးတိုးလေး ခေါ်ကြည့်ပေမယ့် ဝေး မလှုပ်။ ရေစက်လေး... သီးနေသော မျက်နှာလေးက ငြိမ်သက်နေသည်။ မျက်တောင်... ကော့ကြီးတွေက ရှည်လျားလှပလိုက်တာ။

ဆံနွယ်ရေတွေ ခြောက်သွေ့သွားတော့မှ ဝေးကို အဝတ်အစား... ပေးဖို့ သူ ပြင်ဆင်ရ၏။ ဗီရိုထဲက အဝတ်တစ်ထည်ကို ဆွဲယူသည်။ ...က်အောက်ဂါဝန်လေးကပဲ အဆင်ပြေလိမ့်မည်။

နီညိုရောင်ဂါဝန်လေးကို ယူပြီး ခုတင်ပေါ်က ဝေးကို သူ ...ည့်ကြည့်မိသည်။ အိပ်ရာဖြူလွလွပေါ်မှာ ဆန့်ဆန့်လေး လှဲနေသည့် ...ကို သူ ရဲရဲမကြည့်ရဲပါ။

ပခုံးသားလုံးဝန်းဝန်းလေးတွေနှင့် ပေါင်တံသွယ်သွယ်လေးတွေ ... နီးနီးကပ်ကပ် သူ ထပ်ရင်ဆိုင်ကြည့်ဖို့ မဝံ့ပါ။

စောစောကတော့ ဝေးအတွက် စိုးရိမ်စိတ်တွေနှင့်မို့ သူ ဘာကိုမှ ...တိမထားမိနိုင်ခဲ့ပါ။ အခုတော့ ဝေး အနားကို သွားဖို့တောင် စိတ်က ...နှဲ့ဆုတ်နေ၏။

နံရံပေါ်က မီးခလုတ်လေးကို မြင်မှ သူ အတွေးတစ်ခု လက်ခနဲ ...လာခဲ့ကာ မီးခလုတ်ကို ပြေးပိတ်လိုက်သည်။

အခန်းထဲမှာ အမှောင်အတိဖြစ်သွားသည်။ ဒါပေမဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိနေသော ဝေး ပုံသဏ္ဍာန်လေးက သူ့အာရုံထဲက မထွက်။
ရှိနေသော ခုတင်လေးဆီ သူ လှမ်းခဲ့သည်။

ရင်ညွန့်ဆီက မွေးပွသဘက်လေးကို သူ့လက်တွေနှင့် စမ်း
မှောင်ထဲမှာပေမယ့် မျက်ဝန်းတွေ စုံမှိတ်ကာ မွေးပွသဘက်ကို
ဖယ်ရှားပစ်လိုက်သည်။

ပြီးမှ ဝေး ခန္ဓာကိုယ်လေးကို အသာထွေးမကာ နီညိုရော
ဂါဝန်ရှည်လေးကို ဝတ်ဆင်ပေးလိုက်၏။

နူးညံ့နွေးထွေးသော ဝေး အသားလေးတွေကပဲ နွေးထွေး
တာလား။ သူ့လက်ချောင်းတွေကပဲ အေးစက်နေခဲ့တာလား မသိပါ။

ခါးသိုင်းချည်ကြိုးလေးကို ကသောကမျော ချည်နှောင်ပေး
တော့ သူ ခုတင်ပေါ်က ဆင်းကာ နံရံပေါ်က မီးခလုတ်လေးကို ပြန်
လိုက်၏။

လင်းရှင်းသွားသော အခန်းထဲမှာ ဝေးသည် ခုတင်လေးပေါ်မှ
ငြိမ်သက်စွာ ရှိနေဆဲ။ ဝေး ခန္ဓာကိုယ်လေးပေါ်မှာတော့ သူ ဝတ်ဆ
ပေးထားသော နီညိုရောင်ဂါဝန်လေးနှင့် လုံလုံခြုံခြုံ ဖြစ်သွား၏။

ဖျတ်ခနဲ မျက်ဝန်းတွေ ပွင့်လာ၏။ မျက်တောင်ကော့ကြီးတွေ
က တဖျတ်ဖျတ် ပုတ်ခါကာ သူ့ကို မြင်သွား၏။

"ဟင် ကို ကို"

ဝေး အသံတုန်တုန်လေးနှင့် ရေရွတ်ရင်း ဆတ်ခနဲ ထထိုင်
သည်။ ဒါပေမဲ့ မျက်နှာလေးမဲ့ကာ ချက်ချင်းပဲ ပြန်ယိုင်လဲကျသွား





"ဟာ ဝေး ဝေး ဘာဖြစ်တာလဲ"

"ဟို ခေါင်း ခေါင်းမူးသွားတာ ကိုကို"

"ဝေး အရမ်းအားနည်းနေပြီ ထင်တယ်၊ ရေချိုးခန်းရှေ့မှာ
လဲနေကတည်းက ကိုကို ခေါ်လာတာ"

"ဟင်"

ဝေး မျက်ဝန်းလေးတွေ ချာလည်ပြီး ပတ်ဝန်းကျင်ကို ကြည့်
သည်။ သူ့အခန်းထဲပြန်ရောက်နေမှန်း သိသွားမှ သုတ်ခနဲ ပြန်ထသည်။

"ဝေး ဖြည်းဖြည်းထ မူးနေဦးမယ်"

သူ သတိပေးတာကိုတောင် မကြားနိုင်ဘဲ ဝေး သူမ့ခန္ဓာကိုယ်
လေးကို ပြန်ငုံ့ကြည့်သည်။ ပြီးတော့ မျက်နှာလေး ပန်းနုရောင်သမ်းကာ
သူ့ကိုမဝံ့မရဲ မော့ကြည့်၏။

"ဝေးကို ကိုကို အဝတ်အစားတွေ လဲပေးထားတာ"

"အို"

ရှက်သွေးလွှမ်းသွားသော ဝေး မျက်နှာလေးကို ဒါ သူ ပထမဦး
ဆုံး မြင်ဖူးတာ ဖြစ်သည်။ ဝေး မျက်နှာလေး ရဲရဲနီနေတာ တော်တော်
နှင့် မပြေတော့ပါ။

"ဝေး အရမ်းအားနည်းနေတာဖြစ်မယ်၊ ကိုကို ဒေါက်တာ
ဦးဇော်မိုးဆီ ဖုန်းဆက်လိုက်မယ်"

"ဟင့်အင်း မဆက်ပါနဲ့ ကိုကို၊ ဝေး သက်သာပါတယ်၊ ဘာမှ
မဖြစ်တော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သေချာရဲ့လား ဝေး၊ ခေါင်းတွေမူးနေတုန်း မဟုတ်လား

"သိပ်မမူးတော့ပါဘူး ကိုကို၊ အိပ်ရေးပျက်တာတွေ များသွ

လို့ဖြစ်မှာပါ"

ဝေး ပုံစံက တကယ်ပဲ သက်သာသွားပုံမို့ သူ စိုးရိမ်ပြေသွ

သည်။ အခုချိန်ထိ သွေးရောင်မပြယ်သေးသော မျက်နှာလေးက နီတိ

"ကဲ ဒါဆိုလည်း အဝတ်အစားလဲပြီး ထမင်းစားလိုက်ဦ

ကိုကို စားသောက်ခန်းထဲက စောင့်မယ်နော်"

"ဟင့်အင်း ဝေး မစားတော့ဘူး ကိုကို"

"ဟာ မဟုတ်တာ၊ အစားမစားရင် ဘယ်ဖြစ်မှာလဲ"

"ဝေး မစားချင်လို့ပါ ကိုကို"

ဝေး ရှက်စိတ်နှင့် ငြင်းနေတာဟုပဲ သူ ထင်သည်။ ဝေ

မျက်နှာလေးကို လှမ်းကြည့်တော့ သူနှင့်မျက်ဝန်းချင်း အဆုံမခံဘဲ ရှော

လွှဲသွားခဲ့၏။

လွှမ်းအဝေး ဆိုသည့် ကောင်မလေးက အခုတော့ ကလေ

လေး မဟုတ်တော့သည့်အတိုင်းပါပဲလား။ တကယ်ဆို လွှမ်းအဝေ

ကလေးလေးမဟုတ်တာ သူလည်း သိခဲ့ပြီးပြီ။

သူ့စိတ်က ဖြူစင်ရိုးသားသည်ပဲ ထားဦး၊ လက်တွေ့မှာတော့

သူ ကိုယ်တိုင်လည်း ထူထူပူပူ ဖြစ်ခဲ့ရတာပါပဲ။

ဝေးအတွက် နွားနို့နှင့်ကြက်ဥပေါင်မုန့်ကြော် သူကိုယ်တိုင်

စီစဉ်ကာ အခန်းထဲပို့ပေးလိုက်၏။



"ဝေး ထမင်းမစားချင်ရင် ဒါတွေတော့ စားလိုက်၊ ပြီးမှ အိပ်ပျော်အောင် အိပ်လိုက်နော်"

ဝေး ခေါင်းလေးညိတ် ကျွန်ရစ်ခဲ့သည်။ သူ အခန်းတံခါး ငြိမ်စေ့ပိတ်ခဲ့ပြီးမှ ပြန်ခဲ့သည်။ ကိုမိုးအဂ္ဂ လွှမ်းအဝေးကို ငြီးငွေ့သွားတာ ဒါကြောင့်ပဲ ထင်သည်။

လွှမ်းအဝေးက တကယ့်ကို ဖြူစင်ကာ ချစ်စရာကောင်းသည် ဆိုတာတော့ သူ မငြင်းချင်ပါ။

ဒါပေမဲ့ သူ့ရင်ထဲမှာက ကေရီ ရှိနေဆဲ။ ပြီးတော့ ကေရီ ကိုယ်တိုင်က သူနှင့်လွှမ်းအဝေးကို ယုံကြည်မှုကင်းမဲ့သလို ဆိုခဲ့တာ အတွက်တော့ သူ မခံနိုင်ပါ။

သံယောဇဉ်နှင့်ချစ်ခြင်းသည် ဖြူစင်ခြင်းတွေနဲ့ပဲ ဖွဲ့တည်တတ် တာကိုလည်း ကေရီ သိစေချင်ပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"သား သားနဲ့သမီးကိစ္စကို မေမေ အမြန်ဆုံး စီစဉ်ချင်ပြီ"

ဆေးရုံက ဆင်းလာပြီး နောက်တစ်ရက်မှာ မေမေ ဆိုလာ
သော စကားကြောင့် သူ ဘာပြောရမှန်းမသိ ဖြစ်နေသည်။ ဝေး
လှမ်းကြည့်တော့ ခေါင်းလေးငုံ့ကာ ငြိမ်သက်နေ၏။

"ဟုတ်တယ် သား၊ မေမေ မသေခင်မှာပဲ မေမေ့ဆန္ဒ
စီစဉ်သွားချင်ပြီ"

မေမေ ပြောသမျှတွေပဲ သူ နားထောင်တိတ်ဆိတ်နေသည်
ဝေး တစ်ယောက်နှုတ်ဆိတ်နေတာကိုတော့ သူ နားမလည်နိုင်ပါ။ ဒီအချိ
မှာ ဝေးနှုတ်က တစ်စုံတစ်ရာတော့ ဝင်ပြောသင့်သည်။

အခုတော့ ဝေးက နှုတ်ဆိတ်လို့နေ၏။

"သား မေမေပြောတာကို သား လက်ခံတယ် မဟုတ်လား
ဟင်"

"ဟို ဝေး ဝေး"



"သမီးလေးအတွက် သား စိုးရိမ်နေတာလား၊ ဘာမှမပူနဲ့
သား၊ သမီးက မေမေ့ဆန္ဒကို မငြင်းပါဘူး၊ သမီး ဝေး"

မေမေ ခေါ်တော့မှ ဝေး မော့ကြည့်သည်။ ဝေး အဖြေကို သူ
နှင်တထိတ်ထိတ် နားထောင်နေမိဆဲ။

"သမီး မေမေ့ရဲ့ အစီအစဉ်ကို သမီး လက်ခံတယ် မဟုတ်
သားဟင်"

"ဟုတ်ကဲ့ပါ မေမေ"

ဝေးနှုတ်က အဖြေစကားအတွက် သူ တုန်လှုပ်သွားမိသည်။
မေမေ့မျက်နှာ ဝင်းပသွားခဲ့တာ အထင်အရှား။

"ကဲ သား သားရှေ့မှာ သမီးကိုယ်တိုင်က ခေါင်းညိတ်နေပြီ
ဆိုတော့ သား လက်ခံပြီပေါ့နော်"

သူ ခေါင်းငုံ့ငြိမ်သက်နေလိုက်တာ ဝေး မြင်မှာ သေချာပါသည်။

"ကောင်းပြီ သား၊ မေမေ သားတို့ကိစ္စကို အမြန်ဆုံး စီစဉ်ပေး
မယ်၊ ဒီရက်ပိုင်းမှာ မော်လမြိုင်က မေမေ့ အစ်မနဲ့ အစ်ကိုကြီးကို ခေါ်
လိုက်မယ်၊ သားတို့ကိစ္စအတွက် စီစဉ်ပြီးမှပဲ မေမေ စိတ်ဖြောင့်ဖြောင့်
သေနိုင်မယ်ကွယ်"

သူ မေမေ့မျက်နှာကို ငေးကြည့်နေမိသည်။ ဒီတစ်ကြိမ် ဆေးရုံ
ကအပြီးမှာ မေမေ အတော့်ကို ပိန်ချုံးကျသွားခဲ့တာတော့ အသေအချာ
ပဲ ဖြစ်သည်။

"သူ့ကို ဂရုစိုက်စောင့်ရှောက်ပေးကြနော်၊ နှလုံးရောဂါရဲ့

www.burmeseclassic.com

www.burmeseclassic.com



လက္ခဏာတွေ တွေ့ရတယ်၊ ဂရုစိုက်နိုင်မှ တော်ကာကျမယ်ဆိုတာ မ
နဲ့''

သူ့ကို မှာလိုက်သော ဆရာဝန်ကြီးစကားကို ကြားမိ
ရင်ထဲမှာပဲ ပင့်သက်မောတွေ သူ အခါခါချမိသည်။

မေမေ့ဆန္ဒကို လွန်ဆန်ဖို့အတွက် သူ့မှာ အင်အားမရှိ
ဝေးကိုယ်တိုင်ကပါ မေမေ့ရှေ့မှောက်မှာ ခေါင်းညိတ်ဝန်ခံလိုက်သ
ဆိုတော့။

ဝေးရယ် နင် အားလုံးကို သိနေရက်နဲ့ လုပ်ရက်လိုက်တ

ဝေးကို ပြောချင်သော စကားတွေက ရင်ထဲမှာ အပြည့်
ဒါပေမဲ့ ဝေးက သူ့ကို တစ်ချက်လေးတောင် လှည့်မကြည့်ခဲ့ပါ။

သည့်နောက်ပိုင်းမှာလည်း ဝေး တမင်ရှောင်နေတာဟုပဲ
ထင်သည်။ သူ့အလုပ်က ပြန်လာတော့ ဝေးသည် မေမေ့ရဲ့ အနား
အမြဲလိုလို ရှိနေတတ်သည်။

မေမေ့ကို ပြုစုစောင့်ရှောက်ဖို့အတွက် ဝေး မေမေ့ရဲ့ အခ
ထဲမှာပဲ အိပ်နေတာမို့ တွေ့ဖို့ဆိုတာ တကယ့်ကို မလွယ်တော့ပါ။

ဒီကြားထဲမှာ မော်လမြိုင်က ဦးလေးလင်မယားကို ဝေးကို
တိုင် သွားခေါ်သည်ဆိုတော့ သူနှင့်ဝေး ဆုံတွေ့ခွင့်က မရှိခဲ့ပါ။

ကေရီကလည်း ဒီရက်ပိုင်းမှာ သူ ချိန်းဆိုတာကို မအား
ဘူးဟုပဲ အကြောင်းတွေပြနေခဲ့သည်။

မော်လမြိုင်က မေမေ့ရဲ့အစ်ကိုနှင့် အစ်မတွေ ရောက်လာ





တော့ အခြေအနေတွေက သူ ငြင်းဆိုမရနိုင်အောင် ဖြစ်ကုန်သည်။

''အေး ငါတော့ ဒီအစီအစဉ်ကို သဘောကျတယ်ဟေ့၊ နင်တို့က
ကုန်မှာပဲ ရှိကြတာဆိုတော့ တို့နဲ့က အဝေးကြီးလေ၊ တစ်ယောက်နဲ့
စ်ယောက် ဆုံဖို့ဆိုတာ တကယ်မလွယ်ဘူး''

''ဟုတ်တယ် ညီမ၊ နင်တို့ စီးပွားကလည်း ရန်ကုန်မှာဆိုတော့
တယ်''

''ကျွန်မလည်း ကျန်းမာရေး ထိခိုက်လာမှ သားနဲ့သမီးကို
မချဖြစ်လာတယ်၊ ဒါကြောင့် ကျွန်မ မသေခင် သားနဲ့သမီးကိစ္စကို
ဉ်ပေးခဲ့ချင်တယ်''

မေမေတို့လူကြီးတွေ ခေါင်းချင်းရိုက်တိုင်ပင် စီစဉ်လိုက်ကြသည်။
လာအစီအစဉ်တွေနှင့် မေမေတို့ ရှုပ်ထွေးနေကြတုန်းမှာ ဝေးကို
ထိပ်တိုက်ဆုံနိုင်ဖို့ ကြိုးစားရ၏။

''ဝေး ခြံထဲကို ခဏလောက်ဆင်းခဲ့၊ ကိုကို စောင့်နေမယ်''

ဝေး ငြင်းလို့မရဘဲ သူ ခေါ်သည့်ခြံထဲကို ဆင်းလာ၏။ မေမေက
ာ့ အစ်ကိုအစ်မတွေဆုံမှ ထူထူထောင်ထောင် ဖြစ်လာကာ မင်္ဂလာ
စီအစဉ်အတွက် တက်ကြွစွာ ဆွေးနွေးနေကြ၏။

ဝေး သူ စောင့်နေသော ခြံဝင်းထဲကို ဆင်းလာ၏။ တီရှပ်
ည်အပွအကျီလေးကို ကွာတားဘောင်းဘီလေးနှင့် တွဲဝတ်ထားသော
သည် ကလေးဆန်ဆန်လေး လှပနေပါသည်။

''ကိုကို''



www.burmeseclassic.com

www.burmeseclassic.com



"ဝေး နင် ဘယ်လိုလုပ်လိုက်တာလဲဟင်"

သူ့လေသံမှာ ဒေါသရိပ်တို့ စွက်နေတာတော့ သေချာ၏။ ...
မဝံ့မရဲလေး ရပ်ကြည့်နေတာမို့

"ဒီမှာ ခဏထိုင်စမ်းပါဦး ဝေး။ နင့်ကိုငါ မေးချင်နေ...
ကြာပြီ၊ နင် ဘာလို့ မေမေ ပြောတုန်းက ခေါင်းညိတ်လက်ခံလိုက်...
လဲ ဟင်"

"ဝေး ဘယ်လိုဖြေရမလဲ ကိုကိုရယ်"

လေသံတိုးတိုးလေးနှင့် ဝေး ညည်းညူသည်။ အမြဲတမ်း ...
သည် သူ့အပေါ်မှာ အနိုင်ယူစိတ်ဒုက္ခပေးတတ်ခဲ့တာ အခုမှမဟုတ်...
ဟိုးငယ်ငယ်ကတည်းက ဖြစ်သည်။

ဒီကိစ္စမှာလည်း ဝေးသည် သူ့ကို ဒုက္ခတွေပေးခဲ့တာပဲ ...
သည်။ ဒီတစ်ခါ ဝေးပေးသည့် ဒုက္ခက တစ်ဘဝလုံးအတွက် ဖြစ်သည်...

"နင် အခုချိန်မှာ ဒါပဲ ပြောနိုင်တော့တယ် မဟုတ်လား ...
နင် ငါ့ဘဝတစ်ခုလုံးကို ဒုက္ခပေးလိုက်တာ သေချာတယ် ဝေး။ ခရီး...
ဘာမှပြန်ပြီး ပြုပြင်လို့ မရနိုင်အောင် နောက်ကျခဲ့ပြီဆိုတာ သေချာ...
တယ်၊ အဲဒီအတွက် နင့်ကိုငါ သိပ်နာကျည်းသွားပြီ ဝေး"

"ကိုကိုရယ်"

ညည်းညူသံတိုးတိုးလေးနှင့်အတူ ဝေး မျက်ဝန်းမှာ လက်...
တွေ့လိုက်တာ မျက်ရည်တွေလား။

သူ ဥပေက္ခာပြုကာ ဝေးအနားက ထထွက်ခဲ့သည်။ ရင်ထဲ...







...ကြပ်ဆို့နစ်နေသော ဝေဒနာခံစားချက်တွေက ပြည့်နှက်နေ၏။

ဝေး သိပ်ကို ရက်စက်လွန်းသည်။ ကေရီနှင့်သူ့ကိစ္စတွေကို
... အားလုံးသိထားသည်။ ဝေးနဲ့ကိုမိုးအင်္ဂအကြောင်းလည်း သူ သိထား
...တာပါပဲ။

ကိုမိုးအင်္ဂကို ငြင်းပယ်ပြီး သူ ဒုက္ခရောက်အောင် ဝေး လုပ်
...ခဲ့တာ။ သူနှင့်ဝေးရဲ့ သတင်းကိုကြားလျှင် ကေရီ ဘာပြောမည်လဲ။

သွေးသားရင်းချာ မဟုတ်သော ဝေးနှင့်သူ့အဖြစ်ကို ကေရီ
...ပြီး လှောင်ပြောင်စကားဆိုမှာတော့ သေချာပါသည်။

ယုံကြည်မှုကင်းမဲ့သည့် စကားတွေကိုတောင် ကေရီ နှုတ်က
...ဖူးသည်ပဲ။

ဝေး နင့်ကြောင့် ငါ့သိက္ခာ၊ ငါ့ကိုယ်ကျင့်တရား၊ ငါ့ဘဝတစ်ခု
... ပေးဆပ်လိုက်ရတာ နင် သိသင့်တယ်။

အခုတော့ အားလုံး ရှုံးနိမ့်ခဲ့တဲ့သူက မင်းမူဆိုတဲ့ကောင်ပါပဲ။
...အတွက် နင့်ကိုငါ ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး ဝေး။

ငါ ပေးဆပ်လိုက်ရတာတွေအတွက် နင်လည်း တစ်ခုခုတော့
...ပြန်ပေးဆပ်ရမှာပဲ ဝေး။

လွမ်းအဝေးဆိုတဲ့ ကောင်မလေးအပေါ် ထားခဲ့တဲ့ ငါ့ရဲ့ ချစ်ခြင်း
... သံယောဇဉ်တွေအားလုံး သေဆုံးသွားပြီ ဝေး။

နင့်အတွက် ငါ့ရင်ထဲမှာ အမုန်းနဲ့နာကျည်းချက်တွေပဲ ရှိနေမှာ
...် ယုံလိုက် မိဝေး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ဝေးနှင့်သူတို့ မင်္ဂလာညည့်ခံပွဲက မေမေတို့ကြောင့် ခမ်းနားပြည့် စွာပဲ ကျင်းပနိုင်ခဲ့သည်။

ပန်းနုရောင်ဇာဝတ်စုံလေးနှင့် မြန်မာဆန်ဆန်လှနေသော လွ အဝေးနံဘေးမှာ သူ ယှဉ်တွဲနေရပေမယ့် ရင်မှာ အလိုမကျသည့် စိ တွေပဲ စိုးမိုးနေသည်။

ဧည့်ပရိသတ်တွေ၏ လိုက်ဖက်ညီလိုက်တာဟု ချီးကျူးစကာ သံတွေကို ကြားတိုင်း ရင်မှာ နင့်ခနဲ နာကျင်မိသည်။

သူတို့ မင်္ဂလာပွဲကို ကေရီ ရောက်မလာပေမယ့် ကိုမိုးအဂ္ဂ တော့ မယုံနိုင်စရာ ရောက်လာခဲ့သည်။

"ကွန်ကရက်ကျူးလေးရှင်း ညီ၊ ညီနဲ့ဝေးတို့ ရာသက် နိုင်မြဲပါစေကွာ"

"ကျေးဇူးတင်ပါတယ် အစ်ကို"

ချီးကျူးဆုတောင်းစကားကို အလိုက်သင့် တုံ့ပြန်ရပေမ



ရှက်နာပျော့ ပွနေမိ၏။ ကိုမိုးအဂ္ဂကတော့ သူနှင့်ဝေးကို ငေးငေးလေး ကြည့်နေရင်း ဝေးကိုပါ ပြုံးနှုတ်ဆက်၏။

"ဝေး ကိုယ် မင်းတို့ပွဲကို ရောက်အောင်လာတယ်နော်၊ မနက် ဆို ကိုယ် အမေရိကားသွားမှာ"

"အလုပ်ကိစ္စပဲလား ကိုမိုးအဂ္ဂ"

"အင်း ဟိုက ကုမ္ပဏီမှာ ကိုယ် ခြောက်လ၊ တစ်နှစ်လောက် တာဝန်ယူမလို့လေ၊ ဒီက လုပ်ငန်းတွေတော့ တခြားတစ်ယောက်နဲ့ ထားခဲ့တယ်"

ကိုမိုးအဂ္ဂ ဘာကြောင့် ရွေခြားမြေခြားကို ထွက်သွားသည်ဆို သူ နားလည်နေမိသည်။

"ကေရီ မလာဘူးလား ညီ"

ကိုမိုးအဂ္ဂ ရိုးရိုးသားသား မေးတာ ဖြစ်ပေမယ့် သူ မျက်စိမျက် ကြနှင့် ခေါင်းကိုပဲ ခါရမ်းပြမိ၏။ ကေရီကို သူ မပိတ်ရဲသလို ရှိလည်း ရောက်မလာခဲ့တာ အမှန်။

ဧည့်ခံပွဲပြီးဆုံးပြီး အိမ်ရောက်တော့မှ ဖုန်းဝင်လာတာ ကေရီ ကာ ဖြစ်နေ၏။

"သိပ်ပျော်နေသလား သင့်မင်းမှူ"

"ဧ ကေရီ"

"အဟင်း မှတ်မိတာ ကျေးဇူးတင်တယ် မင်းမှူ၊ ယူနဲ့လွမ်း လေးအတွက် တို့ ကြိုတင်နိမိတ်ဖတ်ခဲ့တဲ့အတိုင်းပဲနော်၊ မလွဲပါဘူး

www.burmeseclassic.com

www.burmeseclassic.com



အဟင်း''

လျောင်ရယ်သံတွေနှင့် စကားလုံးတိုင်းကို သူ ဘာမှ

မပြန်နိုင်အောင်ပဲ ခံနေခဲ့ရ၏။

''ကောင်းပါတယ် မင်းမူ၊ ဒါဖေမဲ့ တို့တစ်ခုပဲ ခံပြင်း

သိလား။ တို့သမိုင်းမှာ ဘယ်ယောကျ်ားကိုမှ ကိုယ့်ကိုချစ်ထား

အဖြစ်မခံဘူး။ ယူကတော့ တို့ကို အဲဒီလို ထင်သွားမှာပဲနော်၊

ယူ ယူ့ကိုတို့က အရင်စွန့်ခဲ့တာ ယူမသိမှာစိုးလို့ ဖုန်းဆက်ပြော

တို့နှလုံးသားထဲမှာ ယူ မရှိခဲ့ပါဘူး''

စကားအဆုံးမှာ ကေရီ ဖုန်းချသွားခဲ့သည်။ ဆက်သွ

ပြတ်တောက်သွားသော ဖုန်းလေးကို သူ အံကြိတ်ကြည့်ရင်း ခံပြ

သည်။

ဒါတွေအားလုံးဟာ ဝေး ကြောင့်ပါပဲ။

ဖုန်းကို အပြီးပိတ်ပစ်လိုက်ပြီး သူ စားပွဲပေါ်တင်လိုက်

ဒါ သူနဲ့ဝေးရဲ့ မင်္ဂလာဦးနေ့တဲ့လား။

သူ့အတွက်တော့ မင်္ဂလာမရှိသော အဖြစ်အပျက်တွေ

ရင်ဆိုင်နေရသည်။ အထူးသဖြင့် ကေရီရဲ့ စွပ်စွဲချက်တွေကို ခွန်းတုံ့

နိုင်ဘဲ အရှုံးပေးလိုက်ရတာ အဆိုးဆုံး။

ကေရီ နှလုံးသားထဲမှာ သူ တကယ်မရှိခဲ့ဖူးတဲ့လား။

ဟင့်အင်း သူ မယုံချင်ပါ။

■ ■ ■



ဝေး မင်္ဂလာအိပ်ရာကြီးကို ငေးငေးလေး ရပ်ကြည့်နေမိဆဲ။

ကိုကိုနဲ့ဝေးရဲ့ မင်္ဂလာနေ့ရက်တဲ့။

ဝေး မယုံချင်သလို ရင်လေးတွေ ခုန်နေတာ အမှန်။ အာရုံထဲ

ကိုကို ပုံရိပ်က အရိပ်ထင်လာ၏။ မင်္ဂလာညစ်ခံပွဲမှာ ကိုကို့ရဲ့ အမူ

ရာတွေက ဝေးအပေါ် တစ်စက်လေးတောင် ကြင်နာရိပ်မပြတာ ခံစား

ပရိသတ်အလယ်မှာဖို့ ဝေး ကိုကို့လက်မောင်းကို တွဲထားတာ

ကိုကို မငြင်းပယ်ပေမယ့် ကိုကို့မျက်နှာ အေးစက်မာကြောနေတာ

သိနေသည်။

ဝေးကို ကိုကို စိတ်နာမုန်းတီးနေသည်လား။

ကိုကို့ရဲ့ မျက်ဝန်းတွေထဲမှာ ဝေးကို ကြည့်သည့်အကြည့်တွေ

သီးလွန်းနေတာ ဝေး အသိဆုံးပါ။ တကယ်ဆို ဝေး ဘာတွေ လုပ်ခဲ့

သလဲ ကိုကို သိမှာမှ မဟုတ်ဘဲ။

ကိုကို စေခိုင်းသည့်အတိုင်း ဝေး လုပ်ခဲ့တာပဲဖြစ်သည်။ ဝေးကို

မေ ဖွင့်ပြောလာတော့ ဝေး ငြင်းဆိုခဲ့သည်။

''ဟင် သမီး ဘာလို့ ငြင်းရတာလဲဟင်၊ မေမေ့ကိုပြောစမ်းပါ၊

ကိုကိုတောင် မေမေ့စကားကို နာခံခေါင်းညိတ်ခဲ့တာ''

မေမေ့မျက်နှာမှာ မယုံကြည်ခြင်းတွေနှင့် ဝေးကို စူးစူးနစ်နစ်

ကြည့်ကာမေးသည်။ ဝေး ဘယ်လိုပြန်ဖြေရမှာလဲ ကိုကိုရယ်။ ကိုကိုက

ာလိမ္မာတစ်ယောက်လို ခေါင်းညိတ်နာခံခဲ့ပြီးမှ ဝေးကို ငြင်းနိုင်တာ

www.burmeseclassic.com

www.burmeseclassic.com



ဝေး နားလည်ပါတယ်။

"ပြောလေ သမီး၊ ဘာလဲ သမီးမှာ ချစ်သူတွေဘာတွေ
ရှိနေပြီလားဟင်"

မေမေ့နှုတ်က မေးလာတော့ ဝေး ချော့လဲရောထိုင် ခေါင်း
ပြလိုက်မိသည်။

"ဟင် ဘယ်သူလဲ သမီး၊ ဘယ်ကလဲ"

ကြိုတင်တွေးမထားသော မေးခွန်းမို့ ဝေး ဘာဖြေရမှန်း
မေမေ စိတ်မရှည်နိုင်တော့သလို ဝေးရှေ့နားအထိ လျှောက်လာ

"မောင်မိုးအဂ္ဂလား သမီး"

"ဟင် အင်း ဟုတ်တယ် မေမေ"

"သမီးရယ် မေမေ အတန်တန် သတိပေးထားရက်နဲ့
မိုးအဂ္ဂ စိတ်ထားဖြူစင်တာ၊ သမီးအပေါ် ကြင်နာတာ မေမေ လ
တယ်၊ ဒါပေမဲ့ သူ့မိဘတွေက သမီးနဲ့ ဖြစ်မှာမဟုတ်ဘူး၊ မေမေ အ
စုံစမ်းပြီးပြီ သမီး၊ သူတို့ သားကို ဂုဏ်တူအဆင့်အတန်းတူ
ပေးစားမှာတဲ့"

မေမေ့စကားကြောင့် ဝေး စိတ်ထဲမှာ မျက်ခနဲတော့ ဖြစ်သွ
လူငယ်ပီပီ မခံချင်စိတ်က တိုးဝင်လာ၏။ တကယ်ဆို ကိုအဂ္ဂကို
နှုတ်က အပြတ်ငြင်းပြီးသား ဖြစ်သည်။

"နေပါဦး မေမေ၊ ဝေးတို့က ဘယ်လောက်ဆင်းရဲလို့ဖြ
လို့လဲ၊ ဘယ်လောက်အထိ နိမ့်ကျနေလို့လဲ"



"အဲဒီ သမီးရဲ့ စိတ်မျိုးနဲ့ မောင်မိုးအဂ္ဂမိဘတွေနဲ့ ဘယ်လိုမှ
ဖြစ်နိုင်တာ မေမေ သိတယ်၊ ဒါကြောင့် မေမေ တားနေတာ သမီး၊
သူတို့တွေက ဂုဏ်မာန်တွေမြင့်မောက်လွန်းတယ်"

မေမေပြောမှပဲ ကိုမိုးအဂ္ဂရဲ့ မိဘတွေအကြောင်း ဝေး သိတာ
ဖြစ်သည်။ ကိုမိုးအဂ္ဂ ဝေးဆီက အချစ်ကိုတောင်းခံလာစဉ်က ဒါတွေ
အး မသိပါ။ ဝေး နှလုံးသားက လက်မခံနိုင်တာကြောင့်ပဲ ငြင်းခဲ့တာ
ဖြစ်၏။

✱

"မေမေ့ သမီးက လိမ္မာပါတယ်၊ မေမေ့စကားကို နားထောင်
နော် သမီး၊ သမီးအတွက် အသင့်တော်ဆုံးက သားပါပဲကွယ်"

မေမေ ပြောတော့ ဝေး ရင်မှာနာကျင်ရသည်။ ကိုကို့ကို ဝေး
အက်လောက်ချစ်သည်ဆိုတာ ဝေးပဲ အသိဆုံးဖြစ်သည်၊ ဒါပေမဲ့ မေမေ
ဆင်ထားသလို ကိုကို့အချစ်က ဝေးဆီမှာ မဟုတ်။

ကိုကိုက ပန်းကေရီ အပေါ်မှာပဲ ငြိတွယ်နေတာ မေမေမှ
သိတာ။

"နော် သမီး၊ မေမေ့စကားကို နားထောင်နော်"

ဝေး ခေါင်းလေးခါပြတော့ မေမေ ဝေး ပခုံးကို ဆုပ်ကိုင်ထား
ရာမှ ထရပ်သည်။ ဝေး မေမေ့ကို မော့ကြည့်တော့ မေမေ့ရဲ့ မျက်ဝန်း
တွေက စူးစူးနစ်နစ်နှင့် ဝေးကို စိုက်ကြည့်နေ၏။

"မေ မေ"

ဝေး စိုးရိမ်စွာ ခေါ်မိချိန်မှာပဲ မေမေ ဒူးညွှတ်ခွေကျသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ မေမေ"

"မဝါ မဝါ"

ဝေး မေမေ့ကို တွေးပွေ့နေချိန်မှာပဲ ဒေါ်ဆို အပြေးရောက် လာကာ မေမေ့ကို တစ်ကြော်ကြော် အော်ခေါ်နေသည်။

"ဒေါ်ဆို မေမေ မေမေ ဘာဖြစ်တာလဲ မသိဘူး လုပ်ပါဦး"

"သမီးရယ် ဒေါ်ဆို အားလုံးကြားပါတယ်၊ မဝါမှာက နှလုံး ရောဂါအခံနဲ့လေ၊ သမီးက မိဘစကားကို နားထောင်မှပေါ့၊ ကဲ ထ ဆေးရုံဆေးခန်းပို့မှပေါ့ကွယ်၊ ဦးဒီပါကို အမြန်သွားခေါ်"

ဝေး စကားတွေကြောင့် မေမေ စိတ်ထိခိုက်လဲကျသွားခဲ့တာ ကိုကို မသိခဲ့ပါ။ အချိန်မီသာ ဆေးရုံမပို့နိုင်ခဲ့လျှင် မေမေ့အသက် ဆုံးရှုံးနိုင်သည့်အဖြစ်။

ဆေးရုံပေါ်မှာ မေမေ သတိရလာတော့လည်း ဝေးကို ထပ်ပြီး နားချခဲ့၏။ ဝေးဒီတစ်ခါတော့ ခေါင်းမခါရဲတော့ပါ။ ဝေးကြောင့် မေမေ ဒုက္ခရောက်မှာ ဝေးမကြည့်ရက်ပါ။

ဝေး ခေါင်းညိတ်ခဲ့သည့်နောက်ပိုင်းမှာ မေမေ့ဘက်က မင်္ဂလာဆွဲ ကို ကသုတ်ကရိုက် စီစဉ်သည်။ ဝေး ဘာမှဖြေရှင်းခွင့် မရှိခဲ့။

ဝေးဘက်ကို ကိုကို နားလည်မပေးနိုင်ခဲ့တာ ဝေး ဝမ်းနည်း သည်။

ဒါပေမဲ့ ဝေး ကျေနပ်ပါသည်။ ကိုကို့ကို ဝေး ဆုံးရှုံးခဲ့တာ မဟုတ်တာကြောင့် စိတ်က ကြိတ်ကျေနပ်ခဲ့ရ၏။ ကိုကို ဝေးအနားမှာ

[redacted]



နှင့် ဝေး ကျေနပ်သည်လေ။

အခန်းတံခါးကို လော့ခ်ချပိတ်လိုက်သံကြောင့် ဝေး ဆတ်ခနဲ သွားကာ လှည့်ကြည့်တော့ ကိုကို အခန်းထဲ ရောက်နေပြီ။

ဝေး မျက်နှာလေး နီမြန်းသွားကာ ကိုကို့ကို မကြည့်ရဲသလို ခေါင်းကို ငုံ့ထားမိ၏။

"လွမ်းအဝေး"

"ဟင်"

မာဆတ်ဆတ် ကိုကို့ခေါ်သံကြောင့် ဝေး အထိတ်တလန့် မော့ ကြည့်မိ၏။ မျက်မှောင်ကြီး တွန့်ကုပ်ပြီး ကိုကို ဝေးကို စိုက်ကြည့်နေ သည်။

"မင်းနဲ့ငါ စကားပြောစရာရှိတယ် လွမ်းအဝေး"

"ကိုကို ဘာပြောမလို့လဲ"

ဝေး လေသံတိုးတိုးလေးနှင့် ပြန်မေးတော့ ကိုကို ဝေးမျက်နှာ ကို မကြည့်ဘဲ ချာခနဲ အကြည့်လွှဲသွား၏။

"မင်းကို ငါ လက်ထပ်ခဲ့တာ ဘာကြောင့်လဲ မင်းသိဖို့လိုတယ်၊ မင်းကို လက်ထပ်ခဲ့တာ မေမေ့ကြောင့်ပဲ၊ မေမေ့ရဲ့ မေတ္တာနဲ့ ကျေးဇူး များတွေ ငါ့အပေါ် ကြီးမားခဲ့တယ် ဒါကြောင့်ပဲ"

ကိုကို့ရယ် ဝေးအပေါ် ကိုကို နားမလည်နိုင်သေးဘူးလားဟင်။ ဘယ်လိုရှင်းပြရမလဲ။

"ဒါပေမဲ့ မင်း ငါ့ဆီက ဘာတစ်ခုမှ မမျှော်လင့်နဲ့ လွမ်းအဝေး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မင်းနားလည်ဖို့က မေမေ့အတွက် ငါ့ဘဝကို အကျဉ်းချခံလိုက်တာပဲ"

ပြတ်သားခါးသီးလွန်းသည့် ကိုကို့စကားလုံးတွေက ဝေး နှလုံးသားကို တဆစ်ဆစ် နာကျင်အောင် ထိုးစွနေသလိုပါပဲ။

"မေမေ့ရှေ့မှောက်မှာ မင်းကိုငါ ဆက်ဆံတာ၊ ငါ့ဆန္ဒပါတယ်လို့ မင်းမထင်နဲ့၊ အခု မင်းနဲ့ငါ လင်မယားဖြစ်သွားပြီဆိုတာ လူရှေ့ရဲ့သတ်မှတ်ချက်ပဲ ဝေး၊ တကယ်တမ်းကျ မင်းနဲ့ငါ့ကြားမှာ ဘာသံယောဇဉ် အနှောင်အဖွဲ့မှမရှိတဲ့ သူစိမ်းတွေဖြစ်သွားပြီဆိုတာ-မင်း ခေါင်းထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားလိုက်ပါ လွမ်းအဝေး"

ကိုကို့ရဲ့ ခါးသီးလွန်းသော စကားတွေကို ဝေး ဘာမှတုံ့ပြန်နိုင်စွမ်း မရှိပဲ ငိုင်ငိုင်လေးရပ်ကြည့်နေမိသဲ။ ကိုကိုက မင်္ဂလာခုတင်ကျယ်ကြီးဆီ လျှောက်သွားသည်။

ခုတင်ကြီးပေါ်က ခေါင်းအုံးတစ်လုံးနှင့် စောင်တစ်ထည်ကို ကိုကို ဆွဲယူသည်။ ပြီးတော့ အခန်းထောင့်က ဒရင်းဘတ်ဆီ လျှောက်သွားသည်။

ဝေးနားလည်လိုက်ပါသည်။ ကိုကို ဒရင်းဘတ်ပေါ်မှာပဲ အိပ်မလို့ ထင်သည်။

"ကိုကို"

ဝေး မဝံ့မရဲလေး ခေါ်တော့ ကိုကို မျက်နှာတင်းတင်းနှင့် လှည့်ကြည့်၏။

"ကိုကို ခုတင်ပေါ်မှာပဲ အိပ်ပါ၊ ဝေး အောက်မှာဆင်းအိပ်ပါ့မယ်"



"မလိုဘူး၊ မင်းဘာသာ အိပ်ပါ၊ ငါ့အတွက် အဆင်ပြေတယ်"

ကိုကို ခပ်ပြတ်ပြတ်ပဲ ပြောကာ ဒရင်းဘတ်ပေါ် လှဲချသည်။ စောင်ကို ဆွဲဖြန့်ကာ ခေါင်းမြီးခြုံပြီး ကိုကို ငြိမ်သက်သွား၏။

ကိုကို့ကို ကြည့်ရင်း ဝေး မျက်ရည်လေးတွေတောင် ဝဲမိသည်။ ဝေး မျှော်လင့်ထားသည့် ဝေးတို့ရဲ့ မင်္ဂလာဦးညက ဒါပဲတဲ့လား ကိုကို၊ ဝေးကို ကိုကို မုန်းတီးသွားပြီပေါ့။

ပါးပြင်ကို စီးကျလာသော မျက်ရည်တွေကို လက်နှစ်ဖက်နှင့် ပွတ်သုတ်ရင်း ဝေး ရှိုက်ငိုနေမိသဲ။

ကိုကိုကတော့ ဝေး ရှိုက်သံတွေကို ဥပေက္ခာပြုလို့ အိပ်စက်နေလေရဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

သူ မနက်နိုးတော့ ဝေး ခုတင်ခြေရင်းအောက်မှာ ပုံပုံကလေးပဲ ခွေအိပ်နေဆဲ ရှိသည်။ သူ တစ်ရေးနိုးတော့ ဝေး ခုတင်ပေါ်မအိပ်ဘဲ ခုတင်အောက်ခြေမှာပဲ ဆင်းအိပ်နေတာ တွေ့သည်။

ခေါင်းအုံးမပါ စောင်လည်းမခြုံဘဲ အိပ်နေတာကို မြင်တော့ သူ သနားသွားမိသေးသည်။ ဒါပေမဲ့ သင်းလေး တမင်အရွဲ့တိုက်ပြီး လုပ်ပြနေတာလားဟု တွေးမိကာ သည်အတိုင်းပဲ ပစ်ထားခဲ့သည်။

အခုတော့ မနက်မိုးစင်စင်လင်းသည်အထိ ဒီကောင်မလေး ခုတင်ခြေရင်းမှာ ခွေအိပ်နေ၏။

သူ ခရင်းဘတ်ပေါ်မှာ ထိုင်ရင်း ငေးကြည့်နေမိသည်။ ဂုတ်ဝဲဆံတိုလေးတွေက မျက်နှာပေါ်ဝဲကျအုပ်မိုးလျက် ဒူးလေးနှစ်ဖက်ကွေး လက်နှစ်ဖက် ရင်မှာစုပြီး အိပ်နေပုံလေးက သနားစရာတော့ ကောင်းသည်။



နုဖတ်ဝင်းမွတ်နေသော မျက်နှာက အပြစ်ကင်းစင်နေသလိုပါပဲ။ ဒါပေမဲ့ အခု ဒီကောင်မလေးကြောင့် သူ့ဘဝတစ်ခုလုံး နစ်ခဲ့ရပြီ။ ကေရီရဲ့ လှောင်စကားတွေနှင့်အတူ သိက္ခာနှင့်ကိုယ်ကျင့်တရားကိုပဲ အလှောင်ပြောင်ခံလိုက်ရသည့်အဖြစ်။

ဒါတွေကို တွေးမိတော့ ရင်ထဲက အမုန်းတွေက လွှမ်းအဝေး အပေါ်မှာပဲ စုပုံသွားခဲ့၏။ စာနာစိတ်လေးတွေ ကွယ်ပျောက်သွားခဲ့ကာ အမုန်းစိတ်တွေပဲ တိုးဝင်လာခဲ့၏။

နာရီကိုကြည့်တော့ ခုနစ်နာရီကျော်နေပြီ။ မေမေ နိုးနေလောက်ပြီ။ မေမေ့ရဲ့အစ်ကိုနဲ့ အစ်မကြီးလည်း အိမ်မှာရှိနေ၏။ သူတို့မပြန်မချင်း သူ့အတွက်တော့ တကယ့်ကို နေရထိုင်ရ အခက်ဖြစ်မှာ သေချာ၏။

သူ အဝတ်အစားလဲကာ ရေချိုးခန်းဘက် ထွက်ခဲ့သည်။ ရေမိုးချိုးပြီး ထွက်ခဲ့တော့ မေမေနှင့်ထိပ်တိုက်ဆုံသည်။

"ဟော သား နိုးပြီလား"

"ဟုတ်ကဲ့ မေမေ"

"သမီးလေးကော မနိုးသေးဘူးလား၊ သူ့ဦးကြီးနဲ့အဒေါ်ကပါ ကော်ဖီဝိုင်းက စောင့်နေတာမှာ သားရဲ့"

"ဟုတ်ကဲ့ ဟို ကျွန်တော် နှိုးလိုက်ပါ့မယ် မေမေ"

"အေး အေး သား နှိုးလိုက်"

မေမေ့ကိုပြောပြီး အိပ်ခန်းထဲ ပြန်ရောက်တော့ လွှမ်းအဝေး နိုးနေပြီဖြစ်သည်။ အခုချိန်ထိ ခုတင်အောက်ခြေမှာ ငုတ်တုတ်လေး

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကာ ဝေး နိုးနေပြီဖြစ်ပေမယ့် ထိုင်လို့နေသည်။

"မင်း ဘာလုပ်နေတာလဲ လွှမ်းအဝေး"

သူ မေးတော့ ဝေး ဘာမှမပြောဘဲ ခေါင်းမော့ကြည့်သည်။ အိပ်ရာနိုးထစ မျက်နှာလေးက ဝင်းဝင်းမွတ်မွတ်လေး ချောမောနေသ

"မင်း မျက်နှာသစ် ရေမိုးချိုးတော့၊ မေမေတို့ စောင့်နေကြ တယ်၊ ကော်ဖီဝိုင်းမှာ ဦးလေးကော အဒေါ်ပါ စုံနေပြီ"

"ဝေး ရေမိုးချိုးပြီး လိုက်ခဲ့မယ်၊ ကိုကို သွားနှင့်ပါ"

"ဒီလိုလုပ်လို့ ရမလားကွ၊ ကိုယ်နဲ့အတူ မင်းပါမလာရင် အား လုံး ဝိုင်းမေးကြမှာပေါ့၊ အထူးသဖြင့် မင်းနဲ့ကိုယ့်ကို အထင်မလွဲဖို့ လို တယ်"

ဝေး သူ့ကို မျက်မှောင်လေးကုပ်ပြီး ဘုဆတ်ဆတ်လေး ကြည့် နေသည်။ အရင်တုန်းကတည်းက ဒီလိုပုံစံမျိုးကို သူ သဘောမကျခဲ့ဘ အခုတော့ သူလည်း တန်ပြန် ဘုဆတ်ဆတ်ကြည့်ပစ်လိုက်သည်။

ဝေး ဘာမှမပြောတော့ဘဲ မွှေးပွသဘက်လေး ကောက်ယူကာ ထွက်သွား၏။ သူ အဝတ်အစားလဲပြီး ဒရင်းဘတ်ပေါ်ကပဲ ထိုင်စောင့် သည်။ ဝေးနှင့်သူရဲ့ ညအိပ်မင်္ဂလာမွေ့ရာကြီးက ကြေမွတွန့်ကြေခြင်း မရှိဘဲ ရှိနေတာ သူ ငေးကြည့်နေမိသည်။

ဝေးနှင့်သူ ဒီလိုနေ့ရက်တွေကို ဘယ်အချိန်ကာလအထိ ရင်ဆိုင် ကြရဦးမည် မသိပါ။ တွေးကြည့်ရုံနှင့် စိတ်တွေမွန်းကြပ်ပိတ်လှောင် နေသည်။



ထိုအခိုက်မှာပဲ ဝေး အခန်းထဲပြန်ဝင်လာသည်။ မွှေးပွသဘက် ကြီးကို ရင်ညွန့်မှ ပေါင်လယ်ခန့်အထိ လုံလုံခြုံခြုံလေးပဲ ရစ်ပတ်ထား သည်။

သူ တစ်ချက်ပဲကြည့်ပြီး ချက်ချင်း ဒရင်းဘတ်ပေါ်က ထလိုက် သည်။ ပြီးတော့ တံခါးဖွင့်ကာ အခန်းအပြင် ထွက်လိုက်၏။

"မြန်မြန်အဝတ်အစားလဲတော့၊ လူကြီးတွေကို အားနာဖို့ ကောင်းတယ်"

အခန်းအပြင်က ငါးမိနစ်လောက်ပဲ သူ စောင့်လိုက်ရပါသည်။ ဝေး ထွက်လာသည်။ ပန်းဆီရောင် ခါရှည်အင်္ကျီလက်ပြတ်အပွလေးနှင့် ဘောင်းဘီအပွလေးကို ဝတ်ဆင်ထားသည်။

သူ ရှေ့ကပဲ လျှောက်ခဲ့တော့ လွှမ်းအဝေး အနောက်က ကပ်ပါ လာ၏။ စားသောက်ခန်းရှေ့ မရောက်ခင်မှာဘဲ ဝေးကို သူ ရပ်စောင့် လိုက်၏။ ဝေးက သူ့ကိုမော့ကြည့်ပြီး ငြိမ်နေ၏။

"မင်းကို ကိုယ် ပြောထားတယ်နော်၊ မေမေ့ရှေ့မှာ မင်းနဲ့ကိုယ် အခြေအနေကို မေမေ မရိပ်မိစေချင်ဘူး"

ဝေး ပင့်သက်လေးခိုးရှိုက်သည်။ ပြီးတော့ သူ့လက်မောင်းကို တွဲလိုက်သည်။ သည်တော့မှပဲ သူ စားသောက်ခန်းဘက် ဆက်ထွက်ခဲ့ သည်။

ကော်ဖီဝိုင်းမှာ မေမေတို့သုံးယောက် စကားတွေဖောင်ဖွဲ့နေကြ သူနှင့်ဝေးကို မြင်တော့ ပြုံးဆီးကြိုရင်း

www.burmeseclassic.com

www.burmeseclassic.com



"လာ သားနဲ့သမီး ထိုင်ကြ၊ ထိုင်ကြ ဒီမှာ မေမေ နန်းကြီး
တွေ စီစဉ်ထားတယ်၊ စားကြဦးနော်"

မေမေက ပြောရင်း နန်းကြီးသုပ်ပွဲတွေကို ပြင်ဆင်ပေးနေသေ
ဝေးကလည်း မေမေ့ကို ဝိုင်းကူညီပေးနေသည်။ ဒါကိုမြင်သည့် ဒေါ်ဆုံ
ပြုံးလိုက်တာ သူ မြင်သည်။

"ကိုကို စားနော် လိုတာရှိရင် ပြောနော်"

ဝေးက နန်းကြီးသုပ်ပန်းကန်ကို သူ့ ရှေ့ချပေးရင်း ပြောသေ
သူ ဟန်ဆောင်ပြုံးပြီး ခေါင်းညိတ်ပြရ၏။ ဝေး သူ့ဘေးက ထိုင်ခုံ
ထိုင်ပြီး စားသည်။

မေမေတို့ လူကြီးတွေ သူတို့ကို အကဲခတ်ကြည့်နေတာ သ
ထားမိတော့ သူ စိတ်ကျဉ်းကျပ်မိသည်။ အမှန်အခြေအနေကို မေမေ
သိလျှင် မေမေ အခုလို ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင် ရှိနိုင်ပါ့မလာ
တောင် မသိ။

နန်းကြီးသုပ်က သူကြိုက်သော အစားအစာတစ်ခုမို့ တစ်
လုံးကုန်အောင် စားလိုက်မိသည်။

"ကိုကို ထပ်ယူဦးမလားဟင်"

ဝေး မေးတော့ သူ ခေါင်းခါမိ၏။ ထပ်စားလျှင် တစ်ဝက်
လောက်တော့ ဝင်နိုင်သေးပေမယ့် သူ မစားဖြစ်တော့ပါ။ ဝေးက အလို
တသိ ကော်ဖီတစ်ခွက် ဖျော်ပေးသည်။

ဝေး လုပ်ကိုင်နေတာကို အရိပ်လို လိုက်ကြည့်ရင်း မေ



ကြီး ကျေနပ်နေတာသူ သတိထားမိပါသည်။

"သားနဲ့သမီးကို မေမေ ပြောစရာရှိလို့"

မေမေ စကားစလာတော့ သူ နားစိုက်ထောင်မိသည်။ ဝေး
ည်း ကော်ဖီလေးသောက်ရင်း ငြိမ်သက်နေသည်။

"သဘက်ခါဆို သားတို့ ဦးလေးနဲ့အဒေါ် ပြန်တော့မှာလေ၊
ကိုလည်း မော်လမြိုင်လိုက်လည်ဖို့ ခေါ်နေတယ်၊ အဲဒါ မေမေ
သွားချင်တယ်"

"ဟုတ်တယ် ဟော့၊ တို့ညီမမှာ ရန်ကုန်ရောက်ကတည်းက
မွေးဇာတိမြေကို ပြန်မရောက်တော့တာ ကြာပြီ၊ ငါတို့ တစ်ခါတည်း
သွားချင်တယ်"

"အင်း ငါ့ညီမအတွက်တော့ မပူနဲ့၊ သူ့ ကျန်းမာရေးကို ငါတို့
တ်မယ်၊ စိတ်ပြေလက်ပျောက် တစ်လတန်သည် နှစ်လတန်သည်
နေပါစေ၊ ဟိုမှာ ဆွေမျိုးသားချင်းတွေအကုန်ရှိတော့ သူကလည်း
ချင်နေတယ်"

မေမေ့ရဲ့ အစ်ကိုနှင့် အမေက ပြောနေတော့ သူ ဘာပြောရ
သိ။ မေမေ့အတွက် ပူပန်မိတာလည်း ရှိသလို မေမေ အိမ်မှာမရှိ
 သူနှင့်ဝေး ပိုလွတ်လပ်မှာလည်း သိနေသည်။

"ဟို မေမေ သွားချင်လို့လားဟင်၊ သမီးက မေမေ ဟိုမှာ
နိုင်မှာပဲ ပူနေတာ"

"အမလေး သမီးရယ် မေမေ့အတွက် မပူနဲ့ သားနဲ့သမီး

www.burmeseclassic.com

www.burmeseclassic.com



အခုလို ချစ်ချစ်ခင်ခင် ရှိနေပြီဆို မေမေ စိတ်ချမ်းသာတယ်၊ ... တယ်၊ အခု မေမေ့မိသားစုဆီ သွားချင်တာ ကြာပြီ၊ ပြောရရင် ... ကို စိတ်မချလို့ မရောက်ဖြစ်တာ''

''ဟုတ်တယ် သမီးရဲ့၊ သမီး အမေက ဒီသားနဲ့သမီးကို ... မချဖြစ်ပြီး အမျိုးတွေကို ပစ်ထားတာ၊ ဒီတစ်ခါတော့ သူ့ကို ဦး... တို့ တစ်ခါတည်း ခေါ်သွားချင်တယ်''

မေမေကိုယ်တိုင်ကလည်း စိတ်သိသပြင်းနေသလို ဦး... အခေါ်ကလည်း ဖွတ်ခေါ်နေတော့ သူကော ဝေးပါ ခွင့်ပြုရတော့...

''မေမေ သွားချင်သွားပါ၊ ပျော်သလောက် နေပါ၊ ... ပြန်ချင်တဲ့အခါ ဖုန်းဆက်လိုက် သားကိုယ်တိုင် လာခေါ်မယ်''

''မလိုပါဘူး မောင်သင့်မင်းမူရ၊ ငါ့ညီမ ပြန်ချင်တယ်ဆို... ကိုယ်တိုင် ပြန်ပို့ပေးမယ်၊ ငါ့ညီမ တစ်သက်လုံး နေချင်တယ်ဆိုရင်... ငါတို့က တစ်သက်လုံး ခေါ်ထားမှာကွ''

မေမေက ပြုံးပြီး သူတို့တွေကို ကြည့်နေသည်။ မေမေ... နေသည့် ကြားက ဝေးကို ဟန်ဆောင်ဆက်ဆံနေရသည့် အ... ကင်းတော့မည်မို့ သူ ကျေနပ်မိသည်။

ဝေးကတော့ နှုတ်ဆိတ်ကာ ငြိမ်သက်နေမြဲ။

■ ■ ■

## အခန်း (၃၂)

မေမေ အိမ်မှာမရှိတော့သည်နှင့် သူနှင့်လွမ်းအဝေးရဲ့ ဆက်ဆံ... တွေလည်း ဟန်ဆောင်စရာ မလိုတော့ပါ။

''လွမ်းအဝေး မင်းနဲ့ကိုယ့်ကြားမှာ ဘာဟန်ဆောင်မှုမှ မလို... ဘူး၊ ဒီတော့ မင်းဘာသာ မင်းအခန်းမှာအိပ်၊ ကိုယ်လည်း အခန်းခွဲ... မယ်''

သူပြောတာကို ဝေး ခေါင်းလည်းမညိတ် ခေါင်းလည်းမခါ ...သက်လို့နေသည်။ မေမေ မရှိတော့ပေမယ့် ဒေါ်ဆုံ ရှိနေတာမို့ ဝေး ...ကိစ္စကို ဒေါ်ဆုံ သိလို့ မဖြစ်ပေ။

''အဲ ဒေါ်ဆုံရှေ့မှာတော့ သတိထားဖို့ လိုတယ်၊ မင်းနဲ့ကိုယ် ...ခန်းခွဲအိပ်တာ သူ မသိစေနဲ့၊ ကိုယ် မင်းအခန်းဘေးက အခန်းမှာ ...တာပေါ့''

သူ ပြောသမျှ ဝေး ဘာမှမပြောဘဲ နှုတ်ဆိတ်လို့သာ နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေး အခန်းနှင့်ကပ်လျက် အခန်းမှာပဲ သူကိုယ်တိုင် စောင်တွေ

အုံးတွေယူကာ အခန်းပြောင်းပစ်လိုက်သည်။

"ကိုကို ဒီအခန်းမှာပဲ အိပ်ပါ၊ ဝေး ပြောင်းပေးပါ့မယ်"

"မလိုဘူး ဒီအခန်းထဲကို ကိုယ် ဘယ်တော့မှ မဝင်ဘူး။

လည်း ကိုယ့်အခန်းထဲ မဝင်ပါနဲ့ လွမ်းအဝေး"

သူ ယူတိပြတ် ပြောဖြစ်တော့ လွမ်းအဝေး မျက်တောင်

ကြီးတွေ ပုတ်ခတ်ပြီး ကြည့်သည်။ တော်စမ်းပါ မင်းမျက်ရည်

ငါ မသနားတော့ဘူး ဝေး။

မေမေ ရှိစဉ်တုန်းက မွန်းကြပ်နေခဲ့သော စိတ်တွေ အခု

ပေါ့ပါးသွားခဲ့တာတော့ အမှန်။

လွမ်းအဝေး ရှိနေသော အိမ်မှာလည်း သူ မနေချင်တော့

မို့ မေမေ မရှိသည့်နေ့မှာပဲ သူ အလုပ်စဆင်းသည်။

"ဟင် မောင်မင်းမူ၊ ဘယ်သွားမလို့လဲ"

"ကုမ္ပဏီသွားရမှာပေါ့ ဒေါ်ဆုံရဲ့"

"ဟင် မင်း တစ်ပတ်တိတိ နားမယ်ဆို"

"အလုပ်တွေက ဟိုမှာပုံနေပြီ ဒေါ်ဆုံရဲ့၊ ဒါကြောင့်

ဖြစ်မယ်"

"အင်း ဟုတ်ပါတယ်လေ၊ သမီးလေး အဝေး အတွက်

ဒေါ်ဆုံ ဂရုစိုက်ထားပါ့မယ်"

သူနှင့်အဝေးအကြောင်း မသိသေးသော ဒေါ်ဆုံကတော့





သည်။ သူ ကြိတ်ပြုံးလိုက်ရင်း ဆင်ဝင်အောက်မှာ ရပ်ထားသော

ားဆီ ထွက်ခဲ့၏။

လွမ်းအဝေးဆိုတာ သူ့ဘဝမှာ မရှိတော့တာမို့ ဘာများ အရေး

ားစရာလိုသလဲ။ မင်းဘာသာ နေချင်သလိုနေ။ ငါ ဂရုမစိုက်ဘူး

မ်းအဝေး။

■ ■ ■

ကိုကို့ကားလေး ခြံထဲက မောင်းထွက်သွားတာကြည့်ရင်း ဝေး

သက်လေး ရှိုက်မိသည်။ မေမေ ရှိတုန်းက တစ်ပတ်တိတိ အလုပ်

မည်ဆိုထားသော ကိုကိုသည် အခုတော့ မေမေ မရှိတာနှင့် အလုပ်

င်းပြီ။

ဝေးကိုလည်း ဘာမှမပြော။ ဝေး အိပ်ရာနိုးတော့ ကိုကို အလုပ်

ားဖို့ ပြင်ဆင်နေ၏။ ကိုကို့ရဲ့မျက်နှာ မာထန်ထန်ကြောင့် ဝေး ဘာမှ

ည်း မမေးရဲခဲ့ပါ။

ကိုကိုကလည်း ဝေးကို စကားတစ်ခွန်း မပြောပါ။ မေမေကသာ

နဲ့ကိုကိုကို ယုံကြည်စိတ်ချသွားခဲ့တာ။ ဝေးမှာတော့ ကိုကို့ရဲ့ဥပေက္ခာ

ရားတွေကို စတင်ရင်ဆိုင်ရပြီဆိုတာ နားလည်နေပြီး ဖြစ်၏။

"ဟော ဝေးလေး အခုမှနိုးတာလား"

ဝေး ဆင်းလာတာမြင်တော့ ဒေါ်ဆုံ လှမ်းမေးသည်။ ဝေး

ခေါင်းလေးပဲ ညိတ်ပြရင်း ကော်ဖီဝိုင်းမှာ ဝင်ထိုင်လိုက်၏။

"မောင်မင်းမူတော့ ဘာမှမစားမသောက်ဘဲ ထွက်သွားသည်

www.burmeseclassic.com

www.burmeseclassic.com



အဟင်း သမီးက စောစောထပြီး ပြင်ဆင်စီမံပေးမှပေါ့ကွယ်၊ အခုချိန်
သမီးက အိမ်ထောင်သည်တစ်ယောက် ဖြစ်နေပြီကွဲ့၊ ကိုယ့်ခင်ပွ
ယောက်ျားကို ပြုစုရမှာ မိန်းမရဲ့တာဝန်လေကွယ်"

"ဒေါ်ဆုံရှိတာပဲ သူ စားချင်ရင် စီစဉ်နိုင်းလို့ ရတာပဲ"

"အို ဘယ်တူမှာလဲ သမီးလေးရဲ့၊ အရင်က ပြဿနာ မဟု
ပေမယ့် အခုချိန်မှာ သမီး ပြုစုတာကိုပဲ သူ လိုချင်မှာပေါ့"

ဒေါ်ဆုံပြောတာ နားထောင်ရင်း ဝေး နာနာကျင်ကျင်
ပြုံးမိ၏။ ဘာကြောင့်ဆို ဝေး မပြုစုချင် မစီစဉ်ပေးချင်တာမှ မဟုတ်
ကိုကို ကိုယ်တိုင်က ဝေးကို အလိုမရှိတာ ဒေါ်ဆုံ မသိရှာ။

ဝေးမှာသာ တွေးရင်း မျက်ရည်လေးဝဲလာမိသည်။

ဝေး အဖြစ်ကတော့ မျက်ရည်တွေနှင့်ပဲ တစ်သက်လုံး ရှင်
ရတော့မည် ထင်ပါရဲ့။

■ ■ ■

တစ်နေ့လုံး ဝေး တစ်ယောက်တည်း ရှိနေရတာ ပျင်း
ကောင်းနေသည်။ သည်အတိုင်းကြီး နေနေရတာ ပျင်းစရာမို့ မီးဖိုထဲ
ဒေါ်ဆုံချက်တာ ပြုတ်တာကို ထိုင်ကြည့်မိသည်။

ဒေါ်ဆုံကလည်း ဝေး စိတ်ဝင်တစား ကြည့်နေတော့ ချက်
ပြုတ်တာတွေကို သင်ပြသည်။

"မိန်းကလေးဆိုတာ အချက်အပြုတ် ပညာတော့ တတ်ရ
သမီးရဲ့၊ ဘယ်ယောက်ျားမဆို ကိုယ့်ဇနီးမယားက ချက်ပြုတ်ကျွေး



ကိုပဲ စားချင်ကြမှာပေါ့"

ဒေါ်ဆုံစကားတွေ နားထောင်ရင်း ဝေး စိတ်ပါလက်ပါ သင်
မိ၏။ ဝေးကိုယ်တိုင် ချက်ပြုတ်ကျွေးမွေးတာကို ကိုကို စားစေချင်
သည်။

နေ့လယ်ပိုင်းမှာ ဝေး ကိုကို့ဆီ ဖုန်းဆက်ချင်သည်။ ဒါပေမဲ့
တ်ရဲပါ။ ကိုကို ဆူပူဟိန်းဟောက်မှာ ကြောက်မိသည်။

ထိုအချိန်မှာပဲ ဖုန်းက မြည်လာတာမို့ ဝေး အပြေးတပိုင်း
က်နားထောင်မိသည်။

"ဟဲလို"

"သမီး ဝေးလား မေမေပါ"

ဝေး ထင်ထားသလို ကိုကို ဖုန်းမဟုတ်ဘဲ မေမေ့ဆီက ဖြစ်

"ဟင် မေမေ နေကောင်းလားဟင်"

"ကောင်းတယ် သမီး၊ သမီးကော နေကောင်းတယ် မဟုတ်
းသားကော သမီး"

"အဲ ဟို ကိုကို အလုပ်သွားတယ် မေမေ"

"ဟင် သားက တစ်ပတ်ခွင့်ယူထားတာ မဟုတ်လား။ အခုမှ
ာ်ပဲရှိသေးတာ"

မေမေ မေးနေတော့ ဝေး ဖြေရခက်ခက် ဖြစ်နေ၏။ ဒါပေမဲ့
စိတ်မှာပူပန်တာမျိုး မဖြစ်စေချင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



''ဒီမနက်မှ စဆင်းတာ မေမေ၊ အလုပ်တွေ စိတ်မချလို့

''အင်း သားအလုပ်ကြိုးစားတာ ကောင်းပါတယ်၊ အိမ်ထော သည်ဖြစ်လာပြီဆိုတော့ နောင်ရေးအတွက် ရှိတာပေါ့ သမီးရယ်၊ သား အားလုံးသိမှာပါ၊ မေမေ စိုးရိမ်တာ သမီးပဲ၊ အခုချိန်မှာ သားကို အရင်ကလို အနိုင်ယူတာမျိုး မလုပ်နဲ့တော့နော်၊ လင်ယောကျ်ား ရှိသေချစ်ခင်လေးစားရမယ်''

မေမေ့ရဲ့ မှာတမ်းတွေ တသီတတန်းကြီးကို ဝေး ဟုတ်ကဲ့ နားထောင်နေရပါသည်။ ကိုကို့အပေါ်မှာ မေမေက ချီးမွမ်းခန်း ဖွင့်နေသလောက် ဝေးအပေါ်မှာတော့ စိုးရိမ်ပိုကာ ဆုံးမစကား ချွေနေသည်။

''မေမေ ပြောတာ နားလည်တယ်နော် သမီး''

''ဟုတ်ကဲ့ မေမေ''

''အေး မေမေလည်း ဒီမှာ ကြာဦးမယ် သမီး''

''ဟင် မေမေ ဘယ်လောက်ကြာမှာလဲ''

ဝေး စိုးရိမ်သံလေးနှင့် မေးမိသည်။ မေမေ ရှိနေတာက အတွက် ပိုကောင်းတာ မေမေ မသိရှာတော့ အခက်။

''ဒီကအမျိုးတွေနဲ့ အဆက်ပြတ်နေတာ ကြာပြီလေ သ မေမေ့ကို လွမ်းနေတာလား၊ နေတတ်အောင်ကြိုးစားပါ သမီးရယ်၊ မရှိတော့တဲ့ အချိန်ကျ သမီးတို့ပဲ ကျန်ခဲ့ရမှာလေ၊ သားတွေ သမီး မိသားစုဘဝလေးကို သမီး ပိုင်ဆိုင်ရတော့မှာ၊ မေမေလည်း မ





မြေးလေးချီချင်သေးတယ်ကွယ်''

မေမေ့စကားကြောင့် ဝေး မျက်နှာနွေးခနဲ ဖြစ်သည်။ ပြီးမှ ရင်ထဲမှာ ဆစ်ခနဲ နာသည်။ မေမေ မျှော်လင့်သည့်ဘဝမျိုးဆိုတာ. . .။

''ကဲ ဒါပဲနော် သမီး၊ မေမေ တစ်ပတ်တစ်ခါ ဖုန်းဆက်မယ်၊ ကျန်းမာရေးကို ဂရုစိုက်၊ သားကိုလည်း ဂရုစိုက် ဒါပဲ သမီး''

မေမေ ဖုန်းချသွားတော့ ဝေး ငိုင်တွေတွေလေး ရပ်လို့နေမိသည်။ မေမေ ကျေနပ်ဝမ်းသာနေသည်လား။ ဝေးမှာတော့. . .။

ကိုကို့ရဲ့ အမုန်းတွေနဲ့ ဥပေက္ခာတရားတွေကို ဝေး ရင်ဆိုင်နိုင်အောင် ကြိုးစားနေပါတယ် မေမေ။

ဝေးကို ကိုကို မုန်းနေရင်တောင် ဝေးအနားမှာ ကိုကို ရှိနေပါလားဆိုတဲ့ အသိနဲ့တင် ဝေး ကျေနပ်မှာပါ။

ဝေး ယုံတယ် ကိုကိုရယ်။ ဝေးရဲ့ စစ်မှန်တဲ့ချစ်ခြင်းမေတ္တာကြောင့် ကိုကို့ရဲ့ ချစ်ခြင်းတွေလည်း ဝေး ပိုင်ဆိုင်ရမယ်လို့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

''မောင်မင်းမူ အဲဒီ ပုစွန်ဟင်း မြည်းကြည့်စမ်းပါကွယ်''

ဒေါ်ဆုံက ပြောရင်း ပုစွန်ထုပ်တစ်ကောင်ကို ကိုကို့ပန်းကန်ထဲ ထည့်ပေးသည်။

''ဘာလို့လဲ ဒေါ်ဆုံ''

''စားကြည့်စမ်းပါ၊ ထူးခြားတဲ့အရသာ တွေ့ရမယ်''

ဒေါ်ဆုံ ပြုံးပြီး ပြောတော့ ကိုကို ပုစွန်ထုပ်ကို ဖဲ့ကာ တစ်ဖွန်း စားသည်။ ဝေး ကိုကို့ကို ရင်တထိတ်ထိတ် ငေးကြည့်မိ၏။

''ဘယ့်နှယ်လဲ စားကောင်းလား မောင်မင်းမူ''

''အင်း ကောင်းပါတယ် ဒေါ်ဆုံရဲ့''

ပြောရင်း ပုစွန်ထုပ်ဟင်းခွက်ဆီ ကိုကို ခပ်ယူဖို့ လက်လှမ်း





တော့

'အဲဒါ ဘယ်သူချက်တာ ထင်လဲ၊ မင်းမိန်းမ ဝေးလေး ချက်တာ''

''ဟင်''

လှမ်းလက်စ ကိုကို့လက်တွေ တွန့်ခနဲ ဖြစ်ကာ ပြန်ရုပ်သိမ်းသွားခဲ့၏။ ဝေးကို မယုံသင်္ကာမျက်ဝန်းတွေနှင့် မော့ကြည့်သည်။

''ဟုတ်တယ် မင်းမိန်းမ ဝေးလေး လက်ရာလေ၊ ဝေး ဟင်းချက်နည်းတွေ သင်နေတာ ကြာပြီ၊ ဝေးက သင်လွယ်တော့ နောက်ပိုင်းဆို ဒေါ်လေးဆုံတောင် ထမင်းချက်ရာထူးပြုတ်မယ် ထင်ရဲ့ အဟင်းဟင်း''

ဒေါ်လေးဆုံ ရယ်ရယ်မောမောလေး ပြောကာ ဘေစင်လေးမှာ ပန်းကန်တွေ သွားဆေးနေ၏။ ကိုကိုက ပုစွန်ထုပ်ဟင်းပန်းကန်ဆီ လက်လှမ်းတော့ဘဲ ကြက်သားဟင်းနဲ့ပဲ စားကာ လက်စသပ်သည်။

ဝေး ရင်ထဲမှာ တကယ် မကောင်းပါ။

ဝေး ချက်တာကြောင့် ကိုကို တမင်မစားတော့တာပေါ့။ ကိုကို ရယ် အဲဒီလောက်အထိ ဝေးကို မုန်းနေခဲ့သလားဟင်။

စားသောက်ပြီးတော့ ကိုကို စာကြည့်ခန်းထဲမှာ လက်ပ်တော့ တစ်လုံးနှင့် အလုပ်တွေရှုပ်ထွေးနေသည်။

ဝေး ကိုကို့အတွက် ကော်ဖီတစ်ခွက် ဖျော်ကာ ဘမ်းလေးထဲ ထည့်ယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါ ဘာလုပ်တာလဲ"

"ကိုကို သောက်ဖို့ ကော်ဖီပါ"

"ငါ မသောက်ဘူး လွမ်းအဝေး၊ မင်း ပြန်ယူသွား၊ ဒီမှာ မင်းကို တစ်ခါတည်း ပြောထားမယ်၊ မင်းချက်တဲ့ ဘာဟင်းမှ ငါမစား ဘူး၊ ငါ့ကို မင်း ဂရုစိုက်စရာလည်း မလိုဘူး၊ ရှင်းတယ်နော်"

ဝေး မျက်ရည်လေး ဝဲမိတဲ့အထိ ကိုကို ငေးကြည့်နေမိသည်။ ကိုကိုက လက်ပ်တော့ကို ဝုန်းခနဲ ပိတ်ကာ အခန်းထဲက ထွက်သွားခဲ့သ သည်။

ဝေး တစ်ယောက်တည်း အခန်းထဲမှာ မတ်တပ်လေး ကျန်ရစ် ခဲ့၏။ ကိုကို မသောက်ဘဲ ထားရစ်ခဲ့သော ကော်ဖီခွက်လေးဆီ အငွေ့တွေ ဝေနေဆဲ။

ဝေး အိပ်ခန်းဘက် ထွက်ခဲ့တော့ ကပ်လျက်အခန်းတံခါးက စေ့ပိတ်ထားသည်။ ကိုကို အိပ်သွားပြီ ထင်သည်။

ဝေး အခန်းလေးထဲကိုပဲ လှမ်းဝင်ခဲ့သည်။

အခန်းထဲမှာ ဝေးကို ဆီးကြိုနေသည်က ဝေးနဲ့ကိုကိုတို့ရဲ့ မင်္ဂလာအိပ်ရာကြီး ဖြစ်သည်။

ကိုကိုနှင့်ဝေး ဒီအခန်းထဲမှာ အိပ်စက်ဖြစ်ခဲ့တာ သုံးရက်ဒါပေမဲ့ ခုတင်ကြီးပေါ် နှစ်ယောက်စလုံး မထိုင်မထိဖြစ်ခဲ့ကြပါ။

မေမေ မရှိတော့ ကိုကို အခန်းပြောင်း အိပ်သည်။ ကိုကို မရှိသည့် အခန်းထဲမှာ ဝေး တစ်ယောက်တည်း ခုတင်ကြီးပေါ် မအိပ်





ဖြစ်ခဲ့ပါ။ ကြမ်းပြင်မှာပဲ ဝေး အိပ်ခဲ့တာ ဖြစ်၏။

ကိုကိုနဲ့ဝေးအတွက် မင်္ဂလာနေ့ရက်ဆိုတာက ဘယ်တော့မှ ရှိလာမှာ မဟုတ်ဟု ဝေး သိထားသည်။

ကိုကိုရယ် အမှန်းတွေ ပြေပါလို့ ဝေး ဆုတောင်းနေတာ ညစဉ် တိုင်းပါ ကိုကိုရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၄)

''လွမ်းအဝေး''

အခန်းထဲ ဝေး ဝင်မလှုပ်ပြင်တုန်းရှိသေးသည်။ တစ်ဖက် အခန်းက တံခါးပွင့်လာပြီး ကိုကို ခေါ်တာမို့ တုံ့ခနဲ ရပ်လိုက်မိ၏။

ဒီနေ့ အလုပ်နားရက် တနင်္ဂနွေမို့ ကိုကို အိပ်ရာထ နောက်ကျသည်။ ဝေး ရေမိုးချိုးပြီး ကော်ဖီပိုင်းအတွက် ပြင်ဆင်ပေးပြီးသည်အထိ ကိုကို အိပ်ရာက မထသေးပါ။

ကိုကို ကြိုက်သော နန်းကြီးသုပ်တွေ စီစဉ်ပေးပြီး ဝေး အခန်းထဲမှာပဲ တမင်ပြန်နေပေးဖို့ ပြန်ခဲ့တာဖြစ်သည်။ ဝေး ခြေ ဝေးလက်နှင့်ထိတာကိုင်တာကို ကိုကို မစားဘူးဆိုတာကြောင့် ဝေး ရှောင်ပေးခြင်းပါပဲ။

''ဒီညနေ ခြောက်နာရီ မင်း ကိုယ်နဲ့ညစ်ခံပွဲတစ်ခု လိုက်ခဲ့ပါ။ ကိုယ့်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေရဲ့ပွဲမို့ မင်းလိုက်မှဖြစ်မယ်''



''ဟင်''

ဝေး မျက်လုံးလေး ဝိုင်းသည်အထိ အံ့ဩသွားမိသည်။ ဘယ်တုန်းကမှ အပြင်သွားလျှင်တောင် မခေါ်တတ်သည့် ကိုကို ညစ်ခံပွဲကို ခေါ်သည်ဆိုတော့ ဝေး ဝမ်းသာသွားမိတာ ပြောမပြတတ်ပါ။

ကိုကိုကတော့ ပြောပြီးသည်နှင့် အခန်းတံခါး ပိတ်ကာ ရေချိုးဖို့ ထွက်သွားသည်။

ဝေး ဝမ်းသာစိတ်လေးနှင့် အခန်းထဲ ပြေးဝင်ကာ မင်္ဂလာခုတင် ကျယ်ကြီးပေါ် ပစ်လှဲပစ်မိတော့မလို့။ ပြီးမှ သတိရကာ ဝေး တုံ့ခနဲ ရပ်လိုက်မိသည်။

ကိုကိုကော ဝေးပါ မထိ မထိုင်ဘူးသေးသော ခုတင်ကြီးကို ဝေး သည်အတိုင်းပဲ ထားချင်သည်။ မနက်တိုင်း သေသေသပ်သပ် ခင်းကျင်းပြင်ဆင်ပေးရုံကလွဲလို့ ဝေးတောင် မအိပ်ပါ။

ခုတင်အောက်မှာပဲ ဝေး အိပ်ရာခင်းချကာ အိပ်တတ်ခဲ့တာဖြစ်၏။

အခုတော့ ကိုကို ညစ်ခံပွဲခေါ်တာမို့ ဝေး အပျော်လွန်ကာ ခုတင်ကြီးပေါ် လှဲပစ်မိတော့မလို့။

ကိုကို ခေါ်တာ ညနေခြောက်နာရီဆိုပေမယ့် ဝေး အခုကတည်းက စိတ်တွေလောနေမိသည်။ တကယ်ဆို ကိုကိုသည် ဝေးကို ဥပေက္ခာပြုထားတာ ကြာပြီ။ ဒီတစ်ခါတော့ အံ့ဩစရာတောင် ကောင်းသည်။

ဝေး တစ်နေ့လုံး ပျော်နေတာ ဒေါ်ဆုံတောင် ရိပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝေးလေး ဘာဖြစ်နေတာလဲ တစ်ယောက်တည်း တပြုံးပြုံးနဲ့"

"အဟင်း ဘာမှမဖြစ်ပါဘူး ဒေါ်ဆုံရဲ့ အဟင်း"

"သိတယ် သိတယ် မောင်မင်းမူ ဒီနေ့ ဘယ်မှမသွားဘဲ အိမ်မှာရှိနေလို့ ပျော်နေတာ မဟုတ်လား။ ကဲ ဒီညနေ ဝေးလေး ဘာဟင်းစားချင်လဲ ပြောပါဦး"

"ဒီညနေ ဝေးတို့အတွက် ဘာမှမလုပ်ပါနဲ့၊ ကိုကိုနဲ့ ညစာစားဖို့ ဧည့်ခံပွဲကို လိုက်သွားမလို့"

"ဟင် ဟုတ်လား"

"ဟုတ်တယ် ဒေါ်ဆုံရဲ့၊ ကိုကို ခေါ်တာလေ"

"အေး အေး ဒါဆို ဘာမှထပ်မချက်တော့ဘူး၊ မနက်က ကျန်တဲ့ဟင်းက ဒေါ်ဆုံနဲ့ ဦးဒီပါအတွက် လောက်ပေါတယ်"

ဝေး နာရီတကြည့်ကြည့်နှင့် ခြောက်နာရီသွားရမည့် ဧည့်ခံပွဲအတွက် ညနေ လေးနာရီကတည်းက ရေမိုးချိုးသည်။ ပြီးတော့ အခန်းထဲဝင်ကာ မထိုင်ဖြစ်တာ ကြာသော အလှပြင်ခုံရှေ့ထိုင်ကာ ပြင်ဆင်နေမိသည်။

မညှပ်ဖြစ်တာ ကြာပြီမို့ ဝေးရဲ့ ဂုတ်ဝဲဆံပင်လေးတောင် ပခုံးသာသာအထိ ရှည်နေပြီ။

နုညက်ညက် မျက်နှာလေးကို ပြေပြေလေးပဲ ပြင်ဆင်လိုက်သည်။ ပြီးတော့ ကိုကိုနှင့် လိုက်ဖက်မည့် ဝတ်စုံလေးကို ရွေးရတာဦးနှောက်တော့ စားသည်။ ကိုကိုက ဘာအရောင်ဝတ်မှန်း မသိ။





မေးလို့လည်း မဖြစ်တော့ ဝေး သင့်တော်မည့်ဝတ်စုံလေးကိုပဲ ရွေးချယ်လိုက်၏။

အနက်ရောင် ဇာအထူအသားပေါ်မှာ ငွေချည်မျှင်လေးတွေ ထိုးပြီးလက်လက် ပါသော ကိုယ်ကြပ်ဝတ်စုံလေးကိုပဲ ဝေး ရွေးချယ်လိုက် ပါသည်။ ဆံပင်ကို ဒီအတိုင်း ဖြန့်ချထားကာ နှုတ်ခမ်းကိုတော့ ပန်းရောင် ဖျော့ဖျော့လေးပဲ ဆိုး၏။

လက်ကိုင်အိတ်လေးက အနက်ရောင်၊ ဒေါက်မြင့်ဖိနပ်ချွန်လေး ကလည်း အနက်နှင့် လက်ဝတ်ရတနာတွေကိုတော့ စိန်နှင့်ပလက်တီနမ် တွေကိုပဲ ရွေးချယ်ဝတ်ဆင်လိုက်သည်။

ဝေး စိတ်တိုင်းကျ ပြင်ဆင်ပြီးတော့ ခြောက်နာရီထိုးဖို့ နာရီ ဝက်တောင် လိုသေးသည်။ အခန်းလေးထဲမှာပဲ ငုတ်တုတ်လေးထိုင်ကာ ကိုကို အခေါ်ကို စောင့်နေလိုက်သည်။

ခြောက်နာရီထိုးဖို့ ဆယ်မိနစ်လောက်အလိုမှာ ကိုကို အခန်း တံခါးကို ခေါက်သည်။ ဝေး ထိတ်ခနဲ ဖြစ်သွားကာ တံခါးကို ဖွင့်ပေး လိုက်မိ၏။

ဝေး မျက်ဝန်းတွေက အနက်ရောင်၊ အနောက်တိုင်း ဝတ်စုံနှင့် ခန့်ညားစွာ ချောမောနေသော ကိုကို့ကို အံ့သြစွာ ကြည့်မိ၏။ ကြည့်စမ်း တိုက်ဆိုင်လိုက်တာ ကိုကို အနက်ရောင်ဝတ်စုံဝတ်မှာ မသိပါ ဘဲ ဝေး ရွေးချယ်ဝတ်ဆင်ထားတာက ကိုကို့နှင့်လိုက်ဖက်နေတာ ထူးဆန်း နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေး အံ့သြနေသလို ကိုကိုလည်း ဝေးကို မင်သက်စွာ ကြည့်နေတာ စက္ကန့်ပေါင်းများစွာ ကြာသွားခဲ့သည်။

"သွားတော့မှာလား ကိုကို"

"အင်း အဲ သွားကြမယ်"

ဝေး စကားကြားမှ ကိုကို တအံ့တသြ မျက်ဝန်းတွေကို လွှဲပြီး ရှေ့ကဦးဆောင်ထွက်သွားသည်။ မြင့်မြင့်မားမား ကိုကို အမောင်းကြီးကို ကြည့်ရင်း ဝေး နောက်က လိုက်ခဲ့၏။

"သွားကြတော့မှာလား ဟယ် လိုက်ဖက်လိုက်တာ ကြည့် ဧည့်ခံပွဲမှာ သားနဲ့သမီးက တကယ်ပိုင်းငေးကြတော့မှာ သေချာတယ်"

ဒေါ်ဆုံက ဝေးကိုကြည့်ကာ ချီးကျူးစကားဆိုသည်။ ဒေါ်ဆုံကို နှုတ်ဆက်ကာ ဆင်ဝင်အောက်က ပရာဒိုကားဘေးတံခါး တက်လိုက်သည်။

ကိုကိုနှင့်အတူ ပထမဆုံး ယှဉ်တွဲတက်ခွင့်ရသော ဧည့်ခံ လေးမှာ ဝေး စိတ်တွေ ပျော်ရွှင်ကြည်နူးနေမိတာ အမှန်။

ကိုကိုလည်း ဝေးလိုပဲ ရင်တွေခုန်နေသည်လား။ ကိုကို့ရဲ့ မျက် ကတော့ တည်ကြည်လွှမ်းနေခဲ့ပါသည်။

■ ■ ■

## အခန်း (၃၅)

သူ တကယ်ပဲ အံ့သြမင်သက်သွားခဲ့တာ အမှန်ဖြစ်သည်။ ဝတ်ဆင်ထားသော ဝတ်စုံက သူနှင့်လိုက်ဖက်ညီလွှမ်းနေတာ ယုံ ဆောင် မယုံမိပါ။

ဧည့်ခံပွဲ အတူသွားဖို့ ပြောထားပြီးမှ နှစ်ယောက် ပြင်ဆင်ဝတ် ထားတာက လွဲချော်နေလျှင် လူတွေ ကဲ့ရဲစရာဖြစ်မှာ သူ စိုးနေမိ၏။

တကယ်ဆို ဒီပွဲက အရေးကြီးသည်။ ဧည့်ခံပွဲရှင် ဦးမြတ်မင်း ကင်က စီးပွားရေးလောကရဲ့ အထင်ကရပုဂ္ဂိုလ်ကြီး ဖြစ်သည်။ သူတို့ သာသက်တမ်း ဆယ့်ငါးနှစ်ပြည့် ဧည့်ခံပွဲမှာ လာကြမည့်သူတွေက ပွားရေးလောကက မိတ်ဆွေတွေဖြစ်၏။

သူ့အတွက် အရေးကြီးတာက ဦးမြတ်မင်းမောင်နှင့် ရှယ်ယာ ထုပ်မည့် လုပ်ငန်းတွေရှိသည်။

"မောင်မင်းမှ မင်းမဟောသီပါ ဦးတို့ ဧည့်ခံပွဲကျ ခေါ်ခဲ့သွား

www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့ရင်းနှီးထားချင်လို့''

''ဟုတ်ကဲ့ အန်ကယ်''

သူ ကတိပေးခဲ့သည့်အတိုင်း ဝေးကို မဖြစ်မနေ ခေါ်ခဲ့ရသ... ဝေးနဲ့သူ ဘယ်လို အခြေအနေတွေပဲရှိရှိ ဒီပွဲမှာတော့ ဝေးကို ပွဲထု... ပေးရမှာပဲ ဖြစ်သည်။

''ဝေး ဒီပွဲက ကိုယ့်ရဲ့ အရေးကြီးပါတနာကြီးရဲ့ မင်္ဂလာနှစ်... ငါးနှစ်မြောက် ညစာစားပွဲနော်၊ သူနဲ့ကိုယ် လုပ်ငန်းပိုင်းတွေ အများ... ရှိတယ်၊ ဒီတော့ မင်း ကျေးဇူးပြုပြီး လေးလေးစားစား ဆက်ဆံ... အထူးသဖြင့် ကိုယ်နဲ့မင်းကို လိုက်ဖက်ညီတဲ့သူတွေလို့ သူ ထင်ပါ...

ကားပေါ်မှာပဲ ဝေးကို သူ ပွင့်လင်းစွာ ပြောပြ၏။ ဝေး ခေါ... လေးညိတ်ပြသည်။ မပြင်ဆင်ဘဲနှင့်တောင် လှသော ဝေးသည် ပြင်... လိုက်တော့ ငေးလောက်အောင် လှနေသည်။

ဝေး အလှကို သူ ထပ်ပြီး ငေးမကြည့်မိအောင် အတော်... သတိထားနေခဲ့ရသည်။

ညစာစားပွဲထဲ သူနှင့်ဝေး တွဲဝင်လာတော့ အားလုံးရဲ့ အကြည့်... တဒင်္ဂတော့ မျောလွင့်ငေးသွားခဲ့ကြသည်။

ဖြူဝင်းနုဖတ်နေသော မျက်နှာ၊ ကျော့ရှင်းထင်းနေသော ... ဟန်နှင့် အနက်ရောင် မင်းသမီးလေး လွှမ်းအဝေး ကြောင့်ပဲ... သူ သိပါသည်။ ဝေး အလှက အားလုံးကို မီးမောင်းထိုးပြထား... ညှို့ငင်နိုင်စွမ်း၏။



''ဟိုင်း ကွန်ဂရက်ကျူလေးရှင်း မောင်မင်းမူ၊ ဒါ မင်းရဲ့ ...ဇာသီလား၊ တကယ့် နတ်သမီးလေးပါလားကွ ဟား ဟား''

ဦးမြတ်မင်းမောင် အားပါးတရ ချီးကျူးရင်း သူ့ကိုလက်ဆွဲ ...ဆက်၏။ သူ့ဇနီးကလည်း ဝေးကို လက်ဆွဲနှုတ်ဆက်ရင်း ချီးကျူး ...ုံး။

''လှလိုက်တာ ညီမလေးရယ်၊ မမတို့ ပွဲကို ကြွလာတာ အထူး ...ကျေးဇူးတင်ပါတယ်ကွယ်''

''ဝေးကလည်း ကျေးဇူးတင်ဂုဏ်ယူပါတယ် မမ''

''နာမည်က လွှမ်းအဝေး တဲ့လား၊ နာမည်ကော လူကော ...တဲ့နေ့ကလေးကို မင်း ပိုင်ဆိုင်ရတာ အရမ်းကံကောင်းတယ် မောင် ...မူရေ''

ညစာစားပွဲထဲမှာ သူနှင့်ဝေး ဝင်ထိုင်တော့ မိတ်ဆွေတွေက လာ ...ဆက်ကြသည်။ အထူးသဖြင့် ဝေးနှင့်သူ့ရဲ့ လိုက်ဖက်ညီမှုကို ပြော ...ကြပါ။

သူ မျက်နှာပူနေပေမယ့် ဝေးကတော့ ပြုံးပြုံးလေး တုံ့ပြန်နှုတ် ...ဆက်ပေးနေ၏။ အခုထိ ဝေးရဲ့ ဆက်ဆံမှုတွေက အဆင်ပြေချောမွေ့ ...နေသည်။

''ဟိုင်း ညီ တွေ့ရတာ ဝမ်းသာပါတယ်''

''ဟင် ကိုမိုးအဂ္ဂ''

မမျှော်လင့်ဘဲ ဆုံရသော ကိုမိုးအဂ္ဂကြောင့် သူ အံ့သြသွားမိ

www.burmeseclassic.com

www.burmeseclassic.com



သလို ဝေးကလည်း တအံ့တဩ ကြည့်ကာ

"ကိုအဂ္ဂ အမေရိကား သွားပြီဆို"

"ဟုတ်တယ် သွားဖြစ်တာပေါ့။ ဟိုမှာ အကြာကြီး နေဖြစ်မယ

ထင်တာ၊ တစ်လလောက်ပဲ ကြာလိုက်တယ်၊ မြန်မာပြည်ကို ပြန်ရော

လာတာလေ၊ ကိုယ် မြန်မာပြည်ကို ခွဲမရလို့"

ကိုမိုးအဂ္ဂ စကားကြောင့် သူ့စိတ်ထဲမှာ နည်းနည်းတော့ အ

မကျဖြစ်သွားမိသည်။ ကိုမိုးအဂ္ဂ စကားတွေက ရိုးမှရိုးသားရဲ့လား။

ဘာကြောင့်မှန်းမသိ။ ဝေးနှင့်ကိုမိုးအဂ္ဂ စကားတွေ ပြောနေတ

ကို သူ့စိတ်မှာ ဝန်တိုသလို ဖြစ်နေမိသည်။ ဝေးကို ဥပေက္ခာပြုထား

သောစိတ်တွေ ဘယ်ရောက်ကုန်ပြီ မသိ။

ညေ့ခံပွဲမှာ ဆက်နေချင်သေးပေမယ့် သူတို့ ဝိုင်းမှာ ရှိနေသေ

ကိုမိုးအဂ္ဂကြောင့် ပြန်ဖို့ ကြံစည်မိ၏။

"ဝေး ပြန်ကြရအောင်၊ ကိုမိုးအဂ္ဂ ခွင့်ပြုပါဦးဗျာ"

"ဩော် ညီတို့ ပြန်တော့မလို့လား။ အိုကေ ညီ ကိုကြီးပြတ်

ကိုယ့်အရင်းနှီးဆုံး ပါတနာပါ၊ ညီနဲ့သူတို့ လုပ်ငန်းရှယ်ယာကိစ္စရေ

ကိုယ့်ကို တိုင်ပင်တယ်၊ ကိုယ်တောင် ညီ အရည်အချင်းကို အကြွ

အာမခံပေးလိုက်သေးတယ်"

"ဟုတ်ကဲ့ ကျေးဇူး အစ်ကို"

"ကဲ သွားကြတော့ကွာ၊ ကိုယ် အားတဲ့ရက်တော့ လာလ

ဖြစ်ဦးမှာပါ"



စကားစကျွံထွက်လာတော့ သူ ဘာမှခွန်းတုံ့မပြန်ဘဲ နှုတ်ဆိတ်

နေလိုက်သည်။

အပြန်လမ်းတစ်လျှောက်လုံး ဝေး နှုတ်ဆိတ်နေပေမယ့် သူ

ဝေးကို နောက်ကြည့်မှန်ထဲကကြည့်ကာ အလိုလို စိတ်တိုနေ၏။

ဝေး နှုတ်ခမ်းလေး လှုပနေတာကို သူ ကြည့်နူးနေခဲ့သမျှ

အဂ္ဂကြောင့် ကသိကအောက် ဖြစ်ခဲ့ရတာ အမှန်။

ဒီလူ ဘာစာရင်းတွေ ရှုပ်လာဦးမှာလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၆)

သည့်နောက်ပိုင်းမှာ သူ့စိတ်တွေ ပြောင်းလဲလာတာ သူ ကိုယ်တိုင်တောင် သတိမထားမိခဲ့ပါ။

ကိုမိုးအဂ္ဂဆိုသည့်လူ သူမရှိတုန်း အိမ်ကိုလာလည်မှာ စိတ်အအလိုလို စိုးရိမ်နေသည်။ မလာပါနဲ့လို့ တားမြစ်လို့လည်း မကောင်းပါ။

ပြီးတော့ ဝေးကို သူက ချစ်ခဲ့ဖူးသူ။ ဝေးကို ဘယ်လောက်ချစ်သည်ဆိုတာတောင် သူ့ကို ဝန်ခံပြောပြခဲ့သူ။ အခုလည်း ဝေးနှင့်သူ့အခြေအနေက. . .။

တွေးရင်း သူ စိတ်တွေမငြိမ်ချင်တော့ပါ။ အိမ်ကို ဖုန်းဆက်ကြည့်မိသည်။ ဖုန်းလာကိုင်တာက ဒေါ်ဆုံ။

"ဒေါ်ဆုံ ဝေး ရှိသလား"

"ရှိတယ် သား၊ ခြံထဲမှာရှိတယ် ခေါ်ပေးရမလား"





"မခေါ်ပါနဲ့၊ အိမ်ကို ဘယ်သူလာသေးလဲ၊ ညည့်သည်လာသေးသလား။ သိချင်လို့ မေးတာပါ"

"ဟင့်အင်း ဘယ်သူမှ မလာဘူးကွဲ့"

"ကြော် ဟုတ်ကဲ့ ကျွန်တော် ညည့်သည်တစ်ယောက် ချိန်းထားလို့ပါ၊ မလာရင်နေတော့ ရပြီ ဒေါ်ဆုံ"

ဖုန်းကို ပြန်ချပြီး သူ့ရင်ထဲမှာ ပေါ့ပါးသွားသည်။ ဆိုဖာထိုင်ခုံမှာကျောမှီထိုင်ချရင်း အာရုံထဲမှာ ကိုမိုးအဂ္ဂ မျက်နှာကို မြင်မိသည်။

သူ စိုးရိမ်နေတာတွေက လွန်နေပြီလား။ ဒီလောက်အထိတောင် သူ့စိတ်တွေ ပူပန်နေတာ မဟုတ်သေးဟု ထင်၏။

တကယ်ဆို ဝေးနဲ့သူက ဘယ်တော့မှ ပတ်သက် ဆက်နွယ်လာညီဟု သူ မထင်ထားခဲ့။ ကိုမိုးအဂ္ဂက ဆက်နွယ်လာသည်ဆိုလည်း သူ့ဘက်က ကြည်သာစွာ လွှဲပေးလိုက်ဖို့ပဲ ဖြစ်၏။

ဘာလို့ သူ့စိတ်တွေ ပြောင်းလဲနေတာလဲ။

စိတ်တွေက ညစ်ညူးလျက် အလုပ်ထဲမှာ အာရုံမဝင်စားနိုင်ခဲ့။ ညနေစောစော အလုပ်က ပြန်ဖြစ်သည်။

ခြံစောင့်ကြီး ဦးဒီပါကို တီးတိုးမေးမိသေး၏။

"ဘယ်သူ အိမ်လာသေးလဲ ဦးဒီပါ"

"ဘယ်သူမှ မလာပါဘူး မောင်မင်းသူ"

"ကြော် ဟုတ်လား ကောင်းပြီ ကောင်းပြီ"

ကားကို ဆင့်ဝင်အောက်အထိ သူ မောင်းဝင်ခဲ့တော့ နေဆီရုံ



www.burmeseclassic.com

www.burmeseclassic.com



နံဘေးမှာ ရပ်ငေးကြည့်နေသော ဝေးကို မြင်သည်။

အဖြူရောင် ဂါဝန်လေးနှင့် ဝေး အလှက ဖူးပွင့်နေသော ပန်းတွေနှင့်အပြိုင် လှပနေ၏။

ဒါပေမဲ့ သူ ချက်ချင်းပဲ မျက်နှာလွှဲပစ်ကာ ညှော်ခန်းထဲ တန်း ဝင်ခဲ့၏။

''ဟော မောင်မင်းသူ စောသားပဲ''

''ဟုတ်ကဲ့ ဒေါ်ဆုံ အလုပ်ပါးလို့ ပြန်လာတာပါ''

''အေး စောစောကပဲ မဝါဆီက ဖုန်းလာသေးတယ်၊ သမီးလေး နဲ့ စကားပြောကြတယ်၊ မင်းကိုလည်း မေးနေသေးတယ်''

မေမေ့ဆီက ဖုန်းလာသည်ဆိုတာကြောင့် သူ သတိရသွားမိ၏။ ဘာလိုလိုနဲ့ မေမေတောင် မော်လမြိုင်မှာ ပျော်နေတာ တစ်လကျော်ပြီး

''မေမေ တခြားဘာမှာသေးလဲ ဒေါ်ဆုံ၊ ဘယ်တော့ ပြန်လာ မယ်တဲ့လဲ''

''အဟင်း မင်းနဲ့ဝေးလေးတို့ သူ့အတွက် မြေးလေးမွေးပေးချိန် မှ ပြန်လာမယ်တဲ့''

''ဟာ ဒေါ်ဆုံကလည်း''

''အဟင်း ဟင်း မဝါက တကယ် မြေးချီချင်နေတာ၊ အခု တောင် ဟိုကတူ့ တူမတွေရဲ့ ကလေးတွေထိန်းရင်း ပျော်နေတာတဲ့၊ ကဲ ရေမိုးချိုးလိုက်ဦး ဒီနေ့ မင်းစားဖို့တဲ့ သမီးက ငါးမြင်းဆီပြန် ချက်ထား တာ အဟင်း တစ်မနက်လုံး မီးဖိုထဲမှာ ချွေးတလုံးလုံးနဲ့ လင်တော်မောင်



အတွက်တဲ့လေ''

ဒေါ်ဆုံ စကားကြောင့် သူ မျက်နှာကြီး ထူပူနီမြန်းကာ ညှော်ခန်း ထဲက ထထွက်ခဲ့သည်။

ဝေး ထမင်းဟင်းတွေတောင် ချက်ပြုတ်တတ်နေတာ သူ သိ ထားတာ ကြာပြီ။ ဝေး လက်ရာက ကောင်းမည်ဟု သူ မထင်ခဲ့မိပေမယ့် ဝေးက ဒေါ်ဆုံလက်ရာအတိုင်း ချက်နိုင်သည်။

ဝေးကိုယ်တိုင် မီးဖိုထဲဝင် ချက်ပြုတ်တာကိုတော့ သူ အံ့ဩမိ ၏။ သူ မကြိုက်ဘူး ပြောထား၍ ဝေးက သူ စားနေလျှင် ထမင်းဝိုင်းကို တောင် မလာရှာပါ။

ဝေး ဒီလောက်အထိ ပြောင်းလဲသွားမည် သူ မထင်မိပါ။

ဝေး ပြောင်းလဲနေတာတော့ အထင်အရှား။ သူ့မှာသာ ဝေးနှင့် ဆုံတိုင်း မျက်နှာထားတင်းတင်းနှင့် နေနေမိသည့်အဖြစ်။

တွေးရင်းနှင့် သူ့လုပ်ရပ်တွေက ဝေးကို အနိုင်ယူနေသလို ဖြစ်နေပြီလားတောင် စဉ်းစားမိသည်။

ဝေးအပေါ် သူ့စိတ်တွေ တကယ်ပဲ မုန်းနေသည်လား။ သူ ဟန်ဆောင်ထားမိခြင်းလား။ ဆန်းစစ်ကြည့်ရပါဦးမည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

မေမေ့ရဲ့အလုပ်တွေကို သူ စတင်တာဝန်ယူသည့် ခြောက်လပိုင်းကာလမှာပင် ကုမ္ပဏီရဲ့ ဝင်ငွေက သိသိသာသာ တိုးတက်လာတာ လချုပ်စာရင်းက သက်သေပြနေ၏။

သူ ဝမ်းသာစိတ်နှင့် ကိုယ့်ကြိုးစားအားထုတ်မှုအတွက် ပီတိဖြစ်နေ၏။ ဒါကြောင့်လည်း ဒီမနက်မှာပဲ ကုမ္ပဏီရဲ့ဝန်ထမ်းတွေကို သူ အပိုဆုကြေးတွေ ပေးဖြစ်၏။

"ကျေးဇူးတင်ပါတယ် ဆရာ၊ ဆရာ့ရဲ့လုပ်ငန်းတွေ ဒီထက်တိုးတက်အောင်မြင်ပါစေ"

"ဟဲ့ စိမ်းရဲ့ နင့်ဆုတောင်းကြီးက မပြည့်စုံဘူး"

"ဟင် ဘာလိုလို့လဲဟ"

"လိုတယ် ဆရာလုပ်ငန်း အောင်မြင်ပါစေ၊ ပြီးတော့ ဆရာနဲ့



ဆရာရဲ့ချစ်ဇနီးလေးတို့တွေသည်း တစ်သက်လုံး ချစ်ချစ်ခင်ခင် အိမ်ထောင်ရေးခိုင်မြဲပျော်ရွှင်ပါစေ"

ဝန်ထမ်းမိန်းကလေးတွေက ဝိုင်းဝန်းဆုတောင်းပေးကြတော့ သူ ကျေနပ်စွာပြုံးရင်း ဝေးကို သတိရမိသည်။

သူ ဘယ်လောက်ပဲ ခါးသီးဥပေက္ခာပြုပါစေ ဝေးက သူ့ကို မမုန်းခဲ့။ ထို့အတွက် ဝေးကို သူ စာနာသနားလာမိသည်။ ထိုထက်ဆိုရလျှင် ဝေးကို သူ ချစ်မိပြီလားတောင် မသိပါ။

တစ်ချိန်က သူ့နှလုံးသားကို ပိုင်စိုးခဲ့သော ကေရီကိုတော့ သူ့အာရုံထဲက ထုတ်နိုင်ခဲ့ပြီ ထင်ပါသည်။ တကယ်ဆို ကေရီသည် သူ့ကို နှလုံးသားနှင့် ချစ်ခဲ့တာ မဟုတ်ဟု တွေးမိ၏။

ကေရီ မျှော်လင့်တာ သူ ပိုင်ဆိုင်နိုင်သော ဂုဏ်တွေဒြပ်တွေပဲ ဖြစ်သည်။

ဒါတွေ စဉ်းစားမိတော့ ဝေးကို နားလည်လာကာ သူ ခွင့်လွှတ်လာနိုင်သည်။ ဒါကြောင့်လည်း ဒီညနေ ဝေးနှင့်အပြင်ထွက်ပြီး ညစာစားဖို့ သူ တွေးထားမိ၏။

ဝေးဆီ ဖုန်းဆက်ကာ ထိုကိစ္စ ပြောလျှင်တော့ အံ့ဩပျော်သွားမည်ဟု သူတွေးနေတုန်း ဖုန်းက ဝင်လာ၏။

သူ့ကိုယ်ပိုင် ဟန်းဖုန်းကမို့ ကောက်ယူကြည့်တော့ ဝေးဆီကဆက်တာဖြစ်နေ၏။ တစ်ခါမှ ဝေး ဖုန်းမဆက်ဖူးတာမို့ အံ့ဩမိသေး၏။

"ကိုကို ဝေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ပြောလေ၊ ဝေး ဘာကိစ္စလဲ"

ဝေးကို အမှုက်ပြေနေသော သူ့အသံတွေ ချိုချိုသာသာပဲ ဖြစ်နေ၏။

"ဟို ဝေး ကိုကို့ကို ပြောစရာရှိလို့ ဟိုလေ ဟို"

ဝေးအသံတွေ ထိတ်လန့်တွန့်ဆုတ်နေတာမို့ သူ ပြုံးရင်း

"ပြောပါ ဝေးရဲ့၊ ပြောလေ"

"ဟို ဒီနေ့လယ်က ကိုအဂ္ဂ ဖုန်းဆက်တယ်"

"ဟင်"

"ဟို ကိုကိုနဲ့ဝေးကို ညစာဖိတ်ကျွေးချင်လို့တဲ့၊ အဲဒါ ဒီညနေ ကိုကို စောစောပြန်ဖြစ်မလားဟင်"

သူ့ရင်ထဲမှာ ထောင်းခနဲ ဒေါသတွေ ဆူဝေသွား၏။ တကယ်ဆို ကိုမိုးအဂ္ဂ ဘာကြောင့် ဝေးနှင့် လာပတ်သက်နေရတာလဲ။ ပတ်သက်စရာ မရှိပါ။ ဝေးနှင့်သူက လင်မယားတွေ ဖြစ်နေပြီ။

"ကိုကို ဝေး ပြောတာ ကြားလားဟင်"

"ကြားတယ် လွှမ်းအဝေး၊ ကိုယ် ဒီည စောစောပြန်လာနိုင်မှာ မဟုတ်ဘူး။ ဒီတော့ ကိုမိုးအဂ္ဂဆီ မင်းပဲသွားပြီး ရှင်းပြလိုက်ပါ ဒါပဲ"

စကားအဆုံးမှာ သူ ဖုန်းကို ချပစ်လိုက်၏။ ရင်ထဲက ဒေါသတွေကတော့ ဆူဝေနေဆဲ။ ဝေးနှင့်အတူ ညနေစာ စားမည့်အစီအစဉ်က မိုးအဂ္ဂကြောင့် အလိုလို ပျက်သွားခဲ့ပြီ။

"တောက်"



နှုတ်က ခုန်ထွက်သွားသည့် ဒေါသက ဘယ်သူ့ကို ရည်ရွယ်မိတာလဲ မသိပါ။

မိုးအဂ္ဂကိုလည်း စိတ်တိုသည်။ ဝေးကိုလည်း ဒေါသထွက်မိသည်။ တကယ်ဆို ဝေး အစောကြီးကတည်းက ငြင်းလိုက်သင့်၏။ မိုးအဂ္ဂဆိုသည့် လူက ဝေးအချစ်ကို မျှော်လင့်ခဲ့ဖူးသူ။

ဒါကို သူလည်း သိလျက်နှင့် ဝေးလက်ခံလိုက်တာ ဘာသေဘာလဲ။ သူ့ကိုရှေ့မှာထားပြီး သူတို့ အပြုံးတွေကို ထိုင်ကြည့်နိုင်းချင်တဲ့ သဘောလား။

တွေးရင်း ရင်ထဲမှာ ဒေါသတွေ တစ်လိပ်ပြီးတစ်လိပ် တရိပ်ရိပ်တက်လာ၏။

ဝေး မင်း ငါ့ကို ပြန်တုံ့ပြန်တိုက်ခိုက်ဖို့ ကြိုးစားနေတာလား။

■ ■ ■

ဗျူး ၀၁၉၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

ဘီယာစတေရှင်ဆိုင်လေးထဲကို သူ ရောက်နေတာ ကြာပြီ
မသောက်စဖူး သောက်ထားသော ဘီယာတန်နိုးကြောင့် လူက ရီဝေ
ပြီ၊

"ဘယ်နနာရီ ထိုးပြီလဲ မောင်စိုး အေ့"

"ရှစ်နာရီ ကျော်နေပြီ ဆရာ"

သူ့ကို စိတ်မချဘဲ လိုက်လာသော တပည့်လေး မောင်စိုး
ဖြေသည်။ မျက်ဝန်းတွေကတော့ သူ့အတွက် စိုးရိမ်နေတာ အထင်အရှား

"ဆရာ တော်သင့်ပြီ၊ ဆရာ များနေပြီ"

"နီး ငါရတယ်၊ ငါ သောက်ချင်သေးတယ် အေ့"

စားပွဲပေါ်က ဘီယာခွက်ကို ကိုင်ပြီး သူ ကြည့်သည်။ အပြ
အာရုံထဲမှာ ဘီယာခွက်တွေ အများကြီး။ မဟုတ်သေးပါဘူး။ သူ မျက်





တွေမှိတ်ကာ ပြန်ဖွင့်ကြည့်သည်။

ရွှေအိုရောင် ဘီယာတွေထဲမှာ ကိုမိုးအဂ္ဂနှင့် ဝေး နှစ်ကိုယ်တူ
ကားတွေ ဖောင်ဖွဲ့နေသည်။

အံကို တင်းခနဲကြိတ်ကာ သူ ဘီယာကို တစ်ကျိုက်တည်း
မော့သောက်ပစ်လိုက်သည်။

"ဆရာ ဆရာ"

သူ့ကို တွဲထားရင်း ခေါ်နေသော မောင်စိုးအသံတွေက အဝေး
ကြီးက ခေါ်နေသလိုလို။ အသိတရားတို့ ခန္ဓာကိုယ်နှင့် ဝေးကွာသွားခဲ့၏။

■ ■ ■

ဆင်ဝင်အောက်ကို ကားလေး ထိုးရပ်တော့မှ ဝေနှင့်ဒေါ်ဆုံ
သောကမျော ထွက်ခဲ့မိကြ၏။

"ဟင် ကိုကို"

"ဆရာ အရမ်းမူးနေတယ် မမ၊ ဒါကြောင့် ကျွန်တော် ကား
ဆင်းပြန်ပို့တာ"

"အို ဟုတ်လား၊ ကျေးဇူးပါပဲ မောင်လေးရယ်"

"ရတယ် မမ၊ မမတို့ ဆရာ့ကို နိုင်ရဲ့လား"

"ရတယ် ရတယ်"

ဝေနှင့်ဒေါ်ဆုံ ကိုကို့ခန္ဓာကိုယ်ကြီးကို မနိုင်မနင်း တွဲလိုက်ကြ
သည်။

"ကျွန်တော် ပြန်တော့မယ် မမ"



www.burmeseclassic.com

www.burmeseclassic.com



"အေး နေဦး၊ မင်း တက္ကစီနဲ့ ပြန်၊ ပိုက်ဆံပါရဲ့လား"

"ပါ ပါတယ် မမ၊ ရတယ် ခင်ဗျ"

ကိုကို့တပည့်လေး ပြန်သွားတော့ ဝေးနှင့်ဒေါ်ဆုံပဲ ကိုကို့ အိပ်ခန်းဆီ တွဲခေါ်ခဲ့ရ၏။

"ဝေးလေး အခန်းက ဟိုဘက်လေ"

ကိုကို့ အခန်းထဲ ဝေး တွဲပို့မိတော့မလို့။ ဒေါ်ဆုံ ပြောမှ ဝေး အခန်းထဲ ခေါ်ခဲ့ရသည်။ ဒေါ်ဆုံက ဝေးနဲ့ကိုကို အခန်းခွဲအိပ် တာမှ မသိပဲ။

ဝေး ပြင်ဆင်ပေးထားသော မင်္ဂလာအိပ်ရာကြီးပေါ် ကိုကို့ တင်လိုက်ရသည်။ ကိုကို့ပါးစပ်က ဗလုံးဗထွေးနှင့် ဘာတွေပြောနေမှ မသိပါ။

"အင်း မောင်မင်းမူ ဘယ်လိုဖြစ်လာပါလိမ့်၊ အဝတ်အစား တွေ လဲပေးလိုက်နော် သမီး"

"ဟုတ် ဟုတ်ကဲ့ ဒေါ်ဆုံ"

ဒေါ်ဆုံ အခန်းထဲက ထွက်သွားသည်အထိ ဝေး ငေးငေး ရပ်နေမိဆဲ။ ကိုကိုက ခုတင်ကြီးပေါ်မှာ လူးလှိမ့်နေရင်း

"ဝေး ဝေး မင်း ရက်စက်တယ်၊ ရက်စက်တဲ့ မိန်းမ အေ့"

အခုချိန်ထိ ကိုကို ဝေးကို နာကျည်းနေဆဲလား။ ဝေး မျက်ရည် တွေ ဝေ့ဝဲလာသည့်ကြားက ကိုကို့အဝတ်အစားတွေကို လဲပေးဖို့ ပြင် လိုက်သည်။



ကိုကို့အင်္ကျီတွေကို ချွတ်ပေးပြီး စောင်တစ်ထည်နှင့် ခြုံပေးကာ ဘောင်းဘီကို ချွတ်ပေးလိုက်သည်။

ဘယ်တုန်းကမှ အရက်မူးအောင် မသောက်တတ်သော ကိုကို ဘာလို့ ဒီလောက်အထိ မူးနေခဲ့တာလဲ မသိပါ။

"အေ့ ဝေး ဝေး"

"ဟင် ကိုကို"

ကိုကို့နှုတ်က ခေါ်နေတာကို ဝေး အနားလေးကပ်ပြီး ငုံ့ကြည့် ...ုင်း ထူးမိတော့

"မင်း ရက်စက်တယ် အေ့"

"အို ကိုကို"

ကိုကို့လက်တွေက ဝေး ပခုံးကို လှမ်းဆုပ်အကိုင်မှာ ဝေး ...ကိုကို့အပေါ် မှောက်ကျသွားခဲ့၏။

"ကို ကိုကို ဝေး"

ဝေး ဘာမှပြောဆိုခွင့် မသာအောင် ကိုကို လက်နှစ်ဖက်က ...ိုင်းဖက်ဆုပ်ကိုင်ထားသည်။ ကိုကို့အနမ်းတွေက ကြမ်းတမ်းနွေးထွေး ...ာ မျက်နှာပေါ် ကျလာသည်။

ဝေး ငြင်းပယ်ဖို့ အင်အားမရှိအောင် မိန်းမောနေခဲ့မိ၏။

ကိုကို့အနမ်းတွေက လည်တိုင်လေးတွေဆီအထိ ကျူးကျော်လာ ... ဝေး ရင်ခုန်သံတွေ ဝုန်းဒိုင်းကျဲကုန်၏။

ကိုကိုရဲ့အနမ်းတွေက ရှည်လျားသိမ်မွေ့လာသည်။ ဝေး

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူဖို့မေ့ကာ ရင်ခုန်သံတွေက ဆူဝေသွားခဲ့သည်အထိ။

"ကိုကိုရယ်"

ဝေး တောင့်တခဲ့ဖူးသော ဘနမ်းတွေ၊ ကြင်နာမှုတွေ ကိုကို့ဆီက ဝေး ပိုင်ဆိုင်နေခဲ့ခြင်းဟာ အိပ်မက်တစ်ခုတော့ မဟုတ်တာ ဝေး သိ ပါသည်။

ကိုကိုရယ် ဝေး ကိုကို့ကို သိပ်ချစ်လိုက်တာ။

■ ■ ■

## အခန်း (၃၉)

"ဟင်"

သူ နိုးတော့ ဆတ်ခနဲ ငုတ်တုတ်ထိုင်လိုက်မိသည်။ ပတ်ဝန်း ကျင်ကို ကြည့်ရုံနှင့် သူ့အခန်းမဟုတ်တာ ချက်ချင်း သိသည်။ ဒါ ဝေး အခန်း။

"ဟာ"

သူ ရောက်နေတာ သူနဲ့ဝေးရဲ့ မင်္ဂလာအခန်းကြီးထဲမှာ။ ခုတင် ပေါ်မှာပဲ သူရှိနေကာ ဝေးကတော့ ခုတင်အောက် ကြမ်းပြင်မှာ ပုံပုံလေး ခွေအိပ်နေ၏။

သူ ဘယ်လို ဒီအခန်းထဲ ရောက်ခဲ့တာလဲ၊ အသိအာရုံတွေက ပြန်ဖမ်းဆုပ်လို့ မရပါ။ နောက်ဆုံး သိခဲ့တာ ဘီယာဆိုင်ထဲမှာ သူ မူး သွားခဲ့၏။

ခြုံစောင်ကြီးကို ဖယ်လိုက်တော့ သူ့ခန္ဓာကိုယ်ပေါ်မှာ ညဝတ်

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီရှည်ကြီး လဲပေးထား၏။ အခန်းထောင့်က အဝတ်တန်းပေါ်မှာ သူ့ရဲ့အင်္ကျီတွေ ရှိနေ၏။

သူ ညက တော်တော်မူးလာတာပဲ ဖြစ်မည်။

ခုတင်ပေါ်က အသာလျောဆင်းကာ သူ့အခန်းထဲက အသ လေး လစ်ထွက်ခဲ့သည်။ ရေချိုးခန်းထဲမှာ စိမ်ချိုးလိုက်မှပဲ စိတ် လန်းဆန်းသွားခဲ့သည်။

ကော်ဖီဝိုင်းရောက်တော့ ဒေါ်ဆုံက သူ့ကို ဘလက်ကော် တစ်ခွက် ဖျော်ပေးသည်။

“မောင်မင်းမူ ညက ဘာလို့ အရမ်းသောက်လာတာလဲ မင်း မေမေ သိရင် စိတ်မကောင်းဖြစ်မှာ”

“ကျွန်တော် ညက အတော်မူးလာသလား ဟင်”

“မင်းတပည့်လေးဟောင် ကားနဲ့ပြန်ပို့ရတာလေ၊ ဝေနဲ့ဒေါ် မင်းကို အိပ်ခန်းထဲ လိုက်တွဲပို့ရတယ်”

ဒါကြောင့် သူ ဝေအခန်းထဲ ရောက်နေခဲ့တာဟု သိလိုက်သည်။

“သားရယ် ဒီလို စိတ်လွတ်ကိုယ်လွတ် မလုပ်ပါနဲ့ကွယ်၊ သာ မေမေမရှိတော့ ဒေါ်ဆုံက မဖြစ်သင့်တာ မဖြစ်ရအောင် ပြောတာ”

“ဟုတ်ကဲ့ ကျွန်တော် နားလည်ပါတယ် ဒေါ်ဆုံ၊ သူငယ်ချ တွေနဲ့ မထင်မှတ်ဘဲ ပြန်ဆုံလို့ လွန်သွားတာပါ၊ ကျွန်တော် မသော တော့ပါဘူး”

“အေးကွယ် သား ဆင်ခြင်နိုင်တာ ဒေါ်ဆုံ သိပါတယ်”



သူ ဘာမှမပြောတော့ဘဲ ငြိမ်သက်နေလိုက်၏။

ညက သူ ဝေအခန်းထဲ ရောက်ခဲ့သည်။ သူ ရှိတာမို့ ဝေက တင်အောက်တောင် ဆင်းအိပ်သည်တဲ့လား။

သူ့ဘက်က စိမ်းပြတ်သလို ဝေကလည်း စိမ်းပြတ်ပြသည့် သဘောပေါ့။

မနေ့ညက ဝေနှင့်ကိုမိုးအကြောင်း တွေကြမှာ သေချာ၏။ ဝေက အားလုံးဖွင့်ပြောလိုက်ပြီလား မသိ။

သူ အနိုင်ယူနေတာတွေ ဝေ မခံနိုင်တော့တာကြောင့် ကိုမိုး ကြောင်းကို ဖွင့်ပြောတာဖြစ်မည်။

ဘာပဲဖြစ်ဖြစ် ဝေနှင့်သူ ယတိပြတ် ရှင်းသင့်ပြီ။ ဝေကိုလည်း ဒုက္ခတွေ မပေးလိုတော့ပါ။ ဝေ လွတ်လပ်ရာ ရွေးချယ်စေချင်၏။

သူ ရုံးသွားခါနီးမှာ ဝေ အခန်းတံခါးကို ခေါက်လိုက်၏။

“တံခါးဖွင့်ထားပါတယ် ကိုကို”

သူ့တံခါးတွန်းဖွင့် ဝင်ခဲ့တော့ ဝေ နိုးနေပြီ။ ညဝတ်ဂါဝန် ဖြူလေးနှင့် ရပ်နေ၏။

“ဝေ ညက အဖြစ်အတွက် ကိုယ် တောင်းပန်ပါတယ်”

ဝေ သူ့ကို တစ်ချက်လှမ်းကြည့်ကာ ချက်ချင်း မျက်နှာလွှဲ ၏။ သူ့ဒုက္ခတွေကို ဝေ ရွံရှာနေပြီလား။

“ဝေ မင်းကို ကိုယ် နှောင်ဖွဲ့မထားတော့ပါဘူး”

“ဟင်”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အခန်းထဲမှာ ကိုယ် ကွာရှင်းစာချုပ် ထားခဲ့တယ် မင်း ဆုံးဖြတ်ပြီး ကိုမိုးအဂ္ဂကို ရွေးချယ်မယ်ဆိုလည်း ကိုယ် ကျေ တယ်"

စကားအဆုံးမှာ သူ လှည့်ထွက်ခဲ့သည်။ ဝေး ခေါ်သံကြားမှ လား စိတ်က မျှော်လင့်မိပေမယ့် ဝေးအသံကို မကြားပါ။

သူ့လို လူတစ်ယောက် အရိပ်အောက်မှာ ဝေး မပျော်နိုင်ထ သေချာနေပြီ။ ဝေးအတွက်တော့ သူမကို တကယ် မြတ်နိုးကြင်နာသေ ကိုမိုးအဂ္ဂ ရင်ခွင်ကိုပဲ တမ်းတမှာ သေချာ၏။

ဝေးရယ်

မှားခဲ့တာ ကိုကိုပါ။ မင်းကို ပိုင်ဆိုင်ချင်ခဲ့ကာမှ စွန့်လွှတ်လိုင် ရတော့မယ့်အဖြစ်က

ကိုကို သိပ်မှားခဲ့တယ်။ ရင်ထဲမှာ ဖြစ်တည်နေတဲ့ အချ တွေကို အမုန်းတွေနဲ့ ဖုံးကွယ်ထားခဲ့တာပါ။

မင်းကို ချစ်နေမိချိန်မှာပဲ ကိုကို စွန့်ခဲ့ရပြီ ဝေး။

■ ■ ■

[redacted]

## အခန်း (၄၀)

"လုံးဝ မဟုတ်ဘူး ညီ၊ မနေ့ညနေက မင်းတို့ မလာနိုင်ဘူး လို့ ဝေး ကိုယ့်ဆီ ဖုန်းဆက်လို့ ကိုယ် ညစာကျွေးမယ့်အစီအစဉ် ဖျက်သွား ရတယ်၊ ဒါကြောင့် ကိုယ် မင်းကို လာတွေ့တာပါ"

သူ အံ့ဩနေမိ၏။ ဒါဆို မနေ့က ဝေးနဲ့ကိုမိုးအဂ္ဂ မတွေ့ကြ ဘူးပေါ့။

"ကိုယ် ညီကို ခေါ်တာ ကေရီအကြောင်း ပြောချင်လို့"

ကေရီ နာမည်ကြောင့် သူ ရင်ခုန်လှုပ်ခတ်ခြင်း မဖြစ်တော့ ပေမယ့် နားထောင်ဖြစ်၏။

"ကေရီက မင်းကို တကယ်ချစ်ခဲ့တာ မဟုတ်ဘူး ညီ"

"ဟင်"

"ဟုတ်တယ် သူက ကိုယ်နဲ့ဝေး ခင်မင်နေတာကို မကျေနပ်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လို့ မင်းကို တွဲခဲ့တာပဲ၊ သူ ဝန်ခံခဲ့တယ်၊ ကိုယ့်ကိုလည်း မိဘတွေအစီအစဉ်အတိုင်း သူ့ကို လက်ထပ်မယ် ထင်ခဲ့တယ်၊ ကိုယ် ငြင်းတော့ သူ ဘာလုပ်တယ် ထင်လဲ''

သူ ခေါင်းခါပြမိ၏။ ဝေးနှင့်လက်ထပ်ပြီးကတည်းက ကေရီအကြောင်း သူ မေ့ပစ်ခဲ့တာ ဖြစ်၏။

''သူက ကိုယ့်ထက်သာတဲ့သူကို ယူပြမယ်တဲ့လေ၊ အခု ကိုယ်နဲ့ စီးပွားပြိုင်ဘက် ကုမ္ပဏီပိုင်ရှင်နဲ့ ယူတော့မယ်''

သူ အံ့ညြသွားမိ၏။ ကေရီသည် ဒီလောက်အထိတောင် အတ္တမာနတွေနှင့် ပြည့်နှက်နေခဲ့သည်လား။ သူ့ကို ကေရီ ချစ်ခဲ့သည်ဆိုတာ ကိုမိုးအဂ္ဂ မခံချင်အောင် လုပ်ခဲ့ခြင်းပေ။

''ညီ ကံကောင်းပါတယ်၊ ဝေးက ညီကိုပဲ ချစ်ခဲ့တာပါ''

''ကျွန်တော်''

''ခဏနေဦး ညီ၊ မင်းနဲ့ဝေး ကိစ္စကို ကိုယ် သိတယ်၊ ဝေး ပြောပြတော့ ကိုယ် စိတ်မကောင်းဘူး။ ဝေး မင်းကို တကယ်ချစ်တာပါ၊ မင်း ဝေးကို အထင်လွဲနေတာ ရှင်းပြချင်လို့ ကိုယ် ခေါ်ခဲ့တာ''

''ဟင်''

သူ စိတ်မကောင်း ဖြစ်ရ၏။ ဝေးကို သူက ကိုမိုးအဂ္ဂနှင့်ပဲ အထင်လွဲနေခဲ့၏။ အခု ကိုမိုးအဂ္ဂ ပြောမှပဲ သူ နားလည်တော့၏။





''ဝေး ပြောခဲ့ဖူးတယ်၊ သူ ချစ်တဲ့သူကိုပဲ သူ လက်ထပ်မယ်တဲ့၊ ဝေး ညီကို ချစ်လို့ လက်ထပ်ခဲ့တာပါ၊ ဝေး စိတ်ဓာတ်လေးက ဖြူစင်တယ်၊ ရိုးသားတယ်၊ ညီ ဝေးကို နားလည်လိုက်ပါ''

''ကျွန် ကျွန်တော် ဝေးကို အထင်လွဲခဲ့တယ် အစ်ကို၊ ဒါပေမဲ့ ဝေးကို ကျွန်တော် ချစ်နေတာ ဝန်ခံပါတယ်''

''အိုကေ ညီ ဒါဆို မင်းတို့ကြားက အမုန်းတွေ ပြေပြီပေါ့''

ကိုမိုးအဂ္ဂ သူ့ကို ပြုံးကြည့်ရင်း ပြောတော့ သူ ကိုမိုးအဂ္ဂလက်ကို ဆွဲကာနှုတ်ဆက်မိသည်။

''ကျေးဇူးတင်တယ် အစ်ကို၊ ကျွန်တော့်ကို ခွင့်ပြုဦး''

''ညီ ဘယ်သွားမှာလဲ''

''ဝေးကို တောင်းပန်မလို့၊ ကျွန်တော် ဝေးကို ဘယ်လောက်ချစ်နေတယ်ဆိုတာ ဝန်ခံမလို့''

ကိုမိုးအဂ္ဂ ခေါင်းညိတ်သည်။ သူ ရှာခနဲ လှည့်ထွက်ခဲ့တော့လည်း ရပ်ငေးလို့ ကျန်ရစ်ခဲ့သည်။

■ ■ ■

''ဘာ ဘာရယ် ဝေး မရှိတော့ဘူး ဟုတ်လား''

''ဟုတ်တယ် မောင်မင်းမူ၊ မင်း ထွက်သွားပြီး မကြာ[illegible] သူ ငိုနေတာတွေ့လို့ ဒေါ်ဆုံ မေးတော့ မင်းပေးခဲ့တဲ့ ကွာ[illegible]ချုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြပြီး သူ ငိုတယ်''

''ဟာ ကျွန်တော် ဝေးကို အထင်လွဲပြီး ပေးခဲ့တာပါ''

''သူက တကယ်ထင်ပြီး ဝမ်းနည်းသွားတာကိုး။ ဒီမှာ မောင်မင်းမှူ မင်းမသိတာ ဒေါ်ဆုံ ပြောပြမယ်၊ မင်း ဝေးကို အထင်လွဲခဲ့တာ မင်းတို့ မင်္ဂလာကိစ္စကို ဝေး ခေါင်းညိတ်ခဲ့လို့ မဟုတ်လား''

''ဟုတ်ကဲ့ အဲဒီတုန်းက''

''အဲဒါတွေ မပြောနဲ့တော့ ဒေါ်ဆုံ သိပြီးပြီ၊ အဲဒီတုန်းက ဝေး ခေါင်းမညိတ်ခဲ့ဘူး။ ငြင်းခဲ့တာ၊ ငြင်းခဲ့တာမှ သူနဲ့မောင်မိုးအငွေ ချစ်သူတွေလိုလို ပြောပြီး ငြင်းခဲ့လို့ မင်း မေမေ ရှော့ခ်ဖြစ်ပြီး ဆေးရုံ ရောက်ခဲ့တာ''

''ဟင်''

''ဝေးခမြာ သူ့ကြောင့် သူ့မိခင် ဆေးရုံရောက်တော့ အတော် စိတ်မကောင်း ဖြစ်သွားတယ်၊ ဒါကြောင့် နောက်တစ်ခါ မငြင်းရဲတော့ဘဲ ခေါင်းညိတ်ခဲ့ရှာတာ''

''ဒါ ဒါတွေ ကျွန်တော် မသိဘူးဗျာ''

''အင်း မင်း မသိလို့ ဝေးကို အထင်လွဲခဲ့တာပေါ့ကွယ်၊ အခု တော့ မင်း ဝေးကို စွန့်ပစ်မယ်ဆိုလည်း''

''ဟင့်အင်း ဝေးကို ကျွန်တော် မစွန့်နိုင်ပါဘူး''



BURMESE CLASSIC .com



ဒေါ်ဆုံ ခေါင်းကိုခါသည်။ သူ့ကို စူးစိုက်ကြည့်ရင်း

''ဝေး မော်လမြိုင်က သူ့အမေဆီ သွားပြီ''

''ဗျာ''

သူ မင်သက်ပြီး ကျောက်ရုပ်ကြီးလို ရပ်နေမိသေး။ ဝေး မေမေ့ဆီ ထွက်သွားပြီတဲ့။ ဟင့်အင်း ဝေး မသွားရဘူး။ ကိုကို့ကို ဝေး ခွဲမသွားပါနဲ့။

''ဟဲ့ ဒါက ဘယ်တုန်း''

''ကျွန်တော် ဝေးဆီ လိုက်သွားမလို့''

သူ့လက်မောင်းကို လှမ်းဆွဲထားသော ဒေါ်ဆုံကို လှည့်ပြော တော့ ဒေါ်ဆုံ ရယ်သည်။

''ဟင် ဘာရယ်တာလဲ ဒေါ်ဆုံ''

''မင်း ဖြစ်သွားတာကို တွေ့လို့ ရယ်မိတာပါ။ ကဲ ကဲ ဝေးက မော်လမြိုင်သွားတာ မဟုတ်ပါဘူး''

''ဗျာ ဒါဆို ဘယ်သွားတာလဲဟင်''

''ဘယ်မှ မသွားဘူး သူ့အခန်းထဲမှာ''

''ဟာ ဗျာ''

သူ ခြေလှမ်းတွေ ဝေးရှိရာ အခန်းလေးဆီ ပြေးခဲ့တော့ ဒေါ်ဆုံ ရယ်သံတွေက နောက်မှာ ကျန်ရစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝေး ဝေး ဝေးလေး'

သူ အော်ဟစ်ရင်း အခန်းတံခါးကို တွန်းဖွင့်လိုက်သည်။ ဒါပေမဲ့ အခန်းထဲမှာ ဝေး မရှိပါ။

"ဟင်"

မင်္ဂလာအိပ်ရာကြီးက ဒီအတိုင်း။ ခုတင်ခြေရင်း ကြမ်းပြင်က အိပ်ရာလေးက ဒီအတိုင်း ဝေး ဘယ်ရောက်နေတာလဲ။

"ဝေး"

သူ အခန်းအပြင် ပြန်ထွက်ဖို့ အလှည့်မှာ ရယ်သံလေး ကြား၏။

"ခစ် ခစ် ခစ်"

"ဟင်"

လှည့်ကြည့်တော့ ဝေး မင်္ဂလာခုတင်ကြီးအကွယ်မှာ ပုန်းနေတာ တွေ့၏။ တော်တော်နောက်တဲ့ ကောင်မလေး။

သူ ဝေးရှိရာကို ခပ်သုတ်သုတ်လေး လှမ်းခဲ့ရင်း

"ဝေး တော်တော်နောက်တယ်ကွာ"

"ကိုကိုလည်း တော်တော် ရက်စက်ခဲ့တာပဲ"

ဝေး ဆိုတော့ သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွားခဲ့ကာ ဝေး ခန္ဓာကိုယ်လေးကို တင်းတင်းလေး ဖက်ပစ်လိုက်၏။



"အိုး"

"ဆောရီးကွာ ဝေး အဝေကို ထွက်သွားမှာစိုးလို့"

"ကိုကိုက မောင်းထုတ်တာကိုး"

"ကိုကို တောင်းပန်ပါတယ် ဝေးရယ်"

"ဟင့်အင်း မတောင်းပန်နဲ့ ကိုကို မောင်းထုတ်လည်း ဝေးက ဘယ်မှမသွားဘူး ကိုကို့အနားမှာပဲ နေမှာ"

"ဝေးရယ်"

ချစ်စရာနှုတ်ခမ်းလေးကို သူ နမ်းဖို့ ကြိုးစားတော့ ဝေး သူ့ရင်ဘတ်ကြီးကို တွန်းသည်။

လူက ဟန်ချက်ပျက်ပြီး ခုတင်ကြီးပေါ် ပြိုလဲကျတော့ ဝေးကို ဖက်ထားသော သူ့လက်တွေက ဝေးကိုပါ အပါခေါ်သွား၏။

"အို ကိုကို"

ထိတ်လန့်သွားသော နှုတ်ခမ်းလေးတွေကို အနမ်းနွေးနွေးလေးတွေနှင့် သူ ချော့မော့နှစ်သိမ့်လိုက်သည်။

ဝေး မျက်ဝန်းလေးတွေ မှေးဆင်းကာ သူ့အနမ်းတွေကို ငြိမ်သက်စွာ ခံယူနေသည်။

ရင်ခုန်သံတွေက အခန်းထဲမှာ စည်းချက်ညီလို့ ချစ်တင်းသူတွေရဲ့ ရင်ခုန်သံတွေကို ငုံလင့်နေသော မင်္ဂလာအခန်းလေးက အခုတော့

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒတွေ ပြည့်ဝသွားခဲ့ပြီ ထင်သည်။

ရင်ခုန်ခြင်းမှာ ကြင်နာခြင်းတွေက သင်းပျံ့လို့ . . ။

ပရိသတ်အတွက်
အမြဲတမ်း
သျှိုး

BURMESE CLASSIC .com

www.burmeseclassic.com